# နိုင်ငံရေးနှင့် ပေါ်လစီ

## Programmatic ကျသည့်
## နိုင်ငံရေးပါတီများပေါ်ထွက်လာခြင်း

---

# Politics Meets Policies

## The Emergence of Programmatic Political Parties

Myanmar School of Politics
မှ
ထုတ်ဝေသည်။

**နိုင်ငံရေးနှင့်ပေါ်လစီ**


**ပုံနှိပ်မှတ်တမ်း**

| | | |
|---|---|---|
| ထုတ်ဝေသောခုနှစ် | – | ၂၀၁၇၊ ဇန်နဝါရီလ |
| ပုံနှိပ်ထုတ်ဝေသည့်အကြိမ် | – | ပထမအကြိမ် |
| အုပ်ရေ | – | ၃၀၀၀ |



**Copyright**

© 2016 International Institute for Democracy and Electoral Assistance

© 2016 Netherlands Institute for Multiparty Democracy


ဒီစာအုပ်ဟာ "Politics Meets Policies: The Emergence of Programmatic Political Parties" ပါတီဆိုတဲ့ ၂၀၁၄ ခုနှစ်ထုတ် အင်္ဂလိပ်စာအုပ်ကို မြန်မာဘာသာသို့တိုက်ရိုက်ပြန်ဆိုထားခြင်းဖြစ်ပါတယ်။ International IDEA မူနဲ့ကွဲလွဲမှုမရှိပါ။ တကယ်လို့ကွဲလွဲသည်ဟု သံသယရှိပါက မူရင်းအင်္ဂလိပ်မူ (ISBN 978-91-87729-42-3) နဲ့ တိုက်ဆိုင်စစ်ဆေးနိုင်ပါတယ်။


၈၂၃

နိုင်ငံရေးနှင့်ပေါ်လစီ

ရန်ကုန်၊ Myanmar School of Politics၊ ပထမအကြိမ်၊ ၂၀၁၆။ ဒီဇင်ဘာ။

စာမျက်နှာ – ၂၄၂ မျက်နှာ၊ ၁၅ စင်တီ× ၂၃ စင်တီ

မူရင်းအမည် – Politics Meets Policies

(၁)နိုင်ငံရေးနှင့်ပေါ်လစီ


(ပညာရေးအတွက် သီးသန့်သုံးရန်)

# နိုင်ငံရေးနှင့် ပေါ်လစီ

## Programmatic ကျသည့် နိုင်ငံရေးပါတီများပေါ်ထွက်လာခြင်း


Nic Cheeseman
Juan Pablo Luna
Herbert Kitschelt
Dan Paget
Fernando Rosenblatt
Kristen Sample
Sergio Toro
Jorge Valladares Molleda
Sam van der Staak
Yi-ting Wang

ဒီမိုကရေစီနှင့်ဖွံ့ဖြိုးမှု

© International Institute for Democracy and Electoral Assistance 2014

International IDEA ပုံနှိပ်ထုတ်ဝေမှုတွေဟာ သီးခြားစီဖြစ်တဲ့နိုင်ငံ၊ ဒါမှမဟုတ် နိုင်ငံရေးစိတ်ဝင်စားမှုတွေရဲ့လွတ်လပ်မှုဖြစ်ပါတယ်။ ဒီပုံနှိပ်ဖော်ပြမှုထဲမှာ ဖော်ပြထားတဲ့အမြင်တွေဟာ International IDEA နဲ့ ၎င်းရဲ့ဘုတ်အဖွဲ့၊ ဒါမှမဟုတ် ကောင်စီအဖွဲ့ဝင်တွေရဲ့အမြင်တွေကို လုံးလုံးကိုယ်စားပြုထားတာမဟုတ်ပါဘူး။

ဒီပုံနှိပ်ဖော်ပြမှုရဲ့ အီလက်ထရောနစ်ဗားရှင်းကို Creative Commons Licence (CCI)-Creative Commons Attribute-NonCommercial-ShareAlike 3.0 Licence အောက်မှာရရှိနိုင်ပါတယ်။ သင့်အနေနဲ့ လွတ်လပ်စွာကူးယူနိုင်ပြီး ဖြန့်ဝေ၊ ပြန့်ပွားနိုင်သလို စီးပွားရေးအတွက်မဟုတ်တဲ့ရည်ရွယ်ချက်နဲ့ ပြုပြင်ပြောင်းလဲအသုံးပြုနိုင်ပါတယ်။ ဒီစာမူကို သင့်လျော်စွာမှတ်ယူပြီး Identical Licenses အောက်မှာဖြန့်ဝေပါ။ ဒီ CCI နဲ့ပတ်သက်လို့ သတင်းအချက်အလက်တွေထပ်မံရရှိလိုရင်တော့ http://creativecommons.org/licenses/by-nc-sa/3.0/ မှာ ကြည့်ရှုနိုင်ပါတယ်။

ပြန်လည်ထုတ်ဝေဖို့ ဒီစာမူရဲ့အားလုံးဖြစ်စေ၊ တစ်စိတ်တစ်ပိုင်းဖြစ်စေ ဘာသာပြန်ဖို့ခွင့်ပြုချက်တောင်းခံခြင်းကို
International IDEA
SE-103 34 Stockholm
Sweden
ကို လိပ်မူပြုလုပ်နိုင်ပါတယ်။

International IDEA အနေနဲ့ ၎င်းရဲ့လေ့လာချက်၊ စာမူများကို ဖြန့်ဖြူးခြင်းကို အားပေးတိုက်တွန်းပြီး ပြန်လည်ထုတ်ဝေခွင့်၊ ဘာသာပြန်ခွင့်တောင်းခံခြင်းများကိုလည်း မဆိုင်းမတွတုံ့ပြန်ပေးပါမယ်။

Graphic design by: Santángelo Diseño
Cover Design by: Santángelo Diseño
Cover photos: © malerapaso; iStock

# ဥယျောဇဉ်

International IDEA အဖွဲ့ရဲ့ အစီရင်ခံစာဖြစ်တဲ့၊ ၂၀၀၅ ကနေ ၂၀၀၇ ခုနှစ်အတွင်း ကျွန်တော်ဂုဏ်ယူစွာဦးဆောင်လုပ်ကိုင်ခဲ့ရတဲ့ပြင်ဆင်မှုတစ်ခုဖြစ်တဲ့ပါတီတွင်းနိုင်ငံရေးလုပ်ငန်းစဉ်များ–Andean နိုင်ငံများမှနိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းများရဲ့ အပြောင်းအလဲများနှင့် အဆက်အစပ်များဆိုတဲ့အစီရင်ခံစာထဲက အထူးခြားဆုံးတွေ့ရှိချက်တွေထဲကတစ်ခုကတော့ နိုင်ငံရေးပါတီတွေဟာ မကြာခဏဆိုသလိုမှာ သူတို့ရဲ့ Programmatic အလေ့အထကို ပျောက်ပျက်သွားတတ်ပြီး ယာယီရွေးကောက်ပွဲဝင်ယန္တရားအသွင်ပြောင်းလဲသွားတတ်ကြတာပဲဖြစ်တယ်။ ကျွန်တော့်ပူးတွဲစာရေးသူတွေနဲ့ ကျွန်တော်ဟာ Andean ဒေသရဲ့ အရေးအပါဆုံးသော ပါတီတွေဆီက ခေါင်းဆောင်အမြောက်အများနဲ့ အင်တာဗျူးတွေပြုလုပ်ခဲ့ကြပြီး သူတို့အဖွဲ့အစည်းတွေဟာ ပေါ်လစီနဲ့အစီအစဉ်တွေကို ဖွံ့ဖြိုးဖို့နဲ့ဆက်သွယ်ကူးလူးဖို့အရေးမှာ စွမ်းဆောင်ရည်အားနည်းမှုတွေရှိနေပြီး အဲဒီအားနည်းတဲ့စွမ်းဆောင်ရည်တွေနဲ့ပဲ သူတို့ရဲ့တာဝန်တွေကို ရင်ဆိုင်နေကြတယ်ဆိုတာ လေ့လာမိခဲ့တယ်။ ထုံးစံအတိုင်းပါပဲ။ အဲဒီအချက်က နိုင်ငံရေးကို အနှစ်မဲ့သွားစေခဲ့တယ်။ ကျွန်တော်တို့ကောက်ချက်ဆွဲမိတာကတော့ တချို့ (ဒါမှမဟုတ် အများအပြား) သော နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတွေဟာ နိုင်ငံရေးလုပ်ငန်းစဉ်တွေ လုပ်ဆောင်ခြင်းကို ရပ်တန့်ပစ်လိုက်ကြပြီဆိုတာပါပဲ။ သူတို့ဟာ သတင်းဖြစ်လောက်တဲ့အကြောင်းအရာတွေမှာ ထိပ်တိုက်ရင်ဆိုင်မှု အခြေအနေအတွက် ကောင်းမွန်ရုံလောက်ပဲအလုပ်လုပ်ကြတယ်။ ဒါပေမဲ့ ဖွံ့ဖြိုးမှု၊ ဆင်းရဲမွဲတေမှု၊ အလုပ်အကိုင်ရရှိရေးနဲ့တန်းတူညီမျှမှုတို့လို ခြေခြေမြစ်မြစ်ရှိတဲ့ကိစ္စရပ်တွေ ဘေးရောက်နေမှုကတော့ မြင့်တက်နေတယ်။

ဒီနေ့မှာ Programmatic နိုင်ငံရေးစနစ်ကင်းမဲ့မှုဟာ Andean ဒေသ၊ ဒါမှမဟုတ် လက်တင်အမေရိကမှာ ခေတ္တခဏကိစ္စမဟုတ်သလို အကန့်အသတ်နဲ့လည်းမဟုတ်ဘူးဆိုတာကို ကျွန်တော်တို့ သက်သေပြနိုင်တယ်။ ဒီစာအုပ်ဟာ

အဲဒီလိုအကြောင်းအရာတွေကို ကောင်းစွာထင်ရှားလာအောင်လုပ်ပေးနိုင်မယ်လို့ မျှော်လင့်ထားပြီး ဒီလေ့လာချက်ဟာ အာဖရိက၊ အာရှ၊ အရှေ့ဥရောပတွေတင်မက အနောက်ဥရောပရဲ့ဒီမိုကရေစီအတွက် မှန်ကန်ပါလိမ့်မယ်။

နိုင်ငံရေးကင်းမဲ့ခြင်းဟာ စစ်တပ်အာဏာသိမ်းမှုတွေမှာ မကြာခဏဆိုသလို အလေ့အထဖြစ်နေသလိုမျိုး ဒီမိုကရေစီကိုအကျိုးယုတ်စေပါတယ်။ ဒီဖြစ်စဉ်ကို အုပ်ချုပ်တဲ့ခေါင်းဆောင်တွေက ကိုယ်စားပြုခြင်းရဲ့ပဋိပက္ခတွေနဲ့ သူတို့ကာကွယ်ရမယ့် တရားဝင်ဖြစ်ခြင်းတွေကို ပိုမိုဆိုးရွားစေတယ်။ ပဋိပက္ခနဲ့ တည်ဆောက်ပုံညှိနှိုင်းမှုဆက်စပ်ဖြစ်စဉ်တွေထဲမှာ သူတို့ဟာ လူကြိုက်များတဲ့အပြောတွေနဲ့ ဒီမိုကရေစီထောက်ခံသူတွေအဖြစ် အမြဲလိုလိုဟန်ဆောင်လေ့ရှိကြပေမဲ့ ခိုင်မာတဲ့မူဝါဒလမ်းစဉ်တော့မရှိကြဘူး။ ဒါကြောင့် ပြည်သူအများစုရဲ့လူမှုလိုအပ်ချက်တွေကို အဖြေရှာဖို့အတွက်တော့ သူတို့ဟာ နည်းနည်းပဲ အကျိုးသက်ရောက်မှုရှိအောင်လုပ်နိုင်ကြတယ်။

ရွေးကောက်ပွဲတွေနဲ့အများစုဝါဒက ကျယ်ပြန့်လာနေပေမဲ့ နိုင်ငံရေးပါတီတွေဟာ ဒီကမ္ဘာလုံးဆိုင်ရာအရေးအခင်းတွေကို ရင်ဆိုင်နေကြရတယ်။ သူတို့ဟာ သူတို့ရဲ့လှုပ်ရှားမှုတွေကို Manin က 'audience democracy' လို့ခေါ်ပြီး Sartori က 'vediopolits' လို့ခေါ်တဲ့အရာတွေက ပိုမိုဆိုးရွားစေတဲ့အဆက်အစပ်အတွင်းမှာ လုပ်ဆောင်နေကြတယ်။ ကျယ်ပြန့်တဲ့မီဒီယာက နိုင်ငံရေးနည်းလမ်းတွေနဲ့ဒီမိုကရေစီအလေ့အကျင့်တွေကို အကြီးအကျယ်ပြောင်းလဲစေအောင်လုပ်ဆောင်ပေးခဲ့ပြီးပြီ။ လက်တင်အမေရိကနိုင်ငံတချို့ (ဘရာဇီး၊ ချီလီ၊ မက္ကစီကိုနဲ့ ဥရုဂွေးတို့လို) မှာ နိုင်ငံရေးပါတီတွေက သူတို့ရဲ့သိသာထင်ရှားမှုကို ထိန်းသိမ်းထားပေမဲ့ တခြားသောနိုင်ငံများစွာမှာတော့ ပါတီတွေနဲ့ ပါတီစနစ်တွေဟာ တစ်စတစ်စယုတ်လျော့ လျော့ပါးသွားခဲ့ပြီ။ နိုင်ငံရေးသစ်ဟာ မျက်နှာချင်းဆိုင်ဆက်ဆံရေးဆီကနေ မီဒီယာဆက်နွယ်မှု၊ အစိုးရမူဝါဒစီမံကိန်းတွေပျောက်ပျက်သွားမှု၊ လာဘ်စားမှုတွေကြီးစိုးလွှမ်းမိုးလာမှု၊ မဲဆန္ဒအဓိကအစိုးရနဲ့ နိုင်ငံရေးတန်ဖိုးတွေထဲက ခုခံကာကွယ်မှုတွေဆီကို ရွှေ့ပြောင်း

သွားခြင်းအားဖြင့် ထူးခြားတဲ့သွင်ပြင်ကိုဖော်ပြတယ်။ အဲဒီအချက်အားလုံးဟာ ခြစားမှုတွေနဲ့ သာရာကူး သစ္စာဖောက်မှုတွေကိုဖြစ်ပေါ်စေပြီး ဒီမိုကရေစီဘဝကို လူသုံးကုန်ဆန်လာစေခြင်းနဲ့ ပုဂ္ဂလိကပြုခြင်းတွေ မြင့်တက်လာစေတယ်။

ဒီဖြစ်စဉ်မှာ Programmatic နည်းမကျတဲ့ပါတီတွေရဲ့ဖြစ်စဉ်ဟာ ဒီမိုကရက်တစ်အိုင်ဒီယာတွေကို ပြောင်းပြန်ပြောဆိုတယ်။ ဒီမိုကရက်တစ်တော်လှန်ရေးဟာ အုပ်ချုပ်ခံလူထု(အမိန့်ပေးခံရသူတွေ)အဖြစ်ကနေ နိုင်ငံသား(စည်းရုံးသိမ်းသွင်းခြင်းခံရသူတွေ)အဖြစ် ပြောင်းလဲပေးတဲ့စီမံကိန်းတွေ၊ ဖြစ်စဉ်တွေနဲ့အတူ ပေါ်ပေါက်လာခဲ့တယ်။ ယနေ့အချိန်အခါမှာ ဘယ်လိုပဲကြည့်ကြည့် ဒီမိုကရက်တစ်ပြိုင်ဆိုင်မှုဟာ လူထုဆီဦးတည်နေပုံမရဘဲ စားသုံးသူ(ဖျားယောင်းသွေးဆောင်ခြင်းခံရမယ့်)၊ ဒါမှမဟုတ် ဖောက်သည်(ရောင်းချခြင်းခံရမယ့်)တွေဆီဦးတည်နေတယ်။

ဒီမိုကရေစီကို ကတိကဝတ်ပြုတဲ့(သစ္စာခံတဲ့) ညီမျှမှုအိုင်ဒီယာကို ရုပ်သိမ်းတာဟာ ရှေးခေတ်ဂရိကတည်းက အခြေခံခဲ့တာဖြစ်ပြီး အဲဒါဟာ လူမှုထည့်ဝင်မှုနဲ့ နိုင်ငံရေးလောကမှာ နိုင်ငံသားတွေရဲ့အကျိုးရှိရှိပါဝင်ပတ်သက်ပူးပေါင်းမှုကို အထူးရည်ညွှန်းတဲ့ ဒီမိုကရက်တစ်ဒိုင်မန်းရှင်းတွေကို အဓိပ္ပါယ်ဖွင့်ဆိုဖို့နဲ့ ရှင်းလင်းဖွင့်ဆိုဖို့ အရေးပါတယ်။ အောက်ပါအချက်တွေဟာ ဒီမိုကရေစီရဲ့ရည်ရွယ်ချက်တွေနဲ့ မျှော်မှန်းရလဒ်တွေပဲဖြစ်တယ်။ မဲပေးခွင့်၊ ညီမျှမှုနဲ့ သူတို့ရဲ့နိုင်ငံက နိုင်ငံသားတွေကိုအလွဲသုံးမှုပြုလုပ်ခြင်းကနေကာကွယ်ပေးထားတဲ့ပုံစံတကျစည်းမျဉ်းတွေနဲ့ လုပ်ငန်းစဉ်တွေဖြစ်သလိုပညာရေး၊ ကျန်းမာရေး၊ အလုပ်အကိုင်ရရှိရေးနဲ့ လူမှုလုံခြုံရေးတို့ပါဝင်တဲ့လက်သင့်ခံနိုင်လောက်ဖွယ်ဖြစ်တဲ့လူမှုဖူလုံရေးထောက်ပံ့မှုအဆင့်တွေပဲ။

ဆင်းရဲမွဲတေမှုကို ဖြစ်ပေါ်စေတဲ့၊ ဒါမှမဟုတ် ပြန့်ပွားစေတဲ့အချိန်ကာလတွေမှာ ဒီမိုကရေစီဟာ တည်းတည်းမျှသာရှိပြီး ချို့တဲ့တဲ့အနေအထားဖြစ်တယ်။ ခိုင်မာပြီးစစ်မှန်တဲ့ဒီမိုကရေစီဟာ အားလုံးပါဝင်ခွင့်ရှိပြီး မဖြစ်မနေမဟုတ်ဘဲ သက်တမ်းရင့်မာတယ်။ လက်တင်အမေရိကမှာ ဒီမိုကရေစီအိုင်ဒီယာဟာ သက်တမ်းရှည်ကြာနေပြီ

ဖြစ်ပေမဲ့ ဒီမိုကရေစီဟာ ချို့ချို့ငဲ့ငဲ့ပဲရှိနေတုန်းဖြစ်တယ်။ ဘာကြောင့်လဲဆိုတော့ ထုံးစံအတိုင်း အားလုံးပါဝင်မှုမရှိလို့ဘဲ။ ဒီမိုကရေစီနဲ့ပတ်သက်လို့ မကျေမနပ်ဖြစ်မှုတွေအတွက် လက်တင်အမေရိကမှာကျင်းပခဲ့တဲ့ ကုလသမဂ္ဂဖွံ့ဖြိုးမှုအစီအစဉ်ဟာ ရလဒ်အားလုံးနဲ့ပတ်သက်လို့ပဲဖြစ်တယ်။ အဲဒီမှာ နိုင်ငံရေးလှုပ်ရှားမှု၊ ဆင်းရဲမွဲတေမှုနဲ့ မညီမျှမှုတို့အပါအဝင် ဒေသရဲ့အဓိကပြဿနာတွေရဲ့အကြား ပိုင်းကန့်ခြားနားမှုတွေ ရှိခဲ့တယ်။ မကြာသေးမီနှစ်တွေအတွင်းက ရရှိခဲ့တဲ့မဲရလဒ်တွေဟာ အမျိုးမျိုးသောလက်တင်အမေရိကဒီမိုကရေစီအတွက် နိုင်ငံသားပံ့ပိုးထောက်ခံမှုနဲ့ ထိရောက်တဲ့လူထုပါဝင်မှုအကြားက ဆက်နွယ်မှုကို အပြောင်းအလဲမရှိပြသနေခဲ့တယ်။ ဒေသအတွင်း ဆင်းရဲမွဲတေမှုနဲ့ မညီမျှမှုလျော့ကျခြင်းရဲ့ ခိုင်မာတဲ့ရလဒ်တွေရဲ့ ရောင်ပြန်ဟပ်မှုအဖြစ် ဒီမိုကရေစီအလိုက်သင့်ဖြစ်ခြင်းဟာ သောင်းသောင်းဖြဖြကို ကြီးထွားလာတဲ့ဦးတည်ချက်ဖြစ်တယ်။ ဘာပဲဖြစ်ဖြစ်လူမှုစီးပွားအဆင့်အတန်းအရ ဒီလိုသဘောတူညီမှုတွေဟာ ကွဲပြားနေတယ်။ အဆင်းရဲဆုံးနိုင်ငံသားတွေဟာ ဒီမိုကရေစီနဲ့အလိုက်သင့်အလျားသင့်အသားကျဖို့ စိတ်ဝင်စားမှုအနည်းဆုံးပဲဖြစ်တယ်။

ဒီနေရာမှာ ကျွန်တော် Amartya Sen ကို ကိုးကားချင်တယ်။ စီးပွားရေးနဲ့ လူမှုအခွင့်အရေးတွေကိုကျင့်သုံးခြင်းကနေ လွတ်လပ်မှုတွေရရှိနိုင်တဲ့ နိုင်ငံသားဖြစ်မှုဖွံ့ဖြိုးလာဖို့အတွက် အခုအထိ လုပ်စရာတွေအများကြီးရှိနေသေးတယ်။ အခုဒီမိုကရေစီအဓိပ္ပါယ်ဖွင့်ဆိုချက်မှာ သမိုင်းဝင်ဇစ်မြစ်တွေရှိတယ်။ ကျွန်တော်တို့ဟာ ဒီမိုကရေစီရဲ့စိတ်ကူးကို ဂန္ထဝင်နဲ့မော်ဒန်တွေးခေါ်ပညာရှင်တွေဖြစ်တဲ့ Alexis de Tocqueville နဲ့ Stuart Mill တို့ရဲ့နိုင်ငံသားဖြစ်မှုတွေအကြားက ညီမျှမှုကိုရှာဖွေခြင်းအဖြစ်တွေ့ရှိခဲ့တယ်။ ဥပဒေထက် ဦးစားပေးဖြစ်တဲ့ညီမျှတဲ့အခွင့်အလမ်းတွေရှိတဲ့ညီမျှမှုအဖြစ်ပေါ့။

သာတူညီမျှမှုအိုင်ဒီယာနဲ့ မူဝါဒနည်းကျပန်းတိုင်တွေကို ပြန်လည်ကုစားရတာဟာ ခက်ခဲတယ်ဆိုရင်တောင်မှ ဘရာဇီး၊ ချီလီ၊ မက္ကစီကိုနဲ့ ဥရုဂွေးတို့လိုနိုင်ငံတွေရဲ့

သမိုင်းကြောင်းက စဉ်ဆက်မပြတ်တဲ့အားစိုက်ထုတ်မှုတွေဟာ နိုင်ငံရေးသမားတွေကိုယ်တိုင်ရဲ့ခိုင်မာတဲ့ရည်မှန်းချက်တွေအတွက် နားလည်နိုင်စရာဖြစ်တဲ့ အကျိုးရလဒ်တွေကို ဘယ်လိုထုတ်လုပ်ပေးသလဲဆိုတာကို သရုပ်ဖော်ပြနေခဲ့တယ်။ အားလုံးပါဝင်ရေးပေါ်လစီရဲ့အခြေခံမှာ ယခင်ကဘေးဖယ်ထုတ်ခံထားရတဲ့အင်အားစုတွေနဲ့ မဟာမိတ်တွေဖွဲ့စည်းပြီး လူမှုအဖွဲ့အစည်းရဲ့အစိတ်အပိုင်းအားလုံးကို ပွေ့ဖက်ဖို့ရည်ရွယ်တဲ့ အားစိုက်ထုတ်မှုတွေကပေါ့။

လောလောလတ်လတ်ဥပမာဖြစ်တဲ့ ၂၀၁၃ ခုနှစ် ချီလီသမ္မတရွေးကောက်ပွဲက တိုက်တွန်းအားပေးနေတယ်။ မဟာမိတ်အဖွဲ့တွေနဲ့ပါတီတွေက ပညာရေး၊ အခွန်အတုပ်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေပြန်လည်ရေးဆွဲရေးတို့လို အခြေခံကျတဲ့ကိစ္စတွေကို အမှတ်ရခြင်းအားဖြင့် စစ်မှန်တဲ့မူဝါဒနည်းကျလုပ်ငန်းဆောင်တာတွေကို ဖော်ထုတ်ပြသခဲ့တယ်။ ဒီဆွေးနွေးမှုတွေမှာ ပုဂ္ဂိုလ်ရေးမခံချိမခံသာစကားမပါဝင်သလို ပါတီတွေအတွင်းက လူတွေကိုလည်း ရည်ညွှန်းတာမပါဝင်ပါဘူး။ ဒါပေမဲ့ ပါတီတစ်ခုချင်းစီဟာ ခိုင်မာတဲ့မူဝါဒနည်းလမ်းတကျဗဟိုချက်တွေကို ပြသခဲ့ကြတယ်။

ဒီစာအုပ်ဟာ ဒီနေ့ ဒီမိုကရေစီအရေးမှာ ရင်ဆိုင်နေရတဲ့အကြီးမားဆုံးစိန်ခေါ်မှုနဲ့ပတ်သက်လို့ ဆွေးနွေးထားတာဖြစ်ပါတယ်။ နိုင်ငံရေးအိုင်ဒီအိုလိုဂျီအားလုံးကို ကူညီထောက်ပံ့ဖို့ကြိုးစားနေကြတဲ့ နည်းပညာရှင်တွေကို ဒီစာအုပ်က လွှမ်းမိုးနိုင်မယ်လို့ ကျွန်တော်သေချာ ယုံကြည်ပါတယ်။ ဒါပေမဲ့ ချုံငုံပြောရမယ်ဆိုရင် ဒီစာအုပ်ဟာ အမျိုးသား၊ အမျိုးသမီးနိုင်ငံရေးသမားတွေကိုယ်တိုင်ကို လွှမ်းမိုးနိုင်ပါလိမ့်မယ်။

**Rafael Roncagliolo Orbegoso**

**နိုင်ငံခြားရေးဝန်ကြီးဟောင်း**

**ပီရူးပြည်သူ့သမ္မတနိုင်ငံ(၂၀၁၁–၁၃)**

**International IDEA အကြံပေးဘုတ်အဖွဲ့ဝင်**

**လီမာ၊ ဒီဇင်ဘာ ၂၀၁၃။**

# အမှာစာ

နိုင်ငံအတော်များများက နိုင်ငံရေးပါတီတွေဟာ ငြင်းခုံဆွေးနွေးဖို့ ပေါ်လစီနဲ့ လုပ်ငန်းစဉ်တွေကို အကောင်အထည်ဖော်ဖို့အရေးမှာ ကိုယ်ရည်ကိုယ်သွေးနဲ့မဲဆွယ်ခြင်း၊ လာဘ်လာဘပေးမဲဆွယ်ခြင်းတို့ရဲ့ အလေးသာမှုအပေါ် မှီခိုနေရမှုကနေ ပြောင်းလဲရွှေ့ ပြောင်းနိုင်ဖို့အတွက် ရုန်းကန်နေရတယ်။ နိုင်ငံရေးပါတီတွေရဲ့ Programmatic တိုးတက်ဖွံ့ဖြိုးမှုဟာ လွန်ခဲ့တဲ့ဆယ်စုနှစ်နှစ်ခုလောက်တုန်းက Programmatic နဲ့ဝေးကွာနေတယ်လို့ထင်မြင်ခဲ့ရတဲ့ ဘရာဇီးနဲ့ တောင်ကိုရီးယားမှာ ထိန်းချုပ်ထားနိုင် ပြီလို့ထင်မြင်ရတယ်။ အဲဒီအချိန်မှာ တခြားနိုင်ငံတွေက နိုင်ငံရေးပါတီတွေကတော့ တိုးတက်မှုနည်းနည်းပဲ ပြုလုပ်နိုင်ခဲ့တယ်။

တခြားနိုင်ငံတွေမှာ မလုပ်တဲ့ဘယ်အချက်ကို အောင်မြင်မှုရနေတဲ့နိုင်ငံတွေက လုပ်ခဲ့ကြတာလဲ။ သူတို့ရဲ့အောင်မြင်မှုက သူတို့ဆီကနိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေး သမားတွေရဲ့ သဘောသဘာဝတွေနဲ့ဆက်နွှယ်နေလား။ နိုင်ငံရဲ့စီးပွားရေးဖွံ့ဖြိုးမှု အဆင့်၊ ဒါမှမဟုတ် နိုင်ငံရဲ့လုပ်နိုင်စွမ်းက အကျိုးအမြတ်ခွဲဝေမှုနဲ့ အများပြည်သူ့ဝန် ဆောင်မှုလုပ်ငန်းကို ဖြည့်တင်းထောက်ပံ့မှုကိုလုပ်ဆောင်နိုင်ခဲ့တာလား။ စီးပွားရေး၊ ဒါမှမဟုတ် နိုင်ငံရေးကပ်ဆိုက်ကာလတွေက နိုင်ငံရေးသမားတွေကို သူတို့ရဲ့အမူအ ကျင့်တွေနဲ့ ကစားပွဲရဲ့စည်းမျဉ်းတွေကိုပြောင်းလဲသွားအောင် တွန်းအားပေးခဲ့တာလား။ ဒါမှမဟုတ် နိုင်ငံသားတွေက နိုင်ငံရေးသမားတွေဆီက ပိုမိုကောင်းမွန်တဲ့တာဝန်ထမ်း ဆောင်မှုတွေကို ပိုမိုတောင်းဆိုလာကြတာလား။

ယနေ့ဒီမိုကရေစီအတွက် ဖော်ပြပါမေးခွန်းတွေနဲ့ ဆက်စပ်ပတ်သက်မှုဟာ ချဲ့ထွင်ဖော်ပြဖို့ခက်ခဲပါတယ်။ ဘယ်ဒီမိုကရေစီစနစ်က နိုင်ငံရေးပါတီတွေမဆို နိုင်ငံသားတွေရဲ့ စိတ်ပါဝင်စားမှုတွေကိုစုစည်းဖို့နဲ့ နိုင်ငံရေးဆိုင်ရာဆွေးနွေးငြင်းခုံမှု တွေနဲ့ ပေါ်လစီဆုံးဖြတ်ချက်တွေမှာ အဲဒါတွေကို အသုံးပြုဖို့၊ ထုတ်ဖော်ပြောဆိုဖို့

မျှော်လင့်ကြတယ်။ ပြည်သူတွေရဲ့အမြင်မှာ လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို လုပ်ဆောင်ပေးဖို့ဟာ နိုင်ငံရေးပါတီတွေရင်ဆိုင်နေရတဲ့ ဖိအားအများဆုံးစိန်ခေါ်မှုဖြစ်တယ်။ အများပြည်သူဆိုင်ရာပေါ်လစီဟာ တက္ကနိုခရက်တစ်ဆုံးဖြတ်ချက်တွေထက် အများကြီးပိုတယ်။ သူတို့ဟာ နိုင်ငံတွေရဲ့အနာဂတ်ကို ပုံဖော်နေကြတာဖြစ်တယ်။ ဒါကြောင့် နိုင်ငံသားတွေမှာ ပြောစရာတွေရှိသင့်တယ်။ နိုင်ငံသားတွေနဲ့ သူတို့အစိုးရရဲ့ပေါ်လစီချမှတ်ခြင်းကြားမှာ နိုင်ငံရေးပါတီတွေက ကြားလူအဖြစ်ဝင်ရောက်ဆောင်ရွက်ပေးခြင်းမရှိဘူးဆိုရင် ဒီမိုကရေစီဟာ တရားဝင်ဖြစ်မှုနဲ့ အဓိပ္ပါယ်ရှိမှုကို ပျောက်ဆုံးသွားမယ့်အန္တရာယ်ရှိတယ်။ ရွေးကောက်ပွဲတွေက လူကြိုက်များမှုပြိုင်ပွဲတွေဖြစ်လာပြီဆိုရင် နိုင်ငံသားတွေဟာ သူတို့နိုင်ငံရဲ့အနာဂတ်ကို ဘယ်လိုမျှော်မှန်းကြည့်မလဲဆိုတာကို အလေးအနက်ထားတဲ့ စစ်မှန်တဲ့ရွေးချယ်မှုကို အကဲမဖြတ်တော့ဘဲ သူတို့ရဲ့မဲတွေကို ပုံအောပေးတော့မှာဖြစ်တယ်။ အဲဒီအချက်က ဒီမိုကရေစီရဲ့ အယူအဆတစ်ခုလုံးကို အောက်ခြေကနေလိုက်စားသွားမှာဖြစ်တယ်။

The International Institute for Democracy and Electoral Assistance က (International IDEA) ကျင်းပြားတဲ့ သိပ္ပံပညာရှင်အဖွဲ့သုံးဖွဲ့ကို ဒီရောနှောဆက်စပ်နေတဲ့မေးခွန်းတွေကို လေ့လာသုတေသနပြုဖို့တိုက်တွန်းခဲ့ပါတယ်။ ရလဒ်ကတော့ Programmatic ပါတီတွေရဲ့ဖွံ့ဖြိုးမှုအတွက် အထောက်အကူအပြုဆုံးသောပတ်ဝန်း ကျင်တွေရဲ့နှိုင်းယှဉ်ခွဲခြမ်းလေ့လာသုံးသပ်မှု ၃ ခုကို စုပေါင်းညှိနှိုင်းထားတဲ့ ဒီထုတ်ဝေမှုပဲဖြစ်ပါတယ်။ International IDEA အနေနဲ့ ဒီစာအုပ်ဟာ ကမ္ဘာလုံးဆိုင်ရာနိုင်ငံရေးသမားအစုအဖွဲ့၊ နိုင်ငံရေးကျောင်းသားတွေနဲ့ ဖွံ့ဖြိုးမှုအဖွဲ့အစည်းတွေ၊ ဒီမိုကရေစီကိုပံ့ပိုးသူတွေနဲ့ ဖွံ့ဖြိုးရေးအကူအညီတွေနဲ့ ပေါ်လစီရေးဆွဲချမှတ်သူတွေ အကြား Programmatic ကျတဲ့နိုင်ငံရေးအလေ့အထရဲ့ဆက်စပ်မှုကို မွေးမြူပေးနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။

နိုင်ငံရေးပါတီတွေရဲ့ Programmatic ဆိုင်ရာအရေးပါမှု အပေါ်မေးမြန်းထားတဲ့မေးခွန်းတွေဟာ ပြီးခဲ့တဲ့ဆယ်စုနှစ်မှာ International IDEA လုပ်ဆောင်ခဲ့တဲ့အလုပ်တွေရဲ့အချက်အချာဖြစ်ခဲ့ပါတယ်။ ၂၀၀၄ နဲ့ ၂၀၀၇ ခုနှစ်အတွင်း International IDEA ဟာ တောင်အမေရိကနဲ့ အမေရိကအလယ်ပိုင်း၊ အနောက်နဲ့ အရှေ့အာဖရိက၊ အလယ်နဲ့ အရှေ့ဥရောပ၊ တောင်အာရှဒေသတွေက နိုင်ငံ ၅၀ နဲ့ ပါတီ ၃၀၀ လောက်ရဲ့ ပါတီတွင်းအစီအစဉ်တွေရဲ့ အဆက်အစပ်နဲ့ ပုံမှန်ပြုလုပ်တဲ့မှုဘောင်တွေကိုစစ်တမ်းကောက်ယူတဲ့ ကမ္ဘာလုံးဆိုင်ရာသုတေသနလုပ်ငန်းတစ်ခုကို စတင်ခဲ့ပါတယ်။ ခြွင်းချက်တွေအများကြီးရှိနေပေမဲ့လည်း အဲဒီသုတေသနလုပ်ငန်းကနေ ဒေသအားလုံးက နိုင်ငံရေးပါတီတွေအကြားမှာ နိမ့်ပါးတဲ့အင်စတီကျူးရှင်းပြုမှုနဲ့ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့လုပ်ငန်းစဉ်တွေ အားနည်းနေမှုကိုတွေ့ရှိခဲ့ရပါတယ်။

International IDEA အနေနဲ့ ဖွံ့ဖြိုးမှုအပိုင်းက နိုင်ငံရေးပါတီတွေရဲ့ အခန်းကဏ္ဍအပေါ် စနစ်ကျနတဲ့သိရှိမှုတွေဆက်လက်လုပ်ဆောင်နေပါတယ်။ Democracies in Development(2006, with the Inter-American Development Bank)၊ Politics and Poverty in the Andean Region (2007) နဲ့ Thinking Politics: Think Tanks and Political Parties in Latin America (2008,with the Overseas Development Institute) တို့မှာ ဖော်ပြခဲ့တဲ့အတိုင်းပါပဲ။

ဒီထုတ်ဝေမှုကို အဲဒီအားစိုက်မှုတွေအရ ဖော်ပြပေးခဲ့ပြီးဖြစ်ပါတယ်။ ဒါဟာ International IDEA ရဲ့ နောက်ဆုံးအခန်းကို ကိုယ်စားမပြုသေးပါဘူး။ အဲဒါထက် အဖွဲ့အစည်းအနေနဲ့ ကျွန်တော်တို့ခေတ်ရဲ့ကြီးမားတဲ့ဖွံ့ဖြိုးမှုဆိုင်ရာအရေးကိစ္စတွေအပေါ် နိုင်ငံရေးပါတီတွေအားဖြင့် ထိတွေ့မှုတွေပိုမိုမြင့်တက်လာစေရေးဖြစ်မြောက်စေတဲ့အခြေအနေတွေအပေါ် ငြင်းခုံဆွေးနွေးမှုတွေဆက်လက်ဖြစ်ပေါ်လာစေရေးအ

တွက်ရည်ရွယ်ပါတယ်။ အရေးအကြီးဆုံးအနေနဲ့ နိုင်ငံသားတွေအတွက်အရေးပါတဲ့ သူတို့ရဲ့နိုင်ငံရေးဆိုင်ရာအစီအမံတွေကို တိုးတက်ပြောင်းလဲစေဖို့ ရှာဖွေနေတဲ့ နိုင်ငံရေးပါတီတွေဆီထည့်ဝင်မှုတွေပြုလုပ်ပေးဖို့ ရည်ရွယ်ပါတယ်။ အထူးအားဖြင့် အလုပ်အကိုင်၊ လူထုဝန်ဆောင်မှု၊ ငြိမ်းချမ်းရေး၊ လွတ်လပ်မှုနဲ့တိုးတက်လာတဲ့ဘဝ အရည်အသွေးတွေရရှိဖို့ နိုင်ငံသားတွေရဲ့တိုးတက်နေတဲ့ အခွင့်အလမ်းတွေအတွက် ဖွံ့ဖြိုးနေတဲ့ ခိုင်မာတဲ့မှတ်တမ်းလမ်းကြောင်းတွေဖြစ်ပေါ်ရေးမှာဖြစ်ပါတယ်။

**International IDEA**

# ကျေးဇူးတင် အသိအမှတ်ပြုခြင်း

International IDEA အနေနဲ့ ဒီနိုင်ငံယှဉ်လေ့လာမှုစာအုပ်ကို ဖြစ်ပေါ်လာစေတဲ့ အကောင်းဆုံးကြိုးစားမှုတွေပြုလုပ်ပေးခဲ့သူတွေဖြစ်တဲ့ ဖြစ်ရပ်လေ့လာမှုစာရေးသူတွေဖြစ်တဲ့ Adi Dasgupta, Daniel Epstein, Kiril Kolev, Daniel Kselman, Sandra Osterkatz, Oleh Protsyk, Matthew Singer and Yi-ting Wang တို့ကို ကျေးဇူးတင်လိုပါတယ်။ သူတို့ဟာ ၂၀၁၀ ခုနှစ်၊ International IDEA မှာ ကျယ်ကျယ်ပြန့်ပြန့်၊ နက်နက်ရှိုင်းရှိုင်းအယူအဆပြုထားတဲ့ အလုပ်တာဝန်တစ်ခုကို လုပ်ဆောင်ခဲ့ကြပါတယ်။ ဒီပရောဂျက်ကို ဖြစ်မြောက်စေခဲ့တဲ့ အရေးပါတဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်း သုံးဦးဖြစ်တဲ့ Vidar Helgesan, Anna Lekvall နဲ့ Bjarte Tora တို့ကို အထူးကျေးဇူးတင်ကြောင်းပြောလိုပါတယ်။

ဒီထုတ်ဝေမှုကိုဖြစ်မြောက်အောင် တစ်နည်းမဟုတ် တစ်နည်းနဲ့ ပါဝင်ပေးခဲ့ကြတဲ့သူတွေ အများကြီးရှိပါသေးတယ်။ Jenefrieda Isberg, Katarina Jorgensen, Emily Perez နဲ့ Kristina Jelmin တို့က ဒီသုတေသနပရောဂျက်ရဲ့ အစကနေအဆုံး မတူညီတဲ့အချိန်တိုင်းမှာ အဖိုးတန်လှတဲ့ကူညီမှုတွေပေးခဲ့ကြပါတယ်။ ကျွန်တော်တို့ရဲ့ ပြန်လည်သုံးသပ်သူများဖြစ်တဲ့ Helena Bjuremalm, Goran Feijic, Diane de Gramont နဲ့ Rafael Roncagliolo Orbegoso တို့က ဒီသုတေသနကနေ ဆွဲယူထားတဲ့ဂယက်တွေကို တိုးတက်စေဖို့ တွေးခေါ်ဆင်ခြင်စရာကောင်းတဲ့၊ အပြီးသတ်ချောမွေ့မှုကိုဖြစ်စေတဲ့ တုံ့ပြန်မှုတွေပေးခဲ့ကြပါတယ်။ Kevin Devaux, Alberto Fernandez Gibaja နဲ့ Sam Jones တို့ကမူရင်းသုတေသနအစီရင်ခံစာတွေရဲ့ မတူညီတဲ့အနှစ်ချုပ်ဗားရှင်းအတွက် အလုပ်လုပ်ခဲ့ကြပါတယ်။ Sam Jones အနေနဲ့ ဒီသုတေသနကနေ အကျဉ်းချုပ်ထုတ်နုတ်သင်ခန်းစာတွေအတွက် ပထမဆုံးပေါ်လစီကို အကြမ်းရေးခဲ့ပြီး အဲဒီမူကြမ်းကို ဆွီဒင်နိုင်ငံ၊ ဆစ်ဂ်တူနာမြို့မှာ ၂၀၁၂ ခုနှစ်၊ ဇွန်လမှာ ပါတီအကူအညီပေးရေးအဖွဲ့အစည်းတွေကို တင်ပြခဲ့ပါတယ်။

၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလလို အစောဆုံးအချိန်မှာ အီကွေဒေါနိုင်ငံရေး

သမားတွေ၊ ဒီမိုကရေစီလက်တွေ့ အကောင်အထည်ဖော်သူတွေနဲ့ ဒီစာအုပ်ရဲ့ပထမဆုံး အခန်းအရ ပေါ်ထွက်လာတဲ့အရေးကိစ္စတွေကို ဆွေးနွေးပေးခဲ့ကြတဲ့ သုတေသီတွေ အတူတကွပြုလုပ်ခဲ့ကြတဲ့ "Programmatic နိုင်ငံရေးဆိုင်ရာ အဖွဲ့အစည်းများအတွက် စိန်ခေါ်မှုများ" ဆိုတဲ့ အလုပ်ရုံဆွေးနွေးပွဲကို စီစဉ်ခဲ့ကြတဲ့အထဲမှာ ပါဝင်ခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်တွေကိုလည်း ထပ်မံပြီးကျေးဇူးတင်လိုပါတယ်။ ၎င်းတို့ကတော့ Ernesto Aranibar, Gabriela Chauvin, Silvana Munoz, Cristhian Parreno နဲ့ အီကွေဒေါနိုင်ငံ၊ ကွီတိုက Agora Democratica Programme က Terry de Vries တို့ဖြစ်ကြပါတယ်။ လာပက်ဇ်၊ ဘိုလီးဗီးယားနဲ့ လီမာတို့က International IDEA's မစ်ရှင်တွေဆီက Alicia Del Aguila, Virginia Beramendi Heine, Alfonso Ferrufino နဲ့ Carolina Floru တို့က Programmatic ပါတီတွေနဲ့ပတ်သက်လို့ နောက်ပိုင်းလုပ်ဆောင်မှုတွေကို အားပေးထောက်ခံခဲ့ကြပါတယ်။

အမျိုးမျိုးသော လက်ရေးမူတွေကို တည်းဖြတ်စိစစ်ပေးခဲ့တဲ့ Kelley Friel နဲ့ စာမျက်နှာပေါ်ရိုက်နှိပ်တဲ့ ထုတ်လုပ်ရေးလုပ်ငန်းစဉ်တစ်ခုလုံးမှာ မရှိမဖြစ်အနေနဲ့ ပါဝင်ပူးပေါင်းပေးခဲ့တဲ့ Lisa Hagman တို့ကိုလည်း နောက်ဆုံးမှ ပြောရတာဖြစ်ပေမဲ့ အနည်းဆုံးမဟုတ်တဲ့ ကျေးဇူးတင်ရှိကြောင်းပြောလိုပါတယ်။

# မာတိကာ


ဥယျောဇဉ် ၅
အမှာစာ ၁၀
ကျေးဇူးတင်လွှာ ၁၄
အတိုမှတ် ၁၈
နိဒါန်း ၁၉

**အခန်း ၁** ၂၈
Programmatic ပါတီများ–စာပေနယ်ပယ်အတွင်းမှ
ရှုထောင့်များ ရှင်းလင်းချက်များကိုလေ့လာခြင်းစစ်တမ်း
Juan Pablo Luna, Fernando Rosenblatt and Sergio Toro

**အခန်း ၂** ၉၈
Programmatic ပါတီများနှင့် ပါတီစနစ်များ–
အခွင့်အလမ်းများနှင့် အကန့်အသတ်များ
Herbert Kitschelt and Yi-ting Wang

**အခန်း ၃** ၁၅၄
နှိုင်းယှဉ်အမြင်များမှ Programmatic
နိုင်ငံရေးပါတီများ
Nic Cheeseman and Dan Paget

**အခန်း ၄** ၂၀၂
ဆောင်ရွက်မှုများ၏ ဂယက်များ။ ။
Programmatic ပါတီများ၏ ဖြစ်နိုင်စေသူများ၊ အကြောင်းအရင်းခံ
အခြေအနေများ၊ Lockers များနှင့် ကိုယ်စားလှယ်များ
Jorge Valladares Molleda,
Kristen Sample and Sam van der Staak

စာရေးသူများနှင့် စပ်လျဉ်း၍ ၂၃၄
International IDEA နှင့်စပ်လျဉ်း၍ ၂၄၁

# အတိုမှတ်

| | |
|---|---|
| AAM | Aam Aadmi Party (India) |
| AKP | Justice and Development Party (Turkey) |
| BJP | Bharatiya Janata Party (India) |
| BSP | Bahujan Samaj Party (India) |
| DALP | Democratic Accountability and Linkage Project |
| DPP | Democratic Progressive Party (Taiwan) |
| EOI | export-oriented industrialization |
| EU | European Union |
| GDP | gross domestic product |
| IDEA | Institute for Democracy and Electoral Assistance |
| ISI | import-substituting industrialization |
| KMT | Kuomintang (Taiwan) |
| MP | member of parliament |
| NGO | non-governmental organization |
| PAN | Partido Acción Nacional [National Action Party] (Mexico) |
| PF | Patriotic Front (Zambia) |
| PPP | purchasing power parity |
| PRD | Democratic Revolutionary Party (Mexico) |
| PT | Partido dos Trabalhadores [Workers' Party] (Brazil) |
| PSDB | Partido da Social Democracia Brasileira [Brazilian Social Democratic Party] |
| RPG | responsible party government |

# နိဒါန်း

ဒီစာအုပ်ဟာ Programmatic ပါတီတွေအကြောင်းဖြစ်တယ်။ ရှေ့နောက်ညီညွတ်တဲ့နိုင်ငံရေးဆိုင်ရာ Programmatic ကျနမှုတွေကနေတစ်ဆင့် သူတို့ဆီရောက်ရှိခြင်းအားဖြင့် ပေါ်လစီတွေအပေါ်အခြေခံပြည့်ဝတဲ့ရွေးချယ်မှုနဲ့အတူ နိုင်ငံသားတွေကို ထောက်ပံ့နေတဲ့ နိုင်ငံရေးပါတီတွေအကြောင်းဖြစ်တယ်။

ဒီစာအုပ်ကို ပါဝင်ရေးသားသူတွေဟာ ဖော်ပြထားတဲ့ Programmatic ပါတီတွေရဲ့ အသေးငယ်ဆုံးအခြေခံကောက်ယူမှုကိုလိုက်နာဖို့ စောင့်ထိန်းထားတယ်။ နိုင်ငံရေးပါတီတစ်ခုအနေနဲ့ ပါတီနဲ့သူ့ရဲ့မဲဆန္ဒရှင်တွေ၊ ပါတီတွေအကြား ရွေးကောက်ပွဲဆိုင်ရာပြိုင်ဆိုင်မှုနဲ့ ပေါ်လစီချမှတ်ခြင်းလုပ်ငန်းစဉ်တွေအကြားက ချိတ်ဆက်မှုတွေအတွက် ကောင်းစွာတည်ဆောက်ဖွဲ့စည်းထားပြီး အခြေခံကိုဖွဲ့စည်းပေးတဲ့ တည်ငြိမ်တဲ့ အိုင်ဒီအိုလော်ဂျီဆိုင်ရာကတိကဝတ်တွေမှာ အခြေတည်ထားပြီဆိုရင် Programmatic ကိုလုပ်ဆောင်နေတယ်လို့ ယူဆခံရမှာဖြစ်ပါတယ်။

ဒီစာအုပ်မှာပါဝင်တဲ့ပါဝင်မှုတိုင်းကို ချိတ်ဆက်ထားတဲ့ အခြေခံအိုင်ဒီယာတွေကတော့ Programmatic နိုင်ငံရေးပါတီတွေပေါ်ပေါက်လာခြင်းကို ဖြစ်ပေါ်စေတဲ့ ဘက်စုံအခြေခံအကြောင်းအရင်းတွေပဲဖြစ်ပါတယ်။ အဲဒါတွေက ရိုးရှင်းတဲ့ဖော်မြူလာတစ်ခု၊ ဒါမှမဟုတ် သီးခြားအစီအစဉ်၊ ဒါမှမဟုတ် ရာထူးဂုဏ်ရှိန်အလိုက် စီစဉ်ခြင်းတွေနဲ့ကိုက်ညီမှာမဟုတ်ဘဲ အလွန်အဆက်အစပ်ရှိတယ်လို့ထင်မြင်ရတဲ့ နည်းလမ်းတွေနဲ့ပဲ လုပ်ဆောင်မှာဖြစ်ပါတယ်။ နိဂုံးချုပ်အခန်းမှာ ထပ်မံပြီးဆွေးနွေး ခံရမယ့်အတိုင်း အဲဒီလွှမ်းမိုးနိုင်တဲ့အကြောင်းအရင်းတွေဟာ ဖော်ပြပါနယ်ပယ်တွေကို ဖြစ်ပေါ်စေတဲ့သက်ရောက်မှုအရ ခွဲခြားခံရနိုင်တယ်။ အဲဒီနယ်ပယ်တွေကတော့ enablers (မြို့ပြဖြစ်ထွန်းခြင်း၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ ဒါမှမဟုတ် နိုင်ငံရေးသမားတွေနဲ့ မဲပေးသူတွေရင်ဆိုင်ကြရတဲ့၊ ရွေးချယ်မှုတွေကိုပံ့ပိုးပေးတဲ့ အင်စတီကျူးရှင်းဆိုင်ရာ လုပ်နိုင်စွမ်းတို့လို တည်ဆောက်ပုံဆိုင်ရာအနေအထားတွေ)၊ triggers (Programmatic ဆိုင်ရာ ရှေ့ဆက်ချီတက်ရေးအတွက် အခြားသောအခွင့်အလမ်းမသာတဲ့

ကြိုတင်တည်ရှိထားတဲ့ဝန်းကျင်တွေကို ကျော်ဖြတ်လွတ်မြောက် လာဖို့အခွင့်အလမ်းတွေ)၊ lockers (လုံခြုံမှုနဲ့ထုတ်လုပ်ပြီးဖြစ်တဲ့ Programmatic ဆိုင်ရာအမြတ်အစွန်းတွေကို ဖြစ်ထွန်းစေနိုင်တဲ့ အင်စတီကျူးရှင်းဆိုင်ရာ ပြန်လည်ပြုပြင်မှုများ)နဲ့ agents (မူဝါဒအစီအစဉ်တကျမဲဆွယ်ခြင်းဆိုင်ရာနည်းဗျူဟာ တွေကိုမောင်းနှင်တဲ့ရည်ရွယ်ချက်နဲ့ တင်ကူးရည်ရွယ်လုပ်ဆောင်မှုများရဲ့လှုပ်ရှားသူများ) တို့ဖြစ်ကြတယ်။

ဒီစာအုပ်ဟာ အနည်းငယ်ပဲ နားလည်ခဲ့ချိန်ကတည်းက အဲဒီအကြောင်းအရင်းတွေလုပ်ဆောင်နေတဲ့အောက်ကဒိုင်းနမစ်တွေကို ခွဲခြမ်းစိတ်ဖြာလေ့လာထားတယ်။ ဒါဟာ သုံးနှစ်တာအချိန်ယူပြုလုပ်ထားတဲ့ သုတေသနပရောဂျက်ရဲ့ရလဒ်ဖြစ်တယ်။ International IDEA က Juan Pablo Luna ကို စာပေဆိုင်ရာသုံးသပ်ချက်ကို စီမံခန့်ခွဲဖို့ခန့်အပ်တာဝန်ပေးခဲ့တဲ့ ၂၀၁၀ ခုနှစ်မှာ ပထမဆုံးခြေလှမ်းကို စတင်ခဲ့တာဖြစ်တယ်။ အဲဒီသုံးသပ်ချက်ရဲ့ ကောက်ယူချက်တွေဟာ ၂၀၁၀ ခုနှစ်၊ နိုဝင်ဘာလ၊ ကွီတိုမှာ ကျင်းပပြုလုပ်ခဲ့တဲ့ကွန်ဖရင့်မှာ ဆွေးနွေးခြင်းခံခဲ့ရတယ်။ အဲဒီကွန်ဖရင့်မှာ အမျိုးမျိုးသောလက်တင်အမေရိကပါတီတွေက ကိုယ်စားလှယ်တွေတက်ရောက်ပြီး ပြိုင်ဘက်ပါတီတွေရဲ့ လွှမ်းမိုးမှု၊ အကြံပေးပညာရှင်တွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုအတွက် ပေါ်လစီတွေအပေါ်မှာ အာရုံစိုက်နိုင်ဖို့ သူတို့ရဲ့အားထုတ်မှုတွေအပေါ် ငွေကြေးထောက်ပံ့မှုတွေအကြောင်းကို ဆွေးနွေးခဲ့ကြပါတယ်။

နိုင်ငံရေးသမားတွေနဲ့ ဒီအရေးကိစ္စရဲ့ဒီမိုကရေစီအကူအညီပေးရေးပံ့ပိုးသူတွေက International IDEA ကို Herbert Kitschelt နဲ့ Nic Cheeseman တို့ဦးဆောင်တဲ့အသင်းကို Programmatic ပါတီနဲ့ ပါတီစနစ်တွေဖွံ့ဖြိုးတိုး တက်ရေးနဲ့ ပတ်သက်လို့ သင်ခန်းစာတွေပါဝင်တဲ့ သင်္ကေတဖြစ်တဲ့ဖြစ်ရပ်တွေကို လေ့လာဆန်းစစ်တဲ့နေရာမှာ တာဝန်ပေးဖို့တိုက်တွန်းခဲ့ကြတယ်။ ပါလီမန်ဆိုင်ရာရန်ပုံ ငွေတွေဟာ ၂၀၁၁ ခုနှစ်မှာ ဝါရှင်တန်ဒီစီမှာရှိတဲ့ National Democratic Institute ၊၂၀၁၃ ခုနှစ် ဇွန်မှာ ဆစ်ဂ်တူနာမှာရှိတဲ့ the Swedish International Cooperation Agency and the Swedish International Liberal Centre တို့၊ ၂၀၁၃ ခုနှစ် အောက်တိုဘာမှာ Hague မှာရှိတဲ့ Netherlands Institute for Multiparty Democracy နဲ့ ၂၀၁၃ ခုနှစ် နိုဝင်ဘာမှာ လန်ဒန်မှာရှိတဲ့ the Overseas Deve lopment Institute တို့ကစုစည်းထားတဲ့ အမျိုးမျိုးသော ပရိသတ်အစုအဝေးတွေဆီကို တင်ပြခြင်းခံခဲ့ရတယ်။

# Programmatic နိုင်ငံရေးပါတီများကို နားလည်သဘောပေါက်ခြင်း

ဒီစာအုပ်ကရေးသားထားတဲ့ နှိုင်းယှဉ်သုတေသနနဲ့များစွာသောဖြစ်ရပ်တွေမှာ နိုင်ငံရေးပါတီတွေဟာ Programmatic ၊ ဒါမှမဟုတ် Programmatic ရဲ့ သေသပ်တဲ့အပိုင်းတွေထဲကို ကျမသွားခဲ့ကြဘဲ သူတို့ဟာ ကျယ်ပြောတဲ့မတူညီမှုအဆင်ကွဲတွေတစ်လျှောက်မှာ တည်ရှိနေခဲ့ကြတယ်။ ပထဝီအနေအထားကိုမေ့ဖျောက်ပစ်လိုက်မယ်ဆိုရင် ပါတီအားလုံး၊ စီးပွားရေး၊ ဒါမှမဟုတ် ယဉ်ကျေးမှုတို့ဟာ Programmatic မရှိတဲ့အကဲဖြတ်မှုတွေအပေါ်မှီခိုထားတဲ့အတိုင်း တည်ဆောက်ခံထားရနိုင်တဲ့ နည်းဗျူဟာတွေကို ထိထိရောက်ရောက်အသုံးချနိုင်ကောင်း ချနိုင်ပါလိမ့်မယ်။ (ချနိုင်ချင်မှလည်း ချနိုင်ပါလိမ့်မယ်) ဥပမာအားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကို အသုံးချမဲဆွယ်ခြင်း၊ လူကြိုက်များမှုအရ မဲဆွယ်ခြင်း၊ မက်လုံးပေးမဲဆွယ်ခြင်း၊ သူကောင်းပြုခြင်းအားဖြင့်မဲဆွယ်မှုနဲ့ လူမျိုးစုအ ခြေပြုမဲဆွယ်မှု၊ ဒါမှမဟုတ် တခြားသောအသိအမှတ်ပြုမှုတွေပါဝင်တယ်။ အဲဒါတွေက မတူညီတဲ့နယ်ပယ်တွေမှာ ကွဲပြားတဲ့နည်းဗျူဟာတွေကို တပြိုင်နက်တည်းလိုလိုတောင်ထုတ်ဖော်ပြသနိုင်တယ်။ ဒီစာအုပ်အနေနဲ့ ပါတီစည်းရုံးလှုံ့ဆော်ခြင်းဆိုင်ရာ နည်းဗျူဟာတွေအပေါ်လွှမ်းမိုးတဲ့ Programmatic နည်းဗျူဟာတွေရဲ့ ဒီဂရီတွေကို အလေးထားအထူးပြုထားတာဖြစ်တယ်။ Programmatic ပါတီတွေအနေနဲ့ အောက်ပါအချက်အလက်တွေနဲ့ပြည့်စုံဖို့လိုအပ်ကြောင်း ယူဆတယ်။

– ပါတီကို အများပြည်သူသိရှိမှုအရ ကောင်းမွန်စွာဖွဲ့စည်းတည်ဆောက်ထားပြီး တည်ငြိမ်တဲ့နိုင်ငံရေးဆိုင်ရာ Programmatic ကျနမှုကို ဖွဲ့စည်းပေးတဲ့ပေါ်လစီအနေအထားစုစည်းမှု။

– ပေါ်လစီအနေအထားအကွာအဝေးအပေါ် ပါတီတွင်းအဆက်အစပ်နဲ့ သဘောတူညီချက်။

– အာဏာရရှိလာတဲ့အခါ အနည်းဆုံးအနေနဲ့ အဓိကကျတဲ့ Programmatic ဆိုင်ရာကတိတစ်ချို့ကို အကောင်အထည်ဖော်ပေးနိုင်တဲ့ ကတိကဝတ်နဲ့ လုပ်ကိုင်နိုင်စွမ်း။

– ပါတီဝင်တွေကိုဆွဲဆောင်နေပြီး ထိတွေ့နေတဲ့အတိအကျအသေချာဆုံး

အစိတ်အပိုင်းဖြစ်တဲ့ ပါတီအစီအစဉ်တစ်ခု။

သို့သော်လည်း ဖော်ပြပါနိုင်ငံတစ်ခုမှာ ထင်ရှားတဲ့ Programmatic ပါတီ တစ်ခု၊ ဒါမှမဟုတ် တစ်ခုထက်ပိုရှိနေခြင်းက Programmatic ကျနစွာစည်းရုံးတဲ့ နိုင်ငံရေးစနစ်ဆီကို ကူးပြောင်းသွားနေပြီလို့ မရှိမဖြစ်အနေနဲ့ ညွှန်ပြတာမဟုတ်ဘူး။ နိုင်ငံရေးပါတီတွေဟာ မကြာခဏဆိုသလို Programmatic နဲ့ Programmatic မရှိခြင်းနှစ်ခုစလုံးမှာ အခြေပြုကြပြီး ပါတီရဲ့ပိုမိုကျယ်ပြန့်တဲ့စနစ်က အဓိကအားဖြင့် မက်လုံးပေးမဲဆွယ်မှုကို ကျင့်သုံးနေမယ်ဆိုရင် ဥပမာအားဖြင့် ပါတီအနေနဲ့ Programmatic ကို အခြေတကျ တည်ဆောက်ဖို့နဲ့ ကျစ်လစ်ခိုင်မာစေဖို့ ကျရှုံးသွားပြီဖြစ်ပြီး အဲဒီအစား မက်လုံးပေးမဲဆွယ်ခြင်းဆီကို နောက်ကြောင်းပြန်သွားတဲ့ ဖိအားတွေရှိလာနိုင်တယ်။ Programmatic နိုင်ငံရေးကို Programmatic ဟာ ပါတီရဲ့ပိုမိုကျယ်ပြန့်တဲ့ပါတီစနစ်အဖြစ် လက္ခဏာဖော်ဆောင်နိုင်တဲ့ပါတီနိုင်ငံရေးစီမံခန့်ခွဲမှုအဓိကနည်းလမ်းတစ်ခုအဖြစ် ကျယ်ပြန့်စွာမှတ်ယူခြင်းခံရတယ်။ ထင်ရှားတဲ့ Programmatic ပါတီစနစ်ဆီသို့အကူးအပြောင်းကိုဖြစ်ပေါ်စေဖို့ နောက်ကလုံလောက်တဲ့ အဟုန်နဲ့အတူ Programmatic ပါတီအရေးအတွက်လုံလုံလောက်လောက်ရှိတဲ့ ပွိုင့်တစ်ခုကို အရိပ်နိမိတ်ပွိုင့်၊ ဒါမှမဟုတ် ကူးစက်မှုပွိုင့်၊ ဒါမှမဟုတ် ပျံ့နှံ့ခြင်းပွိုင့်လို့ ရှုမြင်ခံရနိုင်တယ်။ ဒီစာအုပ်ရဲ့တစ်ခုသော အဓိကရည်ရွယ်ချက်က အဲဒီပြောင်းလဲမှုနဲ့ ကျစ်လစ်ခိုင်မာမှုကို ရှင်းလင်းတင်ပြဖို့ဖြစ်တယ်။

## Programmatic ပါတီများရဲ့ အရေးပါမှု

Programmatic အရည်အသွေးတွေအပေါ်မှာ အခြေပြုထားတဲ့နိုင်ငံရေးပါတီတွေဟာ သူတို့ရဲ့ဦးစားပေးမှုကို စုစည်းခြင်းနဲ့ သူတို့ရဲ့အကောင်းဆုံး စိတ်ပါဝင်စားမှုကို လုပ်ဆောင်ခြင်းအားဖြင့် လူမှုအဖွဲ့အစည်းထဲက မတူညီတဲ့အုပ်စုတွေကို ပိုမိုကောင်းမွန်စွာကိုယ်စားပြုနိုင်တယ်လို့ ထင်မြင်ခံရတယ်။ ဒါကြောင့် သူတို့ဟာ သူတို့ရဲ့နယ်ပယ်မှာ နိုင်ငံသားတွေကို တာဝန်ခံကြတယ်။ နိုင်ငံရေးပါတီတစ်ခုက သူတို့သာရွေးကောက်ခံရမယ်ဆိုရင် ရှင်းလင်းတဲ့ပေါ်လစီနေရာအစုကို ပြီးမြောက်အောင်မြင်စေမယ်

လို့ သူတို့ကိုယ်သူတို့ ကတိကဝတ်ပြုလိုက်တဲ့အခါ သူတို့ဟာ သူတို့ရဲ့ကတိက ဝတ်တွေကို အကောင်အထည်ဖော်ဖို့အတွက် ပြည်သူတွေကို သူတို့ကိုယ်တိုင်တာ ဝန်ခံကြတယ်။ အဲဒီအခါ မဲပေးသူတွေအနေနဲ့ အဓိကအားဖြင့် လျှို့ဝှက်မဲပေးစနစ် ကနေ ပါတီကို ဆုပေး၊ ဒဏ်ပေးပြုလုပ်နိုင်ပြီဖြစ်တယ်။ ပိုမိုအားကောင်းတဲ့ဒီမိုကရက် တစ်တာဝန်ယူ၊ တာဝန်ခံမှုကို ထင်ရှားတဲ့ Programmatic နဲ့အကောင်အထည်ဖော်တဲ့ နိုင်ငံရေးပါတီတွေကြောင့် သူတို့ဟာ ကျဉ်းမြောင်းတဲ့ရည်ရွယ်ချက်တွေအတွက် နိုင်ငံရဲ့ ရင်းမြစ်တွေကိုအခြေခံအားဖြင့်ထိန်းချုပ်ဖို့ကြိုးစားတဲ့ တခြားသောပါတီပုံစံတွေထက် တစ်နိုင်ငံလုံးအတိုင်းအတာနဲ့ ဖွံ့ဖြိုးမှုကိုဖော်ဆောင်ပေးလာ နိုင်ခြေရှိတယ် (ဥပမာ – အလုပ်အကိုင်များ၊ လူထုဝန်ဆောင်မှုများ၊ စီးပွားရေးဖွံ့ဖြိုးမှုများ၊ လုံခြုံမှု၊ ဆင်းရဲမွဲတေမှုလျော့ချရေး) တခြားသောအချက်တွေထဲကမှ ဒီမိုကရက်တစ်စနစ်ကို ပိုမိုတရားဝင်ဖြစ်လာစေအောင်ကူညီတဲ့ Programmatic ပါတီတွေရဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုမြင့်တက်လာခြင်းနဲ့ အုပ်ချုပ်မှုအပေါ်အာရုံစိုက်ခြင်း၊ ပေါ်လစီအပေါ် ဆွေး နွေးငြင်းခုံခြင်းတွေဟာ စီးပွားရေးဖွံ့ဖြိုးမှုနဲ့ တည်ငြိမ်အေးချမ်းမှုတို့ကို ပိုမိုအထောက်အ ကူပြုတယ်။ တနိုင်ငံလုံးအတိုင်းအတာနဲ့ လူထုကောင်းကျိုးတွေအပေါ် သူတို့ရဲ့အာရုံ စိုက်မှုကိုပေးအပ်ခြင်းအားဖြင့် Programmatic နိုင်ငံရေးပါတီတွေဟာ လူမှုအဖွဲ့အစည်း ရဲ့ ကျယ်ပြန့်တဲ့အစိတ်အပိုင်းထဲပါဝင်လာနိုင်ခြေရှိတယ်။

များစွာသောဖြစ်ရပ်တွေမှာ နိုင်ငံရေးပါတီတွေဟာ Programmatic နဲ့ တစ်နိုင်ငံလုံးအတိုင်းအတာနဲ့လူထုကောင်းကျိုးလုပ်ဆောင်ခြင်းအပေါ် အဓိကအားဖြင့် သူတို့ကိုယ်သူတို့အခြေမခံကြဘူး။ အဲဒီအစားသူတို့ဟာ မဲပေးသူတွေရဲ့ ထောက်ခံမှုသေ ချာစေဖို့၊ ဒါမှမဟုတ် တခြားသောနည်းလမ်းတွေနဲ့ အစိုးရအဖွဲ့ကို မောင်းနှင်လည်ပတ် စေဖို့ ကြိုးစားကြတယ်။ (ဥပမာအားဖြင့် တစ်ဦးချင်းစီရဲ့ ရုပ်ဝတ္ထုဖလှယ်မှု၊ အလုပ် အကိုင်ရရှိရေးဖော်ဆောင်မှု၊ လူမျိုးစုအခြေပြု၊ ဒါမှမဟုတ် အခြားသောအမှတ်သရုပ် တွေကိုပစ်မှတ်ထားတဲ့ အကျိုးအမြတ်၊ ကိုယ်ရည်ကိုယ်သွေး အရထင်ရှားတဲ့ခေါင်း ဆောင်) ဒီပုံစံကိုယ်စားပြုမှုရဲ့ လုပ်ကိုင်ဆောင်ရွက်မှုနဲ့တရားဝင်မှုဟာ သမိုင်းကြောင်း၊ သူတို့တုံ့ပြန်တဲ့နိုင်ငံရေးနဲ့ စီးပွားရေးဆိုင်ရာအဆက်အစပ်တွေအပေါ် မြင့်မြင့်မားမားအား ယူအခြေပြုထားရတယ်။ အလွန်နည်းပါးတဲ့ခြွင်းချက်တွေနဲ့ Programmatic ပါတီကင်း မဲ့တဲ့နိုင်ငံတွေက အမျိုးသမီးနဲ့အမျိုးသားတွေဟာ အပြည့်အဝကိုယ်စားပြုခံရဖို့နည်းပါး လွန်းနေပြီး ရလဒ်အဖြစ် သူတို့နှစ်ဦးနှစ် ဖက်လုံးတင်မက ဒီမိုကရေစီပါထိခိုက်ခံစားရ

နိုင်တယ်။

ပေါ်လစီလုပ်ဆောင်မှုနည်းပါးပြီး တာဝန်ယူမှု၊ တာဝန်ခံမှုကင်းမဲ့တဲ့နိုင်ငံရေးပါတီတွေရှိတဲ့နေရာမှာ နိုင်ငံသားတွေဟာ ယေဘုယျအားဖြင့် သူတို့အပေါ် အထင်ကြီးလေးစားမှု နိမ့်နိမ့်ပါးပါးပဲရှိကြတယ်။ ဒါဟာ ပထဝီဝင်အနေအထား၊ ဒါမှမဟုတ် ယဉ်ကျေးမှုဆိုင်ရာအမှန်၊ လူနေမှုအဆင့်အတန်း၊ ဒါမှမဟုတ် နိုင်ငံရဲ့ဒီမိုကရေစီအတွေ့အကြုံတွေကိုဖယ်ချန်စဉ်းစားထားတာဖြစ်တယ်။ မရောင့်ရဲမှုတွေ မတည်ရှိတဲ့နေရာမှာပါတီတွေဟာ နိုင်ငံရေးအစီအစဉ်တွေကို ရှင်းလင်းစွာထုတ်ဖော်ပြောဆိုခြင်းအားဖြင့် တစ်နေ့တာပြဿနာတွေကို ကိုင်တွယ်ကြတယ်။ သို့သော်လည်း ဖွံ့ဖြိုးဆဲကမ္ဘာရဲ့နေရာတော်တော်များများမှာ ပါတီအများစုဟာ ဖွံ့ဖြိုးမှုဆိုင်ရာနဲ့ ဆက်စပ်နေတဲ့ထုတ်လုပ်မှု၊ ရည်ရွယ်ချက်နဲ့ ပေါ်လစီတွေကို ပြီးမြောက်အောင်အကောင်အထည်ဖော်ခြင်းနဲ့ထိတွေ့မိဖို့ မလေ့လာကြဘူး။

ဒါဟာ နိုင်ငံသားတွေကောင်းမွန်စွာနေထိုင်အသက်ရှင်နိုင်ရေးအတွက် သူတို့ရဲ့တာဝန်ယူမှုကို ရှင်သန်နေစေတဲ့နိုင်ငံရေးပါတီတွေရဲ့အောင်မြင်မှုအတွက် အသက်တမျှအရေးပါတယ်။ နားလည်သဘောပေါက်နိုင်စွာပဲ အဆက်အစပ်တိုင်းက နိုင်ငံရေးသမားတွေအနေနဲ့ သူတို့ရဲ့မဲတွေကိုအမြင့်ဆုံးရရှိအောင်ကြိုးစားနေကြပြီး ရွေးကောက်ပွဲကိုလည်း ပိုပြီးလက်တွေ့ဆန်တဲ့ရည်ရွယ်ချက်တွေအားဖြင့် အနိုင်ရရှိနိုင်တယ်ဆိုတာက အမှန်ပဲဖြစ်တယ်။ Programmatic မဖြစ်တဲ့နည်းလမ်းနဲ့အရွေးချယ်ခံလိုက်ရတဲ့ပါတီတွေဟာ လူများစုကြီးရဲ့စိတ်ဝင်စားမှုအနည်းငယ်ကိုသာ ဖျားယောင်းသိမ်းသွင်းနိုင်ဖို့စိတ်ပါတယ်။ ဒီစာအုပ်ထဲက သုတေသနမှာ ပေါ်လစီအခြေခံအပေါ် အဓိကထားယှဉ်ပြိုင်တဲ့ပါတီတွေရှိတဲ့နိုင်ငံတွေဟာ အောက်ပါအချက်တွေကို ပြုလုပ်ပြပြီး ပိုမိုကောင်းမွန်လာတယ်ဆိုတာကိုပြသထားတယ်။ အဲဒါတွေကတော့ သူတို့အနေနဲ့ ပိုမိုအင်အားကောင်းတဲ့အင်စတီကျူးရှင်းတွေရှိပြီး အဲဒီလိုပါတီတွေမရှိတဲ့နိုင်ငံတွေထက် လူမှုအကျိုးစီးပွားအောင်မြင်မှုပိုမိုရှိတာပဲဖြစ်တယ်။

Programmatic အခြေခံအုတ်မြစ်တစ်ခုဟာ ပါတီတွေကိုယ်တိုင်အတွက်လည်း အကျိုးကျေးဇူးတွေရှိစေတယ်။ Programmatic ပါတီတွေဟာ ရုပ်ဝတ္ထုဖလှယ်မှုကနေတဆင့် ရှင်သန်တဲ့ patron-client ပုံစံအပေါ် အဓိကအခြေခံထားတဲ့ပါတီတွေထက် ပိုမိုကုန်ကျစရိတ်သက်သာစွာ လည်ပတ်လုပ်ဆောင်နိုင်တယ်။ ပေါ်လစီတွေတိုးတက်နေတဲ့ပါတီတစ်ခုဟာ Programmatic လှုပ်ရှားမှုအပြင် မဲပေးသူသုတေ

သနနဲ့ ပံ့ပိုးတည်ဆောက်ခြင်းတို့လို့ အရေးကိစ္စတွေအတွက် သူတို့ရဲ့ရန်ပုံငွေကို ပိုမိုများပြားတဲ့အချိုးနဲ့ခန့်ခွဲလာနိုင်မယ်။ အကျိုးဆက်အဖြစ် Programmatic ပါတီပုံစံဟာ ဥပမာအားဖြင့် ပါတီရဲ့လက်ရှိခေါင်းဆောင်အလွန်၊ ပါတီရဲ့တင်ပြချက်ကို အကုန်အကျနည်းစွာထိန်း သိမ်းနိုင်ဖို့၊ ပါတီတွင်းအဆက်အစပ်တွေကို မြှင့်တင်ဖို့နဲ့ မဲဆွယ်ရေးလှုပ်ရှားမှုအပေါ် အာရုံပိုမိုစိုက်နိုင်ဖို့၊ တစ်သားတည်းဖြစ်တဲ့တစ်နိုင်ငံလုံး အတိုင်းအတာပါတီတစ်ခု တည်ဆောက်ခြင်း၊ ပါတီရဲ့လူသိများတဲ့ အမှတ်တံဆိပ်နဲ့ ရည်ရွယ်ချက်ကြီးမားတဲ့နိုင်ငံရေးသမားတွေကို ချိတ်ဆက်ဖို့၊ ပိုမိုကြီးမားတဲ့ကတိကဝတ်တွေကို အားပေးဖို့နဲ့ ပါတီဝင်တွေရဲ့ ပူးပေါင်းပါဝင်ခြင်းတို့လိုကိစ္စတွေမှာ နိုင်ငံရေးသမားတွေကို ကူညီပေးပြီး ရန်ပုံငွေတိုးတက်ထူထောင်ခြင်းအပိုင်းကိုလည်း ဖော်ဆောင်ပေးတယ်။

## စာအုပ်အပေါ် ခြုံငုံသုံးသပ်ချက်

ဒီစာအုပ်ဟာ အဓိကအားဖြင့် Programmatic ပါတီတွေနဲ့ မူဝါဒအစီအစဉ် တကျမဲဆွယ်တဲ့ပါတီစနစ်တွေရဲ့ ပေါ်ပေါက်လာခြင်းနဲ့ ကျစ်လစ်ခိုင်မာခြင်းကိုဖော် ဆောင်ပေးတဲ့အခြေအနေတွေအပေါ် International IDEA က တာဝန်ပေးဆောင် ရွက်တဲ့သုတေသနရလဒ်ပဲဖြစ်ပါတယ်။ ပထမဆုံးအခန်းကတော့ Juan Pablo Luna ရေးသားတဲ့ တာဝန်ယူမှုရှိတဲ့ပါတီအစိုးရပုံစံရဲ့ ရှုထောင့် ၁၁ ခုရဲ့ အဆက်အစပ် အတွင်းမှာ Programmatic ပါတီတွေရဲ့ ဘာသာရပ်အဖြစ်ထားရှိတဲ့ စာပေဆိုင်ရာလေ့ လာသုံးသပ်ချက်စာတမ်းဖြစ်တယ်။ အဲဒီအခန်းဟာ ဖြစ်နိုင်ဖွယ်ဆက်နွယ်မှုတွေနဲ့ Programmatic ပါတီတွေအတွက် ပေါ့ပေါ့ပါးပါး အဆိုကြမ်းတွေနဲ့ပတ်သက်ပြီး ဆွေးနွေးထားတယ်။ ဒီအခန်းက အပြန်အလှန်အားဖြင့် Democratic Accountability and Linkage Project အချက်အလက်အစုကို ဆန့်ကျင်ပြီး ပြုလုပ်ထားတာ ဖြစ်တယ်။ (အဲဒီအစုဟာ ရွေးကောက်ပွဲဆိုင်ရာဒီမိုကရေစီ ၈၈ ခုနဲ့ ပါတီ ၅၀၆ ခု အစုအပေါင်းကနေ စုစည်းရယူထားတဲ့အချက်အလက်တွေဖြစ်တယ်။)

ဒုတိယအခန်းကတော့ Herbert Kitschelt ဦးဆောင်ပြုစုထားတာဖြစ်ပြီး အဲဒီအခန်းမှာ အထက်ဖော်ပြပါ အချက်အလက်အစုနဲ့ အောက်ဖော်ပြပါနိုင်ငံ ၇

နိုင်ငံရဲ့ပါတီတွေ၊ ပါတီစနစ်တွေထဲက ဖြစ်နိုင်ဖွယ်ရှိတဲ့အခြေအနေသုံးခုကို သက်သေပြထားတဲ့နှိုင်းယှဉ်သုတေသနပြုချက်တွေကို အနှစ်ချုပ်ထားတာဖြစ်ပါတယ်။ နိုင်ငံ ၇ ခုကတော့ ဘရာဇီး၊ ဘူလ်ဂေးရီးယား၊ ဒိုမီနီကန်သမ္မတနိုင်ငံ၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်နဲ့ တူရကီတို့ဖြစ်ကြပါတယ်။ ဒီရင်းမြစ်အစုအပေါင်းက Programmatic ပါတီတွေရဲ့ အားထုတ်မှုနဲ့ယှဉ်ပြိုင်မှုတွေကို ပုံဖော်ပြဖို့နဲ့ ရှင်းလင်းပြသဖို့ ကွဲပြားတဲ့အခြေအနေတွေရဲ့ ခွဲခြမ်းစိတ်ဖြာနှိုင်းယှဉ်ချက်ကို ခွင့်ပြု ပေးတယ်။

တတိယအခန်းကတော့ Nic Cheeseman ဦးဆောင်ပြုစုထားတာဖြစ်ပြီး သမိုင်းကြောင်းဆိုင်ရာလုပ်ငန်းစဉ်တွေနဲ့ Programmatic အတွင်းသွတ်သွင်းခြင်းလမ်းကြောင်းတွေအပေါ် အာရုံစိုက်ထားတဲ့သုတေသနပြုချက်တွေကို တင်ပြထားတာဖြစ်တယ်။ ဒီချဉ်းကပ်မှုက တည်ဆောက်ဖွဲ့စည်းပုံနဲ့ နိုင်ငံအဆင့်ပါတီစနစ်ရဲ့ Programmatic ဆိုင်ရာအားကောင်းမှုကိုပုံဖော်ပေးတဲ့ အားပြုမှုအကြားက အားပြိုင်မှုအပေါ် မသိမသာကွဲပြားမှုရှိတဲ့ ဇာတ်ကြောင်းပြောဟန်ကို တင်ပြထားတယ်။ ဒီအခန်းမှာ ဘရာဇီး၊ အိန္ဒိယ၊ ယူကရိန်းနဲ့ ဇမ်ဘီယာနိုင်ငံတွေရဲ့ နိုင်ငံရေးဆိုင်ရာ နိုင်ငံစီးပွားအလားအလာအတွင်း နှိုက်နှိုက်ချွတ်ချွတ်ရှာဖွေလေ့လာတင်ပြထားပြီး လူမျိုးစုအမှတ်သရုပ်တွေနဲ့ လူမှုဝန်းကျင်နဲ့အခွင့်သာပုံမပေါ်တဲ့ အခြားသောအခြေအနေတွေအောက်က Programmatic ပါတီတွေရဲ့ ပေါ်ထွက်လာမှုဆီက နိုင်ငံအဆင့်အဖွဲ့အစည်းရဲ့သက်ရောက်မှုကို စူးစိုက်လေ့လာတင် ပြထားတယ်။

စတုတ္ထမြောက်အခန်းမှာ တခြားသောအခန်းသုံးခန်းဆီက တွေ့ရှိမှုတွေကိုအတူတကွထည့်သွင်းထားပြီး သူတို့ရဲ့လုပ်ဆောင်မှုတွေအတွက် ပြီးမြောက်အောင်အကောင်အထည်ဖော်ခြင်းနဲ့ပတ်သက်လို့ ဆွေးနွေးထားတယ်။ ဒီအခန်းဟာ နိုင်ငံရေးသမားတွေ၊ ပါတီအထောက်အကူပြုအဖွဲ့အစည်းတွေ၊ သုတေသီတွေနဲ့ ဒီမိုကရေစီဖန်တီးခြင်းကို ကူညီဖို့စိတ်ဝင်စားမှုရှိတဲ့သူတွေနဲ့ လူမှုရေးနဲ့စီးပွားရေးဆိုင်ရာဖွံ့ဖြိုးမှုရဲ့ဖိအားပေးတောင်းဆိုမှုတွေအတွက် ပိုမိုတုံ့ပြန်မှုရှိတဲ့ပါတီပေါ်လစီတွေအတွက် သတင်းစကားတွေကို အဆီအနှစ်ထုတ်ပြုစုထားတာဖြစ်တယ်။

## မှတ်စု

1 Luna et al. ‘Desk Review on Political Parties’ (Stockholm, International IDEA, 2011) available at <http://www.idea.int/development/upload/Luna_Desk-Review_Full.pdf> accessed on 17 March 2014.

2 Unabridged versions of the whole research project are available on <http://www.idea.int>.

3 The data set and codebook can be found at <https://web.duke.edu/democracy/data.html>.

# အခန်း - ၁

# 1

# Programmatic ပါတီများ – စာပေနယ်ပယ်အတွင်းမှ ရှုထောင့်များနှင့် ရှင်းလင်းချက်များကို လေ့လာခြင်း

*Juan Pablo Luna, Fernando Rosenblatt and Sergio Toro*

## နိဒါန်း

Programmatic ပါတီတွေနဲ့ ပါတီစနစ်တွေဟာ ပြည့်စုံတဲ့ဒီမိုကရက်တစ်ကိုယ်စားပြုခြင်းကို ဖြစ်ပေါ်စေနိုင်တဲ့ အရေးပါတဲ့အစိတ်အပိုင်းတစ်ခု ဖြစ်တယ်လို့ အမြဲလိုလိုမှတ်ယူခံခဲ့ရတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ဖွံ့ဖြိုးတိုးတက်နေတဲ့ ကမ္ဘာကြီးမှာ ပါတီတော်တော်များများဟာ မဲဆန္ဒရှင်တွေနဲ့ အစီအစဉ်ကျနတဲ့အချိတ် အဆက်တွေ တည်ဆောက်နိုင်စွမ်းကင်းမဲ့နေတယ်။ တစ်ဖက်မှာလည်း အဲဒီမစွမ်းဆောင်နိုင်မှုဟာ အရည်အသွေးနိမ့်ဒီမိုကရေစီနဲ့ အရည်အသွေးမပြည့်မီတဲ့ ပေါ်လစီချမှတ်ခြင်းစနစ်တွေနဲ့ ဆက်နွယ်နေတယ်။

Programmatic ပါတီတစ်ခုမှာ တည်ဆောက်ပုံကောင်းမွန်ပြီး တည်ငြိမ်တဲ့ အိုင်ဒီအိုလိုဂျီဆိုင်ရာကတိကဝတ်တွေရှိ ကြတယ်။ အဲဒါတွေက (၁) ပါတီရဲ့ မဲဆန္ဒရှင်တွေနဲ့ ချိတ်ဆက်မှု၊ (၂) ပါတီများအကြား ရွေးကောက်ပွဲပြိုင်ဆိုင်မှုနဲ့ (၃) ပေါ်လစီချမှတ်ခြင်းလုပ်ငန်းစဉ်တွေအတွက် အခြေခံတွေဖြစ်တယ်။ Programmatic ပါတီအဖြစ် သတ်မှတ်ခံရဖို့အတွက် ပါတီတစ်ခုအနေနဲ့ အောက်ပါနယ်ပယ်သုံးခုမှာလိုက်လျောညီထွေအောင် ပြုမူဆောင်ရွက်ဖို့လိုအပ်တယ်။ မဲဆန္ဒရှင်တွေဆီ (လာဘ်ပေးမဲဆွယ်ခြင်းနဲ့ ဩဇာကြီးမားသူတစ်ဦးကိုမှုတည်မဲဆွယ်ခြင်းတွေ

ထက်) Programmatic ကျနတဲ့ချိတ်ဆက်မှုတွေကို အဓိကအားဖြင့်တည်ဆောက်ခြင်း၊ အစိုးရအဖွဲ့ထဲကိုရောက်တဲ့အချိန်မှာ Programmatic တွေကို ပြီးမြောက်အကောင်အထည်ပေါ်စေရေးရှာဖွေခြင်းနဲ့ Programmatic ဆိုင်ရာလမ်းကြောင်းကို တည်ဆောက်ခြင်း၊ ပျံ့နှံ့ခြင်းနဲ့ပြန့်ပွားစေခြင်းတွေ အကောင်အထည်ဖော်နိုင်တဲ့နည်း လမ်းနဲ့ပါတီကို ဖွဲ့စည်းခြင်းတို့ပဲဖြစ်တယ်။

သီအိုရီအရ အရေးပါပေမဲ့လည်း Programmatic ပါတီတွေအပေါ် သုတေသနပြုခြင်းဟာ ဒီနေ့အချိန်အထိရှားပါးနေဆဲဖြစ်တယ်။ ဒီအခန်းမှာ စိတ်ကူးပုံဖော်ခြင်း၊ အတိုင်းအတာပမာဏနဲ့ လက်ရှိ Programmatic ပါတီတွေရဲ့အကြောင်းကျိုး ဆက်နွယ်နေတဲ့ရှင်းလင်းချက်တွေနဲ့ဆက်စပ်တဲ့ နယ်ပယ်ရဲ့အခြေအနေကိုဖော်ပြသွားမှာဖြစ်တယ်။ ဒီအရေးကိစ္စရဲ့ကွဲပြားတဲ့အမြင်တွေနဲ့သက်ဆိုင်တဲ့ စာပေပုံစံ ၁၁ မျိုးရှိတယ်လို့ သုံးသပ်ရရှိတယ်။ (၁) ပါတီစနစ်ကို အမျိုးသားရေးဆန်အောင်ပြုလုပ်လိုက်တဲ့အခါ ပေါ်ထွက်လာတဲ့စာပေ၊ (၂) ညီလာခံဆိုင်ရာပေါ်လစီချမှတ်ခြင်းနဲ့ ပါတီကိုယ်စားလှယ်တွေရဲ့ Programmatic ဆိုင်ရာပေါင်းစည်းညီညွတ်မှုဆိုက စာပေ၊ (၃) ပါတီရဲ့ ကြေညာစာတမ်းပရောဂျက်နဲ့ နိုင်ငံရေးပါတီတွေရဲ့ Programmatic ဆိုင်ရာရပ်တည်ချက်သဘောသဘာဝကို ခွဲခြမ်းလေ့လာနိုင်ဖို့အတွက်အဲဒီ (ကြေညာစာတမ်း)ရဲ့ ရင်းမြစ်နဲ့ဆင်းသက်လာပုံ၊ (၄) စုစည်းထားတဲ့ စိတ်ဝင်စားသူအုပ်စုတွေ၊ အကြံဉာဏ်ပေးနိုင်တဲ့ပညာရှင်အစုအဖွဲ့တွေ၊ အစိုးရမဟုတ်တဲ့အဖွဲ့အစည်း (NGO) တွေ၊ ဆက်နွယ်တဲ့လူနည်းစုအုပ်စုလေးတွေနဲ့ ခေတ်ပြိုင်ဒီမိုကရေစီအတွင်းက နိုင်ငံရေးပါတီတွေအကြားဆက်နွယ်ချက်ကို ခွဲခြမ်းလေ့လာတဲ့လေ့လာချက်တွေ၊ (၅) ပါတီဖွဲ့စည်းခြင်းနဲ့ ပါတီတွင်းနိုင်ငံရေးနဲ့ပတ်သက်တဲ့ စာပေ၊ (၆) ပါတီ–မဲဆန္ဒရှင် ချိတ်ဆက်မှုမူဘောင်တွေကို လိုက်နာခြင်းကိုလေ့လာမှု၊ (၇) ပါတီစနစ် အဖွဲ့အစည်း ပြုရေးချဉ်းကပ်မှုနဲ့ အဲဒါရဲ့လက်ရှိ Programmatic ပါတီတွေရဲ့ဆက်နွယ်ချက်၊ (၈) တည်ဆောက်ပုံ၊ (၉) နိုင်ငံရေးဘောဂဗေဒ၊ (၁၀) အဖွဲ့အစည်းနဲ့ (၁၁) လက်ရှိ Programmatic ပါတီတွေအပေါ် သမိုင်းဝင်အဖွဲ့အစည်းတွေရဲ့အဆုံးအဖြတ်ပေးတဲ့အရာတွေပဲဖြစ်တယ်။

ပထမအပိုင်းက အခြေခံအဓိပ္ပါယ်ဖွင့်ဆိုချက်တွေနဲ့ သတ်မှတ်ထားတဲ့ပါတီစနစ်မှာ Programmatic နိုင်ငံရေးကို ခွဲခြမ်းလေ့လာဖို့အတွက် သီအိုရီဆိုင်ရာစံအမှတ်အဖြစ် တာဝန်ရှိသူအစိုးရကို မိတ်ဆက်ပေးမှာဖြစ်တယ်။ ဒုတိယအပိုင်းမှာ

ပါတီခေါင်းဆောင်တွေနဲ့ တက်ကြွလှုပ်ရှားသူတွေရဲ့အမြင်ကနေ သမားရိုးကျမဟုတ်တဲ့ စည်းရုံးသိမ်းသွင်းခြင်းနည်းဗျူဟာနဲ့ ဆက်နွှယ်နေတဲ့ဆက်စပ်အကျိုးကျေးဇူးတွေကို ဆွေးနွေးမှာဖြစ်တယ်။ စာပေဆိုင်ရာလေ့လာချက်ဟာ Programmatic နိုင်ငံရေးရဲ့ လက်တွေ့ခွဲခြမ်းသုံးသပ်ချက်အတွက် ကွန်ဆက်ချူရယ်မူဘောင်တစ်ခုနဲ့အတူ အနှစ်ချုပ်ခံရတယ်။ အဲဒီအခြေခံမှာ Programmatic ပါတီစနစ်တွေကဖြန့်ဝေမှုရဲ့ လက်တွေ့ရှာဖွေတွေ့ရှိမှုရလဒ်တွေဟာ မှီခိုလို့ရပြီး နှိုင်းယှဉ်လို့ရတဲ့သတင်းအချက်အလက်တွေရရှိနိုင်တဲ့ ဖြစ်ရပ်အားလုံးအတွက် တင်ပြခံရတယ်။

## *Programmatic ပါတီစနစ်*
## *ဘယ်လိုအလုပ်လုပ်သလဲ။ ။*
## *တာဝန်ယူမှုရှိတဲ့ပါတီအစိုးရအိုင်ဒီယာ*

တာဝန်ယူမှုရှိတဲ့ပါတီအစိုးရ(RPG)အိုင်ဒီယာဆိုတာ ပေးထားတဲ့ပါတီစနစ်အတွင်းမှာ တင်ပြထားတဲ့ Programmatic နိုင်ငံရေးရဲ့ မြင်ကွင်းကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအတွက် သီအိုရီဆိုင်ရာမှတ်ကျောက်တစ်ခုဖြစ်တယ်။ အဲဒီစနစ်ကို Programmatic ပါတီတစ်ခုဆိုတာ ဘာလဲ၊ ဒါမှမဟုတ် Programmatic ပါတီစနစ်တစ်ခုဆိုတာ ဘာလဲဆိုတာကို အယူအဆပြုလေ့၊ တိုင်းတာအကဲဖြတ်လေ့ရှိတယ်။ ဒါကြောင့် RPG ဆိုတဲ့အခေါ်အဝေါ်နဲ့ ပါတီစနစ်ရဲ့ Programmatic တည်ဆောက်ဖွဲ့စည်းပုံဆိုတဲ့အသုံးအနှုန်းတွေကို ဒီစာအုပ်မှာဖလှယ်ပြီးအသုံးပြုထားတယ်။

Programmatic ဆိုင်ရာအချိတ်အဆက်တွေအပေါ် အခြေခံတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့ဆက်နွှယ်မှုတွေကို နိုင်ငံသားတွေနဲ့ ပါတီတွေအတွင်းမှာ ထည့်သွင်းအမြဲတမ်းမြှုပ်နှံထားတဲ့ပါတီစနစ်တွေဟာ မော်ဒန်ဒီမိုကရေစီရဲ့ နိုင်ငံရေး ကိုယ်စားပြုမှုစိတ်ကူးစိတ်သန်းနဲ့နီးစပ်တယ်လို့ မှတ်ယူခံရတယ်။ RPG စိတ်ကူးစိတ်သန်းအရ၊ နိုင်ငံသားတွေဟာ သူတို့ရဲ့များပြားတဲ့ဦးစားပေးမှုတွေအပေါ်မှာ အခြေခံပြီး မဲပေးကြတယ်။ တစ်ချိန်တည်းမှာ ပါတီတွေဟာ ကွဲပြားခြားနားတဲ့ Programmatic ဆိုင်ရာပလက်ဖောင်းတွေကို ကမ်းလှမ်းကြတယ်။ အစိုးရအဖွဲ့ထဲမှာလည်း အဲဒီပလက်ဖောင်းတွေနဲ့အညီ စီမံအုပ်ချုပ်တယ်။ တကယ်လို့သူတို့သာ အဲဒီလိုမအုပ်ချုပ်ဘူးဆိုရင် လာမယ့်ရွေးကောက်ပွဲအလှည့်မှာ သူတို့အနေနဲ့တာဝန်ယူရလိမ့်မယ်။

ဒါကြောင့် ပါတီအသီးသီးရဲ့မဲပေးသူတွေအနေနဲ့ သိသာမြင်သာတဲ့ Programmatic နဲ့ သူတို့နဲ့အတူ ထုတ်ဖော်ထားတဲ့၊ ဒါမှမဟုတ် သူတို့မဲပေးမယ့်ပါတီတွေနဲ့ ကိုက်ညီမယ့် အိုင်ဒီအိုလိုဂျီဆိုင်ရာရပ်တည်မှုရှိသင့်တယ်။

ထပ်ပြီးရှင်းရမယ်ဆိုရင် Programmatic ပါတီတွေဟာ ကောင်းမွန်တဲ့ဖွဲ့စည်းတည်ဆောက်ပုံနဲ့ အောက်ပါအချက်တွေအတွက်အခြေခံတွေ ဖွဲ့စည်းထားတဲ့ တည်ငြိမ်တဲ့အိုင်ဒီအိုလိုဂျီဆိုင်ရာကတိကဝတ်တွေရှိပြီးသားဖြစ်တယ်လို့ မှတ်ယူနိုင်တယ်။ အဲဒါတွေ ကတော့ (၁) ပါတီနဲ့ အဲဒီပါတီရဲ့မဲဆန္ဒရှင်အုပ်စုကြားက ချိတ်ဆက်မှု၊ (၂) ပါတီတွေအကြား ရွေးကောက်ပွဲဆိုင်ရာယှဉ်ပြိုင်မှု၊ (၃) ပေါ်လစီချမှတ်ရေးလုပ်ငန်းစဉ်တို့ပဲဖြစ်တယ်။ အဲဒီနယ်ပယ်တစ်ခုချင်းစီထဲမှာ ပါတီတစ်ခု၊ ဒါမှမဟုတ် ပါတီတွေဟာ Programmatic နည်းဗျူဟာတွေအရ ပြုမူသင့်တယ်။ တည်ဆောက်ပုံကို ဖော်ဆောင်တဲ့နည်းလမ်းတွေအတိုင်းပါတီကို ဖွဲ့စည်းခြင်းအားဖြင့်၊Programmatic ပလက်ဖောင်းရဲ့ ပျံ့နှံ့ခြင်းနဲ့ ထုတ်လုပ်ခြင်းအားဖြင့်၊ မဲပေးသူတွေဆီချိတ်ဆက်တဲ့ Programmatic အချိတ်အဆက်တွေကိုတည်ဆောက်ခြင်းအားဖြင့်နဲ့ အစိုးရအဖွဲ့ထဲကို ရောက်ရှိတဲ့ အခါသူတို့ရဲ့ Programmatic ပြီးမြောက်စေခြင်းကို ကြိုးစားခြင်းအားဖြင့်ဖြစ်တယ်။ စိတ်ကူးအရဆိုရင် Programmatic အတွက် အထက်မှာဖော်ပြထားတဲ့ နယ်ပယ်သုံးခုစလုံးမှာ ပါတီအနေနဲ့အဆိုပါနည်းဗျူဟာတွေကို အရေးစိုက်ဖို့လိုတယ်။

ဒီအမိပ္ပါယ်ဖွင့်ဆိုချက်က နိုင်ငံရေးဆိုင်ရာကိုယ်စားပြုမှုရဲ့သဘောထားအောက်မှာတည်ရှိနေတဲ့ အခြေခံကျတဲ့ဒိုင်မန်းရှင်းသုံးခုကို ခြုံငုံမိတယ်။ ပထမဦးဆုံးအနေနဲ့ ၎င်းက အခွင့်အာဏာကိုယ်စားပြုခြင်း၊ ဒါမှမဟုတ် မဲဆန္ဒရှင်အုပ်စုတွေရဲ့ ဦးစားပေးမှုအပေါ် ပါတီရဲ့တာဝန်ယူမှုအဆင့်အတွက် အရေးစိုက်တယ်။ ( Dalton 1985; Iversen 1994; Manin, Przeworski and Stokes 1999; Ranney 1962) ပါတီတစ်ခု သူ့ရဲ့မဲဆန္ဒရှင်အုပ်စုတွေအပေါ်တာဝန်ယူမှုရှိလာဖို့အတွက် RPG မှာ နောက်ထပ်အ နည်းဆုံးထပ်ပေါင်းအခြေအနေသုံးခုလိုအပ်တယ်။ အဲဒါတွေကတော့ (၁) ရွေးကောက်ပွဲ ဝင်ရောက်ယှဉ်ပြိုင်တဲ့ပါတီတွေအကြား ပေါ်လစီကွဲလွဲမှု၊ (၂) ရွေးကောက်ပွဲဝင်ရောက် ယှဉ်ပြိုင်တဲ့ပါတီတွေရဲ့တစ်စိတ်တစ်ပိုင်းအပေါ် နိူင်းရပေါ်လစီ တည်ငြိမ်မှုနဲ့ (၃) မဲဆန္ဒရှင်တွေရဲ့တစ်စိတ်တစ်ပိုင်းအပေါ် ပေါ်လစီမဲပေးခြင်း (Adams 2001a)။

ဒုတိယကတော့ ပေါ်လစီချမှတ်ရေးလုပ်ငန်းစဉ်ကို အလေးအနက်စဉ်းစား

ခြင်းအားဖြင့် RPG စိတ်ကူးစိတ်သန်းဟာ အောက်ပါအချိန်အခါတွေမှာဖြစ်ပွားတဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုဆိုင်ရာကိုယ်စားပြုမှုရဲ့ သဘောထားနဲ့ပေါင်းစပ်သွားတယ်။ အဲဒီအချိန်အခါတွေကတော့ (၁) မဲပေးသူတွေက နောက်ကြောင်းပြန်အာဏာသက်ရောက်မှုရှိရှိပြုမှုတဲ့အခါ၊ (၂) ပြန်လည်ရွေးကောက်ခံရဖို့အတွက် အာဏာရပါတီက ပေါ်လစီတွေကိုရွေးချယ်တဲ့အခါတို့ဖြစ်တယ်။ (Alesina 1988; Manin, Przeworski and Stokes 1999)

နောက်ဆုံးအနေနဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်က အာဏာလုပ်ပိုင်ခွင့်နဲ့တာဝန်ယူမှု တာဝန်ခံမှုကိုယ်စားပြုခြင်းကို အကောင်အထည်ဖော်တဲ့ အဖွဲ့အစည်းဆိုင်ရာအခန်းကဏ္ဍတွေကို ပွင့်ပွင့်လင်းလင်းအသိအမှတ်ပြုတယ်။ ဥပမာအားဖြင့် ပါတီတွေက တက်ကြွလှုပ်ရှားသူတွေကိုစည်းရုံးလှုံ့ဆော်ပြီး ပါတီတွင်းအဆုံးအဖြတ်ချမှတ်ရေး ယန္တရားကိုဖန်တီးတဲ့ဒီဂရီဟာ ဒီဒိုင်မန်းရှင်းရဲ့ဗဟိုအစိတ်အပိုင်းတစ်ခုဖြစ်တယ်ဆိုတာကို အသိအမှတ်ပြုတာဖြစ်တယ်။ ဒါကြောင့် အောက်ဖော်ပြပါလက္ခဏာတွေကို RPG စိတ်ကူးပုံစံတစ်ခုထဲမှာ လေ့လာသင့်တယ်။

– ပါတီအသီးသီးရဲ့ မဲပေးသူတွေမှာ ကွဲပြားတဲ့အိုင်ဒီအိုလိုဂျီ/ Programmatic ဆိုင်ရာဦးစားပေးမှုရှိပြီး သင့်လျော်ကိုက်ညီစွာမဲပေးတယ်။

– ပါတီတွေက အဲဒီမတူညီတဲ့ဦးစားပေးမှုတွေကို စည်းရုံးလှုံ့ဆော်ခြင်းအားဖြင့် ယှဉ်ပြိုင်တယ်။

– အစိုးရအဖွဲ့ထဲရောက်ရှိတဲ့အခါ ပါတီကိုယ်စားလှယ်တွေက အဲဒီဦးစားပေးမှုတွေနဲ့ကိုက်ညီတဲ့ပေါ်လစီတွေကို ပြီးမြောက်အောင်မြင်စေဖို့ကြိုးစားတယ်။

– မဲပေးသူတွေအကြားက အပြန်အလှန်သက်ရောက်မှုအစုအပေါင်း၊ အစိုးရအဖွဲ့ထဲရောက်ရှိဖို့ကြိုးစားနေတဲ့နိုင်ငံရေးသမားတွေနဲ့ ပါတီတွေမှာ အချိန်လွန်မှုတွေ ဖြစ်ပေါ်လာတယ်။ ဒါကြောင့် အစိုးရအဖွဲ့ထဲကိုရောက်တဲ့အချိန်မှာ ပါတီတွေရဲ့ ပြိုင်ဆိုင်နိုင်စွမ်းနဲ့ စည်းရုံးသိမ်းသွင်းနိုင်စွမ်းနှစ်ခုစလုံးက ပြောင်းလဲတိုးတက်တဲ့ပေါ်လစီ အစုအစည်းတွေ(အစွန်းထွက်နေတဲ့အရေးကိစ္စတွေအပေါ် ပြန်လည်ဖြန့်ဝေတဲ့ ရပ်တည်မှုတွေနဲ့အတူ သဘောတူညီခြင်းထဲမှာ) Programmatic အစုအစည်းတွေ အတွက်အခြေအနေတွေကို အင်အားဖြည့်တင်း (ဒါမှမဟုတ် တစ်စတစ်စယုတ်လျော့စေ) တယ်။ အစိုးရအဖွဲ့ထဲကိုရောက်ရှိတဲ့အချိန်မှာ ပါတီရဲ့အပြုအမူနဲ့စာရင်းကိုက်ညီမှုကို မဲပေးသူတွေက ဆက်လက်လုပ်ဆောင်နေဆဲဖြစ်ပြီး ပါတီတွေရဲ့ပြီးခဲ့တဲ့ Program-

matic ဆိုင်ရာကတိကဝတ်တွေကို သဘောတူလိုက်လျောခြင်းကို နောက်ကြောင်းပြန် သက်ရောက်မှုရှိစွာ အကဲဖြတ်ကြသလို ပေါ်လစီပြောင်းလဲသွားသူများကို အပြစ်ပေးခြင်း နဲ့ ပေါ်လစီကိုအကောင်အထည်ဖော်သူများကို အားပေးထောက်ခံခြင်းအားဖြင့် သင့်လျော်စွာပြုမူကြတယ်။

အထက်ဖော်ပြပါအချက်တွေကိုလုပ်ဆောင်ထားပြီး RPG ကလည်း အချိန် ကျော်လွန်ကာ ကျစ်လစ်သွားပြီဆိုရင် စနစ်ထဲမှာရှိတဲ့အဓိကပါတီကြီးတွေအားလုံး သူတို့ရဲ့မဲဆန္ဒရှင်တွေနဲ့ Programmatic ဆိုင်ရာချိတ်ဆက်ခြင်းကို အသင့်အတင့်တည် ဆောက်ဖွဲ့စည်းကြသင့်တယ်။ ဘာကြောင့်လဲဆိုတော့ (၁) RPG မှာ စနစ်အတွင်းမှာ ယှဉ်ပြိုင်နေတဲ့ပါတီတွေအကြား Programmatic ဆိုင်ရာကွဲလွဲမှုတွေလိုအပ်တာ ကြောင့်နဲ့ (၂) ပါတီတွေအကြား Programmatic ကူးစက်မှုဟာ Programmatic အလေ့အထကူးစက်နိုင်ချေရှိတဲ့စနစ်အတွင်းမှာ ဖြစ်ပေါ်လာသင့်တာကြောင့်ဖြစ်တယ်။

ဒီထင်လင်းမှုအတွင်းမှာ Programmatic စည်းရုံးလှုံ့ဆော်ခြင်းရဲ့ဒီဂရီဟာ စနစ်ကျနတဲ့လက္ခဏာရပ်တစ်ခုအဖြစ် ပိုမိုလုံလုံလောက်လောက် စိတ်ကူးထုတ်ခံရ တယ်။ အဲဒီအပြင် Programmatic အားဖြင့် တစ်ပါတီထက်ပိုပြီး ယှဉ်ပြိုင်တဲ့ အချိန်မှာ RPG တစ်ခုတည်းသာအလားအလာရှိတယ်။

သို့သော်လည်း ဖွံ့ဖြိုးဆဲကမ္ဘာထဲမှာရှာဖွေတွေရှိနိုင်တဲ့အဲဒီလိုအလျင် အမြန်ပြောင်းလဲဖြစ်ပေါ်နေတဲ့ပါတီစနစ်အတွင်းမှာ ဒီလိုစနစ်ကျနတဲ့မျှခြေတွေဟာ တွေ့ရခဲတယ်။ ဒါကြောင့် ထင်ထင်ရှားရှားကွဲလွဲတဲ့နည်းဗျူဟာတွေကို ဆွဲဆောင် စည်းရုံးနေတဲ့ တစ်သီးပုဂ္ဂလပါတီတွေကို အနည်းဆုံးတစ်ခေါက်လောက်ဖြစ်ဖြစ်လေ့လာ ကြည့်ဖို့ဖြစ်နိုင်သင့်တယ်။ ဥပမာအားဖြင့် ဘရာဇီးနိုင်ငံက Partido dos Trabalhadores (Workers' Party,PT) နဲ့ ဥရုဂွေးနိုင်ငံက Frente Amplio တို့ ဟာတစ်ခြားတစ်ဖက်မှာ မက်လုံးပေးမဲဆွယ်တဲ့(ဘရာဇီးကကိစ္စရပ်မှာ မပီပြင်သေး) ပါတီစနစ်ထဲမှာ ယှဉ်ပြိုင်နေတဲ့ Programmatic ပါတီတွေအဖြစ်ဖော်ပြခံကြရတယ်။ RPG အဆင့်နိမ့်နေတဲ့အချိန်မှာ လွှမ်းမိုးကြီးစိုးတဲ့ဘက်တော်သားအဖွဲ့အစည်းများရဲ့ စိတ်ကူးပုံစံတွေဟာ ကွဲပြားခြားနားတယ်။ (ဥပမာအားဖြင့် Programmatic မရှိတဲ့ အနာဂတ်ဖြစ်နိုင်ခြေအတွင်းမှာ) ဥပမာ

– အားကောင်းတဲ့မက်လုံးပေးမဲဆွယ်ခြင်းယန္တရားကိုထိန်းချုပ်ထားတဲ့ ပါတီတွေ

– ဩဇာတိက္ကမနဲ့ပြည့်စုံတဲ့ခေါင်းဆောင်တွေအတွက် တစ်ဦးတစ်ယောက်ရဲ့ ကိုယ်ရည်ကိုယ်သွေးကိုအခြေပြုမဲဆွယ်ခြင်းယာဉ်တွေ အဖြစ်လုပ်ဆောင်တဲ့ပါတီတွေ

– အနည်းဆုံး အလယ်အလတ်အဆင့်နဲ့ အပြောင်းအလဲမရှိတဲ့ လွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းတွေရဲ့အဆင့်တွေကင်းမဲ့တဲ့ပါတီတွေ

– Programmatic ကျနစွာယှဉ်ပြိုင်ခဲ့ပေမဲ့ အစိုးရအဖွဲ့ထဲကိုရောက်ရှိတဲ့အချိန်မှာ သူတို့ရဲ့တင်ပြချက်တွေကို သစ္စာဖောက်သွားပြီး ပေါ်လစီပြောင်းလဲသွားတဲ့ ပါတီတွေ

– သိသိသာသာကြီးကိုကျဉ်းမြောင်းလာတဲ့ Programmatic ဖွဲ့စည်းပုံကောင်းရှိတဲ့ အရေးကိစ္စတစ်ခုတည်းအပေါ်ဦးတည်တဲ့လှုပ်ရှားမှုတွေကို ကိုယ်စားပြုတဲ့ပါတီတွေ

အရေးပါတဲ့တင်ကူးသတိပေးချက်တစ်ခုကတော့ စနစ်တကျမဖြစ်သေးဘူး။ လက်တွေ့ကမ္ဘာပါတီတွေနဲ့ ပါတီစနစ်တွေဟာ တခြားသောနည်းဗျူဟာတွေနဲ့အတူ Programmatic လှုံ့ဆော်မှုဒီဂရီတွေကို ပေါင်းစပ်လိုက်တယ်။ အဲဒီလိုနည်းဗျူဟာတစ်ခုကို သူတို့အာရုံစိုက်တဲ့ပမာဏဟာ ကွာခြားချက်ပဲဖြစ်တယ်။ ဒါကြောင့် အဖွဲ့အစည်းတက်ကြွလှုပ်ရှားသူတွေ၊ လူထုပေါ်လစီတွေကို အောင်မြင်ပြီးမြောက်စေခြင်းနဲ့ သူတို့ရဲ့မဲပေးသူတွေနဲ့ ဆက်စပ်ခြင်းဆီကို ပိုများများဖြစ်စေ ပိုနည်းနည်းဖြစ်စေ ဦးစားပေးမှုတွေပေးတဲ့ပါတီတွေနဲ့ ပါတီစနစ်တွေအတွင်း ခွဲခြမ်း စိတ်ဖြာလေ့လာခြင်းနည်းအပြင် လက်တွေ့ကျတဲ့နည်းနဲ့ပါ ခွဲခြားသတ်မှတ်ဖို့အရေးကြီးတယ်။

### *ဘာကြောင့် Programmatic ပါတီတွေက နိုင်ငံရေးစွမ်းဆောင်ရှင်တွေအတွက် အသုံးဝင်သလဲနဲ့ ဘာကြောင့် Programmatic ပါတီတွေအနေနဲ့ ဒီမိုကရေစီအရည်အသွေးဆီကို ထောက်ပံ့ပေးသင့်သလဲ*

အနည်းဆုံးနိုင်ငံရေးကိုယ်စားပြုမှုရဲ့စံစိတ်ကူးစိတ်သန်းထဲမှာ Programmatic ပါတီတွေရှိနေခြင်းဟာ ဒီမိုကရေစီအရည်အသွေးအတွက်ကောင်း မွန်ရုံမျှမက အစိုးရအဖွဲ့ထဲပါဝင်ဖို့ကြိုးစားနေတဲ့နိုင်ငံရေးသမားတွေအတွက် ပြည့်စုံလုံလောက်တဲ့ပါတီတည်ဆောက်ခြင်းလည်းဖြစ်တယ်။ ဆီလျော်စွာပဲ ရေရှည်ကာလအတွက် ကြားခံထဲမှာနဲ့တည်ငြိမ်တဲ့ပါတီစနစ်အဆက်အစပ်ထဲမှာ ရည်မှန်းချက်ကြီးမားတဲ့ နိုင်ငံရေးသမားတွေဟာ Programmatic အဖွဲ့အစည်းကိုပုံဖော်တဲ့နေရာမှာ သူတို့ရဲ့ ပုံရိပ်နဲ့ရုပ်ဝတ္ထုပစ္စည်းတွေကို ရင်းနှီးမြှုပ်နှံလိုက်တာဟာ အကောင်းဆုံးပဲဖြစ်တယ်။ Programmatic ပါတီတွေဟာ နည်းလမ်းပုံသေနည်းပမာဏတစ်ခုကို အသုံးပြုခြင်း စိတ်ကူးစိတ်သန်းကို နားလည်သဘောပေါက်သွားအောင် ထောက်ပံ့ပေးနိုင်တယ်။

### *Programmatic တိုးတက်မှုက ပါတီအတွင်းပိုင်းပေါင်းစည်းညီညွတ်မှုကို ဖော်ဆောင်ပေးတယ်*

Programmatic ပါတီအဖွဲ့အစည်းတွေဟာ နိုင်ငံရေးသမားတွေက အောင်မြင်တဲ့လုပ်ငန်းဘဝကိုဘယ်လိုစည်းရုံးသလဲဆိုတာကိုတည်ဆောက်တဲ့ အဖွဲ့အစည်းဆိုင်ရာယန္တရားကတစ်ဆင့် တွန်းအားပေးခံရတဲ့တူညီတဲ့ Programmatic လုပ်ငန်းစဉ်နဲ့အတူ အစိုးရအဖွဲ့ထဲပါဝင်ဖို့ကြိုးစားနေတဲ့နိုင်ငံရေးသမားတွေကိုရွေးချယ်၊ လူထုအတွင်းချပြပြီး အတူတကွခေါ်ဆောင်တယ်။ ဒီချဉ်းကပ်မှုက ပါတီအဖွဲ့ဝင်တွေအနေနဲ့ ဥပမာအားဖြင့် အစိုးရအဖွဲ့ထဲရောက်ရှိသွားတဲ့အချိန်ပါတီ စည်းမျဉ်းစည်းကမ်းကိုဖော်ဆောင်တဲ့ အဖွဲ့အစည်းဆိုင်ရာဘုံတိုးတက်မှုတစ်ခုကိုမျှသလားဆိုတာနဲ့ပတ်သက်လို့ မဖြစ်မနေသေချာဖို့လိုအပ်တယ်။ အပြန်အလှန်အနေနဲ့ Programmatic ပေါင်းစည်းညီညွတ်မှုက ပေါ်လစီချမှတ်ခြင်းကို ဖော်ဆောင်ပေးတယ်။ ဒီအဖွဲ့အစည်းဆိုင်ရာအချက်အလက်တွေက လွှတ်တော်ဆိုင်ရာစည်းမျဉ်းစည်းကမ်းကိုထောက်ပံ့နိုင်ရုံသာမက

နိုင်ငံရဲ့နယ်မြေပိုင်နက်တလျှောက်တစ်စုတစ်စည်းတည်းဖြစ်တဲ့ ဘက်တော်သားအဖွဲ့အစည်းတွေကို ပိုမိုဖန်တီးနိုင်ရေးအတွက်လည်း အကူအညီပေးနိုင်တယ်။ အပြန်အလှန်အားဖြင့် အဲဒီအချက်က ပါတီစနစ်ကို အမျိုးသားအဆင့်ပြုခြင်းအပေါ် အပေါင်းသဘောဆောင်တဲ့သက်ရောက်မှုရှိစေလိမ့်မယ်။

## *Programmatic စုစည်းညီညွတ်မှုက ပါတီအမှတ်တံဆိပ်ရဲ့အိုင်ဒီအိုလိုဂျီပမာဏကို ထောက်ကူပေးတယ်*

ပါတီအမှတ်တံဆိပ်ဟာ မဲပေးသူတွေနဲ့ စနစ်ကျနတဲ့ချိတ်ဆက်မှုတွေတည်ဆောက်ဖို့အတွက် တန်ဖိုးရှိတယ်။ ပါတီအမှတ်တံဆိပ်တွေက ရွေးကောက်သူတွေရဲ့ဆုံးဖြတ်ချက်တွေကိုဖော်ဆောင်ဖို့အတွက် ရှုပ်ထွေးတဲ့အရေးကိစ္စတွေကို ရှင်းလင်းဖို့ကူညီပေးတယ်။ (Aldrich 1995; Hinnich and Munger 1994) တစ်သီးပုဂ္ဂလနိုင်ငံရေးသမားတွေရဲ့အပြုအမူတွေကို ဘောင်ခတ်တဲ့အချိန်မှာ Programmatic တိုးတက်ခြင်းရှိတဲ့ပါတီတွေဟာ စုပေါင်းအဖွဲ့အစည်းဆီကိုသူတို့ရဲ့ကတိကဝတ်တွေအတွက် အစိုးရအဖွဲ့အတွင်းပါဝင်ဖို့ကြိုးစားနေသူတွေကိုလည်း အစားထိုးပေးတယ်။ ဒီပုံစံအောက်မှာ နိုင်ငံရေးပါတီတွေဟာ ရွေးကောက်ပွဲအောင်နိုင်ရေးလှုပ်ရှားမှုတွေအတွင်း မပြောင်းမလဲအကျိုးရှိစွာအသုံးချခံရဖို့ပုံရိပ်တွေနဲ့ စီးပွားရေးဆိုင်ရာရင်းမြစ်တွေကို စုပုံအသုံးချခြင်းအားဖြင့် ရည်မှန်းချက်ကြီးမားတဲ့နိုင်ငံရေးသမားတွေအတွက် လုံလောက်တဲ့ယာဉ်တစ်ခုစီစဉ်ပေးတယ်။ ဒါကြောင့် Programmatic ဂုဏ်သတင်းကို ထိန်းသိမ်းခြင်းနဲ့ တစ်သီးပုဂ္ဂလကိုယ်စားလှယ်တွေကို ထင်ရှားစွာသိနိုင်တဲ့ဖြတ်လမ်းအဖြစ် မဲပေးသူတွေက အသုံးချနိုင်တဲ့ပါတီအမှတ်တံဆိပ်ကို စီစဉ်ပေးခြင်းတို့ဖြစ်တယ်။ (Hinnich and Munger 1994)

အတိုချုံးအားဖြင့် RPG စနစ်အောက်မှာ ကိုယ်စားလှယ်လောင်းတစ်ဦးရဲ့ကိုယ်ပိုင်အနေအထားနဲ့ ပုဂ္ဂိုလ်ရေးဆိုင်ရာစရိုက်လက္ခဏာတွေမှာ ပါတီရဲ့အဆိုပါအချက်တွေအတိုင်းပဲ နည်းပါးတဲ့တန်ဖိုးသာရှိတယ်။ အဲဒီအချက်တွေက ကိုယ်စားလှယ်လောင်းရဲ့စရိုက်လက္ခဏာတွေနဲ့ ပေါ်လစီကတိကဝတ်တွေရဲ့အာမခံချက်အဖြစ်လုပ်ဆောင်တယ်။

## *Programmatic ပါတီတွေက မက်လုံးပေးမဲဆွယ်သောယန္တရားထက် ပိုမိုတတ်နိုင်ဖွယ်ရှိတယ်*

Programmatic ပါတီတွေအနေနဲ့ ညှိနှိုင်းဆောင်ရွက်ခြင်း အကျပ်အတည်း စီးရီးတစ်ခုကို ဖြေရှင်းဖို့ပိုမိုကောင်းမွန်စွာ တပ်ဆင်ခံရသင့်ပေမဲ့ (ဥပမာအားဖြင့် လွှတ်တော်အတွင်းပါတီစည်းမျဉ်းစည်းကမ်းအောင်မြင်ခြင်း၊ ခေါင်းဆောင်သစ်ရွေး ချယ်ခန့်အပ်ခြင်းနဲ့ ပါတီအတွင်းပိုင်းအဖွဲ့အစည်းကို ဖော်ဆောင်ပေးခြင်းနဲ့ ဒေါင်လိုက်ပေါင်းစပ်မှု/နိုင်ငံအဆင့်ဖြစ်စေခြင်းကို မြှင့်တင်ခြင်း) ပါတီတွေမှာ ရှင်းရှင်း လင်းလင်းကို တခြားလုပ်စရာတွေရှိနေတယ်။ ဥပမာအားဖြင့် မက်လုံးပေးမဲ ဆွယ်တဲ့ပါတီယန္တရားတစ်ခုက လွှတ်တော်တွင်းပါတီစည်းမျဉ်းနဲ့ နိုင်ငံပိုင်နက်အနှံ့ ဒေါင်လိုက်ပေါင်းစပ်မှုကို သေချာစေတဲ့နည်းလမ်းအရ ရုပ်ဝတ္ထုပစ္စည်းဆုလာဘ်တွေကို ထောက်ပံ့ပေးတယ်။ ဒီပုံစံအဖွဲ့အစည်းဟာ မဲပေးသူတွေနဲ့ချိတ်ဆက်ဖို့အတွက် လုံလောက်တဲ့နည်းလမ်းတစ်ခုဖြစ်ပြီး သူတို့ရဲ့ရွေးကောက်ပွဲအပေါ်သစ္စာရှိမှုကိုလည်း သေချာစေတယ်။ ဒီပုံစံပါတီနိုင်ငံရေးအဖွဲ့အစည်းပြုခြင်းရဲ့တိုးတက်ပြောင်းလဲတဲ့ နည်းလမ်းရဲ့ အစွန်းရောက်ဗားရှင်းတစ်ခုကို ဆွဲဆောင်ခြင်းနဲ့ နိုင်ငံချေးငှားမှုတွေကို ထောက်ပံ့ပေးခြင်းအားဖြင့် အာဏာကိုကျစ်လစ်ခိုင်မာအောင်စုစည်းထားတဲ့ ကြီးစိုး လွှမ်းမိုးပါတီတွေရှိတဲ့ လွတ်လပ်ရေးခေတ်လွန်အာဖရိကပါတီစနစ်တစ်ချို့မှာမြင် တွေ့ရနိုင်ပါတယ်။

RPG စနစ်မှာ တခြားသောနည်းလမ်းတွေနဲ့ ယှဉ်ပြိုင်မှုတည်ဆောက်ခြင်း တွေထက် ပိုမိုပြီးအရေးပါတဲ့အကျိုးကျေးဇူးရှိတယ်။ ဒီစနစ်မှာ စနစ်ကျနတဲ့အဖွဲ့အစည်း ဆိုင်ရာရင်းနှီးမြှုပ်နှံမှုတွေနဲ့ ခံနိုင်ရည်ကိုလိုအပ်ပေမဲ့ ဒီစနစ်ဟာ အတောင်အလက်စုံ လင်နေပြီဖြစ်တဲ့မက်လုံးပေးမဲဆွယ်မှု၊ ဒါမှမဟုတ် မျိုးချစ်စိတ်အကြောင်းပြုနည်းဗျူဟာ ကိုပြီးမြောက်အောင်မြင်စေဖို့လိုအပ်တဲ့ ရုပ်ဝတ္ထုရင်းမြစ်တွေထက် ပိုမိုအကုန်အကျသက် သာတဲ့ပုံရိပ်အရင်းအမြစ်တွေဆီ ဝင်ရောက်မှုအပေါ်မူတည်နေတယ်။ ဒီအချက်က နိုင်ငံရဲ့ချေးငှားမှုကို ရယူခွင့်မရှိတဲ့ ပြိုင်ဘက်ပါတီတွေလိုမျိုးရုပ်ဝတ္ထုရင်းမြစ်တွေ ကင်းမဲ့နေတဲ့ပါတီတွေအတွက် RPG ကို စွဲဆောင်မှုရှိတဲ့နည်းဗျူဟာဖြစ်စေသင့်တယ်။ အကျိုးအကြောင်းသင့်စွာယှဉ်ပြိုင်နေရတဲ့ဒီမိုကရေစီမှာ ပါတီအားလုံးမှာ အတိုက်အခံ ဖြစ်နိုင်စွမ်းရှိနေပြီး အဲဒါကြောင့် ဒီစနစ်အတွင်းကပါတီ အားလုံးအနေနဲ့ (ပုံရိပ်)

Programmatic ရပ်တည်မှုတွေရဲ့အခြေခံအပေါ်မှာယှဉ်ပြိုင်ဖို့ အကျိုး ခံစားခွင့်တွေရှိသင့်တယ်။ အဲဒီအပြင် Bates ရေးဆွဲခဲ့တဲ့စာအုပ်မှာ (၂၀၁၀) အာဖရိကပါတီစနစ်တွေအပေါ် ဇာတ်ကြောင်းပြောပုံစံဟန်ပန်ပြုထားတဲ့အတိုင်း မက်လုံးပေးမဲဆွယ်ခြင်းဟာ စီးပွားရေးအခြေအနေဆိုးရွားခြင်းကနေတဆင့် ကာလရှည်လည်ပတ်မယ့်ကြားခံအတွင်းမှာ နိုင်ငံရဲ့ချေးငှားမှုကိုအောက်ခြေကနေပြင်းပြင်းထန်ထန်လိုက်စားစေနိုင်ပြီးတစ်ဦးတည်းအနိုင်ယူခြင်းနည်းဗျူဟာဆီကို ဦးလည်သွားနိုင်တယ်။

မက်လုံးပေးမဲဆွယ်ခြင်း၊ ဒါမှမဟုတ် ကိုယ်ရည်ကိုယ်သွေးအခြေပြုမဲဆွယ်ခြင်း/ကိုယ်စားလှယ်လောင်းအခြေပြုပြိုင်ဆိုင်မှုဖြစ်ရပ်တွေကို စဉ်းစားသုံးသပ်ကြည့်ပါ။ ပုံရိပ်ဆန်ပေမဲ့ အကုန်အကျသက်သာပြီး စနစ်အတွင်းမှာရှိတဲ့ပါတီအားလုံးအတွက်မက်လုံးပေးနည်းဗျူဟာထက်စာရင် ခြေနိုင်လက်နိုင်ပိုရှိတာကြောင့် ဒီတိုးတက်ပြောင်းလဲနေတဲ့ပုံစံဟာ RPG နဲ့နှိုင်းယှဉ်ဖို့အတွက် အနိမ့်ကျဆုံးဖြစ်ပုံကြတယ်။ တခြားတစ်ဖက်မှာ မက်လုံးပေးမဲဆွယ်ခြင်း၊ ဒါမှမဟုတ် ကိုယ်စားလှယ်လောင်းအခြေပြုယှဉ်ပြိုင်မှုဟာ သက်ဆိုင်ရာခေါင်းဆောင်တွေအပေါ် အားကိုးမှီခိုလွန်းနေရပြီး ပါတီပေါ်လစီကိုလွှမ်းမိုးပစ်နိုင်တဲ့မြင်နိုင်တဲ့ကိုယ်ရည်ကိုယ်သွေးအနည်းငယ်အပေါ် မှီခိုနေရလွန်းတဲ့ဘက်တော်သားအဖွဲ့အစည်းတွေကို ပြုလုပ်နေတယ်။ တစ်ခြားတစ်ဖက်မှာ ပေါ်လစီချမှတ်ခြင်းဟာလည်း ပိုမိုမတည်မငြိမ်ဖြစ်လာပြီး ပါတီအမှတ်တံဆိပ်နဲ့ မဲပေးသူတွေဆီချိတ်ဆက်ထားတဲ့တည်ငြိမ်တဲ့အချိတ်အဆက်တွေကိုတည်ဆောက်ဖို့ ပါတီရဲ့လုပ်နိုင်စွမ်းကို အခြေလိုက်စားဖျက်စီးမှာဖြစ်တယ်။ ထင်ရှားတဲ့ကိုယ်ရည်ကိုယ်သွေးပျောက်ဆုံးသွားပြီးတဲ့နောက် အဖွဲ့အစည်းတစ်ခုအနေနဲ့ ပါတီကိုတန်ဖိုးမထားမှု ပြင်းပြင်းထန်ထန်ခံရတဲ့အတွက် ပါတီအတွင်းက အစိုးရအဖွဲ့အတွင်းပါဝင်ခွင့်ရဖို့ကြိုးစားနေတဲ့နိုင်ငံရေးသမားတွေရဲ့အမြင်ကနေဆိုရင် မက်လုံးပေးမဲဆွယ်မှု၊ ဒါမှမဟုတ် ကိုယ်ရည်ကိုယ်သွေးဖြင့်မဲဆွယ်မှုနည်းဗျူဟာတွေဟာ ရေရှည်မှာအနိမ့်ကျဆုံးဖြစ်တယ်။

ခြုံပြောရမယ်ဆိုရင် RPG စိတ်ကူးစိတ်သန်းအတွင်းမှာ နည်းဗျူဟာနိုင်ငံရေးသမားတွေက အခြားသော Programmatic မဟုတ်တဲ့ တိုးတက်ပြောင်းလဲမှုတွေထက် မဲပေးသူတွေနဲ့ Programmatic အချိတ်အဆက်တည်ဆောက်ပုံတွေကို သိသိသာသာနှစ်သက်ကြပြီး ယှဉ်ပြိုင်မှုနဲ့ကြုံတွေ့ရတဲ့အခါ သူတို့ရင်ဆိုင်ရတဲ့ စုပေါင်းလုပ်ဆောင်မှုပြဿနာတွေကိုဖြေရှင်းရာမှာ သူတို့ရဲ့အကျိုးရှိစွာအလုပ်လုပ်မှုတွေကိုပိုမိုပေးအပ်ကြတယ်။ (Aldrich 1995) ပါတီမဲပေးသူအချိတ်အ ဆက်တွေကိုတိုးတက်

စေတဲ့အခြားသောနည်းလမ်းတွေကို (ဥပမာ မက်လုံးပေးမဲဆွယ်ခြင်းဆိုင်ရာဆက်နွယ်မှုတွေရဲ့ မတူညီတဲ့ပုံစံတွေကနေ စီစဉ်ထားတဲ့ Programmatic မဟုတ်တဲ့အချိတ်အဆက်တွေ၊ ဩဇာတိက္ကမနဲ့ပြည့်စုံတဲ့သူအားဖြင့် စည်းရုံးလှုံ့ဆော်ခြင်းရဲ့ဖြစ်စဉ်တွေ၊ ပါတီတွေအတွင်း ကျိုးကြောင်းဆက်စပ်မှုမရှိတဲ့ ချိတ်ဆက်မှုတွေ၊ အားကောင်းတဲ့ ဘက်တော်သားအမှတ်သရုပ်တွေအပေါ်အခြေခံတဲ့မဲပေးခြင်း၊ ဒါမှမဟုတ် နောက်ကြောင်းပြန်ပြုပြင်မှုရှိတဲ့မဲပေးခြင်း) အနိမ့်ဆုံးအခြေအနေဖြစ်ကြောင်းမှတ်ယူကြတယ်။ အလယ်အလတ်ကနေ ကာလရှည်အတွေ့အကြုံရှိတဲ့ အစိုးရအဖွဲ့အတွင်းပါဝင်ဖို့ကြိုးစားနေတဲ့နိုင်ငံရေးသမားတွေရဲ့ ရှုထောင့်ကနေတောင်မှ အဲဒီလိုနိမ့်ကျတယ်လို့ မှတ်ယူထားတာဖြစ်တယ်။ လူထုကောင်းကျိုးကို နိမ့်ပါးစွာထောက်ပံ့ပေးခြင်းနဲ့ အဂတိမကင်းတဲ့နိုင်ငံရေးနဲ့ခိုင်ခိုင်မာမာဆက်နွယ်နေတဲ့ မက်လုံးပေးမဲဆွယ်မှု၊ ဒါမှမဟုတ် မဲဝယ်ခြင်းတို့ရှိနေရင် RPG ရဲ့အနာဂတ်ဖြစ်နိုင်ခြေကလည်း စံအဖြစ်မှတ်ယူထားတဲ့ကျေနပ်မှုရှိနိုင်တယ်။ (Kitschelt and Wilkinson 2007)

## ***RPG က ပိုမိုမြင့်မားပြီးအရည်အသွေးရှိတဲ့ ဒီမိုကရေစီကို မြှင့်တင်ပေးတယ်***

Programmatic အချိတ်အဆက်တွေက မဲပေးသူနဲ့ ပါတီတွေအကြား တာဝန်ယူမှု၊ တာဝန်ခံမှုစက်ဝန်းကို ဖော်ဆောင်ပေးရုံသာမက သူတို့ဟာ ဒီမိုကရေစီရဲ့တရားဝင်ဖြစ်မှုကို မြှင့်တင်ပေးတယ်။ လွှတ်တော်ဆိုင်ရာစည်းမျဉ်းတွေကို သေချာစေခြင်းနဲ့ ပေါ်လစီချမှတ်ခြင်းလုပ်ငန်းစဉ်ထဲမှာပိုမိုကောင်းမွန်တဲ့ အပြောင်းအလဲမရှိမှုကိုထောက်ပံ့ပေးခြင်းအပြင် အချိတ်အဆက်တွေက ပါတီနဲ့ပါတီစနစ်ကို ရှင်သန်စေတဲ့ မြင့်မားတဲ့မတည်မငြိမ်မှုစနစ်ထဲကို မဖြစ်မနေလိုအပ်နေတဲ့တည်ငြိမ်မှုဖြင့် ထောက်ပံ့ပေးတယ်။ ဒါကြောင့် အဲဒါက အောင်မြင်တဲ့ပြင်ပကိုယ်စားလှယ်လောင်းတွေ ပေါ်ထွက်လာခြင်းကို တားမြစ်နိုင်တယ်။ သူတို့အထဲကတချို့ဟာ များစွာသော ဖွံ့ဖြိုးဆဲနိုင်ငံတွေမှာ ဒီမိုကရက်တစ်ယိုယွင်းပျက်စီးခြင်းနဲ့ဆက်နွယ်နေနိုင်တယ်။ ဒီသုံးသပ်ချက်က ဒီအဆိုကြမ်းတွေအတွက် လက်တွေ့ကျကျထောက်ခံမှုကို ရှာဖွေတွေ့ရှိခဲ့တယ်။ ပိုမိုမြင့်မားတဲ့ RPG အဆင့်တွေဟာ ပိုမိုကောင်းမွန်တဲ့အရည်အသွေးရှိတဲ့ ဒီမိုကရေစီ၊ ပိုမိုအကျိုးသက်ရောက်မှုရှိတဲ့ပေါ်လစီချမှတ်ခြင်းနဲ့ ပိုမိုမြင့်မားတဲ့လူမှု

တရားဝင်ဖြစ်မှုအဆင့်တွေနဲ့ဆက်နွှယ်နေတယ်။

## Programmatic ပါတီများရဲ့ ဒိုင်မန်းရှင်းများ

ဒီအပိုင်းမှာ RPG ပုံစံရဲ့ ဒိုင်မန်းရှင်းသုံးခုရဲ့တစ်ခု၊ ဒါမှမဟုတ် များစွာနဲ့ ထိတွေ့ထားတဲ့ စာပေကိုသုံးသပ်ထားပြီး ပိုမိုမြင့်မားတဲ့၊ ဒါမှမဟုတ် ပိုမိုနိမ့်ပါးတဲ့ RPG အဆင့်ဆီ မှုသေမဟုတ်တာတွေကို ဘာကထောက်ပံ့ပေးနေသလဲဆိုတာကို ရှင်းပြဖို့ကြိုးစားထားတဲ့ မတူညီတဲ့ပေါ့ပေါ့ပါးပါးဖြစ်စဉ်တွေကို စာရင်းပြုစုထားတယ်။ ဒီချဉ်းကပ်မှုမှာ စာပေရဲ့ပေါင်းရုံးပါဝင်နေတဲ့အချက်အလက်တစ်ခုချင်းစီရဲ့ ဟန်ပြုထားတဲ့သရုပ်ဖော်မှုတစ်ခုကို တင်ပြထားတယ်။ အဲဒီအတွက် ဆီလျော်တဲ့ကိုးကားချက်တွေကို အခန်းအဆုံးမှာရှိတဲ့ စာရင်းရေးသွင်းထားတဲ့စာစုစာရင်းမှာ စာရင်းပြုစုထားတယ်။ အနှစ်ချုပ်ဇယားတွေက ပေါင်းရုံးမှုတစ်ခုချင်းစီက ထိတွေ့နေတဲ့ ဆီလျော်တဲ့ဒိုင်မန်းရှင်းတွေနဲ့ ၎င်းတို့ရဲ့အဓိကအထောက်အပံ့များနဲ့ Programmatic ပါတီနဲ့ ပါတီစနစ်တွေရဲ့ ခွဲခြမ်းစိတ်ဖြာလေ့လာမှုအတွက် အားနည်းချက်တွေကို ဖော်ထုတ်ထားတယ်။

### *ပါတီမူဝါဒလမ်းစဉ်သုတေသနပရောဂျက်*

ပါတီမူဝါဒလမ်းစဉ်သုတေသနပရောဂျက်ဟာ ခေတ်ပြိုင်နိုင်ငံရေးသိပ္ပံမှာ ရည်မှန်းချက်အကြီးမားဆုံးနဲ့ စနစ်အကျနဆုံးအချက် အလက်စုဆောင်းခြင်းအားထုတ်မှု တစ်ခုဖြစ်တယ်။ ၎င်းရဲ့ဒေသဆိုင်ရာရှုထောင့်က တစ်ချို့သောဖွံ့ဖြိုးဆဲနိုင်ငံတွေကို ဖုံးအုပ်ဖို့ကျယ်ပြန့်ပြီးသားဖြစ်တယ်။ နိုင်ငံတစ်နိုင်ငံရဲ့ရွေးကောက်ပွဲကို ဝင်ရောက်ယှဉ်ပြိုင်တဲ့သက်ဆိုင်ရာပါတီတွေအားလုံးဆီက ပါတီကြေညာချက်တွေကို စုဆောင်းပြီး ခွဲခြမ်းစိတ်ဖြာလေ့လာထားတယ်။ မကြာခဏဆိုသလို ခက်ခဲရှုပ်ထွေးတဲ့ဝေါဟာရအကဲဖြတ်မှုဆိုင်ရာနည်းစနစ်တွေကို အသုံးပြုထားတယ်။ ရလဒ်တွေက ရွေးကောက်ပွဲတစ်ခုချင်းစီအတွက် သက်ဆိုင်ရာခေါင်းစဉ်တွေအပေါ် ပါတီတွေရဲ့အရေးကိစ္စအနေအထားတွေကိုခြေရာခံဖို့ ကျွမ်းကျင်သူတွေကိုခွင့်ပြုပေးပြီး အချိန်ကျော်လွန်နေတဲ့ ဖော်ပြပါပါတီတစ်ခုရဲ့ အိုင်ဒီအိုလိုဂျီဆိုင်ရာ/ Programmatic ဆိုင်ရာတွေကို

စမ်းစစ်ဖို့လည်းခွင့်ပြုပေးတယ်။ အခုအချိန်ထိ စာပေရဲ့အဲဒီအပေါင်း အရုံးထဲကို လေ့လာမှုတွေမှာ လက်ရှိခွဲခြမ်းသုံးသပ်မှုရဲ့ဦးတည်ချက်တွေအတွက်အရေးပါတဲ့ကန့်သတ်ချက်တွေရှိတယ်။ ပထမဆုံးအနေနဲ့ သူတို့ဟာ Programmatic နဲ့ တခြားသောပုံစံအကြားမခွဲခြားဘူး။ အဲဒါကြောင့် ပါတီအားလုံး (ဒါမှမဟုတ် ကွဲပြားတဲ့နိုင်ငံတွေက ပါတီစနစ်တွေ) အနေနဲ့ မဲပေးသူတွေနဲ့ ဆက်နွယ်ခြင်းအတွက်နဲ့ ဖွံ့ဖြိုးတိုးတက်ခြင်း၊ မြှင့်တင်ခြင်းနဲ့ ပါတီရဲ့လွှတ်တော်ဆိုင်ရာနဲ့ ပေါ်လစီချမှတ်ခြင်းအမူအကျင့်တွေဆီကို အပြောင်းအလဲကင်းမဲ့မှုပိုမိုထောက်ပံ့ ခြင်းအတွက် သူတို့ရဲ့ Programmatic ရပ်တည်ချက်တွေကို အသုံးပြုခြင်းတွေမှာ ညီမျှတဲ့ အလေးဆတွေကို နေရာချတဲ့ပုံရတယ်။ (Kitschelt and Freeze 2010)

အဲဒီအပြင် Programmatic ကြေညာချက်တွေဟာ အမြဲလိုလို ရှည်လျားစွာနဲ့ ရွေးကောက်ပွဲဆိုင်ရာမဲဆွယ်စည်းရုံးမှုတွေအတွင်းမှာ ဘေးဖယ်ထုတ်ခံထားရတဲ့အတွက် dead letters တွေကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းမှာ စွန့်စားရမယ့် အနေအထားတွေရှိနေတယ်။ ဒါပေမဲ့ ကြေညာချက်တွေကိုအသုံးပြုတဲ့ ယာယီတိုးတက်ပြောင်းလဲတဲ့ဘက်တော်သားရပ်တည်မှုတွေကို အကဲဖြတ်ခြင်းက ပါတီပေါ်လစီတင်ပြချက်တွေရဲ့တိုးတက်နေတဲ့လမ်းကြောင်းအပေါ်မှာ အရိပ်ထိုးလာနိုင်တယ်။ ငြင်းခုံဖွယ်ရာအနေနဲ့ Programmatic ပါတီတွေဟာ အနည်းနဲ့အများ တည်ငြိမ်နေတဲ့ပေါ်လစီရပ်တည်ချက်အစု (တဖြည်းဖြည်းဖြစ်ပေါ်နေပေမဲ့) တဝိုက်မှာ စုစည်းသင့်တယ်။ Programmatic နည်းပါးစွာစည်းရုံးခြင်းအားဖြင့်ဘောင်ခတ်ထားတဲ့ပလက်ဖောင်းတွေဟာ နိုင်းရအားဖြင့် အချိန်တိုကာလတစ်ခုအတွင်းမှာ ထင်ထင်ရှားရှားပြောင်းလဲသွားခြင်းအားဖြင့် စရိုက်သဘာဝပြခံရနိုင်တယ်။ ကြေညာချက်ပရောဂျက်ဟာ အဲဒီမှတ်ကျောက်တွေအတိုင်း ကွဲပြားတဲ့ပါတီစနစ်တွေရဲ့အဆင့်ဆင့်တိုးတက်ပြောင်းလဲမှုတွေကို ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအတွက် စာရွက်စာတမ်းတွေ ထောက်ပံ့ပေးနိုင်တယ်။

### *စုစည်းထားတဲ့ စိတ်ဝင်စားမှုအုပ်စုများ၊ အကြံပေး ပညာရှင်များ၊ NGO များ၊ သက်ဆိုင်ရာလူနည်းစုအုပ်စုများနှင့် Programmatic နိုင်ငံရေးပါတီများ*

ဒီစာတွေကို သောင်းပြောင်းထွေလာရောနှောနေတဲ့ အရေးအသား(အလုပ်)တွေနဲ့ဖွဲ့စည်းထားတာဖြစ်တယ်။ အဲဒီစာတွေထဲက ဒီသုံးသပ်ချက်ဟာ လူမှုအဖွဲ့အစည်းအတွင်းက Programmatic နိုင်ငံရေးရဲ့သဘောသဘာဝအတွက် ရှင်းလင်းစွာတင်ပြထားတဲ့ ဂယက်ရိုက်ခတ်မှုတွေရှိတဲ့ အဓိကအရေးအသား(အလုပ်)တွေအတွက်သာ လွှမ်းမိုးနိုင်တယ်။ အဖွဲ့အစည်းပြုထားတဲ့စိတ်ဝင်စားမှုအုပ်စုတွေနဲ့ လူနည်းစုအုပ်စုတွေရဲ့ သိမြင်နားလည်ခြင်းတွေကို စေ့စေ့စပ်စပ်လေ့လာတဲ့ဒီစာတွေထဲမှာ အခြေခံကျတဲ့တင်းအားတစ်ခုရှိတယ်။ တကယ်လို့ အထွေထွေအများပြည်သူကောင်းကျိုးအစုလိုက်ရဲ့ထောက်ပံ့ပေးနိုင်မှုတဝိုက်က ဖွဲ့စည်းတည်ဆောက်ထားတဲ့ကိုယ်စားပြုမှုကသာ Programmatic ပါတီစနစ်တွေရဲ့ ယေဘုယျအချက်အလက် တစ်ခုအဖြစ်လေ့လာခံရမယ်ဆိုရင် ကြီးမားပြီးအကျုံးဝင်မှုရှိတဲ့စိတ်ဝင်စားမှုအုပ်စုတွေ (ဥပမာ အလုပ်သမား၊ ဒါမှမဟုတ် စီးပွားရေးလုပ်ငန်း၊ ယဉ်ကျေးမှု၊ ဒါမှမဟုတ် လူမျိုးစုအုပ်စုတွေ၊ လုပ်ငန်းတာဝန်ဆိုင်ရာအဖွဲ့အစည်းတွေ ကြီးမားတဲ့လူမှုဖူလုံရေးပေါ်လစီတွေရဲ့ အကျိုးခံစားခွင့်ရှိသူတွေ အစရှိသည်ဖြင့်) အနေနဲ့ အဲဒီကိုယ်စားပြုမှုဆိုင်ရာစိတ်ကူးစိတ်သန်းကို အောင်မြင်အောင်ကူညီမယ်လို့ ထင်မြင်ရနိုင်တယ်။

သို့သော်လည်း ပါတီတွေရဲ့သေးငယ်တဲ့၊ ဒါမှမဟုတ် ကောင်းမွန်စွာသတ်မှတ်ထားတဲ့စိတ်ဝင်စားသူအုပ်စုတွေ (ဥပမာ အရပ်ဒေသတွေ၊ ကောင်းမွန်စွာသတ်မှတ်ထားတဲ့အရေးကိစ္စအုပ်စုတွေ၊ စီးပွားရေးလုပ်ငန်းအသင်းအဖွဲ့တွေ) နီးကပ်တဲ့ဆက်ဆံရေးတွေက အမြဲလိုလို Programmatic မရှိတဲ့ကိုယ်စားပြုမှုက နေရာတကာသက်ရောက်မှုရှိတဲ့စနစ်တွေအတွင်းမှာ ထုတ်ဖော်ခံရလေ့ရှိတယ်။ ဒီအဆိုရဲ့အခြေခံမှာ လူမှုအဖွဲ့အစည်းအတွင်းက လူမျိုးစုအပိုင်းတွေဟာ အမြဲလိုလို Programmatic တည်ဆောက်ပုံကိုဖျက်လို့ဖျက်ဆီးလုပ်တဲ့အတိုင်း သရုပ်ဆောင်ရလေ့ရှိတယ်။ နိုင်ငံရေးသမားတွေကို ပေးထားတဲ့လူမျိုးစုမဲဆန္ဒနယ်တစ်ခုဆီ ကောင်းကျိုးတွေပေးတဲ့ကလပ်ထောက်ပံ့သူတွေအဖြစ်မြင်ကြသလိုပေါ့။ ဒီဆန့်ကျင်နေတဲ့ရပ်တည်မှုနှစ်ခုအကြား ကြားဝင်စေ့စပ်ပေးနိုင်ဖို့ ဖြစ်နိုင်တဲ့နည်းလမ်းတစ်ခုကတော့ Verdier ရဲ့

၁၉၉၅ တုန်းက အကြံပြုမှုကိုလိုက်နာပြီး ပေါင်းစုမှု(စိတ်ဝင်စားမှု)ရဲ့အဆင့်ကို စာရင်းသွင်းဖို့ပဲဖြစ်တယ်။ အတိုချုပ်အားဖြင့်ဆိုရင် ပါတီရဲ့စိတ်ဝင်စားမှုအုပ်စုတွေနဲ့ ဆက်ဆံရေးတွေဟာ အဲဒီစိတ်ဝင်စားမှုအုပ်စုတွေအနေနဲ့ နှိုင်းရအနေအထားအရကြီးမားပြီး အကျုံးဝင်မှုရှိမယ်ဆိုရင်သာ သူတို့ယှဉ်ပြိုင်နိုင်မယ့် ပါတီစနစ်ရဲ့ Programmatic တည်ဆောက်ပုံကိုတိုးတက်စေဖို့ အကူအညီပေးနိုင်တယ်။

Andean ဒေသက ဒီမိုကရေစီနဲ့ ကိုယ်စားပြုမှုကို လတ်တလောခွဲခြမ်းလေ့လာချက်တွေက နိုင်ငံအဆင့်ပါတီစနစ်အပေါ် အဖွဲ့အစည်းပြုထားတဲ့အရပ်ဘက်လူမှုအဖွဲ့အစည်းရဲ့သက်ရောက်မှုနဲ့ပတ်သက်လို့ ပိုမိုအရေးပါတဲ့အမြင်တစ်ခုကို ထောက်ပံ့ပေးတယ်။ အထူးသဖြင့် ဒေသခံအသွင်ပြုပြီး ပိုင်းဆစ်ပွန်နေတဲ့စိတ်ဝင်စားမှုအုပ်စုနဲ့ ဗဟိုအာဏာချုပ်ကိုင်မှုလျော့ချခြင်းနဲ့တွဲမိသွားတဲ့အခါ (ဒါကြောင့် ပေါင်းစည်းမှုအဆင့်ကို လျော့ကျစေတယ်) ကိုယ်စားပြုမှုကို ကျရှုံးစေတဲ့တုံ့ပြန်မှုအဖြစ် ပါတီစနစ်နဲ့ အပြိုင်ဖြစ်နေတဲ့ အရပ်ဘက်လူမှုအဖွဲ့အစည်းရဲ့လူထုလှုံ့ဆော်မှုတွေဟာ အချို့သော ပါတီစနစ်အကျပ်အတည်းတစ်ခုရဲ့ အခြေခံကျတဲ့အရောအနှောအဖြစ် (Mainwaring, Bejarano and Pizarro 2006; Morgen 2007)သရုပ်ဆောင်တော့တယ်။ အပြန်အလှန်အားဖြင့် အဲဒါက Programmatic ကိုယ်စားပြုမှုတည်ဆောက်ပုံရဲ့အခွင့်အလမ်းကို အနည်းဆုံးရေတိုနဲ့ ကာလလတ်တွေမှာ ထိခိုက်စေတယ်။

အရေးအသား(အလုပ်)ရဲ့ မတူညီတဲ့ပေါင်းရုံးမှုတစ်ခုက ပါတီတွေ၊ အသိပညာရှင်အစုအဖွဲ့တွေနဲ့ NGO တွေအကြားကဆက်ဆံရေးကို ခွဲခြမ်းစိတ်ဖြာလေ့လာတယ်။ အထူးသဖြင့် နိုင်ငံရေးပါတီတွေနဲ့အတူအသင်းအဖွဲ့ပြုထားတဲ့ အသိပညာရှင်အစုအဖွဲ့တွေဟာ အမြဲလိုလို Programmatic ပလက်ဖောင်းတွေကို ဖော်မြူလာထုတ်ပေးတဲ့နေရာမှာ အဓိကကျတဲ့ပါတနာတွေအနေနဲ့ပုံဖော်ခံရလေ့ရှိတယ်။ အဲဒီအပြင် အထူးသဖြင့် ဥပဒေပြုမှုအသစ်နဲ့ လူထုပေါ်လစီတင်ပြချက်တွေရဲ့မူကြမ်းကို လမ်းညွှန်တဲ့နေရာမှာလည်း အဲဒီလိုပုံဖော်ခံရတယ်။ ပါတီတွေနဲ့ လက်တင်အမေရိကဒေသက အသိပညာရှင်အစုအဖွဲ့တွေအကြားက ဆက်ဆံရေးအပေါ် လက်ရှိအချိန်အထိ သုတေသနပြုလုပ်ချက်တွေက ဒီအချိတ်အဆက်တွေဟာ အင်စတီကျူးရှင်းမှုပြုထားတဲ့ပါတီစနစ်တစ်ခုအတွက် မဖြစ်မနေလည်းမလိုအပ်သလို လုံလောက်မှုလည်းမရှိဘူးဆိုတဲ့အချက်ကို တင်ပြတယ်။ (Garce 2009) ဒီစာပေအပေါင်းအစုက RPG ရဲ့ကွဲပြားတဲ့အဆင့်တွေနဲ့သီးခြားပါတီတွေရဲ့ Programmatic နည်းဗျူဟာတွေကို

ရှင်းလင်းပြဖို့ အသုံးဝင်တဲ့ ထိုးထွင်းသိမြင်မှုသုံးခုကို ထောက်ပံ့တယ်။

– လူမှုအဖွဲ့အစည်းအတွင်းက စိတ်ဝင်စားမှုအစုအစည်းရဲ့ အခန်းကဏ္ဍ

– သူတို့ရဲ့ Programmatic တင်ပြမှုတွေရဲ့ အခြေခံအပေါ်က စိတ်ဝင်စားမှုအုပ်စုတွေနဲ့အတူ စနစ်ကျနတဲ့ဆက်နွယ်မှုတွေကို အခြေချဖို့အတွက် ပါတီတွေရဲ့လုပ်နိုင်စွမ်း (ဒါမှမဟုတ် မလုပ်နိုင်စွမ်း) နဲ့

– Programmatic ဆိုင်ရာပါဝင်မှုပမာဏရဲ့ ဖြစ်နိုင်စွမ်းရှိတဲ့ ထောက်ပံ့သူတွေအဖြစ် အသိပညာရှင်အစုအဖွဲ့ရဲ့အခန်းကဏ္ဍ။ အထူးသဖြင့် ပါတီတွေရဲ့ မူလအခြေခံရှိခြင်းအစွမ်းအစတွေ အားနည်းနေတဲ့အချိန်မှာဖြစ်တယ်။

## *ပါတီအဖွဲ့အစည်းနဲ့ ပါတီတွင်းနိုင်ငံရေးအကြောင်းစာပေ*

ကောင်းမွန်စွာအခြေချတည်ဆောက်ထားတဲ့ လေ့လာမှုနယ်ပယ်တစ်ခုဖြစ်ပေမဲ့ပါတီစနစ်တွေအပေါ် ရေးသားလေ့လာထားတဲ့အရေးအသား(အလုပ်) လက်တစ်ဆုပ်စာကသာ ပါတီအဖွဲ့အစည်းနဲ့ ကိုယ်စားလှယ်ရွေးချယ်ခြင်းနဲ့ Programmatic တည်ဆောက်ပုံရဲ့မြင်ကွင်းနဲ့ ပါတီ၊ ဒါမှမဟုတ် ပါတီစနစ်အားဖြင့်စည်းရုံးထားတဲ့ လှုံ့ဆော်လှုပ်ရှားမှုတွေအပါအဝင်ဖြစ်တဲ့ ပါတီတွင်းနိုင်ငံရေးအကြားက ဖြစ်နိုင်ဖွယ်ရှိတဲ့အချိတ်အဆက်တွေကို ရှာဖွေလေ့လာတယ်။ ဒီအမြင်အရ စာပေမှာ အသုံးဝင်တဲ့ Programmatic နိုင်ငံရေးရဲ့အယူအဆပြုခြင်းနဲ့ ရှင်းလင်းချက်တွေကင်းမဲ့နေတယ်။ ဘာပဲဖြစ်ဖြစ် လက်ရာအရေအတွက်တစ်ခု (ဥပမာ Kitschelt 1994: Levitsky 2003: Samuels 2004) က ပါတီအဖွဲ့အစည်းနဲ့ Programmatic ဆိုင်ရာပြောင်းလွယ်ပြင်လွယ်ရှိမှု အကြားက ဆက်ဆံရေးကိုကိုင်တွယ်တယ်။ သူတို့ရဲ့အမြင်မှာ တင်းကြပ်တဲ့အဖွဲ့အစည်းတွေကင်းမဲ့တဲ့ ပါတီတွေဟာ Programmatic ဆိုင်ရာနိုင်ငံရေးရပ်တည်ချက်ပြောင်းလဲမှုတစ်ခုကို သိမ်းသွင်းနိုင်ဖို့ ပိုမိုကောင်းမွန်အောင်စွမ်းဆောင်နိုင်ပုံပေါ်တယ်။ အထူးသဖြင့် လူမှုအဖွဲ့အစည်းအတွင်း ရွေးကောက်ပွဲဆိုင်ရာလမ်းကြောင်းတွေရွှေ့ပြောင်းတဲ့ အချိန်ကာလမှာဖြစ်တယ်။ ပိုမိုနီးစပ်တဲ့ Kitschelt and Kselman (2010) နဲ့ Hu and Heller(2010) တို့က တစ်နည်းတစ်ဖုံဆန့်ကျင်တဲ့အဆိုကိုပြုလုပ်ခဲ့ကြတယ်။ ပိုမိုရှုပ်ထွေးပြီး ဗဟိုချုပ်ကိုင်မှုလျော့ချထားတဲ့အဖွဲ့အ

စည်းဆိုင်ရာတည်ဆောက်ပုံတွေနဲ့ ပါတီတွေက အနေအထားပြောင်းလဲဖို့သူတို့ရဲ့ Programmatic ကို ပြုပြင်ဖို့ ပိုမိုနီးစပ်တယ်လို့ အခိုင်အမာဆိုခြင်းအားဖြင့်ပေါ့။ ဒါကြောင့် RPG အပေါ်မှာအဖွဲ့အစည်းဆိုင်ရာပုံစံတွေရဲ့ သက်ရောက်မှုဖြစ်နိုင်ခြေတွေအပေါ် ခိုင်မာတဲ့ခန့် မှန်းချက်တွေမရှိဘူး။

Katz (2001) နဲ့ Siavelis and Morgenstern(2008) တို့နှစ်ဖွဲ့လုံးက ပါတီရွေးချယ်ခြင်းလုပ်ငန်းစဉ်အဆင့်ဆင့်က ပါတီပုဂ္ဂိုလ်ရေးဆိုင်ရာရဲ့ လူမှုရေးဆိုင်ရာနဲ့ အိုင်ဒီအိုလိုဂျီဆိုင်ရာအကျင့်စရိုက်တွေကို ပုံဖော်တယ်လို့ဆိုတယ်။ ဒီအမြင်မှာ ကွဲပြားတဲ့ရွေးချယ်မှုယန္တရားတွေအနေနဲ့ မတူညီတဲ့တရားဝင်ဖြစ်မှုဆိုင်ရာအမူအကျင့်ကိုမောင်းနှင်တယ်လို့ မျှော်လင့်ခံရတယ်။ စိတ်ဝင်စားမှုအုပ်စုတွေအပေါ်သူတို့ရဲ့သစ္စာရှိမှုရဲ့ အဓိကကိုင်းညွှတ်မှု၊ ပေးထားတဲ့မဲဆန္ဒနယ်နဲ့ ပါတီခေါင်းဆောင်တွေရဲ့ကဏ္ဍတွေအပေါ်မူတည်ပြီးတော့ပေါ့။ အဓိကအိုင်ဒီအိုလိုဂျီဆိုင်ရာလက္ခဏာ၊ ဒါမှမဟုတ် ဘက်တော်သားသစ္စာရှိမှုတွေဖြစ်တဲ့ ရွေးချယ်မှုဆိုင်ရာလုပ်ငန်းစဉ်အဆင့်ဆင့်က ကိုယ်စားလှယ်လောင်းတွေရဲ့ပိုမိုပြီး အိုင်ဒီအိုလိုဂျီဆန်ဆန်တထပ်တည်းစုပုံမှုတစ်ခုကို မောင်းနှင်ဖို့အကူအညီလည်းပေးတယ်။ အဲဒီကိုယ်စားလှယ်လောင်းတွေဟာလူထုကောင်းကျိုးရဲ့ ထောက်ပံ့မှုအပေါ်ယှဉ်ပြိုင်ခြင်းအပေါ် ပိုမိုအာရုံစိုက်နိုင်ဖို့မျှော်လင့်ခံကြရတယ်။ ဘယ်လိုဖြစ်ရပ်မှာမဆို ဒီစာပေနဲ့ ပါတီရဲ့ Programmatic ဆိုင်ရာစရိုက်လက္ခဏာနှစ်ခုအကြားကအချိတ်အဆက်တွေဟာ အားနည်းနေတုန်းပဲ။

## *ပါတီစနစ်ကို အင်စတီကျူးရှင်းမှုပြုခြင်း*

Mainwaring and Scully's (1995) တို့ရဲ့ ပါတီစနစ်အင်စတီကျူးရှင်းမှုပြုခြင်းရဲ့ အယူအဆပြုခြင်းနဲ့ (အဲဒါရဲ့နောက်ပိုင်း အသေးစိတ်ပြင်ဆင်ချက်တွေဖြစ်တဲ့ Mainwaring 1999; Payne et al. 2003; Jones 2005 နဲ့ Mainwaring and Torcal 2006 တို့) ဟာ လက်တင်အမေရိကရဲ့ပါတီစနစ်တွေကိုခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအပေါ် ယေဘုယျအကျဆုံးလက်ခံထားတဲ့နှိုင်းယှဉ်မှုဆိုင်ရာမူကြမ်းတွေကို ကိုက်ညီအောင်ပြုပြင်ဖို့ဖြစ်တယ်။ Mainwaring and Scully တို့ရဲ့ ပါတီစနစ်သီအိုရီထည့်ဝင်မှုရဲ့ ဆန်းသစ်တီထွင်မှုအလေ့အထဟာ ကမ္ဘာတစ်ခုလုံးကပါတီစနစ်တွေကိုလေ့လာမှုမှာ စိတ်ကူးကိုပြုပြင်နေတယ်ဆိုတဲ့အချက်ကိုလည်း ရောင်ပြန်ဟပ်စေ

တယ်။ အဲဒီအချက်ရဲ့လွှမ်းမိုးမှုတွေဟာ အာဖရိက၊ အရှေ့အာရှနဲ့ အရှေ့ဥရောပအထိ ချဲ့ထွင်နေတယ်။ (ဥပမာအားဖြင့် Beatty 2007; Kuhonta 2007; Thames and Robbins 2007)

သူတို့ရဲ့မူရင်းစိတ်ကူးပြုမှုဖြစ်တဲ့ Mainwaring and Scully (1995) ထဲမှာ မဲပေးသူတွေနဲ့ လူမှုရေးအမြစ်ကုပ်တွယ်မှုရဲ့အကြောင်းအရင်းတစ်ခုနဲ့ (ညွှန်ကိန်းတစ်ခု) အဖြစ် သူတို့ရဲ့ဘက်တော်သားကိုယ်စားပြုမှုတွေအကြားအချိတ်အဆက်တွေရဲ့ Programmatic စည်းရုံးခြင်းရဲ့ရှိနေမှုကို တိုက်ရိုက်ရည်ညွှန်းကိုးကားထား ခြင်းမရှိပေမဲ့ နောက်ပိုင်းလက်ရာတွေဖြစ်တဲ့ (အထူးသဖြင့် Mainwaring 1999 နဲ့ Mainwaring and Torcal 2006) ထဲမှာ အဲဒီဒိုင်မန်းရှင်းရဲ့ စိတ်ကူးအဖြစ်နဲ့ လက်တွေ့ကျမှုအဖြစ် ဇဟိုချက်မှာတည်ရှိလာခဲ့တဲ့အတွက် Programmatic ဆိုင်ရာအချိတ်အဆက်တွေဟာ ထင်ရှားမှုရရှိလာတယ်။

ရွေးကောက်ပွဲဆိုင်ရာမတည်မငြိမ်ဖြစ်ခြင်းကနေတစ်ဆင့် လေ့လာအကဲဖြတ်ထားတဲ့မဲပေးမှုပုံစံတွေရဲ့ တည်ငြိမ်မှုအဖြစ်ရှိနေစေဖို့ ပထမဒိုင်မန်းရှင်းက ဆက်လက်တင်ပြနေတဲ့အချိန်မှာ လူမှုအဖွဲ့အစည်းအတွင်းမှာအမြစ်တွယ်ထားတဲ့ ဒုတိယဒိုင်မန်းရှင်းက ကိုယ်ရည်ကိုယ်သွေးအပေါ်အခြေပြုပြီးမဲဆွယ်တဲ့ (မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ ပါတီတွေရဲ့ ပြိုင်ဘက်အဖြစ်) ပါတီမဲပေးသူအချိတ်အဆက်ရှိနေမှုကနေတစ်ဆင့်အကဲဖြတ်လေ့လာတယ်။ အဲဒီအတိုင်း Mainwaring and Torcal (2006) က အောက်ပါအတိုင်းမှတ်ချက်ပြုတယ်။ မဲပေးသူတွေနဲ့ ကိုယ်စားလှယ်တွေအကြားက ကိုယ်ရည်ကိုယ်သွေးအပေါ်မူတည်ပြီးမဲဆွယ်စည်းရုံးမှုအချိတ်အဆက်က လူမှုအဖွဲ့အစည်းအတွင်းပါတီရဲ့အမြစ်လက်တံတွေ ပိုမိုအားနည်းလာတဲ့အချိန်မှာ ပိုမိုအားကောင်းလာစေဖို့အတွက်ရည်ရွယ်တယ်။

အဲဒီအခြေခံအရ ပါတီတွေနဲ့ သူတို့ရဲ့မဲပေးသူတွေအကြားက Programmatic အချိတ်အဆက်တွေရဲ့ရှိနေမှုနဲ့အတူ အင်စတီကျူးရှင်းမှုပြုခြင်းကို တန်းတူထားဖို့အတွက် စည်းရုံးသိမ်းသွင်းနိုင်တယ်။ ဘာပဲဖြစ်ဖြစ် အကောင်းဆုံးအနေနဲ့ ပေးထားတဲ့ ပါတီစနစ်တစ်ခုအတွင်းက Programmatic ပါတီ–မဲပေးသူ အချိတ်အဆက်အတွက် မရှိမဖြစ်ဖြစ်ပေမဲ့ မလုံလောက်တဲ့အနေအထားအဖြစ်နဲ့ နိမ့်ပါးတဲ့ မတည်မငြိမ်ဖြစ်မှုကို ပြန်လည်ဘောင်ခတ်နိုင်တယ်။ အချုပ်ဆိုရရင် စာပေသုံးသပ်ချက်ဟာ အောက်ပါလိုအပ်ချက်တွေကို အကြံပြုတယ်။

– Programmatic ချိတ်ဆက်မှုအတွက်မရှိမဖြစ်အခြေအနေ တစ်ခုအနေနဲ့ တည်ငြိမ်မှုကိုဆက်ဆံတယ်။ ဘာကြောင့်လဲဆိုတော့ ယေဘုယျအားဖြင့် Programmatic ဆိုင်ရာ ပါတီ–မဲပေးသူအချိတ်အဆက်တွေကို ကျစ်လစ်ခိုင်မာစေဖို့အတွက် ဘက်တော်သားယှဉ်ပြိုင်မှုတွေရဲ့ နှိုင်းရတည်ငြိမ်မှုရဲ့အချိန်ကာလဟာ ရှည်လျားကြာမြင့်လို့ဖြစ်တယ်။ (Kitschelt et al. 2010 တွင် ရှု)

– Programmatic အချိတ်အဆက်တွေကို ကျစ်လစ်ခိုင်မာစေဖို့ အတွက် မလုံလောက်တဲ့အခြေအနေအဖြစ် တည်ငြိမ်မှုကိုဆက်ဆံတယ်။ မက်လုံးပေးမဲဆွယ်တဲ့ပါတီစနစ်တွေကလည်း ဘက်တော်သားယှဉ်ပြိုင်မှုရဲ့ တည်ငြိမ်တဲ့ပုံစံတွေကို တင်ပြနိုင်ဖို့ ရည်ရွယ်ကြတယ်။ (Kitschelt 2000)

– Programmatic ပါတီတွေကင်းမဲ့မှုအချိန်မှာ Programmatic ရွေးကောက်ပွဲမဲဆွယ်ရေးလှုပ်ရှားမှုတွေကို ဖွံ့ဖြိုးစေဖို့ နည်းပညာအသစ်တွေ (ဥပမာ မီဒီယာကနေတစ်ဆင့်) အပေါ်မှီခိုနေတဲ့ ကိုယ်စားလှယ်လောင်းတွေအတွက်ဖြစ်နိုင်ဖွယ်ကို စဉ်းစားသုံးသပ်တယ်။

## *လွှတ်တော်ဆိုင်ရာပေါ်လစီချမှတ်ခြင်းနဲ့ လွှတ်တော်အတွင်း Programmatic ဆိုင်ရာစည်းလုံးညီညွတ်မှု*

ဒီစာပေက ပါတီစည်းမျဉ်းရဲ့အကျိုးသက်ရောက်မှုနဲ့ Programmatic နိုင်ငံရေးရဲ့ အရေးကြီးတဲ့ဒိုင်မန်းရှင်းတစ်ခုဖြစ်တဲ့ လွှတ်တော်ဆိုင်ရာတာဝန်ခွဲဝေမှုတွေရဲ့ ပေါ်လစီချမှတ်ခြင်းအမူအကျင့်တွေအပေါ် အိုင်ဒီအိုလိုဂျီဆိုင်ရာစိတ်ကူးစိတ်သန်းပွိုင့်တွေကို ခွဲခြမ်းစိပ်ဖြာလေ့လာတယ်။ ဥပဒေပြုသူတွေရဲ့ သူတို့ရဲ့ရွေးကောက်ပွဲဆိုင်ရာအရပ်ဒေသတွေကို ကိုယ်စားပြုဖို့ (နှစ်ဦးတွဲ (ဝါ) နှစ်ခု တွဲကိုယ်စားပြုခြင်း) နဲ့ သူတို့ပါတီတွေရဲ့ Programmatic ရပ်တည်ချက်အတိုင်းပြုမူဖို့ (ယေဘုယျကိုယ်စားပြုခြင်း) ဆိုတဲ့ ဥပဒေပြုသူတွေရဲ့ အားထုတ်မှုတွေ အကြားကတင်းအားတွေရဲ့အရေးကိစ္စလည်းပေါ်ပေါက်လာတယ်။ ဒီအမြင်အရ စာပေဟာ ပိုင်နက်နယ်မြေဆိုင်ရာနဲ့ လုပ်ငန်းဆောင်ရွက်ချက်ဆိုင်ရာ/နိုင်ငံအဆင့်ဆိုင်ရာ စိတ်ဝင်စားမှုကိုယ်စားပြုခြင်းအကြားက အရေးပါတဲ့ခြားနားချက်တစ်ခုကို ပြုလုပ်ပေးတယ်။

ပါတီစနစ်ကို နိုင်ငံအဆင့်ပြုခြင်းအပေါ်စာပေတွေပေါ်ထွက်လာခြင်းက စိတ်

ဝင်စားစရာကောင်းတဲ့အသိအမြင်တွေကိုဖော်ထုတ်ပေးတယ်။ အထူးသဖြင့် Programmatic တည်ဆောက်ပုံရဲ့ အပြန်အလှန်ဆက်နွယ်မှုနဲ့ (နောက်ဆုံးအကြောင်းအရင်းတွေ) ကို ဆက်နွယ်ခဲ့တယ်။ ထပ်မံပြီး ပွင့်လင်းစွာဖော်ထုတ်ထားခြင်းမဟုတ်ပေမဲ့ ၎င်းက နိုင်ငံရဲ့မတူညီတဲ့ရွေးကောက်ပွဲဆိုင်ရာနယ်မြေဒေသတွေအနှံ့ အချိတ်အဆက်ပုံစံတွေရဲ့ပိုင်းဆခြင်းများကိုရှာဖွေဖို့ အခွင့်အလမ်းတစ်ခုကိုထောက်ပံ့ပေးတယ်။ နည်းဗျူဟာအရပါတီစနစ်ကို ညှိနှိုင်းဆောင်ရွက်ခြင်း (အဲဒါက နိမ့်ပါးတဲ့ပါတီစနစ်ပိုင်းဆစိပ်မွှာခြင်းကို ခွင့်ပြုပေးတယ်) အပေါ်ရေးသားထားတဲ့စာပေအများစုက ဒေသခံနယ်မြေအဆင့်ကိုပဲအာရုံစိုက်တယ်။ ဒါကြောင့် နယ်မြေဒေသအဆင့်ညှိနှိုင်းဆောင်ရွက်ခြင်းရဲ့သဘောသဘာဝကိုပုံထုတ်တဲ့အပေါ် ရွေးကောက်ပွဲစည်းမျဉ်းစည်းကမ်းတွေရဲ့ သက်ရောက်မှုတွေကို လေ့လာတဲ့ ကာလရှည်ငြင်းဆန်အဆိုတွေရှိနေတယ်။ (Cox 1997 တွင်ရှု)

## *ပါတီစနစ်နိုင်ငံအဆင့်ပြုခြင်း*

ဒေသနယ်မြေအနှံ့ညှိနှိုင်းဆောင်ရွက်ခြင်း (အဲဒါက ပါတီရဲ့စနစ်ကို အမျိုးသားအဆင့်ပြုခြင်း၊ ဒါမှမဟုတ် အမျိုးသားအဆင့်မှဖယ်ခွာခြင်းဆီ ဦးဆောင်တယ်) မှာ ပါတီစနစ်ဆိုင်ရာစာပေတွေထဲမှာ လက်တလောအာရုံစိုက်ခံရတဲ့တစ်ခုတည်းသော အကြောင်းအရာဖြစ်တယ်။ အမျိုးသားရေးအသွင်မဆောင်တဲ့ပါတီစနစ်တွေဟာ Programmatic ကိုယ်စားပြုခြင်းရဲ့ ပေါ်ထွက်လာခြင်း၊ ဒါမှမဟုတ် ထိန်းသိမ်းခြင်းကို အကျိုးပျက်ပြားစေတယ်။ အနည်းဆုံးအနေနဲ့ နိုင်ငံအဆင့်မှာပေါ့။ အဲဒီနယ်ပယ်ထဲက ဦးဆောင်အလုပ်တွေ (Chhibber and Kollman 2004; Hicken 2007) က အင်စတီကျူးရှင်းတွေရဲ့အမျိုးသားအဆင့်မှဖယ်ခွာခြင်း၊ ဒါမှမဟုတ် ဖက်ဒရယ်စနစ်နဲ့ဆက်နွယ်နေတဲ့ ပေါ်လစီတစ်ခုထဲက ပါဝါရဲ့ဗဟိုချုပ်ကိုင်ခြင်းရဲ့ လုပ်ဆောင်ချက်တစ်ခုအနေနဲ့ အမျိုးသားမှုပြုခြင်းကိုရှင်းလင်းတယ်။ အပြန်အလှန်အနေနဲ့ Caramani (2004) က အမျိုးသားရေးနဲ့ စက်မှုဆိုင်ရာတော်လှန်ရေးတွေကနေ သက်တမ်းတွက်ချက်ထားတဲ့ ဝဲ–ယာ Programmatic အခွဲတစ်ခုရဲ့ ပေါ်ထွက်လာခြင်းနဲ့ ပိုမိုကြီးမားတဲ့အမျိုးသားရေးမှုပြုခြင်းကို တိုက်ရိုက်ဆက်နွယ်နေတယ်။ အဲဒီလိုနိုင်ငံအနှံ့ကျယ်ပြန့်တဲ့အခွဲတစ်ခုဟာ ဥရောပမှာ ပါတီစနစ်ရဲ့အမျိုးသားရေးမှုပြုခြင်းရဲ့ ပိုမိုမြင့်မားတဲ့အဆင့်တစ်ခုကို

ခွင့်ပြုခြင်းအတွက် အရေးပါခဲ့တယ်။ အချုပ်အားဖြင့်

– ပိုမိုမြင့်မားတဲ့ အမျိုးသားရေးမှုပြုခြင်းအဆင့်တွေနဲ့ Programmatic တည်ဆောက်ပုံအကြား နီးနွယ်မှုတစ်ခုရှိနိုင်တယ်။

– အမျိုးသားရေးမှုပြုထားတဲ့ပါတီစနစ်အားလုံးက Programmatic မဟုတ်ပေမဲ့ သက်ဆိုင်ရာအရေးကိစ္စတွေမှာ အမျိုးသားရေးဆန်စွာ Programmatic စည်းရုံးလှုံ့ဆော်ခြင်းက အမျိုးသားရေးမှုပြုခြင်းကို အားဖြည့်ပေးသင့်တယ်။

## *ပါတီ–မဲပေးသူအချိတ်အဆက်ဆိုင်ရာစာပေ*

ဒီစာပေက ပါတီနဲ့မဲပေးသူတွေအကြားက Programmatic အချိတ်အဆက်တွေနဲ့ Programmatic မကျတဲ့အချိတ်အဆက်တွေရဲ့သ ဘောသဘာဝကိုစိတ်ကူးထုတ်ဖို့ တမင်ရည်ရွယ်ပြီးစီစဉ်ထားတယ်။ ဒီအမြင်မှာ Programmatic နိုင်ငံရေးရဲ့ရွေးကောက်ပွဲဆိုင်ရာဒိုင်မန်းရှင်းအဖြစ် အသိအမြင်တွေထောက်ပံ့ပေးခြင်းအတွက်နဲ့ သူ့ရဲ့အနုတ်လက္ခဏာဆောင်တဲ့ဘက်ဖြစ်တဲ့ Programmatic အချိတ်အဆက်တွေ (ဥပမာ ဩဇာတိက္ကမနဲ့မဲဆွယ် စည်းရုံးလှုံ့ဆော်ခြင်း၊ မက်လုံးပေးမဲဆွယ်စည်းရုံးခြင်း၊ နေရာပေးမြှောက်စားမဲဆွယ်စည်း ရုံးခြင်းနဲ့မဲဝယ်ခြင်း) ကို ဖော်ပြဖို့အတွက် အထူးသဖြင့်အသုံးဝင်တယ်။ ဒါကြောင့် ဒီအခန်းဟာ ဒီစာပေကို ခွဲခြမ်းစိတ်ဖြာခြင်းအပေါ် စဉ်းစားဆင်ခြင်စရာနေရာလွတ် မြှုပ်နှံထားတယ်။

ခြေခြေမြစ်မြစ်ရှိတဲ့ပေါ်လစီကိုယ်စားပြုခြင်းက စိတ်ဝင်စားမှုက Miller and Stokes (1963) ဆီကို ပြန်လည်လမ်းကြောင်းပေးသွားနိုင်တယ်။ ဒေသနယ်မြေတစ်ခုခြင်းဆီရဲ့ လွှတ်တော်ဆိုင်ရာကိုယ်စားလှယ်တစ်ဦးချင်းစီရဲ့ ပေါ်လစီအနေအထားတွေနဲ့အတူ ကွဲပြားတဲ့ U.S နယ်မြေဒေသတွေအနှံ့က ရေပန်းစားတဲ့အရေးကိစ္စတွေအပေါ်က အနေအထားတွေကို နှိုင်းယှဉ်ခြင်းအားဖြင့် Miller and Stokes က လွှတ်တော်အပေါ်မဲဆန္ဒနယ်ထိန်းချုပ်မှုဒီဂရီကို အကဲဖြတ်ခဲ့တယ်။ နောက်ပိုင်းမှာ လွှမ်းမိုးမှုရှိတဲ့ သူတို့ရဲ့အစောပိုင်းအလုပ်ထဲမှာ အသိအမှတ်ပြုခံထားရတဲ့ ဒီစာပေထဲက တစ်ခုသောအခြေခံကျတဲ့ပြဿနာကတော့ နိုင်ငံသားတွေရဲ့နှိုင်းရအနေအထားအားဖြင့် မတည်ဆောက်ထားတဲ့ (မကြာခဏဆိုသလို အပြောင်းအလဲရှိတဲ့) ပေါ်လစီဦးစား

ပေးမှုနဲ့ သူတို့ရဲ့ကိုယ်စားလှယ်တွေအကြားကအဓိပ္ပာယ်ပဲဖြစ်တယ်။ အဲဒါကို မြင့်မားတဲ့သတင်းအချက်အလက်၊ တည်ဆောက်ပုံနဲ့ အပြောင်းအလဲမရှိမှုအဆင့်တွေက ပုံဖော်ပေးခြင်းခံရတယ်။ Miller and Stokes ရဲ့ ခွဲခြမ်းစိတ်ဖြာလေ့လာမှုက ပြဿနာတစ်ခုရဲ့ တိကျတဲ့စရိုက်လက္ခဏာတွေ (ဥပမာ အရေးပါမှုနဲ့ အရှုပ်အထွေး) ပေးလိုက်မယ်ဆိုရင် နိုင်ငံရေးသမားတွေဟာ နိုင်ငံသားတွေရဲ့ ဦးစားပေးမှုနောက်ကိုလိုက်သွားရင်လိုက်သွား မဟုတ်ရင် အရေးကိစ္စဦးဆောင်မှုနဲ့ထိတွေ့ဖို့ ဖြစ်လာနိုင်တယ်။ Miller and Stokes က မတူညီတဲ့ပေါ်လစီဒိုမိန်းသုံးခုကိုဖြတ်ပြီး အထက်တန်းလွှာနဲ့ အများနဲ့သက်ဆိုင်တဲ့အရေး ကိစ္စအနေအထားတွေကို နှိုင်းယှဉ်တယ်။ အဲဒီအထဲမှာ သူတို့က မဲဆန္ဒနယ်နဲ့ သူရဲ့လွှတ်တော်ဆိုင်ရာကိုယ်စားပြုမှုအကြားက အပြန်အလှန်ဆက်နွှယ်မှုအရ ကွဲပြားတဲ့ရလဒ်တွေကို အစီရင်ခံခဲ့တယ်။

အဲဒီစာပေထဲက ခေတ်ပြိုင်လက်ရာတွေအရ ပေးထားတဲ့ (အရေးပါတဲ့) အရေးကိစ္စတစ်ခုဆီက ရှင်းရှင်းလင်းလင်းသေချာပြီး ကွဲပြားတဲ့အရေးကိစ္စ အနေအထားတွေကို မတူညီတဲ့ပါတီတွေကိုမဲပေးသူတွေက ကိုင်စွဲထားတဲ့အခါ ကျွန်တော်တို့အနေနဲ့ အခွင့်အာဏာ ကိုယ်စားပြုမှု၊ ဒါမှမဟုတ် စနစ်ထဲမှာ အနည်းငယ်သော RPG ရှိနေသလိုပုံဆောင်နိုင်တယ်။ အခွင့်အာဏာကိုယ်စားပြုမှုက ၎င်းမဲဆန္ဒနယ်ရဲ့ ဦးစားပေးမှုနဲ့အတူ ပါတီလိုက်လျောညီထွေမှုဒီဂရီကို အဓိအရသိမ်းဆည်းထားတယ်။ (Converse and Pierce 1986; Dalton 1985; Iversen 1994, 1994a; Powell 1982; Manin, Przeworski and Stokes 1999; Ranney 1962; Schmitt and Thomassen 1999; Thomassen 1994)

ပိုမိုပြီး နီးစပ်တဲ့အရေးအသားတွေက ပါတီ–မဲပေးသူအချိတ်အဆက်မူဘောင်အကြောင်း ပွင့်ပွင့်လင်းလင်းရေးသားထားပေမဲ့ ကွန်ဆက်ပိုင်း (ဆွဲခြင်း) နဲ့ သီအိုရီဆိုင်ရာ (ဥပမာအားဖြင့် အပြောင်းအလဲအတွက်အရေးပေါ်အခြေအနေ) နှစ်ခုစလုံးမှာ အရေးပါတဲ့ အားနည်းချက်တွေရှိနေတယ်။ Programmatic နဲ့ မူဝါဒ Programmatic အမှတ်တံဆိပ်တွေဟာ အလွန်ကွဲပြားတဲ့မှတ်ကျောက်တွေကိုအသုံးပြုပြီး ရှင်းရှင်းလင်းလင်းခွဲခြားထားတဲ့ဘောင်တွေမပါရှိဘဲ အသုံးချခံရတယ်။ ဥပမာအားဖြင့် တစ်ချို့က ၎င်းရဲ့ Programmatic ပလက်ဖောင်းကိုပြည့်စုံခြင်းအရ အကြိုသမဂ္ဂတရားဝင်ဖြစ်စေခြင်းကို ဖြစ်မြောက်အောင်မြင်စေတဲ့ ထင်ရှားတဲ့အလုပ်သမားထုနဲ့အတူ လက်ဝဲယိမ်းပါတီတစ်ခုကို အဓိပ္ပါယ်ကောက်လိမ့်မယ်။ တစ်ခြားသူတွေကတော့

ကောင်းကျိုးအစုတစ်ခုကို ဖော်ဆောင်ပေးခြင်းကနေတစ်ဆင့် မက်လုံးပေးမဲဆွယ်ခြင်း ဆိုင်ရာကတိကဝတ်တစ်ခုကို သဘောပေါက်နားလည်ခြင်းအဖြစ် အမျိုးအစားခွဲခြား လိမ့်မယ်။ တစ်ချိန်တည်းမှာ တယ်လီဖေးရှင်းစက်တွေကို အိမ်တိုင်ယာရောက်လိုက် ပေးပစ်နေပေမဲ့ ဆန်းစစ်ခြင်းနဲ့အပြစ်ပေးခြင်းအတွက် ရည်ရွယ်ချက်ကင်းမဲ့နေတဲ့ ကိုယ်စားလှယ်တစ်ယောက် (သူ့မအတွက် မဲပေးသူတွေက မငြင်းဆန်လိုက်ဘူးဆိုရင်) ကို မက်လုံးပေးမဲဆွယ်ခြင်းအချိတ်အဆက်တွေကို စွဲဆောင်ခြင်းလို တချို့အချက်တွေ အားဖြင့် အဆင့်အတန်းသတ်မှတ်ခံရလိမ့်မယ်။ အဲဒီအချိန်မှာ တချို့က အကျပ်ကိုင်မှု နဲ့စစ်ဆေးမှုမရှိတဲ့အတွက် ဒါဟာ ပုံမှန်ကြော်ငြာခြင်းသာဖြစ်ပြီး မက်လုံးပေးမဲဆွယ်ခြင်း မဟုတ်ဘူးလို့ ယူဆနေနိုင်တယ်။ (Stokes 2005)

ထပ်မံပြီး ပါတီ–မဲပေးသူအချိတ်အဆက်တွေကို နည်းဗျူဟာရဲ့ရလဒ်အဖြစ်နဲ့ ကိုယ်စားလှယ်လောင်းတွေနဲ့ မဲပေးသူတွေအကြားကဆက်လက်လုပ်ဆောင်နေမှုအဖြစ် ခွဲခြမ်းစိတ်ဖြာလေ့လာခြင်းမှာ အရေးပါတဲ့အကျိုးကျေးဇူးတွေနဲ့ သတ်မှတ်ချက်တွေရှိ တယ်။ တစ်ဖက်မှာလည်း ရာရှင်နယ်ပုဂ္ဂိုလ်နှစ်ဦးအကြား (ဒါမှမဟုတ် ကိုယ်စားလှယ် လောင်းနဲ့ သေးငယ်တဲ့အုပ်စုအကြား) နည်းဗျူဟာဆန်ဆန်အပြန်အလှန်ဆက်စပ်မှု တွေအပေါ် ဗဟိုပြုခွဲခြမ်းစိတ်ဖြာလေ့လာခြင်းက ဖြစ်ရပ်အမြောက်အများမှာ ပိုမိုလွယ် လွယ်ကူကူအစစ်ဆေးခံနိုင်တဲ့ သင့်လျော်တဲ့သီအိုရီတွေအတွက် အခွင့်အလမ်းတွေ ထောက်ပံ့ပေးတယ်။ ဥပမာအားဖြင့် ဆင်းရဲမွဲတေမှုမြင့်တက်ခြင်းတွေ၊ ထုတ်ပြန်ချက် တွေရဲ့ နည်းပါးတဲ့တန်ဖိုးတွေ၊ ဆင်းရဲတဲ့မဲပေးသူတွေနဲ့ ပါတီအကြားက အပြောင်းအ လဲတွေက ချမ်းသာတဲ့မဲပေးသူတွေကိုလေ့လာရတာထက်ပိုပြီး မက်လုံးပေးမဲဆွယ်မှု ပိုများများစားစားမျှော်လင့်ခံရနိုင်တယ်။

တခြားတစ်ဖက်မှာ အဲဒီသီအိုရီတွေဟာ တော်တော်လေးကိုရိုးရှင်းလွန်း တယ်။ ဥပမာအားဖြင့် မဲပေးသူတွေရဲ့အေဂျင်စီက ပါတီ/ကိုယ်စားလှယ်လောင်း နည်းဗျူဟာတွေအပေါ်မှာ သီးသီးသန့်သန့်နီးပါးအာရုံစိုက်တဲ့ မက်လုံးပေးမဲဆွယ်မှု ဆိုင်ရာအပြန်အလှန်ဆက်နွယ်မှုရဲ့ ပင်မရေစီးခွဲခြမ်းစိတ်ဖြာလေ့လာမှုတွေကို မကြာ ခဏဆိုသလို လျစ်လျူရှုတယ်။ (ခြွင်းချက်တစ်ခုအနေနဲ့ Lyne 2008 တွင်ရှု) အဲဒီအပြင် နည်းဗျူဟာဆိုင်ရာတွေအပေါ်မှာ အခြေခံထားတဲ့ပါတီ–မဲပေးသူအချိတ် အဆက်သီအိုရီတွေဟာ အစစ်အမှန်မဟုတ်တဲ့ယူဆချက်တွေနဲ့ မက်လုံးပေးမဲဆွယ်တဲ့ နိုင်ငံရေးရဲ့ လူမျိုးစုအခြေပြုအချက်အလက်ဖြစ်စဉ်တွေမှာ မကြာခဏဆိုသလို ပုံဖော်ခံ

ရတဲ့ သူမအားပေးသူရဲ့ ဖောက်သည်တစ်ယောက်ရဲ့ ကျိုးကြောင်းဆက်စပ်မှုမရှိတဲ့ ဆက်စပ်မှုလိုမျိုး အမေ့လျော့ခံကိစ္စတွေပေါ်မူတည်ပြီး ပြောင်းလဲတယ်။ (Auyero 2000 တွင်ရှု) စစ်ဆေးမှုနဲ့အကျပ်ကိုင်မှုမရှိခြင်းမှာ မက်လုံးပေးမဲဆွယ်သူဘက်က ပေးချေမှုတွေကိုထုတ်ပေးဖို့ ကိုယ်စားလှယ်လောင်းတွေရဲ့ ဆန္ဒရှိမှုအတွက် ဘယ်သီအိုရီကမှ တွက်ချက်နိုင်မှာမဟုတ်ဘူး။

အသွင်ယူထားတဲ့အရေးပေါ်ဖြစ်မှုက ရေတိုကာလမှာမဲအတွက် အလေးပေးမှုနဲ့ Programmatic ရပ်တည်မှုတွေရဲ့ အပြောင်းအလဲကိုမြင်ရတာကြောင့် ပါတီ–မဲပေးသူ အချိတ်အဆက်တွေအပေါ်က သီအိုရီဆိုင်ရာစာပေ (မက်လုံးပေးမဲဆွယ်ခြင်း အယူအဆနဲ့ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့မဲပေးမှုနှစ်ခုစလုံးအတွက်) အများစုမှာ မြှုပ်နှံထားတဲ့အစစ်အမှန်မဟုတ်တဲ့နောက်ထပ်ယူဆချက်ဖြစ်တယ်။ ဒါ ဟာ ပါတီတစ်ခု/ကိုယ်စားလှယ်လောင်းတစ်ယောက်အနေနဲ့ သူ့ရဲ့ရွေးကောက်ပွဲ အခြေခံကို သေချာစေဖို့အတွက် ဖောက်သည်တွေရဲ့မဲကို အဆက်မပြတ်ဆက်ဝယ်နေ (ရွေးကောက်ပွဲတိုင်းမှာ) သင့်တယ်၊ ဒါမှမဟုတ် သူ့ရဲ့မဲဆန္ဒနယ်ရဲ့စိတ်ဝင်စားမှုနဲ့အမြင်တွေကို ကိုယ်စားပြုတဲ့ Programmatic ဆိုင်ရာပလက်ဖောင်းတစ်ခုကို ကတိကဝတ်ပြုသင့်တယ်ဆိုတာပါပဲ။

အချုပ်အားဖြင့် RPG ရဲ့လေ့လာပြီးသားအဆင့်တွေကိုရှင်းလင်းပြသခြင်းအတွက် ပါတီ–မဲပေးသူအချိတ်အဆက်မူဘောင်က အလားအလာရှိစွာအလွန်အရေးကြီးတယ်ဆိုသော်ငြား အနာဂတ်သုတေသနမှာပေါင်းစပ်သင့်တဲ့ ပြင်ဆင်ဖြည့်စွက်ချက်စီးရီးတစ်ခုကိုလိုအပ် တယ်။

– ထပ်မံပြီး စိတ်ကူးပုံထုတ်မှုကို ရှောင်လွှဲဖို့နဲ့ လက်ရှိစိတ်ကူးထုတ်မှုနဲ့ အကဲဖြတ်မှုအားထုတ်ချက်တွေကို တိုးတက်စေပြီး

– အချိတ်အဆက်အပြောင်းအလဲရဲ့ အရေးပေါ်အခြေအနေ–ပြောင်းလဲမှု နားလည်ခြင်းကို လျော့ချရမယ်။

နောက်ဆုံးအနေနဲ့ ဒီချဉ်းကပ်မှုဟာ အချိတ်အဆက်အပိုင်းအစရဲ့အနာဂတ်ဖြစ်နိုင်ခြေကို ဘေးချိတ်ဖို့ အာရုံစိုက်တယ်။ ဥပမာအားဖြင့် ပါတီတစ်ခုအားဖြင့်၊ ဒါမှမဟုတ် စနစ်တစ်ခုအတွင်း အမျိုးစုံသောနည်းဗျူဟာတွေကို တစ်ပြိုင်နက်အသုံးပြုခြင်း။ ယင်းကဲ့သို့ တစ်ပြိုင်နက်အသုံးပြုထားတဲ့ အမျိုးစုံသောအချိတ်အဆက်အနာဂတ်

ဖြစ်နိုင်ခြေတွေဟာ ဖွံ့ဖြိုးဆဲကမ္ဘာမှာ အလားအလာရှိစွာ အရေးပါပြီး ရှေ့ဆက်သုတေသနပြုဖို့ထိုက်တန်တယ်။ ဘာပဲဖြစ်ဖြစ် ပထမဦးဆုံးအနေနဲ့ လေ့လာထားတဲ့ Programmatic နဲ့ (Programmatic မရှိတဲ့) လှုံ့ဆော်မှုအဆင့်တွေကို ရှင်းပြဖို့ဦးတည်ထားတဲ့ ပေါ့ပေါ့ပါးပါးအဆိုကြမ်းတွေကို ဒီအခန်းမှာတင်ပြထားတယ်။

### *အင်စတီကျူးရှင်းဆိုင်ရာ အကျိုးခံစားခွင့်*

နီယိုအင်စတီကျူးရှင်းနယ်လစ်မူဘောင်တစ်ခုအတွင်းစာရေးသူတွေရဲ့ အရေးအသားတွေက ပါတီနည်းဗျူဟာတွေအပေါ် ရွေးကောက်ပွဲဆိုင်ရာအင်စတီကျူးရှင်းတွေရဲ့ အကျိုးသက်ရောက်မှုကို အာရုံစိုက်တယ်။ အဲဒီနယ်ပယ်တွေမှာ နိုင်ငံရေးရဲ့ ပုဂ္ဂိုလ်ရေးအသွင်ပြုခြင်းနဲ့ ဒေသတွင်းအသွင်ပြောင်းခြင်းကို အခွင့်သာစေတဲ့ ရွေးကောက်ပွဲ ဆိုင်ရာအင်စတီကျူးရှင်းတွေ (ဥပမာ ဖွင့်ထားတဲ့စာရင်း၊ သေးငယ်တဲ့ဒေသနယ်မြေအတိုင်းအတာနဲ့ ဗဟိုချုပ်ကိုင်မှုလျှော့ချထားတဲ့နိုင်ငံရေး၊ လူများစုအနိုင်ရတဲ့ရွေးကောက်ပွဲစနစ်တွေ) ဟာ ပါတီစနစ်တွေရဲ့ Programmatic တည်ဆောက်ပုံကိုဟန့်တားဖို့လို့ အခိုင်အမာသတ်မှတ်ခံရတယ်။

အဲဒီအပြင် Programmatic မဟုတ်တဲ့ အချိတ်အဆက်၊ အထူးသဖြင့် မက်လုံးပေးမဲဆွယ်ခြင်းနဲ့ မဲဝယ်ခြင်းတွေဟာ အရိပ်တွေထဲမှာဖြစ်ပွားပြီး ကြီးမားတဲ့ပမာဏအတိုင်းအတာတစ်ခုအပေါ်ရှာဖွေတဲ့အခါ အဲဒါတွေဟာ ကုန်ကျစရိတ်များတယ်။ ဒါကြောင့် မဲဆွယ်ရေးလှုပ်ရှားမှုရဲ့ဘဏ္ဍာရေးအပေါ် တင်းကျပ်ပြီး အပြောင်းအလဲကင်းမဲ့စွာ အသုံးချတဲ့စည်းမျဉ်းစည်းကမ်းတွေဟာ Programmatic တည်ဆောက်ပုံကို တားမြစ်သင့်တဲ့ Programmatic မဟုတ်တဲ့ အချိတ်အဆက်တွေနောက်ကိုလိုက်ခြင်းကို ကန့်သတ်ဖို့အတွက် အရေးပါတဲ့အင်စတီကျူးရှင်းဆိုင်ရာ အကျိုးခံစားခွင့်တွေအဖြစ်ရှုမြင်ခံရတယ်။ အနည်းဆုံး အရောင်းအဝယ်သဘောယူဆချက်တွေအောက်မှာပေါ့။

*တည်ဆောက်ပုံဆိုင်ရာအဆုံးအဖြတ်များ*

နိုင်ငံရေးဆိုင်ရာလူမှုဗေဒမူဘောင်တစ်ခုအတွင်းမှာ အလုပ်လုပ်နေတဲ့စာရေးသူတွေဟာ လူမှုတည်ဆောက်ပုံဆိုင်ရာအခြေအနေတွေကို Programmatic စည်းရုံးလှုံ့ဆော်မှုရဲ့အဆင့်တွေလျော့ကျစေခြင်းအတွက် အဓိကအားဖြင့်တာဝန်ရှိနေတယ်လို့ အထူးပြုထုတ်ဖော်တယ်။ ဥပမာအားဖြင့် ဆင်းရဲမွဲတေမှု၊ လူမျိုးစုအပိုင်းအခြားတွေနဲ့ ပိုင်းဆစိပ်မွှာခြင်းနဲ့၊ ဒါမှမဟုတ် အတော်အတန်ကြီးမားတဲ့ စိတ်ဝင်စားသူအုပ်စုတွေရဲ့အပြစ်အနာအဆာတွေက ပါတီစနစ်တွေရဲ့ Programmatic စိတ်ကိုင်းညွှတ်မှု အားနည်းခြင်းဆီကိုထည့်ဝင်တယ်။ အဲဒါတွေက ထောက်ခံ သူဘက်ရှင်းလင်းတင်ပြခြင်းတွေအပြင် တောင်းဆိုသူဘက်ဖြစ်စဉ်တစ်ချို့ဆီကိုလည်း အသုံးချတယ်။ (Lyne 2007 တွင်ရှု) မက်လုံးပေးမဲဆွယ်ခြင်းစနစ်နဲ့ ဆင်းရဲမွဲတေမှုအကြားက အားကောင်းတဲ့ဆက်နွှယ်မှုဟာလည်း စနစ်တကျအစီရင်ခံ၊ ရှင်းလင်းတင်ပြခံရတယ်။

စာပေအတွင်းမှာ လေ့လာခံရတဲ့ ခလေ့ထုံးစံနှစ်ခုရှိတယ်။ ပထမတစ်ခုက မက်လုံးပေးမဲဆွယ်မှုကို အဲဒီယဉ်ကျေးမှုအလေ့အထရဲ့ အမြဲတမ်းဥာဉ်တစ်ခုအဖြစ် ရှင်းလင်းတယ်။ တခြားတစ်ခုကတော့ မက်လုံးပေးမဲဆွယ်ခြင်းကို ခလေ့ထုံးတမ်းဆိုင်ရာ (ခေတ်မီခြင်းကို ဆန့်ကျင်ဖို့အတွက်) လူမှုအဖွဲ့အစည်းတွေနဲ့ တူညီတဲ့ နိုင်ငံရေးဆိုင်ရာစီစဉ်မှုတစ်ခုအဖြစ်ရှုမြင်တယ်။ ရှင်းလင်းချက်နှစ်ခုစလုံးက ကျေနပ်စရာမကောင်းဘူးဆိုတာကို သက်သေပြခဲ့ပြီးပြီ။ (Piattoni 2001; Shefter 1995) အဲဒီခလေ့ထုံးစံဆိုင်ရာအမြင်တွေကနေ ခွဲထွက်ပြီး မက်လုံးပေးမဲဆွယ်မှုအပေါ်လေ့လာတဲ့လှိုင်းသစ်တစ်ခုက မဲပေးသူနဲ့နိုင်ငံရေးသမားတွေအကြားက ဆက်နွှယ်မှုတွေအပြောင်းအလဲဖြစ်ခြင်းရဲ့ရလဒ်အဖြစ် စိတ်ကူးထုတ်ခဲ့ကြပြီးပြီ။ မက်လုံးပေးမဲဆွယ်တဲ့ဘက်က ပေးချေမှုတွေရဲ့ကျဉ်းမြောင်းတဲ့ရွေးကောက်ပွဲဆိုင်ရာတုံ့ပြန်မှုက အထူးသဖြင့်မြင့်မားတယ် (ဆင်းရဲတဲ့လူမှုအဖွဲ့အစည်းတွေနဲ့ နယ်မြေဒေသတွေ) ဆိုတဲ့အဆက်အစပ်ထဲမှာပေါ့။ ဒီရလဒ်ကို အတည်ပြုပြီး မက်လုံးပေးမဲဆွယ်မှုဆိုင်ရာလှုံ့ဆော်ဖို့ အားထုတ်မှုတွေရဲ့ အကဲဖြတ်ချက်ဟာ အမျိုးသားထုတ်လုပ်မှုစုစုပေါင်း (GDP) အဆင့်နဲ့အတူ အားကောင်းတဲ့အနှုတ်လက္ခဏာဆောင်ဆက်နွှယ်မှုတစ်ခုရှိတဲ့ Kitschelt ရဲ့ ကျွမ်းကျင်အဆင့်လေ့လာမှုထဲမှာပါဝင်တယ်။ ဒါပေမဲ့လည်း အသင်း

အဖွဲ့ရဲ့ တူညီတဲ့ပုံစံ (ဆန့်ကျင်ဘက်လားရာမှာရှိနေပါစေ) ဟာ Programmatic အချိတ်အဆက်တွေအတွက်ပါရှိနေမနေကို စမ်းသပ်စစ်ဆေးဖို့ ကျန်ရှိနေတယ်။

လူမျိုးစုအရခွဲခြားထားတဲ့လူမှုအဖွဲ့အစည်းတွေဟာလည်း နိမ့်ပါးတဲ့ Programmatic ဆိုင်ရာကိုယ်စားပြုမှုအဆင့်တွေကိုပြသဖို့ မကြာခဏဆိုသလို မျှော်လင့်နေကြတယ်။ လက်ခံရရှိတဲ့အကြံဉာဏ်တွေအရ (ဥပမာ Kitschelt and Wilkinson 2007 တွင်ရှု) လူမျိုးစုအပိုင်းတွေက နိုင်ငံရေးသမားတွေကို အပြန်အလှန်အားဖြင့် Programmatic မဟုတ်တဲ့အချိတ်အဆက်တွေအားဖြင့် အင်အားကြီးလာတဲ့အနာဂတ် မျှော်မှန်းချက်တစ်ခုကို ခိုင်မာကျစ်လစ်စေတဲ့ တိကျတဲ့လူမျိုးစုမဲဆန္ဒနယ်တွေအတွက် ကောင်းကျိုးတွေကိုပစ်မှတ်ထားဖို့ တိုက်တွန်းတယ်။

***နိုင်ငံရေးဘောဂဗေဒ***

တတိယမြောက်ဖြစ်နိုင်ဖွယ်အကြောင်းအရင်းအစုတစ်ခုက ပါတီစနစ်တွေရဲ့ နိုင်ငံရေးဘောဂနဲ့ဆက်နွှယ်နေတယ်။ Programmatic မဟုတ်တဲ့အချိတ်အဆက်တွေကိုပုံဖော်ဖို့အတွက် ရင်းမြစ်တွေရရှိနိုင်မှု (လူသိရှင်ကြားဖြစ်စေ တစ်ဦးတစ်ယောက်ချင်းဖြစ်စေ) ဟာ အဲဒီအချိတ်အဆက်တွေအတွက် အကောင်အထည်ဖော်ဆောင်ရွက်ခြင်းအခြေအနေတစ်ခုအဖြစ်အမြဲလိုလိုဖြစ်နေပုံပေါ်တယ်။ သွင်းကုန်အစားထိုးစက်မှုအသွင်ပြောင်းခြင်း၊ ဒါမှမဟုတ် ဈေးကွက်ပြုပြင်ပြောင်းလဲရေးတွေပြီးမြောက်အောင်မြင်သွားတဲ့ အချိန်ကာလတွေဟာ အဲဒါကြောင့် နိုင်ငံရေးပါတီတွေလိုက်ဖို့ ရှာဖွေနေတဲ့ လှုံ့ဆော်ခြင်းပုံစံတွေကိုသက်ရောက်သင့်တယ်။

ဒီစာပေစုစည်းမှုအတွင်းက အခြားသောအရေးကြီးတဲ့အဆိုတွေက Programmatic တည်ဆောက်ပုံကို နိမိတ်ပြတဲ့တချို့သောဒေသတွေ (အထူး သဖြင့် အာဖရိကနဲ့ အရှေ့တောင်အာရှ) က တစ်ပါတီ/လွှမ်းမိုးကြီးစိုးထားတဲ့ပါတီက အုပ်ချုပ်တဲ့ လွတ်လပ်ရေးခေတ်လွန်ကာလအချိန်ကာလမှာ အလျင်အမြန်ကျစ်လစ်ခိုင်မာစေဖို့ဆက်နွှယ်နေတယ်။ အမှန်တကယ်ပဲ ဒေသနှစ်ခုစလုံးရဲ့ ပါတီစနစ်တွေဟာ သိသိသာသာကို ကမ္ဘာမှာ Programmatic အနည်းဆုံးအဖြစ် ပုံထွက်တယ်။ အဲဒီလူမှုအဖွဲ့အစည်းတွေရဲ့ နိုင်ငံရေးဘောဂဗေဒက ချေးငှားမှုရှာဖွေနေတဲ့ အုပ်ချုပ်မှုတည်ဆောက်ပုံအပေါ်အခြေခံတဲ့ အမွေဆိုင်ရာစည်းမျဉ်းတွေပေါ်ထွက်လာခြင်းကို ဖော်ဆောင်

ပေးတဲ့ ရင်းမြစ်တွေနဲ့အတူ တာဝန်ထမ်းဆောင်ဆဲပုဂ္ဂိုလ်တွေကို ထောက်ပံ့ပေးတဲ့ အဲဒီလိုရလဒ်တွေအတွက် ဖြစ်နိုင်တဲ့အခြေအနေတွေကို ထောက်ပံ့ပေးတယ်။

လက်တင်အမေရိကက ဖြစ်ရပ်တွေကိုခွဲခြမ်းစိတ်ဖြာလေ့လာခြင်းအတွက် ပိုမို သင့်လျော်ကောင်းသင့်လျော်မယ့် ကွဲပြားခြားနားတဲ့ ပေါ့ပေါ့ပါးပါးဇာတ်လမ်း တစ်ခုက တာဝန်ထမ်းဆောင်ဆဲပုဂ္ဂိုလ်တွေနဲ့ ပြိုင်ဘက်ပါတီတွေရဲ့ အချိန်အတွေ့ အကြုံနဲ့ဆက်နွှယ်တယ်။ RPG ကို ကျစ်လစ်ခိုင်မာစေဖို့အတွက် အရေးကြီးတဲ့ အကြိုအခြေအနေတစ်ခုကတော့ နိုင်ငံရေးပါတီတွေရဲ့ရေရှည်စိတ်အာရုံကိုင်းညွတ် ခြင်းပဲဖြစ်တယ်။ နိုင်ငံသားတွေရဲ့လျှင်မြန်တဲ့မကျေနပ်မှုကို အုပ်ချုပ်နေတဲ့ပါတီတွေရဲ့ လက်အောက်ကိုသွတ်သွင်းတဲ့တည်ဆောက်ပုံဆိုင်ရာအခြေအနေတွေမှာ မူလဝင်ငွေ ထွက်ငွေနဲ့ ပါတီအဖြေရှာမရခြင်းဟာ မကြာခဏဆိုသလိုဖြစ်နေကြပဲ။ အဲဒီလိုဖြစ်ရပ် မျိုးမှာ နိုင်ငံရေးသမားတွေဟာ RPG ကိုမဖြစ်နိုင်စေတဲ့ (အချိန်ကိုကျော်လွန်ပြီးလျှင် လျှင်မြန်မြန်လုပ်ဆောင်တဲ့အခါ) တစ်ခါသုံးနည်းဗျူဟာတွေကို ဖန်တီးသင့်ပြီး ပါတီစ နစ်ကသောင်းကနင်းဖြစ်ခြင်းကိုဖြစ်စေသင့်သလို ပေါ်လစီနဲ့ ဒီမိုကရက်တစ်အရည် အသွေးကိုလျှော့ချသင့်တယ်။ Mainwaring, Bejarano and Pizarro 2006 အရ ဒီပုံအနာဂတ်မျှော်မှန်းချက်ဟာ ဒီမိုကရေစီအသွင်ကူးပြောင်းခြင်းတတိယလှိုင်းထဲက Andean နိုင်ငံတွေမှာ စံပုံစံဖြစ်တယ်။

ဒီဖြစ်စဉ်ဟာ အနည်းဆုံးနိမ့်ပါးတဲ့ပါတီစနစ်တွေမှာတောင် မဲပေးသူတွေရဲ့ ဦးစားပေးမှုက ပေါ်လစီရလဒ်တွေအားဖြင့် မူလဇစ်မြစ်ရှိစွာ အဆုံးအဖြတ်ပေးခံရနိုင် တယ်ဆိုပြီးတင်ပြခဲ့တဲ့ Stokes(2001) နဲ့လည်းကိုက်ညီတယ်။ တခြားနည်းနဲ့ပြောရ မယ်ဆိုရင် ယှဉ်ပြိုင်ခြင်းက ပေါ်လစီစာချုပ်စာတမ်းတွေ (ရည်ရွယ်ချက်တွေ) အစား ပေါ်လစီရလဒ်တွေ (ပန်းတိုင်တွေ) ကို နောက်ကြောင်းပြန်မှုရှိစွာနဲ့ အကဲဖြတ်တဲ့အပေါ် အထူးဗဟိုပြုခံရသလောက်နီးပါးဖြစ်နိုင်တယ်။ ကောင်းမွန်တဲ့အချိန်တွေမှာ တာဝန် ထမ်းဆောင်နေဆဲပုဂ္ဂိုလ်တွေက ပါဝါကိုကျစ်လစ်ခိုင်မာစေပြီး၊ ဆိုးရွားတဲ့အချိန်တွေမှာ အခြေခံမူလဖြစ်တဲ့အနှုတ်အသိမ်းတစ်ခု ရှိနေပုံပေါ်တယ်။ RPG ဟာ အဲဒီအခြေ အနေတွေထဲက ဘယ်တစ်ခုမှာမှ ဖွံ့ဖြိုးဖို့နဲ့ ကျစ်လစ်ခိုင်မာဖို့ ဖြစ်နိုင်မှာမဟုတ်ဘူး။

တခြားသောကိစÖတွေမှာ ုပ်ဝတပြစÖးရင်းမြစ်ကင်းမဲ့ပေမဲ့Programmatic နယ်ပယ်တွေမှာ တာဝန်ထမ်းဆောင်ဆဲပုဂ္ဂိုလ်တွေကို ဆန့်ကျင်နိုင်တဲ့ ပြိုင်ဘက်ပါတီဟာ အောင်မြင်ခဲ့မယ်ဆိုရင် ကူးစက်ခြင်းအားဖြင့် Programmatic

နိုင်ငံရေးရဲ့ပေါ်ထွက်လာမှုကို ဖြစ်ပေါ်စေလိမ့်မယ်။ ဘရာဇီးက Partido da Social Democracia Brasileira (PSDB) နဲ့ Partido dos Trabalhadores (PT) နဲ့ ဥရုဂွေးက Frente Amplio ရဲ့ဖြစ်ရပ်ဟာ အဲဒီပုံစံတစ်ခုရဲ့အပေါင်းလက္ခဏာဆောင်ဖြစ်ရပ်တွေအဖြစ် အမြဲလိုလိုအထူးပြုတင်ပြခံရတယ်။

## *သမိုင်းကြောင်းဆိုင်ရာ အင်စတီကျူးရှင်းလမ်းကြောင်းများ*

နှိုင်းယှဉ်သမိုင်းကြောင်းဆိုင်ရာမူဘောင်တစ်ခုအတွင်းမှာ အလုပ်လုပ်နေတဲ့ ပညာရှင်တွေက အကဲဖြတ်ခြင်းဆိုင်ရာလမ်းဆုံတွေအတွဲလိုက်တစ်ဝိုက်မှာ အမြဲလိုလိုတည်ဆောက်ထားတဲ့ လမ်းကြောင်းတွေအပေါ်မှီခိုတဲ့ပါတီစနစ်တွေရဲ့လမ်းကြောင်းကို ကြည့်ရှုခြင်းအားဖြင့် တစ်ခြားသောဖြစ်ရပ်တွေအစဉ်လိုက်ကို ပိုမိုကောင်းမွန်တဲ့ Programmatic တည်ဆောက်ပုံအတွက် ဖြစ်နိုင်ဖွယ် ရှင်းလင်းချက်တစ်ခုအဖြစ်ညွှန်ပြတယ်။ ဥပမာအားဖြင့် Kitschelt et al.(1999) and Kitschelt et al.(2010) တို့က ၂၀ ရာစုအတွင်းက နိုင်ငံတွေရဲ့ရေရှည်လမ်းကြောင်းတွေရဲ့ ရလဒ်အဖြစ် အရှေ့ဥရောပနဲ့ လက်တင်အမေရိကပါတီစနစ်တွေအပေါ်မှာ လေ့လာထားတဲ့မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့တည်ဆောက်ပုံရဲ့ လက်ရှိအဆင့်တွေကို ရှင်းလင်းတယ်။ စင်စစ် အရှေ့ဥရောပမှာတော့ ကွန်မြူနစ်အုပ်ချုပ်မှုရဲ့ အမွေအနှစ်နဲ့ အဲဒီအခြေခံအပေါ်က Programmatic ကို လှုံ့ဆော်ဖို့စွမ်းဆောင်ရည်က RPG ကို ဖွံ့ဖြိုးစေဖို့စနစ်တွေရဲ့လုပ်ဆောင်နိုင်စွမ်းကို ကွဲပြားစွာပုံဖော်ပေးနိုင်တယ်။ (ဥရောပသမဂ္ဂ (EU) ဖုန်အတွင်းပေါင်းစပ်ခြင်း၊ ဒါမှမဟုတ် ကူးလူးဝင်ရောက်ခြင်းတို့လို အရေးကိစ္စတွေနဲ့အတူ) လက်တင်အမေရိကမှာတော့ ၂၀ ရာစုအတွင်းက ဒီမိုကရက်တစ်ငြင်းခုန်ခြင်းလုပ်ငန်းစဉ်ရှားပါးမှုနဲ့ စီးပွားရေးနစ်နာချက်တွေရဲ့နိမ့်ပါးတဲ့အရေးပါမှုက RPG ကိုတည်ဆောက်တဲ့နေရာမှာပါတီစနစ်တွေရဲ့ လုပ်ဆောင်နိုင်စွမ်းကို လျော့ချတယ်။ ချီလီနဲ့ဥရုဂွေးတို့လို ခြွင်းချက်အနည်းငယ်နဲ့ပေါ့။

Shefter (1986) က ရွေးကောက်ပွဲဆိုင်ရာလှုံ့ဆော်မှုကြီးရဲ့အချိန်မှာ ပရော်ဖက်ရှင်နယ်ဗျူရိုကရေစီတစ်ခုရှိနေခြင်းရဲ့ရလဒ်အဖြစ် Programmatic ပါတီတွေပေါ်ထွက်လာမှုကိုရှင်းပြတယ်။ အဲဒီအပြင် Mainwaring and Zoco (2007) ကလည်း တည်ငြိမ်မှုလို့ခေါ်တဲ့ တည်ငြိမ်တဲ့ပါတီစနစ်တွေရှိနေခြင်းနဲ့အတူ

အမြဲလိုလိုသက်ဆိုင်နေတဲ့အရေးကြီးအချက်တစ်ခုကိုရှင်းပြဖို့ အချိန်ကိုက်တင်ပြချက်တစ်ခုအပေါ်ရေးဆွဲတယ်။ လက်ရှိခွဲခြမ်းစိတ်ဖြာလေ့လာမှုထဲမှာ အဲဒီလိုဆက်နွှယ်မှုတစ်ခုဟာ အလုပ်မဖြစ်တော့ပေမဲ့ သမိုင်းဆိုင်ရာအဆိုရဲ့လောဂျစ်ကတော့ ပိုမိုမြင့်မားတဲ့ သို့မဟုတ် ပိုမိုနိမ့်ပါးတဲ့ RPG အဆင့်တွေကို ရှင်းလင်းပြခြင်းအတွက်မှန်ကန်နေဆဲဖြစ်နိုင်တယ်။ အမှန်တကယ်ပဲ သမိုင်းကြောင်းဆိုင်ရာအကျိုးတရားဖြစ်စေခြင်းရပ်တည်ချက်တစ်ခုကနေ Mainwaring and Zoco တို့လိုအလားတူအဆိုတစ်ခုဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက ပါတီစနစ်အသစ်တွေမှာ ဘာကြောင့် Programmatic ပါတီစနစ်တွေ ဖွံ့ဖြိုးစေဖို့အခွင့်အလမ်းရဲ့ သမိုင်းကြောင်းဆိုင်ရာပြတင်းတစ်ခု ဆုံးရှုံးသွားရသလဲဆိုတာကို ရှင်းလင်းပြဖို့ အသုံးပြုခြင်းခံရနိုင်တယ်။ အမှန်တကယ်ပဲ အဲဒီလိုပုံစံအဆိုက သာသာထိုးထိုးအဆုံးအဖြတ်ပေးနိုင်တယ်။

## အနှစ်ချုပ်

ဇယား ၁.၁ မှာ စာပေနဲ့ရှင်းလင်းချက်ဆိုင်ရာဖြစ်ရပ်တစ်ခုချင်းစီရဲ့ အဓိကထည့်ဝင်မှုနဲ့ ပြဿနာတွေအပေါ်သုံးသပ်ချက်ကိုတင်ပြထားတယ်။ အဲဒါကို ယေဘုယျအခေါ်အဝေါ်နဲ့ တစ်ခုချင်းစီဆွေးနွေးခဲ့တဲ့ Programmatic ပါတီ/စနစ်တစ်ခုရဲ့ ဖွဲ့စည်းပုံဆိုင်ရာဒိုင်မန်းရှင်း/များလို့လည်း ဖော်ထုတ်တယ်။

## ဇယား ၁.၁ ။ ။ စာပေဆိုင်ရာလေ့လာသုံးသပ်ချက်အနှစ်ချုပ်

| စာပေ | သက်ဆိုင်ရာ ရှုထောင့်များ | | | သရုပ်ဖော်ချက် (Programmatic ကျနတဲ့ပါတီတွေ/ စနစ်တွေဟာ ဘယ်လိုဟာလဲ | | ရှင်းလင်းချက် (ဘာကပိုအဆင့်မြင့်တဲ့ Programmatic ကျနတဲ့နိုင်ငံရေးဖြစ်စေတာလဲ) |
|---|---|---|---|---|---|---|
| | အဖွဲ့အစည်းဆိုင်ရာ | အစိုးရဆိုင်ရာ | ရွေးကောက်ပွဲဆိုင်ရာ | ပါဝင်ရေးသားခြင်း | အကန့်အသတ်များ | ပိုမိုကောင်းမွန်တဲ့ RPG ဖြစ်ကြောင်း သိအိုရီပြုခြင်း |
| ညီလာခံဆိုင်ရာ ပေါ်လစီချမှတ်ခြင်း | | × | | ပေါ်လစီချမှတ်ခြင်းတွင် ပါတီကိုယ်စားလှယ်များကို ပေါင်းစည်းစေမှု၊ ပါတီစည်းမျဉ်းစည်းကမ်း | မရှိမဖြစ်လိုအပ်သော်လည်း RPG အတွက်မလုံလောက်သောအခြေအနေ | ယေဘုယျအားဖြင့် အဖွဲ့အစည်းဆိုင်ရာ အကျိုးခံစားခွင့်လာ ပုံစံပါတီစည်းကမ်းကိုပုံဖော်။ သို့သော်လည်း ပါတီစည်းကမ်းကို Programmatic ကျနတဲ့ အဖွဲ့အစည်းတွေ ထက်အခြားအဖွဲ့အစည်းတွေအလို အရရရှိနိုင်တယ်။ |
| ပါတီကြေညာချက်များ | × | | × | ပေါ်လစီခြားနားချက်များကို မြေပုံဆွဲခြင်းနှင့် ပါတီမူဝါဒအစီအစဉ်များကို အဆင့်ဆင့်ပြောင်းလဲခြင်း | Programmatic ကျနတဲ့စည်းရုံးလှုံ့ဆော်ခြင်းရဲ့ ဒီဂရီမှတ်ယူခြင်းလေ့လာချက်ကင်းမဲ့ခြင်း၊ အပြန်အလှန်အနေနဲ့ အော်တာနေးတစ်ရဲ့ ဒီဂရီမှတ်ယူခြင်းလေ့လာချက်ကင်းမဲ့ခြင်း။ လိပ်စာမှားနေတဲ့ (ဖြန့်ဝေမရ–ပြန်ပို့မရတဲ့) စာတွေကိုလေ့လာ ဆန်းစစ်ခဲ့သလား။ | Programmatic ကျနခြင်း လုပ်ရပ်ရဲ့ဒီဂရီအပေါ် ခြားနားချက်ကင်းမဲ့နေတဲ့ မရှိမဖြစ်သရုပ်ဖော်စာပေ။ (ရှင်းလင်းဖို့မကြိုးစား) |
| စိတ်ဝင်စားသူအစု/ အတွေးအခေါ်ပညာရှင်များ/ NGO | × | | × | ပေါင်းစည်းမှုအဆင့်၊ အစုအပေါင်းထုတ်ကုန်များရဲ့ သိသာထင်ရှားမှုနဲ့ ကြီးမားတဲ့စိတ်ဝင်စားသူအုပ်စုများ၊ Programmatic ကျနခြင်းစာသားများရေးသားရာမှာ ပညာရှင်အစုအဖွဲ့များနဲ့ဆက်စပ်အရေးပါမှု။ | သောင်းပြောင်းထွေလာ ရောနှောမှုမြင့်မားနေတဲ့စာပေများ။ RPG အတွက်သီးခြားမှုဘောင်ကင်းမဲ့ခြင်း | Programmatic ကျနတဲ့စည်းရုံးလှုံ့ဆော်ခြင်းလုပ်ဆောင်ချက်တွေကိုမြှင့်တင်ရာမှာကြီးမားတဲ့အစုအပေါင်းထုတ်ကုန်တွေရဲ့အခန်းကဏ္ဍ။ အစုအဖွဲ့ကြီးရဲ့ အခန်းကဏ္ဍ $v_s$ Programmatic အတွင်းကသေးငယ်သော စိတ်ဝင်စားသူအုပ်စုများ။ |
| ပါတီစနစ်အဖွဲ့အစည်းအသွင်ပြုခြင်း | × | | | ပါတီစနစ်အချက်အလက်များ၏ (အဖွဲ့အစည်းပုံစံပြုမှု) သက်ဆိုင်ရာခံနိုင်ရည်နှင့် ၎င်း၏ Programmatic ကျနခြင်းအမြစ်တွယ်မှုဆက်နွယ်ချက်ကို သီအိုရီပြုခြင်း | တည်ငြိမ်မှုဟာ RPG အတွက် မရှိမဖြစ်လိုအပ်တဲ့အခြေအနေဖြစ်တယ်။ (Programmatic ကျနမှုအားနည်းတဲ့ပါတီတွေအတွက်မဟုတ်) ဒါပေမဲ့ မူဝါဒအစီအစဉ်မဲဆွယ်တဲ့ပါတီတွေ အနေနဲ့ တည်ငြိမ်မှုကိုမရှိမဖြစ်မလိုအပ်ဘူး။ | နိုင်ငံရေးအနေအထားမှာ တည်ငြိမ်နေတဲ့ပါတီစနစ်ရဲ့ ဖြစ်စဉ်အဖန်ဖန်ထပ်ကြောခြင်းအစဉ်တစ်ခုဖြစ်ပေါ်ပြီးနောက် RPG ကိုရရှိတယ်။ |
| ပါတီစနစ် နိုင်ငံတော် (အမျိုးသား) ဆိုင်ရာအဖြစ်ပြုခြင်း | × | | | ဒေသဖြတ်ကျော်ပြီးရွေးကောက်ပွဲဆိုင်ရာပူးပေါင်းဆောင်ရွက်မှုကိုဖွင့်ဆိုခြင်းနဲ့ ရှင်ပြခြင်း။ အာဏာဖြန့်ဝေခြင်း/ ဖက်ဒရယ်စနစ်ရဲ့အကျိုးကို ဆန်းစစ်ခြင်း | ကာရာဗာနီ (၂၀၀၄) တစ်ဦးတည်းကသာ အမျိုးသားရေးပြုခြင်းနဲ့ Programmatic ကျနခြင်းအလေ့အထကြားက ဆက်နွယ်ချက်ကို တိတိကျကျလေ့လာခဲ့။ | သင်္ကေတပြုဆက်နွယ်ချက်ဟာ အမျိုးသားရေးပြုခြင်းနဲ့ Programmatic ကျနတဲ့စည်းရုံးလှုံ့ဆော်ခြင်းအကြားမှာ တည်ရှိနိုင်တယ်။ အဲဒီလိုဆိုရင် အာဏာဖြန့်ဝေမှုပိုရှိတဲ့ပါတီတွေမှာ ceteris paribus လို့ခေါ်တဲ့ အားနည်းသော Programmatic ကျနတဲ့စည်းရုံးလှုံ့ဆော်ခြင်းရှိနိုင်တယ်။ |

| စာပေ | သက်ဆိုင်ရာ ရှုထောင့်များ | | | သရုပ်ဖော်ချက် (Programmatic ကျနတဲ့ပါတီတွေ/ စနစ်တွေဟာ ဘယ်လိုဟာလဲ | | ရှင်းလင်းချက် (ဘာကပိုအဆင့်မြင့်တဲ့ Programmatic ကျနတဲ့နိုင်ငံရေးဖြစ်စေတာလဲ) |
|---|---|---|---|---|---|---|
| | အဖွဲ့အစည်းဆိုင်ရာ | အစိုးရဆိုင်ရာ | ရွေးကောက်ပွဲဆိုင်ရာ | ပါဝင်ရေးသားရခြင်း | အကန့်အသတ်များ | ပိုမိုကောင်းမွန်တဲ့ RPG ဖြစ်ကြောင်း သီအိုရီပြုခြင်း |
| ပါတီအဖွဲ့အစည်း | × | | | ပါတီအဖွဲ့အစည်းဆိုင်ရာ ကွဲလွဲချက်အပေါ် ကွန်ဆက်နှင့်သီအိုရီဆိုင်ရာ ဆွေးနွေးချက်များ။ အဲဒီကွဲလွဲချက်ဟာ တစ်ဖက်မှာ ပါတီရဲ့ Programmatic ကျနခြင်း အမှတ်တံဆိပ်ကို ကျွမ်းကျင်ခြင်းနဲ့ ထိန်းသိမ်းထားခြင်းအတွက် မရှိမဖြစ်လိုအပ်တဲ့ ကိရိယာတွေကို ရှာဖွေခြင်းနဲ့ ချိတ်ဆက်နေနိုင်တယ်။ | အဖွဲ့အစည်းဆိုင်ရာ လက္ခဏာတွေ၊ Programmatic ကျနခြင်းဆိုင်ရာ သဘောသဘာဝ အကြားက ဆက်သွယ်ချက်ရဲ့ အစွန်းရောက် ကန့်သတ်ပြုမူဆောင်ရွက်မှု၊ ရှေ့နောက်မညီညွတ်တဲ့ သီအိုရီဆိုင်ရာခြွင်းချက်များ။ | ပိုပြောင်းလွယ်ပြင်လွယ်ဖြစ်ပြီး အာဏာဖြန့်ဝေမှုကောင်းတဲ့ပါတီတွေဟာ Programmatic ကျနခြင်းသဘာဝကို ပြုပြင်စီရင်ဖို့နဲ့ထိန်းသိမ်းဖို့ရာမှာ ပိုကောင်းကောင်း လုပ်နိုင်လိမ့်မယ်။ ပိုမာကျောကျွတ်ဆတ်စွာဖွဲ့စည်းထားတဲ့ပါတီတွေက Programmatic ကျနတဲ့ သဘာဝကို ပိုကောင်းအောင် ဖန်တီးနိုင်လိမ့်မယ်။ |
| အဖွဲ့အစည်းဆိုင်ရာ ခံစားခွင့် | | | × | Programmatic ကျနခြင်းအဆောက်အဦအပေါ် အဖွဲ့အစည်းတွေ (ရွေးကောက်ပွဲဆိုင်ရာ၊ ရွေးကောက်ပွဲနဲ့မသက်ဆိုင်သော)ရဲ့ သက်ရောက်မှုတွေအပေါ်ရှင်းလင်းစွာ အဓိပ္ပါယ်ဖွင့်ဆိုထားတဲ့ သီအိုရီဆိုင်ရာခြွင်းချက်များ။ မှန်ကန်မယ်ဆိုရင် ပေါ်လစီထောက်ခံချက်တွေဆင်းသက်လာခြင်းအတွက် နေရာများအထောက်အကူပြု။ | လွန်လွန်ကဲကဲပြဋ္ဌာန်းခံဖြစ်ခြင်း။ (စနစ်တစ်ခု သို့ အင်စတီကျူးရှင်းဆိုင်ရာခံစားခွင့်များ အတွင်းမှ အမျိုးသားရေးဝါဒငယ် သို့မဟုတ် ပါတီအချင်းချင်းကွဲပြားမှုများ) | ပုဂ္ဂိုလ်စွဲပေးမဲများလို ရှာဖွေခြင်းကိုလျှော့ကျစေတဲ့ အင်စတီကျူးရှင်းဆိုင်ရာ စီစဉ်မှုများ (အချိုးကျ၊ စာရင်းပိတ်များ၊ ပိုမိုကြီးမားတဲ့နယ် မြေအတိုင်းအတာများ) က Programmatic ကျနတဲ့ပါတီများပေါ်ပေါက်လာခြင်းကို အခွင့်အလမ်းပေးသင့်တယ်။ ပါလီမန်ဆိုင်ရာစနစ်တွေဟာ ပါတီတွေမှာ အင်စတီကျူးရှင်းတွေလိုပဲ ရင်းနှီးမြှုပ်နှံစေဖို့အတွက် ပိုမိုကြီးမားတဲ့ ခံစားခွင့်တွေကို ဖြစ်စေတယ်။ ( $v_s$ သမ္မတရွေးချယ်ရေးဆိုင်ရာစနစ်များ) |
| ဖွဲ့စည်းပုံဆိုင်ရာ အဆုံးအဖြတ် | | | × | နိုင်ငံရေးပြိုင်ဆိုင်မှုကို မူဝါဒအစီအစဉ်ကျကျတည်ဆောက်ဖို့အတွက် လုပ်နိုင်စွမ်းအပေါ်က တည်ဆောက်ပုံဆိုင်ရာ အကန့်အသတ်အစုအဝေးတွေကို ဖော်ထုတ်ခြင်း | လွန်လွန်ကဲကဲပြဋ္ဌာန်းခံရတာ၊ အခွင့်မသာတဲ့တည်ဆောက်ပုံဆိုင်ရာ အနေအထားတွေမှာ RPG ဖြစ်စဉ်တွေမှေးမှိန်လာတာ၊ အခွင့်သာတဲ့အခြေအနေတွေမှာ Programmatic ကျနခြင်းမရှိတဲ့ ပါတီတွေရှိနေတာတွေဖြစ်လာနိုင်တယ်။ ပေါ်လစီ ထောက်ခံချက် တွေဆင်းသက်လာဖို့မလွယ်ကူဘူး။ | ပိုမိုမြင့်မားတဲ့လူမှုဘောဂဗေဒဖွံ့ဖြိုးမှုအဆင့်တွေ၊ အထူးသဖြင့် ဆင်းရဲ မွဲတေမှုလျော့ချရေးဟာ ငွေရဲ့ကွဲပြားတဲ့ပုံစံအချို့ (လာဘ်ပေးပြီးမဲဆွယ်ခြင်း)ရဲ့ တန်ဖိုးမြင့်တက်လာမှုကြောင့် RPG ဖြစ်နိုင်ခြေကို တိုးမြှင့်သင့်တယ်။ လူမျိုးစုအမျိုးမျိုးရဲ့ နိမ့်ပါးတဲ့ အဆင့်တွေဟာ ပိုမိုမြင့်မားတဲ့ Programmatic ကျနတဲ့ အချိတ်အဆက်တွေကို အခွင့်အလမ်းပေးသင့်တယ်။ |

| စာပေ | သက်ဆိုင်ရာ ရှုထောင့်များ | | | သရုပ်ဖော်ချက် (Programmatic ကျနတဲ့ပါတီတွေ/ စနစ်တွေဟာ ဘယ်လိုဟာလဲ | | ရှင်းလင်းချက် (ဘာကပိုအဆင့်မြင့်တဲ့ Programmatic ကျနတဲ့နိုင်ငံရေးဖြစ်စေတာလဲ) |
|---|---|---|---|---|---|---|
| | အဖွဲ့အစည်းဆိုင်ရာ | အစိုးရဆိုင်ရာ | ရွေးကောက်ပွဲဆိုင်ရာ | ပါဝင်ရေးသားခြင်း | အကန့်အသတ်များ | ပိုမိုကောင်းမွန်တဲ့ RPG ဖြစ်ကြောင်း သီအိုရီပြုခြင်း |
| နိုင်ငံရေးဘောဂဗေဒ | | | × | ဘဏ္ဍာရေးရင်းမြစ်တွေရရှိနိုင်မှုနဲ့ ပုံစံကွဲပြားတဲ့ မဲဆန္ဒရှင်စည်းရုံးလှုံ့ဆော်ခြင်းနည်းဗျူဟာတွေကို အကျိုးပြုခြင်းအပေါ် နိုင်ငံတော်က အကောင်အထည်ဖော်တဲ့ ထုတ်ကုန် (ကုန်ညှိ) များရဲ့ ဖြစ်နိုင်ဖွယ်သက်ရောက်မှုများကို ရှေ့ရောက်ပါစေ။ | နိုင်ငံဖြတ်ကျော်နှိုင်းယှဉ်လေ့လာမှုတွေအတွက် စမ်းသပ်စစ်ဆေးခံနိုင်တဲ့ ရှင်းလင်းချက်တွေ ဆင်းသက်ရရှိလာဖို့ ခက်ခဲ။ သေးငယ်တဲ့ကိစ္စရပ်လေးတွေအစဉ်လိုက်မှာ အသုံးချလျှင်ခက်ခဲ။ ပေါ်လစီထောက်ခံချက် ဆင်းသက်လာဖို့ခက်ခဲ။ | ပိုမိုတင်းကျပ်တဲ့ လူထုဘက်ဂျက်နဲ့ သိုသိပ်မှုနည်းတဲ့ လူထုအသုံးစရိတ်တွေက ပိုမိုကြီးမားတဲ့ သင်္ကေတပြုစည်းရုံးလှုံ့ဆော်ခြင်း အဆင့်တွေကို မြှင့်တင်ပေးတယ်။ ထောက်ပံ့မှုပိုမိုကြီးမားတဲ့ လူထုထုတ်ကုန်တွေရဲ့ ပြုပြင်မှုက ပိုမိုကြီးမားတဲ့ Programmatic ကျနတဲ့ စည်းရုံးလှုံ့ဆော်ခြင်းဆီဦးတည်နိုင်တယ်။ ထိန်းသိမ်းထားတဲ့ နိုင်ငံရဲ့ဆိုးရွားတဲ့အချိန်ကာလတွေက RPG အတွက် နေရာလျော့ချသင့်တယ်။ |
| သမိုင်းအစဉ်အလာ အင်စတီကျူးရှင်းဝါဒ | | | × | လက်ရှိဘက်တော်သားတည်ဆောက်မှုပုံစံတွေကို ပုံဖော်ခြင်းက ရေရှည်ကဏ္ဍတွေရဲ့ အရေးပါမှုကိုထင်ရှားစေ။ | ပေါ်လစီထောက်ခံချက်တွေ ဆင်းသက်ရရှိလာဖို့ ပိုလို့တောင်ခက်ခဲ။ ဖြစ်ရပ်အထူးပြုလွန်းတာနဲ့ အလွန်အကြူးပြဋ္ဌာန်းခံရခြင်းတွေဖြစ်လာနိုင်။ | RPG ဟာ အောက်ပါအချက်တွေအပေါ်မှာ မှီတည်နေတယ်။<br>(က) ရွေးကောက်ပွဲ စည်းရုံးလှုံ့ဆော်ခြင်းနဲ့ ဗျူရိုကရက်တစ်မော်ဒန်နိုဇေးရှင်းရဲ့ ချိန်သားကိုက်မှု။<br>(ခ) ပါတီမူလအရင်းခံတွေရဲ့ ချိန်သားကိုက်မှု။<br>(ဂ) ဒီမိုကရေစီခုခံကာကွယ်မှုနဲ့ပတ်သက်လို့ ကာလရှည်အတွေ့အကြုံရှိခြင်း။<br>(ဃ) ကာလရှည်လူမှုဖွံ့ဖြိုးမှုနဲ့ကြီးမားတဲ့ လူထုထုတ်ကုန်တွေရရှိနိုင်မှု။<br>(င) ဒီမိုကရေစီအကြိုခေတ်မှာ ပုံစံမျိုးစုံတဲ့ အာဏာပိုင်စိုးအုပ်ချုပ်မှုတွေနဲ့ အတွေ့အကြုံရှိခြင်း။ |

## ကမ္ဘာ့တလွှားမှ RPG အတွက် လက်တွေ့ကျစွာရှာဖွေတွေ့ရှိခြင်းနှင့် ရှင်းလင်းတင်ပြသောဖြစ်စဉ်

အထက်မှာ သုံးသပ်ခဲ့တဲ့စာပေရဲ့ မတူညီတဲ့စုရုံးမှုတွေအရ Programmatic ပါတီတွေရဲ့ ဖြစ်နိုင်ဖွယ်အကြောင်းရင်းခံအခြေအနေတွေအတွက် ပေါ့ပေါ့ပါးပါး အဆိုတွေကို အနည်းဆုံးကွဲပြားမှုအစုအဝေး ၄ ခုအဖြစ် စာရင်းသွင်းနိုင်တယ်။ အင်စတီကျူးရှင်းဆိုင်ရာ၊ တည်ဆောက်ပုံဆိုင်ရာ၊ သမိုင်းကြောင်းဆိုင်ရာနဲ့ နိုင်ငံရေး ဘောဂဗေဒဆိုပြီးဖြစ်တယ်။

ဒီအပိုင်းမှာ RPG ရဲ့အဆင့်အပေါ်က ဒီကွဲပြားမှုအစုအဝေး ၄ ခုရဲ့သက်ရောက်မှုတွေကို RPG အကဲဖြတ်ချက် ၂ ခုအရ နီးနီးစပ်စပ်ခန့်မှန်းချက်အဖြစ် ရှာဖွေလေ့လာထားတယ်။ အဲဒီ ၂ ခုကတော့ C နဲ့ E ဆိုတဲ့ RPG ညွှန်းကိန်းတွေပဲဖြစ်တယ်။ C က နိုင်ငံသားတွေကို ရည်ညွှန်းတယ်။ တစ်နိုင်ငံချင်းစီအတွက် နိုင်ငံသားစစ်တမ်းသက်သေပြချက်တွေအပေါ်မှာ တည်ဆောက်ထားတဲ့အတွက်ဖြစ်တယ်။ E ညွှန်းကိန်းကို Herbert Kitschelt ကဖွံ့ဖြိုးအောင်ပြုလုပ်တဲ့ ကျွမ်းကျင်သူစစ်တမ်းတစ်ခုအပေါ်မှာ တည်ဆောက်ထားတယ်။

ပုံ ၁.၁ မှာ မြင်တွေ့ရတဲ့အတိုင်း E လှုပ်ရှားဆောင်ရွက်အကောင်အထည်ဖော်ခြင်းဟာ C ထက်ပိုမိုပြီး ထင်ထင်ရှားရှား အပေါင်းလက္ခဏာဆောင်တဲ့အတွက် ခြွင်းချက်ဖြစ်တဲ့အာရှနဲ့အတူ ညွှန်ကိန်းနှစ်ခုစလုံးက ညီမျှတဲ့ဒေသဆိုင်ရာအဆင့်သတ်မှတ်ချက်တစ်ခုကို ထုတ်လုပ်ပေးတယ်။ အဲဒီအချက်အရ စီးပွားရေးသမဝါယမနဲ့ နိုင်ငံတွေအတွက်ဖွံ့ဖြိုးမှုနဲ့ ဗဟိုနဲ့အရှေ့ဥရောပ (ပိုမိုများပြားတဲ့ အချိန်ပိုရရှိမှုအဖြစ်ပြသထားတဲ့ဒေသ) အတွက် အဖွဲ့အစည်းက ပိုမိုမြင့်မားတဲ့ RPG အဆင့်ကိုတင်ပြတယ်။ တစ်ချိန်တည်းမှာ အာဖရိက၊ အာရှ (C လှုပ်ရှားမှုပြခြင်းအတွက်သာ) နဲ့ လက်တင်အမေရိကနိုင်ငံတွေက ကွဲပြားမှုရဲ့တခြားသောအစွန်းတဖက်ဖြစ်မှာ ရပ်တည်တယ်။ လက်တင်အမေရိကဟာ သောင်းပြောင်းထွေလာရောထွေးအနေဆုံးဒေသတစ်ခုဖြစ်ပြီး အမြင့်ဆုံး RPG အဆင့်တွေ (C ညွှန်းကိန်းအတွင်းမှာ ၀.၈၈ နဲ့ ဥရုဂွေးနဲ့ E ညွှန်းကိန်းထဲမှာ ၀.၇၀ နဲ့ ချီလီ) ကနေ အနိမ့်ဆုံး RPG အဆင့်တွေ (E ညွှန်းကိန်းထဲမှာ ၀.၀၅ နဲ့ ဒိုမီနီကန်ရီပတ်ဘလစ်နဲ့ C ညွှန်းကိန်းထဲမှာ ၀.၀၈ နဲ့ ပီရူး) တို့ အဆင့်အသီးသီးရပ်တည်နေကြတယ်။

**ပုံ ၁.၁။ ။ ဒေသအလိုက်အကောင်အထည်ဖော်နေတဲ့ RPG ညွှန်းကိန်းများ**




ပုံ ၁.၁ ထဲက တတိယဘားက အောင်မြင်ပြီးမြောက်မှုနှစ်ခုကို အကြံပြုနိုင်ခဲ့တဲ့ ၁၉၉၀ ခုနှစ်တွေနဲ့ ၂၀၀၀ ခုနှစ်တွေအတွင်းက C ညွှန်းကိန်းရဲ့ ပျမ်းမျှအဆင့်ဆင့်ပြောင်းလဲမှုကိုပြတယ်။

– Programmatic တည်ဆောက်ပုံက ပါတီစနစ်တွေအတွက် ခိုင်မြဲပုံရတယ်။ အနည်းဆုံး နိုင်ငံသားအဆင့်နဲ့ နှစ် ၂၀ ကျော်ကာလတစ်ခုမှာပေါ့။ အဲဒီမှာ Programmatic နိုင်ငံရေးကိုမြှင့်တင်ဖို့ ကနဦးအစပြုမှုတွေအတွက်ပြီးမြောက်အောင်မြင်ခြင်းတွေရှိတယ်။

– ဘာပဲဖြစ်ဖြစ် အခြေအနေတွေကို ထင်ထင်ရှားရှားရရှိတဲ့၊ ဒါမှမဟုတ် ဆုံးရှုံးတဲ့ ဖြစ်ရပ်တွေရှိတယ်။ ထင်ရှားတဲ့ရရှိမှုတွေကိုတွေ့ကြုံထားတဲ့နိုင်ငံတွေကို အသေးစိတ်လေ့လာမှုတွေက ဖြစ်ရပ်တွေကို ရှင်းပြဖို့ကူညီနိုင်တယ်။ ဩစတြေးလျ၊ အီတလီ၊ ဆွီဒင်၊ အမေရိကန်နဲ့ များစွာသော အရှေ့ဥရောပနိုင်ငံတွေလိုမျိုး ဒီမိုကရေစီအခြေချပြီးတဲ့အလွန်မှာ အရေးပါတဲ့တိုးတက်မှုတွေအောင်မြင်သွားခဲ့ ပုံရတယ်။ (ချက်ပြည်သူ့သမ္မတနိုင်ငံ၊ ဂျော်ဂျီယာ၊ မော်လ်ဒိုဗာ၊ ပိုလန်နဲ့ ရုရှားဖက်ဒရေးရှင်းနိုင်ငံ) ဖွံ့ဖြိုးဆဲနိုင်ငံတွေက ၁၉၉၀ ခုနှစ်တွေနဲ့ ၂၀၀၀ ခုနှစ်တွေအကြား C ညွှန်းကိန်း ပြုတ်ကျသွားတဲ့နိုင်ငံတွေအကြားမှာ ထင်ထင်ရှားရှားပေါ်ထွက်လာတယ်။ ဗင်နီဇွဲလားနဲ့ ပီရူး (အားလုံးခြုံငုံပြီး ဆုံးရှုံးမှုအမှုအရ ဒုတိယနဲ့ ဆဌမအသီးသီး)၊ တောင်အာဖရိက (တတိယ) နဲ့ အရှေ့ဥရောပက အက်စ်တိုးနီးယား၊ ဆားဘီးယားနဲ့ ခရိုအေးရှား (သတ္တမ၊ အဌမနဲ့ ဒသမ အသီးသီး)

Benoit, Kenneth and Laver, Michael, 'Benchmarks for Text Analysis: A Response to Budge and Pennings', *Party Politics*, 26 (2007), pp. 130–5

Benoit, Kenneth, Laver, Michael and Mikhaylov, Slava, 'Treating Words as Data with Error: Estimating Uncertainty in the Comparative Manifesto Project', Paper presented at the Annual Meeting of the American Political Science Association, Chicago, 29 August–1 September 2007

Dinas, E. and Gemenis, K., 'Positions with Manifesto Data: A Critical Evaluation of the Competing Methods', *Party Politics*, 16/4

(2009), pp. 427–50

Evans, G. and Norris, P. *Critical Elections: British Parties and Voters* (London: Sage Publications, 1999)

Franzmann, S. and Kaiser, A., 'Locating Political Parties in Policy Space: A Reanalysis of Party Manifesto Data', *Party Politics*, 12/2 (2006), pp. 163–88

Gabel, M. and Huber, J., 'Putting Parties in Their Place: Inferring Party Left-Right Ideological Positions from Party Manifestos Data', *American Journal of Political Science*, 44/1, (2000), pp. 94–103

Janda, K., Harmel, R. Edens, C. and Goff, P., 'Changes in Party Identity: Evidence from Party Manifestos', *Party Politics*, 1/2 (1995), pp. 171–96

Keman, H., 'Experts and Manifestos: Different Sources—Same Results for Comparative Research?', *Electoral Studies*, 26/1 (2007), pp. 76–89

Mair, P., *The Changing Irish Party System: Organisation, Ideology and Electoral Competition* (London: Frances Pinter, 1987)

Meguid, B., 'Competition Between Unequals: The Role of Mainstream Party Strategy in Niche Party Success', *American Political Science Review*, 99/3 (2005), pp. 347–59

Pelizzo, Ricardo, 'Party Positions or Party Direction? An Analysis of Party Manifesto Data', *West European Politics*, 26 (2003), pp. 67–89

Petry, F., 'The Policy Impact of Canadian Party Programs: Public Expenditure Growth and Contagion from the Left', *Canadian Public Policy/Analyse de Politiques*, 14/4 (1988), pp. 376–89

Petry, F., 'Fragile Mandate: Party Programmes and Public Expenditures in the French Fifth Republic', *European Journal of Political Research*, 20/2 (1991), pp. 149–71

Schofield, Norman, 'Political Competition and Multiparty Coalition Governments', *European Journal of Political Research*, 23/1 (1993), pp. 1–33

Strom, K. and Lejpart, J. Y., 'Ideology, Strategy, and Party Competition in Postwar Norway', *European Journal of Political Research*, 17/3 (1989), pp. 263–88

Walgrave, S. and Nuytemans, M., 'Friction and Party Manifesto Change in 25 Countries, 1945–98', *American Journal of Political Science*, 53/1 (2009), pp. 190–206

Webb, P. D., *The Modern British Party System* (London: Sage Publications, 2000)

***Interest groups, NGOs, think tanks and programmatic politics***

Baier, Gerald and Bakvis, Herman, 'Think Tanks and Political Parties: Competitors or Collaborators?', *Canadian Journal of Policy Research*, 2/1 (2001), pp. 107–13

Burstein, Paul and Linton, April, 'The Impact of Political Parties, Interest Groups, and Social Movement Organizations on Public Policy: Some Recent Evidence and Theoretical Concerns', *Social Forces*, 81/2 (2002), pp. 381–408

Kitschelt, Herbert, 'Political Opportunity Structures and Political Protest: Anti-Nuclear Movements in Four Democracies', *British Journal of Political Science*, 16/1 (1986), pp. 57–85

Mendizabal, Enrique and Sample, Kristen, *Dime a quién escuchas: Think Tanks y partidos políticos en América Latina* [Thinking Politics: Think Tanks and Political Parties in Latin America] (Lima: International IDEA-ODI, 2009)

Rohrschneider, Robert, 'Impact of Social Movements on European Party Systems', *The ANNALS of the American Academy of Political and Social Science*, 528 (1993), pp. 157–70

Rosemblum, Nancy, 'Political Parties as Membership Groups', *Columbia Law Review*, 100/3 (2000), pp. 813–44

Schwartz, Mildred A., 'Interactions Between Social Movements and US Political Parties', *Party Politics*, 16/5 (2010), pp. 587–607

Van der Heijden, Hein-Anton, ‘Political Parties and NGOs in Global Environmental Politics’, *International Political Science Review*, 23/2 (2002), pp. 187–201

Verdier, Daniel, ‘The Politics of Public Aid to Private Industry: The Role of Policy Networks’, *Comparative Political Studies,* 28/1 (1995), pp. 3–42

Weaver, Kent, ‘The Changing World of Think Tanks’, *Political Science and Politics*, 22/3 (1989), pp. 563–78

***Causes and consequences of programmatic party systems***

Baland, Jean Marie and Robinson, James, ‘How Does Vote Buying Shape the Economy?’, in Frederic Schaffer (ed.), *Elections for Sale: The Causes and Consequences of Vote Buying* (Boulder, Colo.: Lynne Rienner, 2007), pp. 123–44

Bates, Robert, *When Things Fall Apart* (New York: Cambridge University Press, 2010)

Desposato, Scott, ‘How Does Vote Buying Shape the Legislative Arena?’, in Frederic Schaffer (ed.), *Elections for Sale: The Causes and Consequences of Vote Buying* (Boulder, Colo.: Lynne Rienner, 2007), pp. 101–22

Hagopian, Frances and Magaldi de Sousa, Mariana, ‘Framing Programmatic Competition in Latin America: Strategic Party Behavior and Neoliberal Reforms’, Paper prepared for the Workshop on Political Parties in the Developing World, Princeton University, 30 April–1 May 2010

Hicken, Allen, ‘How Effective Are Institutional Reforms?’, in Frederic Schaffer (ed.), *Elections for Sale: The Causes and Consequences of Vote Buying* (Boulder: Colo.: Lynne Rienner, 2007), pp. 145–60

Janda, Kenneth and King, Desmond S., ‘Formalizing and Testing Duverger’s Theories on Political Parties’, *Comparative Political Studies*, 18/2 (1985), pp. 139–69

Jones, Mark P., ‘The Role of Parties and Party Systems in the Policy

Making Process', Paper presented at State Reform, Public Policies, and Policymaking Processes, Inter-American Development Bank, Washington, D.C., 28 February–2 March 2005

Keefer, Philip, 'Programmatic Parties: Where do They Come from and do They Matter?', Paper presented at the Annual Meeting of the American Political Science Association, Philadelphia, 31 August 2006

Lyne, Mona, 'Rethinking Economics and Institutions: The Voter's Dilemma and Democratic Accountability', in Herbert Kitschelt and Steven Wilkinson (eds.), *Patrons, Clients, and Policies: Patterns of Democratic Accountability and Political Competition* (Cambridge: Cambridge University Press, 2007), pp. 159–81

Mainwaring, Scott, Bejarano, Ana Maria and Pizarro, Eduardo, *The Crisis of Democratic Representation in the Andes* (Stanford, Calif.: Stanford University Press, 2006)

Mainwaring, Scott and Scully, Timothy R. (eds.), *Democratic Governance in Latin America* (Stanford, Calif.: Stanford University Press, 2010)

Powell, Bingham, *Contemporary Democracies: Participation, Stability and Violence,* (Cambridge, Mass.: Harvard University Press, 1982)

Schaffer, Frederic, *Elections for Sale: The Causes and Consequences of Vote Buying* (Boulder, Colo.: Lynne Rienner, 2007)

Schmitt, Hermann and Thomassen, J. J. A., *Political Representation and Legitimacy in the European Union* (New York: Oxford University Press 1999)

Shefter, Martin, 'Trade Unions and Political Machines: The Organization and Disorganization of the American Working Class in the Late Nineteenth Century', in Ira Katznelson and Aristide Zolberg (eds.), *Working Class Formation: Nineteenth Century Patterns in Western Europe and the United States* (Princeton, N.J.: Princeton University Press, 1986).

Shefter, Martin, 'Political Parties and the State: The American Political History', in Ira Katznelson, Martin Shefter and Theda Skocpol (eds.), *Princeton Studies in American Politics: Historical, International, and Comparative Perspectives* (Princeton, N.J.: Princeton University Press, 1995)

# အခန်း - ၂

2

# Programmatic ပါတီများနှင့် ပါတီစနစ်များ။ ။ အခွင့်အလမ်းနှင့် ကန့်သတ်ချက်များ

*Herbert Kitschelt and Yi-ting Wang*

## နိဒါန်း

ဒီမိုကရေစီဟာ ပြည်သူပြည်သားတွေကို တာဝန်ယူမှုရှိစွာအုပ်ချုပ်ခြင်းနဲ့အတူ တာဝန်ကိုရယူတဲ့ ဥပဒေတွေကို စနစ်တကျစုစည်းထားတဲ့ဥပဒေတွေနဲ့ တစ်ခုတည်းသောနိုင်ငံရေးအုပ်ချုပ်မှုပုံစံဖြစ်တယ်။ ဒီဥပဒေတွေထဲမှာ ပါတီလက်မှတ်တွေအတွက် ပုံမှန်လုပ်ကိုင်နေတဲ့ ကိုယ်စားလှယ်တွေရဲ့ အချိန်နဲ့အမျှဖြစ်နေတဲ့ ရွေးကောက်ပွဲတွေပါဝင်တယ်။ အဲဒီအပြင် အာမခံပေးတဲ့လူမှုအဖွဲ့အစည်းနဲ့အများပြည်သူ တာဝန်ရှိသူတွေကို ပွင့်လင်းတဲ့ဆွေးနွေးငြင်းခုံမှုအောက်ထဲထည့်သွင်းဖို့ နိုင်ငံသားတွေအတွက် နေရာလွတ်ဖန်တီးပေးတဲ့ နိုင်ငံရေးအခွင့်အရေးတွေလည်းပါဝင်တယ်။ ဒါပေမဲ့ နိုင်ငံသားတွေက ရွေးကောက်ခံနိုင်ငံရေးသမားတွေရဲ့ တာဝန်ယူမှုကို ကိုင်စွဲဖို့အခွင့်အရေးရသွားတဲ့အချိန်မှာ ပါတီနဲ့သူ့ရဲ့နိုင်ငံရေးသမားတွေကို ဘယ်လိုနိုင်ငံရေးလုပ်ဆောင်ချက်မျိုးတွေက သက်သေပြကြသလဲ။ အပြန်အလှန်အားဖြင့် နိုင်ငံရေးသမားတွေက လာမယ့်ရွေးကောက်ပွဲကို လက်ဦးမှုရယူပြီးကြိုတင်မျှော်မှန်းနေတဲ့ အချိန်မှာ သူတို့ရဲ့သက်သေပြချက်တွေရရှိနိုင်ဖို့ နိုင်ငံသားတွေကို ဘယ်လိုတာဝန်ယူမှုမျိုးတွေပြသကြမလဲ။ လက်တွေ့ကျတဲ့သုတေသနက များစွာသောချင့်ချိန်မှုတွေဟာ နိုင်ငံရေးပါတီတွေကို နိုင်ငံသားတွေကအတည်ပြုလိုက်တဲ့အခါမှာ ကစားပွဲအတွင်းကို

ဝင်ရောက်လာကြတယ်။ အကြောင်းပြချက်များစွာအရ စံပုံစံဒီမိုကရက်တစ်သီအိုရီက မက်လုံးပေးမဲဆွယ်ခြင်း၊ ဒါမှမဟုတ် ပုဂ္ဂိုလ်ရေးဇဟိုပြုမဲဆွယ်ခြင်း စဉ်းစားချင့်ချိန်မှုတွေထက် Programmatic အပေါ်အခြေခံတဲ့ပါတီတွေနဲ့ နိုင်ငံရေးသမားတွေအကြားက ဒီမိုကရက်တစ်ပြိုင်ပွဲကို တန်ဖိုးထားတယ်။

ဒီအခန်းမှာ ဘာကြောင့်နိုင်ငံရေးပါတီတွေနဲ့ နိုင်ငံရေးသမားတွေက မက်လုံးပေးမဲဆွယ်ခြင်း၊ ဒါမှမဟုတ် ပုဂ္ဂိုလ်ရေးအခြေပြုမဲဆွယ်ခြင်းတင်ပြချက်အပေါ် မှီခိုနေခြင်းအစား ရွေးကောက်ပွဲအောင်မြင်မှုကိုရှာဖွေဖို့အတွက် Programmatic နဲ့ ပေါ်လစီတွေအပေါ်ဦးစားပေး၊ ဒါမှမဟုတ် အာရုံစိုက်ဖို့ ဆုံးဖြတ်ကြသလဲဆိုတာကို အထူးအာရုံစိုက်ထားတဲ့အဖြေတွေကို ရှာဖွေထားတယ်။

ဒီအခန်းမှာ အပိုင်း ၄ ပိုင်းပါတယ်။ ပထမအပိုင်းမှာ Programmatic ပါတီတွေနဲ့ Programmatic ပါတီတွေရဲ့စနစ်တွေရဲ့ ထောက်ပံ့မှုတွေကို မိတ်ဆက်ထားတယ်။ ဒုတိယအခန်းမှာတော့ Programmatic ပါတီတွေကိုပုံစံထုတ်ပေးနေပုံရတဲ့ အကြောင်းအရင်းအစုသုံးခုကို တင်ပြထားတယ်။ ဒီသုတေသနကရေးဆွဲထားတဲ့ဖြစ်ရပ်တွေ၊ အချက်အလက်တွေနဲ့အတူဖော်ပြခြင်းခံရတဲ့ အပျော့၊ အမာနဲ့ယုတ္တိရှိတဲ့အနေအထားတွေပဲဖြစ်တယ်။ တတိယအပိုင်းမှာ အကြောင်းအရင်းအစုတစ်ခုချင်းစီရဲ့ တွေ့ရှိမှုတွေကို ဆွေးနွေးတင်ပြထားတယ်။ စတုတ္ထမြောက်အပိုင်းမှာတော့ အဓိကကျတဲ့တွေ့ရှိမှုတွေရဲ့ အနှစ်ချုပ်တစ်ခုနဲ့နိဂုံးချုပ်ထားတယ်။

## *Programmatic ပါတီများနဲ့ Programmatic ပါတီစနစ်များ*

လက်တွေ့ကျတဲ့သုတေသနက နိုင်ငံသားတွေအနေနဲ့ တာဝန်ယူမှုရှိစွာ နိုင်ငံရေးသမားတွေကို ရွေးကောက်ဖို့အခွင့်အရေးရရှိသွားပြီဆိုရင် များစွာသောဆင်ခြင်မှုတွေက ကစားပွဲအတွင်းကို ရောက်ရှိလာလိမ့်မယ်ဆိုတာပြသထားတယ်။ နိုင်ငံသားတွေက ကိုယ်စားလှယ်လောင်းတွေရဲ့ ကိုယ်ရည်ကိုယ်သွေးတွေကို တန်ဖိုးထားနိုင်တယ်။ (နိုင်ငံရေးသမားရဲ့ ဩဇာတိက္ကမ)။ ပုဂ္ဂိုလ်ရေး၊ ဒါမှမဟုတ် မိသားစုအတွေ့အကြုံအပေါ်အခြေခံတဲ့ပါတီတစ်ခုကို ခံစားချက်နဲ့မဲတင်းမှုတွေဖွံ့ဖြိုးနိုင်တယ်။ (ပါတီကိုအသိအမှတ်ပြုခြင်း)။ လိင်အခြေပြုအရေးကိစ္စ၊ လူမျိုးစုအရေးကိစ္စ၊ လူမျိုး

ကွဲအရေးကိစ္စ၊ ဒါမှမဟုတ် လူတန်းစားအရေးကိစ္စတွေ (သရုပ်ဖော်ကိုယ်စားပြုမှု) လိုမျိုးတူညီတဲ့မှတ်ကျောက်တွေကို မျှဝေတဲ့ကိုယ်စားလှယ်လောင်းတွေကို ပွဲထုတ်ဖို့ ပါတီရဲ့ဆန္ဒရှိမှုကို အလေးအသာပေးနိုင်တယ်။ ဒါမှမဟုတ် ပါတီတစ်ခု သူ့ရဲ့ကိုယ်ပိုင်မဲပေးသူတွေကို ပစ်မှတ်ထားတဲ့ရုပ်ဝတ္ထုအကျိုးစီးပွားရဲ့ထောက်ပံ့မှုကို ဆုချီးမြှင့်နိုင်တယ်။ လက်ဆောင် (မဲဝယ်ယူခြင်း)၊ အများပြည်သူ့ကဏ္ဍအလုပ်တွေ ဖန်တီးပေးခြင်း (သူကောင်းပြုခြင်း)၊ ဒါမှမဟုတ် လူမှုအကျိုးစီးပွား (ကုန်ကျစရိတ်သက်သာသော အများပြည်သူအိမ်ယာများ၊ မသန်စွမ်းပင်စင်များ၊ ဒါမှမဟုတ် အလုပ်လက်မဲ့ထောက်ပံ့ကြေး)၊ သက်သာချောင်ချိရေးစာချုပ်များနဲ့ ကိုယ်စားပြုခြင်းရဲ့ သူကောင်းပြုသူ–ဖောက်သည်ဆက်ဆံရေးရဲ့ အခြားသောရည်ရွယ်ချက်တွေဖြစ်တယ်။

နိုင်ငံသားတွေအနေနဲ့ နိုင်ငံသားတိုင်းလိုလားတဲ့ (ဥပမာ ငွေကြေးဖောင်းပွမှုနည်းပါးခြင်း၊ ငြိမ်းချမ်းရေး၊ စီးပွားရေးဖွံ့ဖြိုးမှုတို့ကဲ့သို့ အစုအပေါင်းကောင်းကျိုးများ) ဒါမှမဟုတ် သူတို့ရဲ့နိဂုံးတွေဆီ ဖော်မြူလာထုတ်ထားတဲ့ပေါ်လစီတွေကနေဖြတ်ပြီး အုပ်စုတွေအနဲ့ (ဥပမာ ပြန်လည်ဖြန့်ဝေတဲ့အခွန်၊ ဒါမှမဟုတ် ဝင်ငွေထောက်ပံ့မှု၊ အလုပ်လက်မဲ့အာမခံချက်၊ ဒါမှမဟုတ် ကျန်းမာရေးစောင့်ရှောက်မှု) ရင်းမြစ်နဲ့ပါဝါ ပြန်လည်ဖြန့်ဝေပေးခြင်းတွေလိုမျိုး ဖော်ဆောင်နေတဲ့အကျိုးစီးပွားထဲမှာ သူတို့ရဲ့ လုပ်ရည်ကိုင်ရည်ကိုအခြေခံပြီး ပါတီတွေကိုမဲပေးလေ့လည်းရှိတယ်။

နိုင်ငံသားတွေအတွက် အဲဒီဆင်ခြင်မှုအားလုံးဟာ ညီညီမျှမျှကို အရေးပါနေပြီး ဘယ်တစ်ခုကမှ အဆုံးအဖြတ်ပေးနိုင်တဲ့ဆင်ခြင်မှုမဟုတ်ဘူး။ ပါတီတွေနဲ့ နိုင်ငံရေးသမားတွေဟာ မတူညီတဲ့ဆင်ခြင်မှုအစဉ်လိုက်ကို တစ်ပြိုင်နက်တည်း ကိုးကားခြင်းအားဖြင့် နိုင်ငံသားတွေနဲ့ချိတ်ဆက်ဖို့လည်းကြိုးစားနိုင်တယ်။

ရိုးရှင်းစွာနဲ့ ပါတီတစ်ခုကို Programmatic ပါတီဖြစ်လာအောင် ဘာက လုပ်သလဲဆိုတော့ သူ့ရဲ့နိုင်ငံရေးအပေါ် အလေးထားမှုပဲဖြစ်တယ်။ နိုင်ငံရေးဟာ နိုင်ငံသားတွေအကောင်းအမြင်နဲ့ဖြစ်စေ (အကျိုးစီးပွားအဖြစ်)၊ ဒါမှမဟုတ် အဆိုးအမြင်နဲ့ဖြစ်စေ (ကုန်ကျမှုအဖြစ်) တန်ဖိုးထားတဲ့ အကျိုးဆက်တွေကို ဖော်ထုတ်ပေးတဲ့၊ အခွင့်အာဏာရှိတဲ့ လုပ်ဆောင်ချက်အစုအပေါင်းဖြစ်တယ်။ အဲဒီ အကျိုးဆက်တွေက ပါတီမဲပေးဖို့အတွက် အဲဒီအကြောင်းအရာခွဲတွေနဲ့ နိုင်ငံသားတွေတစ်ဦးတစ်ယောက်ချင်းက သက်ဆိုင်နေသလား၊ မသက်ဆိုင်နေဘူးလားဆိုတာကို နိုင်ငံသားတွေရဲ့ အမှတ်မဲ့စေတဲ့ကြီးမားတဲ့အကြောင်းအရာခွဲကို အကျိုးသက်ရောက်

မှုရှိတယ်။ ပါတီတစ်ခုဟာ အောက်ပါအချက်တွေကိုလိုက်နာတဲ့အခါ Programmatic ပါတီဖြစ်လာတယ်။

– Programmatic ရည်မှန်းချက်တွေအပေါ် ထုတ်ပြန်ကြေညာပြီး ယှဉ်ပြိုင်တယ်။ ဒီအချက်မှာ ပေါ်လစီအနေအထားတချို့နဲ့ (အတော်တော်များများသော အပိုင်းတွေအတွက်) အဲဒီအပေါ် ထင်မြင်ချက်တစ်ခုတည်းထားတဲ့ (စည်းလုံးမှု) အပေါ် သဘောတူညီမှုရှိတဲ့ပါတီတစ်ခုအတွင်းက နိုင်ငံရေးသမားတွေကိုလိုအပ်တယ်။ ဒါကြောင့် နိုင်ငံရေးသမားတစ်ယောက်ချင်းစီရဲ့ထင်မြင်ချက်ကို ကျော်လွန်ပြီး ပါတီရဲ့အသံကိုဖန်တီးခြင်းဖြစ်တယ်။

– ပါတီတွင်းညီညွတ်မှုကို အထူးသဖြင့်ပါတီက အလားအလာရှိတဲ့အနာဂတ် မဲပေးသူတွေ (အရေးပါတဲ့အရေးကိစ္စ) နဲ့အတူ ဆက်သွယ်ဖို့ သူ့ရဲ့ရွေးကောက်ပွဲဆိုင်ရာ နည်းဗျူဟာတွေထဲမှာ ဂရုစိုက်ပြီး ထုတ်ဖော်နေတဲ့အရေးကိစ္စတွေမှာအသုံးပြုတယ်။

– ၎င်းရဲ့အနေအထားတွေက တခြားသောပါတီတွေဆီကနေ ကွဲပြားနေရမယ်။ (အနေအထားယှဉ်ပြိုင်မှု) ပါတီတွေအတွင်းမှာ ကွဲပြားခြားနားမှုမရှိဘူးဆိုရင် သူတို့အနေနဲ့ အရေးကိစ္စတွေရဲ့အခြေခံအပေါ်မှာ မဲပေးသူတွေကို ဆွဲဆောင်သိမ်းသွင်းနိုင်မှာမဟုတ်ဘူး။ Programmatic နိုင်ငံရေးက ပါတီတွေအနေနဲ့ သက်ဆိုင်ရာကိစ္စတွေမှာ ဆန့်ကျင်ဘက်အနေအထားတွေယူဖို့ ပါတီတွေအတွက် နိုင်ငံရေးဆိုင်ရာ နှစ်ခြမ်းကွဲမှုလုံလုံလောက်လောက်ဖန်တီးနိုင်မှသာ ဖွံ့ဖြိုးတယ်။

အနိုင်ရရှိထားတဲ့ပါတီ၊ ဒါမှမဟုတ် အစိုးရအဖွဲ့ဖွဲ့တဲ့ပါတီတွေအနေနဲ့ ပါတီရဲ့ ရွေးကောက်ပွဲလှုပ်ရှားမှုပလက်ဖောင်းထဲမှာ ကတိပြုထားတဲ့ အရေးတကြီးကတိကဝတ်တွေကို လုပ်ဆောင်ပြရမယ်။ အမှန်တကယ်ပဲ ဘက်တော်သားအစိုးရတွေ အောင်မြင်မလားဆိုတာက သူတို့ရဲ့အားထုတ်မှုတွေအပြင် ပေါ်လစီရလဒ်အပေါ် အပြင်ဘက်လုပ်ဆောင်သူတွေရဲ့ တချို့သောပြောဆိုချက်တွေပေးထားတဲ့ အပြင်ဘက်အခြေအနေတွေ၊ ဒါမှမဟုတ် ပေါ်လစီတွေကိုပြီးမြောက်အောင်မြင်စေဖို့ နိုင်ငံရဲ့အုပ်ချုပ်မှုဆိုင်ရာစွမ်းရည်အပေါ်မှာမူတည်နေတယ်။ အမှန်တကယ်ကို အခြေအနေတွေအတွင်း တခြားသောအပြောင်းအလဲ၊ ဒါမှမဟုတ် လူထုဦးစားပေးမှုက ဒီလုပ်ငန်းစဉ်ကို အဟန့်အတားဖြစ်စေတယ်။

ပါတီတွေက ဒီအခြေအနေတွေ (ပြိုင်ဘက်တွေနဲ့ ဆက်စပ်လျက်ရှိတဲ့ပါတီတစ်ခုအနေနဲ့ နှစ်ခြမ်းကွဲစေတဲ့နိုင်ငံရဲ့အရေးပါတဲ့အရေးကိစ္စတွေမှာ ပါတီတွင်းညီညွတ်

မှုနဲ့ အဲဒီအချက်က ပါတီအနေနဲ့ အစိုးရအဖွဲ့အတွင်းရောက်သွားပြီဆိုရင် ဖြစ်လာလိမ့်မယ်) ကို တစ်ပြိုင်နက်တည်းရရှိခြင်းဟာ နိုင်ငံရေးဆိုင်ရာအသွင်အပြင်ထဲက Programmatic ကျကျရွေးချယ်ခြင်းတစ်ခုကို မဲပေးသူတွေက တောင်းဆိုနေတာပဲဖြစ်တယ်။ ရှင်းရှင်းလင်းလင်းလုပ်ဆောင်ဖို့ ပါတီတွေရဲ့အားထုတ်မှု၊ တိကျပြီးကိုးစားလောက်တဲ့ ပေါ်လစီတွေက မရှိမဖြစ်ဖြစ်ပေမဲ့ မဲပေးသူနဲ့ ပါတီတွေအကြား Programmatic အချိတ်အဆက်တွေအပေါ်အခြေခံတဲ့ပါတီစနစ်တစ်ခုကို ဖန်တီးဖို့အတွက်တော့ မလုံလောက်တဲ့အနေအထားဖြစ်တယ်။ နိုင်ငံသားတွေက အချိတ်အဆက်တွေထဲကို သူတို့ရဲ့အကျိုးပြုမှုတွေထည့်ဝင်ရမယ်။ အနည်းဆုံးတချို့သောနိုင်ငံသားတွေအနေနဲ့ ပါတီရဲ့ရည်ရွယ်ချက်တွေကို နားလည်ဖို့လိုအပ်ပြီး အဲဒီဦးတည်ချက်တွေအပေါ် ပုဂ္ဂိုလ်ရေးဦးစားပေးမှုတွေရှိဖို့လိုအပ်တယ်။ နိုင်ငံသားတွေက သူတို့ရဲ့ပုဂ္ဂိုလ်ရေးကိစ္စအနေအထားတွေ ဖွံ့ဖြိုးလာမယ်ဆိုရင် သူတို့အနေနဲ့ ပါတီတွေနဲ့ ဆက်နွယ်လာပြီး အဲဒီသတင်းအချက်အလက်တွေကို ဘယ်ပါတီကိုအားပေးထောက်ခံမလဲဆိုတဲ့နေရာမှာ အသုံးချနိုင်တယ်။ နိုင်ငံသားတွေဟာ သူတို့ရဲ့ နိုင်ငံပေါ်လစီဦးတည်ချက်တွေအပေါ်အခြေခံပြီး ပါတီတွေအကြားမှာရွေးချယ်ရမယ်။ တခြားသောဖြစ်နိုင်ဖွယ်ချိတ်ဆက်မှုနည်းလမ်းတွေအပေါ်လွှမ်းမိုးဖို့ နိုင်ငံသားနဲ့ပါတီတွေအကြားက မူဝါဒအစီအစဉ်တကျမဲဆွယ်ခြင်းဆိုင်ရာအချိတ်အဆက်အတွက် ဆောင်ရွက်ဖို့ရည်ရွယ်တဲ့နိုင်ငံရေးသမားတွေနဲ့ နိုင်ငံသားတွေက တောင်းဆိုတဲ့ပေါ်လစီတွေအကြား ထပ်တူညီမှုတွေရှိဖို့လိုတယ်။ တခြားနည်းနဲ့ပြောရရင် နိုင်ငံသားနဲ့ ပါတီတွေအကြား ကိုယ်စားပြုမှုဆက်ဆံရေးတစ်ချို့ရှိရမယ်။

နိုင်ငံသားနဲ့ နိုင်ငံရေးသမားတွေအကြားက Programmatic အချိတ်အဆက်တွေဟာ မက်လုံးပေးမဲဆွယ်ခြင်း၊ ဒါမှမဟုတ် လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်အခြေခံရွေးချယ်ခြင်းအချိတ်အဆက်တွေနဲ့ ခြားနားတယ်။ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေဟာ တစ်ဦးချင်းမဲပေးသူတွေ၊ ဒါမှမဟုတ် မဲပေးသူအုပ်စုငယ်လေးတွေအတွက် ပစ်မှတ်ထားတဲ့အကျိုးစီးပွားတွေ အရံသင့်ပြင်ထားခြင်းအားဖြင့် မဲပေးသူတွေကိုစုစည်းတယ်။ တစ်ဖက်မှာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ်အခြေခံရွေးချယ်ခြင်းပါတီတွေကတော့ ကျယ်ပြန့်တဲ့ပေါ်လစီတင်ပြချက်တွေ၊ ဒါမှမဟုတ် အထူးပြုပစ်မှတ်ထားတဲ့ရုပ်ဝတ္ထုအကျိုးစီးပွားတွေအစား ယုံကြည်မှုတွေကိုသွတ်သွင်းပေးပြီး မဲပေးသူတွေအပေါ် သစ္စာခံတဲ့သူတို့ခေါင်းဆောင်တွေရဲ့ ပြိုင်ဘက်ကင်းပြီး၊ ပုဂ္ဂိုလ်

တစ်ဦးတစ်ယောက်အလိုက် ကိုယ်ရည်ကိုယ်သွေးအရည်အသွေးတွေအရမဲပေးသူတွေကို ဆွဲဆောင်တယ်။ မက်လုံးပေးမဲဆွယ်ခြင်းပြင်ဆင်မှုထဲက မဲပေးသူတွေနဲ့ ပါတီတွေအကြားကဆက်ဆံရေးဟာ နှစ်ဦးနှစ်ဖက်စလုံးရဲ့ အကျိုးဖြစ်ထွန်းမှုအပေါ်မှာအခြေခံတယ်။ မဲပေးသူတွေက သူတို့၊ သူမတို့ရဲ့ အားပေးထောက်ခံမှုတွေကို အနိုင်ရပြီးနောက်မှာ ထည့်ဝင်လိမ့်မယ်ဆိုတဲ့ခြွင်းချက်နဲ့အတူ ပါတီနဲ့ရုပ်ဝတ္ထုအကျိုးကျေးဇူးဖလှယ်မှုထဲကိုဝင်ရောက်တယ်။ အဲဒီအကျိုးကျေးဇူးကို မဲဆန္ဒနယ်တစ်ခုလုံးအတွက် မဖန်တီးနိုင်ပေမဲ့ ပါတီရဲ့မက်လုံးပေးမဲဆွယ်တဲ့ကွန်ရက်ရဲ့အဖွဲ့ဝင်တွေအတွက် ပိုမိုနီးစပ်တယ်။

အချိတ်အဆက်အမျိုးအစားတစ်ခုချင်းစီက ပါတီတွေအကြား သူတို့ရဲ့ကိုယ်ပိုင်ပြိုင်ဆိုင်မှုဒိုင်းနမစ်ကိုမောင်းနှင်တယ်။ Programmatic သတင်းစကားကို မဲပေးသူတွေနဲ့အတူပျံ့လွင့်ကျယ်လောင်နေတဲ့နေရာမှာ ပါတီတွေဟာ ဆွဲဆောင်မှုရှိတဲ့ ပေါ်လစီအစုအစည်းကိုတင်ပြခြင်းအားဖြင့် ယှဉ်ပြိုင်တယ်။ မက်လုံးပေးမဲဆွယ်မှုက လွှမ်းမိုးနေတဲ့နေရာမှာ ပါတီတွေဟာ ပစ်မှတ်ထားတဲ့၊ အရေးပေါ် အကျိုးစီးပွားတွေကိုထောက်ပံ့ခြင်းအားဖြင့် တစ်ဦးနဲ့တစ်ဦးအပြန်အလှန် အပြိုင်အဆိုင်လုယက်ကြတယ်။ ပါတီရဲ့ခေါင်းဆောင်မှုကိုယ်ရည်ကိုယ်သွေးတွေက မဲပေးသူတွေ အကြားပျံ့နှံ့နေတဲ့အခါ ပါတီတွေဟာ သူတို့ရဲ့အဓိကနိုင်ငံရေးသမားတွေရဲ့စတိုင်တွေ၊ အကျင့်တွေနဲ့ သင်္ကေတတွေကို တူးဖော်ရှာဖွေဖို့ အထူးဂရုပြုကြတယ်။

> ### Box ၂.၁ ဖြစ်ရပ်အနေနဲ့လေ့လာခံနိုင်ငံများရဲ့ ပါတီစနစ်များထဲမှ Programmatic ဆိုင်ရာတည်ဆောက်ပုံ
>
> ဒိုမီနီကန်ရီပတ်ဘလစ်မှာ ပါတီတွေဟာ အနည်းငယ်သောမူဝါဒအစီအစဉ်တကျမဲဆွယ်ခြင်းကိုပြသကြတယ်။ ပါတီ Programmatic အနေအထားတွေက ရောနှောနေပြီး အဲဒါကြောင့် မဲပေးသူတွေအနေနဲ့ အဲဒီသတင်းအချက်အလက်တွေ အပေါ်အခြေခံပြီး ပါတီတွေအကြား မရွေးချယ်နိုင်ကြချေ။ ပါတီတွေဟာ မက်လုံးပေးမဲဆွယ်ခြင်းနဲ့ ကိုယ်ရည်ကိုယ်

သွေးနဲ့မဲဆွယ်ခြင်းလုပ်ဆောင်ချက်တွေအပေါ် အဓိကထားအခြေခံပြီး ယှဉ်ပြိုင်ကြတယ်။

ဘရာဇီးမှာ မဲပေးသူတွေက ပေါ်လစီရပ်တည်မှုအပေါ်အခြေခံပြီး ပါတီတွေအကြားရွေးချယ်နိုင်စွမ်းအနည်းငယ်ကိုသာ ပြသနိုင်ကြပေမဲ့ တချို့သောအဓိကပါတီတွေက ပြီးခဲ့တဲ့နှစ် ၂၀ လောက်ကနေစလို့ Programmatic အားထုတ်မှုတွေကို စတင်လုပ်ဆောင်လာခဲ့ကြပြီဖြစ်တယ်။ အထူးသဖြင့် လက်ဝဲယိမ်းဘက်မှာ Workers' Party (PT) ၊ ဗဟိုလက်ယာဘက်မှာ Social Democrats နဲ့ လက်ယာဘက်မှာ (Market)Liberals တို့ရှိကြတယ်။ ဘရာဇီးရဲ့ပါတီစနစ်ဟာ မက်လုံးပေးမဲဆွယ်ခြင်းဆီကပိုမိုပြီး Programmatic တင်ပြချက်တွေဆီကို နိုင်ငံသား–နိုင်ငံရေးသမားအချိတ်အဆက်နည်းဗျူဟာတွေရဲ့ ဒိုင်းနမစ်အပြောင်းအလဲနဲ့ ထိတွေ့ခဲ့တယ်။

ထိုင်ဝမ်မှာ မကြာသေးမီအထိ အဓိကပါတီကြီးနှစ်ခုဟာ တချို့အနည်းငယ်သော အရေးကိစ္စလေးတွေလောက်မှာ Programmatic အားဖြင့်ကွဲပြားကြပေမဲ့၊ တသီးတသန့်ကြီးမဟုတ်ပေမဲ့ အဓိကအားဖြင့် မက်လုံးပေးမဲဆွယ်ခြင်းအားထုတ်မှုအပေါ်မှာသာအခြေခံပြီး မဲအတွက်ဆက်လက်ပြိုင်ဆိုင်နေကြတယ်။

အိန္ဒိယမှာ မြင့်မားစွာရောစပ်ရှုပ်ထွေးနေတဲ့ ဒေသဆိုင်ရာကွဲပြားမှုပါတီစနစ်တွေဟာ Programmatic ဆိုင်ရာ ဘက်တော်သား အားထုတ်မှုတွေထက် မက်လုံးပေးမဲဆွယ်မှုတွေကိုသာ အဓိကထားမောင်းနှင်နေကြပြီး မကြာသေးခင် ဆယ်စုနှစ်တွေအတွင်း လုံးဝအပြောင်းအလဲမရှိသေးဘူး။ ကွန်မြူနစ်ပါတီငယ်နှစ်ခုအပါအဝင် ဒေသခံပါတီတစ်ချို့နဲ့ပါတီအပိုင်းတချို့ကသာ ခြွင်းချက်ထဲမှာပါဝင်တယ်။

တောင်ကိုရီးယားမှာ အဓိကပါတီတွေဟာ ထောင်စုနှစ်အပြောင်းအလဲဆီကိုဦးတည်ပြီး မက်လုံးပေးမဲဆွယ်မှုဆီကနေ ထင်ထင်ရှားရှား မူဝါဒ Programmatic အားထုတ်မှုဆီ သိမ်မွေ့စွာအပြောင်းအလဲလုပ်ဖို့ ကြိုးစားလာခဲ့ကြပေမဲ့ မဲပေးသူတွေကတော့ အဲဒီနောက်ကို လိုက်မလာသေးဘူး။ သူတို့ရဲ့ Programmatic ကွဲပြားမှုအပေါ်မူတည်ပြီး ပါတီတွေအကြားရွေးချယ်မပြုလုပ်ဖို့အားသန်ကြတယ်။

တူရကီမှာ ၁၉၉၀ ခုနှစ်များဆီကတည်းက ပါတီအသစ်တွေ တည်ထောင်ခဲ့ကြပြီး ပါတီပြုပြင်ပြောင်းလဲရေးက အဓိကနိုင်ငံရေးပါတီ တွေအတွက် Programmatic ဆိုင်ရာအားထုတ်မှုကို အရှိန်မြှင့်ပေးခဲ့တယ်။ သို့သော်လည်း ပါတီတွေက သူတို့ရဲ့မူဝါဒအ စီအစဉ်တကျမဲ ဆွယ်မှုအားထုတ်မှုကို ဖျက်လတ်တဲ့ မက်လုံးပေးမဲဆွယ်ခြင်း (အားလုံးထက်မြင့်တဲ့ပါတီ) နဲ့ပေါင်းစပ်လိုက်ကြတယ်။ တောင် ကိုရီးယားမှာလိုပဲ ပါတီရဲ့ Programmatic နိုင်ငံရေးကွဲပြားမှုအပေါ် အခြေခံပြီး သူတို့ရဲ့ရွေးချယ်မှုကို မဲပေးသူတွေက တည်ဆောက်နိုင်တာကို ခုထိသက်သေအနည်းငယ်ပဲတွေ့ရသေးတယ်။

နောက်ဆုံးအနေနဲ့ ဘူလ်ဂေးရီးယားမှာ ပါတီတွေရဲ့ Programmatic တည်ဆောက်ပုံရဲ့အထက်တန်းလွှာအဆင့်တွေမှာ ပုံမှန် မဟုတ်သေးဘဲ တချို့အပိုင်းတွေမှာ ဆိုရှယ်လစ်မဟုတ်တဲ့ပါတီတွေ အကြားက အနုတ်အသိမ်းနဲ့တည်ငြိမ်မှုကြောင့် ပုံမှန်မြင်တွေ့နေကြ မဟုတ်သေးဘူး။ မဲပေးသူတွေဟာ တခြားအရာတွေထက် သူတို့ရဲ့အရေး ကိစ္စအနေအထားတွေအပေါ်မူတည်ပြီး ပါတီတွေအကြား ပိုမိုရှင်းရှင်း လင်းလင်း ရွေးချယ်ကြတယ်။ ဒါပေမဲ့ နိုင်ငံရေးဆိုင်ရာအထက်တန်းလွှာ တွေကတော့ တောင်ကိုရီးယားနဲ့ တူရကီမှာလို ဘက်တော်သားဦးစားပေးမှု ကို ရှင်းရှင်းလင်းလင်းမဖော်ပြကြဘူး။

---

မှတ်ချက်။ ။ ၂၀၁၃ခုနှစ်မှာ *Aam Aadmi Party (AAM) ပါတီပေါ်ထွက်လာခြင်းကို ခြွင်းချက်အဖြစ်မှတ်ယူနိုင်ပေမဲ့ ပြောဖို့အတွက် စောလွန်းနေပါသေးတယ်။

## *ဘာကြောင့် ပါတီများ၊ ပါတီစနစ်များအနေနဲ့ အနည်းနဲ့အများ Programmatic ကျလာကြတာလဲ*

ဘာကြောင့်ပါတီတွေနဲ့၊ ပါတီစနစ်တွေအနေနဲ့ အနည်းနဲ့အများ Programmatic ကျလာကြတာလဲဆိုတာကို ရှင်းပြနိုင်တဲ့အခြေအနေတွေကို အကြောင်းအရာသုံးခုအဖြစ် ပိုင်းခြားနိုင်တယ်။ ပထမဦးဆုံးအနေနဲ့ ကာလတို၊ ဒါမှမဟုတ် ကာလလတ်လုပ်ဆောင်မှုအတွင်းမှာ နိုင်ငံရေးသမားတွေ ရိုးရိုးရှင်းရှင်းမပြောင်းလဲနိုင်တဲ့ မာကျောတဲ့ ပြင်ပအခြေအနေတွေဖြစ်နိုင်တယ်။ ဒါမှမဟုတ် ပေါ်လစီပါဝါတည်ဆောက်ပုံအတွင်းပြောင်းလဲမှုကို ဖြစ်ပေါ်စေလိမ့်မယ်။ ဒီအပိုင်းမှာ အောက်ပါအခြေအနေ ၄ ခုက Programmatic ပါတီပြိုင်ပွဲအတွက် မာကျောတဲ့အတားအဆီး (ဒါမှမဟုတ် အကောင်အထည်ဖော်ဆောင်ရွက်သူ) ဖြစ်သလားဆိုတာကို ရှာဖွေဆန်းစစ်ထားတယ်။ အဲဒါတွေကတော့ (၁) ရွေးကောက်ပွဲရဲ့လွတ်လပ်ပြီး တရားမျှတခြင်း (၂) တိုးပွားလာသော ဒီမိုကရေစီအတွေ့အကြုံ (၃) လူမျိုးစု ကွဲပြားမျိုးစုံမှုနဲ့ (၄) စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွေပဲဖြစ်တယ်။

ဒုတိယအနေနဲ့ Programmatic အားဖြင့် ပါတီရဲ့ပြိုင်ဆိုင်နိုင်စွမ်းကိုစုစည်းနိုင်၊ ဒါမှမဟုတ် တွန်းအားပေးနိုင်ပေမဲ့ နိုင်ငံရေးသမားတွေရဲ့ထိန်းချုပ်မှုအောက်က စဉ်းစားချင့်ချိန်စရာပမာဏတစ်ခုဖြစ်တဲ့ အလားအလာရှိတဲ့ ပျော့ပြောင်းတဲ့အနေအထားအတန်းအစားတစ်ခုရှိတယ်။ နိုင်ငံရေးသမားတွေအနေနဲ့ မူဝါဒအစီအစဉ်တကျမဲဆွယ်ခြင်းအားဖြင့် ယှဉ်ပြိုင်တဲ့ပါတီတွေရဲ့စွမ်းဆောင်နိုင်ရည်ကို မြှင့်တင်ဖို့၊ ဒါမှမဟုတ် လျော့ချဖို့ ဒီအခြေအနေတွေကို လုံလောက်စွာပြောင်းလဲပစ်နိုင်တယ်။ အဲဒီပျော့ပြောင်းတဲ့အခြေအနေတွေကို နိုင်ငံတစ်ခုရဲ့အောက်ပါအချက်တွေအဖြစ်မှတ်ယူနိုင်တယ်။ (၁) နိုင်ငံရေးဘောဂဗေဒဖွံ့ဖြိုးမှုနည်းဗျူဟာ (၂) စီးပွားရေးအကျပ်အတည်း၊ (၃) ရွေးကောက်ပွဲဆိုင်ရာပြိုင်ဆိုင်မှုရဲ့ ယှဉ်ပြိုင်နိုင်စွမ်းနဲ့ (၄) နိုင်ငံရေးပါတီတွေရဲ့ အတွင်းပိုင်းအဖွဲ့အစည်းတွေနဲ့ တရားဝင်ဖြစ်တဲ့ဘက်တော်သားသီးသန့်အဖွဲ့ငယ်တို့ဖြစ်ကြတယ်။

နောက်ဆုံးအနေနဲ့ Programmatic ပါတီပြိုင်ပွဲကို ယုတ္တိရှိရှိသက်ရောက်စေပေမဲ့ အဲဒီအတွက်သက်သေတွေကတော့ လတ်တလောမှာ ဘယ်လိုယုံကြည်မှုဒီဂရီနဲ့မဆိုသူတို့ရဲ့အမှတ်မထင်အခန်းကဏ္ဍကို ဆုံးဖြတ်ဖို့အတွက် အလွန်စနစ်

မကျနပ်ပြီး ပြန့်ကျဲစိတ်မွှာနေတဲ့ တတိယအနေအထားအုပ်စုတစ်ခုရှိတယ်။ အဲဒါကြောင့် ထုတ်ဖော်နိုင်တဲ့ အလားအလာရှိတဲ့အနေအထားနှစ်ခုကတော့ (၁) ဒီမိုကရက်တစ် အင်စတီကျူးရှင်းတွေရဲ့အခန်းကဏ္ဍ၊ (၂) အရပ်ဘက်လူမှုအဖွဲ့အစည်းရဲ့အခန်းကဏ္ဍ တို့ဖြစ်တယ်။

## ဖြစ်ရပ်နှင့်အချက်အလက်များ

သုံးသပ်လေ့လာချက်က နက်နက်ရှိုင်းရှိုင်းအရည်အသွေးဆိုင်ရာဖြစ်ရပ်လေ့လာချက်တွေအပြင် စနစ်တကျနှိုင်းယှဉ်ထားတဲ့ပမာဏဆိုင်ရာသက်သေအထောက်အထားတွေအပေါ်ကရေးဆွဲမှုတွေကို ဒီနေရာမှာမှတ်တမ်းတင်ခဲ့တယ်။ ပန်းတိုင်ကတော့ အဲဒီအခြေအနေတွေအောက်မှာ ဘယ်ပါတီကတော့ Programmatic စည်းရုံးမှုကိုဦးစားပေးဖို့နဲ့ အဲဒီလိုအားထုတ်မှုကိုပြုလုပ်ခြင်းအတွက် သူတို့ရဲ့မဲပေးသူတွေအားဖြင့်တာဝန်ယူမှုကိုကိုင်စွဲသလဲဆိုတာကို ဆုံးဖြတ်ပေးဖို့ဖြစ်တယ်။ ပထမသုံးသပ်လေ့လာခြင်းနည်းဗျူဟာက ဘရာဇီး၊ ဘူလ်ဂေးရီးယား၊ ဒိုမီနီကန်ရီပတ်ဘလစ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်နဲ့ တူရကီတို့ဆီက အရည်အသွေးဆိုင်ရာနိုင်ငံဖြစ်ရပ်လေ့လာမှု ၇ ခုရှိတဲ့အစုတစ်စုကိုရေးဆွဲတယ်။ သူတို့က မတူညီတဲ့ဆက်တင်တွေနဲ့ အချိန်ပိုထဲမှာ စုစုပေါင်း ၄၅ ပါတီနီးပါးကိုဖုံးအုပ်ထားတယ်။ နိုင်ငံအားလုံးဟာ ဖွံ့ဖြိုးဆဲကမ္ဘာက နိုင်ငံတွေနဲ့၊ ဒါမှမဟုတ် မကြာသေးခင်ကမှ ဒီမိုကရေစီကိုမြည်းစမ်းကြည့်ဖူးသူများဖြစ်ကြတယ်။ သူတို့ကို ကွဲပြားဖို့အတွက် ရွေးချယ်ထားတာဖြစ်တယ်။ (၁) မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့အားထုတ်မှုကိုပြုလုပ်တဲ့ပါတီရဲ့ပမာဏနဲ့၊ ဒါမှမဟုတ် ပြီးခဲ့တဲ့ နှစ် ၂၀ အတွင်းက သူတို့ရဲ့ အားထုတ်မှုတွေကိုပြောင်းလဲခဲ့တဲ့ပမာဏနဲ့ (၂) Programmatic အရိပ်နိမိတ်အပေါ်အခြေခံတဲ့ပါတီတွေအကြား မဲပေးသူတွေရဲ့ရွေးချယ်နိုင်စွမ်း။

ဒုတိယဖြစ်ရပ်အစုက Democratic Accountablity and Linkage Project (DALP) ရဲ့ ကျွမ်းကျင်သူစာရင်းကောက်ယူမှုအပေါ်မှာ ရေးသားထားတယ်။ အဲဒါဟာ အခြေချနေထိုင်သူ ၂ သန်းကျော်နဲ့အတူ ရွေးကောက်ပွဲဆိုင်ရာဒီမိုကရေစီ၊ ဒါမှမဟုတ် စပ်ပေါင်းအုပ်ချုပ်မှုစနစ်ထဲမှာ ကမ္ဘာတစ်လွှားကပါတီစုစုပေါင်း ၅၀၆ ခုကိုဖုံးအုပ်ထားပြီး နိုင်ငံ ၈၈ နိုင်ငံမှာ ဖြစ်ရပ်အပေါ်တုံ့ပြန်သူ ၁၄၀၀ နဲ့ ထိတွေ့ထား

တဲ့ စာရင်းကောက်ယူမှုဖြစ်တယ်။ အဲဒီအချက်အလက်တွေကို Programmatic ပါတီအားထုတ်မှုနဲ့ ယှဉ်ပြိုင်မှုရဲ့ဒီဂရီတွေကိုဖော်ပြဖို့နဲ့ ရှင်းပြဖို့ အသုံးပြုခံရတယ်။ ဒီသတင်းအချက်အလက်အစုအဝေးတွေထဲမှာ ပါတီတွေအကြောင်းသတင်းအချက်အလက်ကြွယ်ဝမှုအကြား ဒီစာရင်းကောက်ယူမှုစစ်တမ်းက ပါတီတွေရဲ့ Programmatic နဲ့ မက်လုံးပေးမဲဆွယ်ခြင်းအားထုတ်မှုရဲ့ ဖော်ပြချက်အတိုင်းအတာရဲ့ဆိုလိုချက်ကိုခွင့်ပြုတယ်။

– Programmatic အားထုတ်မှုဆိုတဲ့အခေါ်အဝေါ်အရ အချက်အလက်တွေက ပါတီကအရေးကြီးတဲ့ပေါ်လစီအရေးကိစ္စတွေရဲ့ လက်ခွဲတစ်ခုလောက်ပဲဖြစ်ဖြစ်အပေါ်မှာ ပါတီတွင်းဆန်ဆန်စုစည်းမှုကိုတင်ပြဖို့ပြုလုပ်ပြီး မတူညီတဲ့အရေးကိစ္စအနေအထား (နှစ်ခြမ်းကွဲခြင်း) တွေဖြစ်ပေါ်ခြင်းအားဖြင့် တစ်ခုနဲ့တစ်ခု သူတို့ဘာသာသူတို့ကွဲပြားစေတဲ့ပမာဏကို ထုတ်ဖော်တယ်။ ဒီသတင်းအချက်အလက်က အဲဒီနောက်မှာ ညီညွတ်မှု၊ အရေးပါမှုနဲ့ နှစ်ခြမ်းကွဲလွဲမှုတို့ကို စုပေါင်းနိုင်တဲ့ပါတီရဲ့စွမ်းဆောင်ရည်တစ်ခုကို ဖော်ထုတ်ဖို့အတွက် Programmatic ဘက်တော်သားအားထုတ်မှုရဲ့ ညွှန်ကိန်းတစ်ခုရဲ့ဆိုလိုချက်ကို ခွင့်ပြုပေးတယ်။ အဲဒါကို CoSalPo လို့ခေါ်တယ်။ CoSalPo ညွှန်းကိန်းရမှတ်တွေဟာ တသီးတခြားပါတီနှစ်ခုစလုံးအတွက်နဲ့ ပါတီစနစ်အတွက် ပြိုင်ပွဲအားလုံးအတွက် တွက်ချက်ခံရနိုင်တယ်။

– မက်လုံးပေးမဲဆွယ်ခြင်းကို အမြင်အရကျွမ်းကျင်သူတွေက ပုဂ္ဂိုလ်ရေးဆိုင်ရာလက်ဆောင်၊ ဒါမှမဟုတ် ငွေကြေး (မဲဝယ်ခြင်း)၊ လူမှုဖူလုံရေးအကျိုးစီးပွား၊ လူထုအိမ်ယာစီမံကိန်း၊ ဒါမှမဟုတ် အလုပ်အကိုင်တွေ၊ ဒါမှမဟုတ် လူထုအလုပ်အကိုင်စာချုပ်တွေစတဲ့ အကျိုးကျေးဇူးတွေကို ကမ်းလှမ်းခြင်းအားဖြင့် တသီးတခြားမဲပေးသူတွေ၊ ဒါမှမဟုတ် မဲပေးသူအုပ်စုငယ်လေးတွေကို ပါတီကပစ်မှတ်ထားသလားဆိုတာကို အကဲဖြတ်အမှတ်ပေးတယ်။ ထပ်မံပြီးမက်လုံးပေးမဲဆွယ်မှုအားထုတ်ချက်ရဲ့ပေါင်းစပ်ထားတဲ့ညွှန်ကိန်းက တသီးတခြားပါတီနှစ်ခုစလုံးအတွက် ပေါ်လစီတစ်ခုအတွင်းက ပါတီတွေအားလုံးအတွက်ပျမ်းမျှအဖြစ် တည်ဆောက်ခံရနိုင်တယ်။

– အဲဒီညွှန်းကိန်းနှစ်ခုစလုံးကို အသုံးပြုခြင်းအားဖြင့် ပါတီတွေရဲ့ Programmatic တင်ပြချက်တွေဟာ သူတို့ရဲ့မက်လုံးပေးမဲဆွယ်မှုအားထုတ်ချက်တွေနဲ့ ဘယ်လိုဆက်နွှယ်နေသလဲဆိုတာကို လက်တွေ့ကျကျအခြေချခံရနိုင်တယ်။ (ဥပမာ ပါတီတွေက သူတို့ရဲ့လှုပ်ရှားမှုတွေကို တစ်ခု၊ ဒါမှမဟုတ် တခြားတစ်ခုမှာ စုပြုံထား

တာ၊ ဒါမှမဟုတ် နှစ်ခုစလုံးကိုပေါင်းစည်းပြီး အားလုံးမြင့်မားတဲ့ပါတီတွေဖြစ်လာတာ)။

– မဲပေးသူနဲ့ နိုင်ငံရေးသမားတွေရဲ့အကြားက Programmatic အချိတ်အဆက်တွေကို ခွဲခြမ်းစိတ်ဖြာလေ့လာမှုကို အားဖြည့်ပေးဖို့အတွက် မဲပေးသူကိုယ်ပိုင်ပေါ်လစီအနေအထားတွေက သူတို့ကို ရွေးကောက်ပွဲဆိုင်ရာလုပ်ငန်းစဉ်အတွင်းက ပါတီတွေအကြား ရွေးချယ်ဖို့အတွက်ကူညီပေးနိုင်တဲ့ပမာဏကိုလေ့လာဖို့ အလွန်အသုံးဝင်တယ်။ ပါတီရဲ့မဲပေးသူတွေက ပါတီရဲ့အီလစ်တွေရဲ့ ပေါ်လစီအနေအထားကို မျှဝေတဲ့ပမာဏနဲ့ မဲပေးသူနဲ့ နိုင်ငံရေးသမားတွေအကြားက Programmatic ထပ်တူညီမှုကိုမောင်းနှင်တဲ့ပမာဏကို ဆုံးဖြတ်ပေးနိုင်တယ်။ အဲဒါက နိုင်ငံသားတွေနဲ့ သူတို့ရဲ့ကိုယ်စားလှယ်တွေအကြားက Programmatic အချိတ်အဆက်တစ်ခုကိုညွှန်ပြတယ်။

## ခက်ခဲတဲ့အနေအထား။ ။ အဟန့်အတားများနဲ့ Programmatic ရဲ့ အခွင့်အလမ်းများ

### *ရွေးကောက်ပွဲရဲ့ လွတ်လပ်ပြီး တရားမျှတမှုဒီဂရီ*

ပထမဦးဆုံးအနေနဲ့ ရွေးကောက်ပွဲစနစ်နဲ့ရွေးကောက်ပွဲရဲ့လွတ်လပ်ပြီး တရားမျှတတဲ့အဆင့်က ပါတီ၊ ဒါမှမဟုတ် စနစ်တို့ Programmatic ဖြစ်လာသလားဆိုတာကို အဆုံးအဖြစ်ပေးခြင်းမှာ အရေးပါတဲ့အကြောင်းအရင်းခံဖြစ်လိမ့်မယ်ဆိုတာဟာ ယုတ္တိရှိပုံပေါ်တယ်။ နိုင်ငံရေးနဲ့ အရပ်ဘက်အခွင့်အရေးအပေါ်မှာ ကန့်သတ်ချက်တွေရှိနေတဲ့နေရာမှာ ရွေးကောက်ပွဲဆိုင်ရာယှဉ်ပြိုင်မှုကင်းမဲ့ခြင်းက Programmatic အပေါ်အခြေခံတဲ့နိုင်ငံရေးအတွက်တောင်းဆိုမှုအပါအဝင် နိုင်ငံရေးသမားတွေရဲ့ ပေါ်လစီ Programmatic တွေကို ဆက်သွယ်ဖို့ အစွမ်းအစတွေကိုပါ ကန့်သတ်ပေးနိုင်တယ်။ အဲဒီအပြင် ပါဝါကို ထိန်းသိမ်းဖို့အတွက် ဒီမိုကရေစီစနစ်တွေနည်းပါးတဲ့အထဲက ထင်ရှားတဲ့ပါတီတွေဟာ နိုင်ငံရေးဆိုင်ရာ ထိန်းချုပ်မှုတွေကို သေချာစေဖို့ သေးငယ်ပြီးအဓိကကျတဲ့မဲဆန္ဒနယ်တွေဆီ မက်လုံးပေး မဲဆွယ်တဲ့

အကျိုးကျေးဇူးတွေနဲ့ ဝန်ဆောင်မှုတွေအသုံးပြုခြင်းကို မတတ်သာတဲ့အဆုံး ကျင့်သုံးရဖွယ်ရှိနိုင်တယ်။ (Lust 2009 တွင်ရှု)

အမှန်တော့ အချက်အလက်တွေက ဘယ်နေရာမှာ ဒီမိုကရေစီအားနည်းနေသလဲ၊ နိုင်ငံရေးသမားတွေက Programmatic ကျနတဲ့အားထုတ်မှုတွေကို နည်းနည်းပဲလုပ်နေသလဲဆိုတာကို ထုတ်ဖော်ပြသတယ်။ ယေဘုယျအားဖြင့် အဓိက အားဖြင့် Programmatic ကျနတဲ့တင်ပြချက်တွေကို ပြုလုပ်တဲ့ပါတီတွေရဲ့ကြီးစိုးလွှမ်းမိုးမှုနဲ့အတူ နိုင်ငံတွေဟာ ပြည့်ဝတဲ့ဒီမိုကရေစီဖြစ်လာဖို့ အားသန်ကြတယ်။

သို့သော်လည်း အဲဒီအရည်အသွေးတွေရဲ့ နည်းစနစ်အရ သိသာမြင်သာတဲ့ သက်ရောက်မှုဟာ အဓိကကျတဲ့အပြိုင်ရှင်းလင်းချက်အတွက် နောက်ထပ်ထိန်းချုပ်မှုတွေကို ထပ်ထည့်လိုက်တဲ့အချိန်မှာပဲ ပျောက်ကွယ်သွားတယ်။ အထူးသဖြင့် နိုင်ငံတွေရဲ့ နှိုင်းရသက်ရောက်မှုအတွက်ပေါ့။ သက်ရောက်မှုနည်းပါးတဲ့နိုင်ငံတွေကြားထဲမှာပဲ တန်းတူရှိတဲ့ဒီမိုကရက်တစ်ကစားကွင်းတစ်ခုရဲ့တည်ရှိမှုဟာ ပါတီတွေအနေနဲ့ Programmatic ကျနတဲ့တင်ပြချက်တွေကို ပိုမိုပြုလုပ်လိမ့်မယ်ဆိုတဲ့အခွင့်အရေးတွေကိုတိုးတက်စေဖို့ကျရှုံးခဲ့တယ်။ နိုင်ငံ ၇ နိုင်ငံ အပေါ်လေ့လာထားတဲ့ဖြစ်ရပ်လေ့လာချက်တွေက အောက်ပါအချက်တွေကိုအတည်ပြုပေးတယ်။ လွန်ခဲ့တဲ့ဆယ်စုနှစ်တွေအတွင်း သူတို့အားလုံးမှာ လွတ်လပ်ပြီးတရားမျှတတဲ့ရွေးကောက်ပွဲတွေရှိခဲ့တဲ့အတွက် သူတို့ဒီမိုကရေစီရဲ့အရည်အသွေးမှာ ကြီးမားတဲ့မတူခြားနားချက်ကို သူတို့မပြသခဲ့ဘူး။ ဒါပေမဲ့သူတို့ရဲ့ပါတီတွေက အလွန်ကွာခြားတဲ့ပမာဏကို Programmatic ကျနတဲ့တင်ပြချက်တွေမှာ ထိတွေ့ခဲ့တယ်။

## *ဒီမိုကရက်တစ်အတွေ့အကြုံ*

နိုင်ငံတစ်နိုင်ငံရဲ့ တစ်စတစ်စတိုးပွားလာတဲ့ ဒီမိုကရေစီအတွေ့အကြုံတွေက Programmatic ကျနတဲ့နိုင်ငံရေးဆီကိုသွားဖို့အတွက် အဆင့်ဆင့်ပြောင်းလဲမှုတစ်ခုရဲ့ မျက်နှာသာပေးမှုထဲက အားကောင်းတဲ့အကြောင်းအရင်းခံတစ်ခုဖြစ်မယ်လို့ မျှော်လင့်နေနိုင်တယ်။ ဒီမျှော်လင့်ချက်ဟာ ရွေးကောက်ပွဲအကြိမ်ကြိမ်ကျင်းပခြင်းနဲ့ (ပါတီနဲ့မဲပေးသူတွေအကြား ကာလရှည်ဆက်ဆံရေးအတွင်း) ကိုဖြတ်သန်းပြီး ပါတီတွေက မဲပေးသူတွေရဲ့ပေါ်လစီအနေအထားကိုနားလည်ခြင်းနဲ့ ပေါင်းစပ်ခြင်းတွေကို

မြင့်တင်တဲ့သီအိုရီအပေါ်အခြေခံထားတာဖြစ်တယ်။ တစ်ချိန်တည်းမှာ မဲပေးသူတွေက ဘယ်ပါတီတွေက ဘယ်နေရာမှာရပ်တည်နေကြပြီး သူတို့ရဲ့ရပ်တည်ချက်တွေက ဘယ်လောက်ကိုးစားလို့ရမယ်ဆိုတာနဲ့ပတ်သက်လို့ သတင်းအချက်အလက်တွေကို ပိုမိုစုဆောင်းနေခဲ့ကြတယ်။ ရွေးကောက်ပွဲအောင်မြင်တဲ့အလှည့်တွေမှာ နိုင်ငံရေးပါတီတွေအနေနဲ့ သူတို့ပေးထားခဲ့တဲ့ကတိတွေကို ဖြည့်ဆည်းပေးခြင်းအားဖြင့် သူတို့တည်ဆောက်ထားတဲ့ယုံကြည်မှုအပေါ်အခြေခံပြီး မဲပေးသူတွေဆီ သူတို့ရဲ့သတင်းစကားတွေကို အသံပြုနိုင်တယ်။ (Keefer 2007)

အကြောင်းမလှစွာနဲ့ လေ့လာသုံးသပ်ချက်တွေရဲ့ လက်တွေ့ကျတဲ့အချက်အလက်တွေက ဒီအကြောင်းအကျိုးသင့်တဲ့မျှော်လင့်ချက်ကို သယ်ဆောင်သွားမယ့်ပုံမပေါ်ဘူး။ နိုင်ငံတစ်နိုင်ငံမှာ ပါတီပြိုင်ပွဲတွေအကြာကြီးဖြစ်ပွားခြင်းနဲ့ အဲဒီပါတီတွေအနေနဲ့ ဘယ်လောက် Programmatic ကျနေသလဲဆိုတာကို မခန့်မှန်းနိုင်ဘူး။ သူတို့ရဲ့မဲဆန္ဒနယ်တွေကို အကျိုးစီးပွားတွေဖော်ဆောင်ပေးနိုင်ဖို့ အဖွဲ့အစည်းဆိုင်ရာယန္တရားတွေ သူတို့တည်ဆောက်ခဲ့တဲ့အတွက် ရှည်ကြာတဲ့ဒီမိုကရေစီအတွေ့အကြုံနဲ့အတူ နိုင်ငံရေးပါတီတွေရဲ့ မက်လုံးပေးမဲဆွယ်မှုအားထုတ်ချက်က ကနဦးမှာတိုးတက်လာတယ်။ သို့သော်လည်း အတော်ကလေးမြင့်မားတဲ့ဒီမိုကရေစီအတွေ့အကြုံအလွန်မှာတော့ ဒီဆက်ဆံရေးဟာ ပြောင်းပြန်ဖြစ်သွားပြီး သက်တမ်းရင့်တဲ့ဒီမိုကရေစီဟာ မက်လုံးပေးမဲဆွယ်မှုနည်းပါးလာတယ်။ (Kitschelt and Kselman 2011 တွင်ရှု) ဖြစ်စဉ်လေ့လာမှုတွေဆီက အချက်အလက်တွေက အချက်အလက်ဆိုင်ရာလေ့လာမှုကိုအတည်ပြုတယ်။ ဥပမာ အိန္ဒိယမှာ ဒီမိုကရေစီသက်တမ်းအကြာဆုံးပါတီတွေဟာလည်း မက်လုံးပေးမဲဆွယ်နေတုန်းပဲဖြစ်ပြီး ဖြစ်စဉ် ၇ ခုကို နှိုင်းယှဉ်လေ့လာမယ်ဆိုရင် ဒုတိယမြောက်ဒီမိုကရေစီလမ်းကြောင်းအတိုဆုံးဖြစ်တဲ့နိုင်ငံ (တောင်ကိုရီးယား) မှာ အားအကောင်းဆုံး Programmatic ကျနတဲ့ဘက်တော်သားတင်ပြချက်တွေရှိနေတယ်။

### *လူမျိုးရေး–ယဉ်ကျေးမှုခွဲခြားမှု*

ပညာရှင်အမြောက်အများက မက်လုံးပေးမဲဆွယ်တဲ့နိုင်ငံရေးနဲ့ နိုင်ငံတစ်နိုင်ငံအတွင်းက လူမျိုးစု၊ ဒါမှမဟုတ် ယဉ်ကျေးမှုအစိတ်အပိုင်းတွေအကြားမှာ အားကောင်း

တဲ့ဆက်နွယ်မှုတစ်ခုရှိနေမယ်လို့ သံသယဖြစ်ခဲ့ကြတယ်။ (သုံးသပ်ချက်အနေနဲ့ Kolev and Wang 2010 တွင်ရှု) ဒီအဆိုကို ပါတီတွေအတွင်းက နိုင်ငံရေးသမားတွေက သက်ဆိုင်ရာလူမျိုးစု (ဒါမှမဟုတ် ဘာသာတရား၊ ဘာသာစကားအစရှိသဖြင့်) အုပ်စုတစ်ခုရဲ့စိတ်ဝင်စားမှုတွေကိုကိုယ်စားပြုဖို့ ဖွဲ့စည်းတာက နောက်တစ်ကြိမ်ပြန်လည်ရွေးကောက်ခံရဖို့အတွက် အဲဒီအုပ်စုကို အကျိုးစီးပွားတွေနဲ့ ဝန်ဆောင်မှုတွေထောက်ပံ့ပေးဖို့ အတင်းအကျပ်ပြုသလိုဖြစ်လိမ့်မယ်ဆိုတဲ့ အဆိုကြမ်းတွေအားဖြင့် ထောက်ခံခဲ့တယ်။ အဲဒီအချက်ကြောင့် Programmatic ကျနတဲ့တင်ပြချက်တွေကို ဥပေက္ခာပြုကြလိမ့်မယ်။ ဖြစ်ရပ်လေ့လာမှု ၇ ခုက သက်သေတွေက ဒီအဆိုကြမ်းကို မဖြစ်မနေထောက်ခံနေတာတော့မဟုတ်ဘူး။

အမှန်တော့ ဒါဟာ Programmatic ကျနတဲ့ပါတီတွေနဲ့ပါတီစနစ်တွေက တစ်ထပ်တည်းဖြစ်တဲ့လူမှုအဖွဲ့အစည်းတွေအတွင်းမှာလိုမျိုး လူမျိုးစုအရကွဲပြားနေတဲ့နိုင်ငံတွေမှာလည်းဖွံ့ဖြိုးလိမ့်မယ်လို့ ထင်မြင်ခြင်းသာဖြစ်တယ်။ ဖြစ်ရပ်လေ့လာမှုတွေထဲက နမူနာတွေထဲမှာ Programmatic ကျနတဲ့ပါတီအနည်းဆုံးနဲ့အများဆုံးနိုင်ငံနှစ်ခုစလုံး (ဒိုမီနီကန်ရီပတ်ဘလစ်နှင့် တောင်ကိုရီးယား) ဟာ လူမျိုးစုအရ တစ်သားတည်းဖြစ်နေတဲ့နိုင်ငံတွေဖြစ်တယ်။ အဲဒီအချိန်မှာ လူမျိုးစုအရကွဲပြားနေတဲ့ပါတီစနစ်တွေက အနိမ့်ဆုံးကနေ အလယ်အလတ်အဆင့်အတွင်းမှာရှိတဲ့ Programmatic ကျနတဲ့အားထုတ်မှု (ဥပမာ အိန္ဒိယ) ရဲ့ အမျိုးစုံသောဒီဂရီတွေကိုပြသတယ်။ အဲဒီရလဒ်တွေဟာ ကြီးမားတဲ့ DALP အချက်အလက်စုကို အသုံးပြုစမ်းသပ်တဲ့အခါမှာတောင် သန်မာဆဲဖြစ်တယ်။

လူမျိုးစု–ယဉ်ကျေးမှုကွဲပြားမှုတွေဟာ Programmatic ကျနတဲ့ နိုင်ငံရေးရဲ့အတားအဆီးတစ်ခုမဟုတ်ပါဘူး။ ကျွန်တော်တို့ရဲ့အချက်အလက်တွေက ပြနေတာကတော့ အဲဒီကွဲပြားမှုတွေနက်ရှိုင်းတဲ့အခါမှာ နိုင်ငံရေးသမားတွေအနေနဲ့ မက်လုံးပေးမဲဆွယ်ဖို့အားထုတ်မှုကို ပိုမိုအားကောင်းကောင်းပြုလုပ်ရမယ်ဆိုတာကလွဲရင် ဘာမှမဟုတ်ပါဘူး။ အဲဒီဆက်စပ်မှုက လူမျိုးစုအုပ်စုတွေအကြား ပျမ်းမျှဝင်ငွေတွေ တော်တော်ကြီးကိုကွာခြားနေတဲ့အခါ ဖြစ်ပေါ်လာတယ်။ အဲဒီလိုဖြစ်စဉ်မှာ မဲပေးသူတွေဟာ သူတို့ရဲ့တစ်သီးပုဂ္ဂလအောင်မြင်မှုတွေဟာ သူတို့အုပ်စုတွေရဲ့ယုံကြည်မှုနဲ့ တင်းတင်းကျပ်ကျပ်ချိတ်ဆက်နေတယ်လို့ တွေးထင်ဖို့အားသန်တယ်။ ဒါကြောင့် သူတို့ဟာ သူတို့ကိုယ်သူတို့ ၎င်းတို့နဲ့ တစ်စိတ်တစ်ပိုင်းဆွေမျိုးပေါက်ဖော်တော်

စပ်တယ်လို့တင်ပြတဲ့ နိုင်ငံရေးမှာစီးပွားတွက် တွက်သူတွေရဲ့ ဖောက်သည်ဖြစ်လာသလို ပစ်မှတ်ထားခြင်းလည်းခံလာရနိုင်တယ်။

### *စီးပွားရေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှု။ ကြွယ်ဝချမ်းသာခြင်းအဆင့်များ*

လက်တွေ့ကျနစွာသန်မာနေတဲ့ဖက်ရှင်ထဲက Programmatic ကျနတဲ့ ဘက်တော်သားအားထုတ်မှုနဲ့ ဆက်နွယ်နေတယ်လို့တွေ့ရှိခံရတဲ့ မာကျောတဲ့အနေအထားတစ်ခုဟာ နိုင်ငံသားတစ်ဦးချင်းအလိုက် အမျိုးသားပြည်တွင်းထုတ်ကုန် (GDP) အရတိုင်းတာထားတဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်တယ်။ ပိုမိုကြွယ်ဝချမ်းသာတဲ့နိုင်ငံတွေဟာ Programmatic ကျနတဲ့ပါတီစနစ်တွေဆီကို အားသန်ကြတယ်။ (ပုံ ၂.၁ တွင်ရှု) အရည်အချင်းပြည့်မီမှုနဲ့အတူ ဖြစ်ရပ်လေ့လာမှုတွေက နိုင်ငံတွေပိုမိုချမ်းသာလာတာကြောင့် အများစုထောက်ခံမှုကိုရရှိတဲ့ Programmatic ကျနတဲ့ပါတီတွေကို နိုင်ငံရေးသမားတွေကလည်း ဖန်တီးလိမ့်မယ်ဆိုတဲ့ မြင့်တက်လာတဲ့ အခွင့်အလမ်းတစ်ခုရှိတယ်လို့လည်း အကြံပြုတယ်။

အဲဒီဆက်နွယ်မှုက ဘယ်လိုအလုပ်လုပ်သလဲ။ ပိုမိုချမ်းသာလာတဲ့နိုင်ငံတွေအတွက် နိုင်ငံသားတွေဟာ မက်လုံးပေးမဲဆွယ်မှုရဲ့အလဲအလှယ်ကနေ ရိုးရှင်းတဲ့လူမှုဝန်ဆောင်မှုတွေနဲ့ စုဆောင်းထားတဲ့လက်ဆောင်တွေကနေ အနည်းငယ်ပဲအကျိုးရရှိမယ့်အရင်းအမြစ်ကို တဖြည်းဖြည်းရှာဖွေလာကြတယ်။ သူကောင်းပြုခြင်းအခြေခံအလုပ်တွေကလည်း ပညာရေးတိုးတက်မှုရဲ့ လူဦးရေအဆင့်အတိုင်း လျော့ကျနည်းလာတယ်။ ကောင်းစွာပညာတတ်ထားတဲ့မဲပေးသူတွေတဖြည်းဖြည်းနဲ့ ခေါင်းဆောင်ရဲ့ ဩဇာတိက္ကမရှိတဲ့တင်ပြချက်တွေကို အထင်ကြီးမှုနည်းလာတယ်။ သူတို့အနေနဲ့ အတွေ့အကြုံများလာတဲ့စီးပွားရေးဟာ အခြေခံအဆောက်အဦ၊ ပညာရေးနဲ့ ကျန်းမာရေးစောင့်ရှောက်မှုတို့လို လူထုနဲ့ဆိုင်ပြီး ကြီးမားကျယ်ပြန့်တဲ့ ကောင်းကျိုးအစုတွေရဲ့ဖြည့်သွင်းခြင်းကို ခွင့်ပြုပေးတဲ့ အထွေထွေပေါ်လစီတွေကို လိုအပ်တယ်ဆိုတာကို သဘောပေါက်လာကြတယ်။ ချမ်းသာမှုနည်းပါးတဲ့နိုင်ငံတွေမှာ မဲပေးသူတွေဟာ ပေါ်လစီအခြေပြုနိုင်ငံရေးကို တောင်းဆိုဖို့လျော့ကျနည်းကြလိမ့်မယ်။ သူတို့ဟာ ပုဂ္ဂိုလ်တစ်စုံတစ်ယောက်နဲ့အုပ်စုငယ်တွေရဲ့အကျိုးကျေးဇူးအပေါ်ပဲမှီခိုနေပြီး အစိုးရအနေနဲ့ အစုအပေါင်းကောင်းကျိုးတွေကိုထောက်ပံ့ပေးမယ့်အစွမ်းရှိတယ်လို့ မယုံကြည်ကြဘူး။ ဒါကြောင့် မဲလို

ချင်နေတဲ့နိုင်ငံရေးသမားတွေမှာ Programmatic ကျနတဲ့တင်ပြချက်တွေထုတ်ပြန်ဖို့အတွက် နည်းပါးတဲ့ခံစားခွင့်တွေပဲရှိတယ်။

## ပုံ ၂.၁။ ဓန (၂၀၀၇ ခုနှစ်ပါဝါတွဲဖက်မှုဝယ်ယူခြင်း (**PPP**) မှ မြို့တော် **GDP** တစ်ခုအလိုက်) နဲ့ Programmatic ကျနရေး ဘက်တော်သားအားထုတ်မှု (**B15nwe**) အကြားမှ ဆက်သွယ်ချက် (**r = 0.62**)



ဖြစ်ရပ်လေ့လာမှုတွေက ပါဝါနဲ့စီးပွားရေးဖွံ့ဖြိုးမှုစာတမ်းရဲ့အကန့်အသတ်နှစ်ခုစလုံးကို လုပ်ဆောင်ပြတယ်။ ဆင်းရဲတဲ့နိုင်ငံအမျိုးမျိုး (ဥပမာအားဖြင့် ဒိုမီနီကန်ရီပတ်ဘလစ်) မှာ Programmatic ကျနတဲ့အားထုတ်မှုအနည်းငယ်ကိုပဲဖော်ထုတ်နေတဲ့အချိန်မှာ နမူနာထဲမှာ ဒုတိယအချမ်းသာဆုံးနိုင်ငံဖြစ်တဲ့ တောင်ကိုရီးယားမှာတော့ Programmatic ကျနတဲ့တင်ပြချက်တွေကိုပြသတယ်။ ဒါပေမဲ့ ထိုင်ဝမ်ဟာ ဖြစ်ရပ်လေ့လာမှုတွေထဲမှာ အချမ်းသာဆုံးနိုင်ငံဖြစ်သော်လည်း အားနည်းတဲ့ Programmatic ကျနတဲ့နိုင်ငံရေးသာရှိတယ်။ အဲဒီအပြင် ဝင်ငွေအလယ်အလတ်ရှိတဲ့နိုင်ငံတွေဖြစ်တဲ့ ဘရာဇီး၊ ဘူလ်ဂေးရီးယားနဲ့ တူရကီတို့လိုနိုင်ငံတွေမှာ ပါတီတွေဟာ အတော်ကလေးကွဲပြားတဲ့ Programmatic ကျနတဲ့အားထုတ်မှုကို ပြသထားပြီး မဲပေးသူတွေဟာ မကြာခဏဆိုသလို နိုင်ငံရေးသမားတွေက အဲဒီအမြင်အတွက်အားထုတ်မှုတွေပြုလုပ်နေတာတောင်မှ သူတို့ရဲ့ Programmatic ကျနတဲ့စည်းရုံးမှုတင်ပြချက်တွေအပေါ်အခြေခံတဲ့ပါတီတွေနဲ့ ဆက်နွှယ်မှုမရှိကြဘူး။

နိဂုံးချုပ်ရရင် အချက်အလက်လေ့လာမှုက စီးပွားရေးဖွံ့ဖြိုးမှုဟာ Programmatic ကျနတဲ့နိုင်ငံရေးရဲ့ အသန်မာဆုံးအဖျက်သမားဖြစ်တယ်လို့ ပြသပေမဲ့ ဖြစ်ရပ်လေ့လာမှုကတော့ ရှင်းလင်းတင်ပြနိုင်တဲ့ပါဝါဟာ အဆုံးအဖြတ်ပေးနိုင်ဖို့အတွက် လုံလောက်အောင် မသန်မာသေးဘူးဆိုတာကိုပြသတယ်။ ဖြစ်ရပ်လေ့လာထားတဲ့နိုင်ငံတွေဆီက ပါတီတွေအနံ့လေ့လာထားတဲ့ Programmatic ကျနတဲ့နိုင်ငံရေးရဲ့ပျမ်းမျှအဆင့်က အပိုင်းတော်တော်များများမှာ သူတို့ရဲ့စီးပွားရေးဖွံ့ဖြိုးမှုအဆင့်နဲ့ တခြားသောနိုင်ငံတွေနဲ့နှိုင်းယှဉ်တဲ့အခါ မျှော်လင့်ထားသလိုပဲဖြစ်တယ်။

## ပျော့ပြောင်းတဲ့အနေအထား။ ။ Programmatic ကျနတဲ့ပြိုင်ဆိုင်မှုကို နိုင်ငံရေးသမားများက ရွေးချယ်ခြင်းရဲ့ သက်ရောက်မှု

ပျော့ပြောင်းတဲ့အနေအထားကို နိုင်ငံရေးသမားတွေ၊ ဒါမှမဟုတ် နိုင်ငံရေးပါတီတွေအနေနဲ့ Programmatic ကျနတဲ့တင်ပြချက်ကို ကြိုးဆိုခြင်းအားဖြင့် သူတို့ရဲ့ပါတီကိုအသွင်ပြောင်းမယ့် ခံစားခွင့်တွေနဲ့ထိတွေ့နိုင်မယ့် နိုင်ငံရေးဆိုင်ရာအခွင့်အလမ်းပြတင်းတွေလို့ သတ်မှတ်နိုင်ပါတယ်။ နှိုင်းရအားဖြင့် အနည်း

ငယ်သောခုခံမှုတွေကို ကြုံတွေ့နိုင်တဲ့အခြေအနေမှာပေါ့။ ဒီအခြေအနေတွေက စီးပွား ရေးကနေ နိုင်ငံရေးအနေအထားတွေအထိ ကွဲပြားစွာတည်ရှိနေတယ်။ သူတို့ကို ပျော့ပြောင်းတယ်လို့ထင်ရခြင်းကတော့ သူတို့ဟာ နိုင်ငံရေးသမားတွေကို Programmatic ကျနတဲ့ချဉ်းကပ်မှုကို ရယူဖို့အတင်းအကျပ်မတိုက်တွန်းတာကြောင့် ဖြစ်ပြီး အဲဒီထက်သူတို့က သစ်လွင်တဲ့မူဝါဒအစီအစဉ်တကျမဲဆွယ်ခြင်းတင်ပြချက် တစ်ခုကိုအသုံးပြုပြီး မဲပေးသူတွေဆီနိုင်ငံရေးသမားတွေရောက်ရှိနိုင်ဖို့ ဆွဲဆောင် မှုရှိအောင်ပြုလုပ်တယ်။

## *နိုင်ငံရေးဘောဂဗေဒဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုနည်းဗျူဟာများနဲ့ စီးပွားရေးအကျပ်အတည်းများ*

မတူညီတဲ့စီးပွားရေးဖွံ့ဖြိုးမှုအဆင့်တွေမှာ နိုင်ငံတွေဟာ စီးပွားရေးနဲ့ လူနေ မှုအဆင့်အတန်းကိုမြှင့်တင်ဖို့ ဈေးကွက်နဲ့နိုင်ငံရေးကို ဘယ်လိုချိတ်ဆက်မယ်ဆို တဲ့အပေါ် အခြေခံနည်းဗျူဟာတွေပြောင်းလဲဖို့ သူတို့ကိုလိုအပ်တဲ့ စိန်ခေါ်မှုအသစ်တွေ ကို ရင်ဆိုင်ဖို့လိုအပ်တယ်။ တည်ရှိနေပြီးသားဖွံ့ဖြိုးမှုပုံစံက ရက်လွန်နေပြီး အစားထိုး ဖို့လိုနေပြီဆိုရင် ဒါက နိုင်ငံရေးသမားတွေကို Programmatic ကျနတဲ့အ ကျယ်တဝင့်ရေးသားချက်အပေါ်ထိတွေ့ဖို့အခွင့်အရေးပေးတယ်။ ဒီမိုကရေစီမှာ ဒီလိုကြီးမားတဲ့ဆုံးဖြတ်ချက်တွေဟာ ဖွံ့ဖြိုးမှုနည်းဗျူဟာကိုပုံဖော်ပေးမဲ့ အစိုးရရဲ့ ဈေးကွက်ရှာဖွေမှုကိုထိန်းချုပ်ဖို့အတွက် နိုင်ငံရေးပါတီပြိုင်ဆိုင်မှုထဲပါဝင်တယ်။ သဘာ ဝကျစွာပဲ၊ အဲဒါကြောင့် နိုင်ငံရေးပါတီတွေဟာ စီးပွားရေးပေါ်လစီတိုးတက်ပြောင်း လဲမှုတွေရဲ့ နိုင်ငံလုံးဆိုင်ရာဆွေးနွေးမှုတွေရဲ့တည်ရာဖြစ်လာနိုင်တယ်။ ဒီအဆို ကြမ်းသာ မှန်ကန်မယ်ဆိုရင် Programmatic ကျနတဲ့ဘက်တော်သားဆွေးနွေး ငြင်းခုံမှုဟာ စီးပွားရေးလုပ်ငန်းတွေနဲ့ လစာရရှိနေသူတွေက အပြောင်းအလဲအတွက် ဟစ်ကြွေးလာတဲ့ စီးပွားရေးအရွေ့၊ ဒါမှမဟုတ် လျော့ကျမှုရဲ့ရှည်ကြာနေတဲ့ကာလ အပြီးမှာ ပြင်းပြင်းပြပြပြုလုပ်သင့်တယ်။

ပထမဆုံးအနေနဲ့ နိုင်ငံရေးဘောဂဗေဒဖွံ့ဖြိုးတိုးတက်မှုနဲ့ပတ်သက်တဲ့စာပေ တွေဆီကနေ ငှားရမ်းရမယ်။ Haggard(1990) ရဲ့ အကြံအရေးအသားတွေနဲ့ Rogowski (1989) ရဲ့ ကုန်သွယ်မှုနဲ့ နိုင်ငံရေးအပြန်အလှန်ဆက်နွယ်မှုလေ့လာ

ချက်တို့ကနေစတင်ရမယ်။ စီးပွားရေးဖွံ့ဖြိုးမှုပုံစံ ၃ ခုကို ခွဲခြားတွေ့ရှိနိုင်တယ်။ (ဇယား ၂.၁) အဲဒါတွေကတော့ (၁) နည်းပါးတဲ့ကုန်ကြမ်းတင်ပို့သူ (၂) အလယ်အလတ် ဝင်ငွေရှိတဲ့စက်မှုထုတ်ကုန်တင်ပို့သူနဲ့ (၃) စက်မှုခေတ်လွန် အသိပညာစီးပွားရေးတို့ဖြစ်တယ်။ Programmatic ကျနတဲ့ဆွေးနွေးငြင်းခုံမှုတွေက ပုံစံတစ်မျိုးက မောပန်းလာပြီး လုပ်ဆောင်သူတွေက စီးပွားရေးအကျပ်အတည်းဖြစ်နေတဲ့ကာလမှာ ပုံစံအသစ်ကိုတီထွင်ပြီး ထောက်ခံကြတဲ့အခါ အကျိုးဆက်ဖြစ်လာတယ်။ သို့သော်လည်းပဲ နိုင်ငံရေးဘောဂဗေဒပုံစံတွေက အားကောင်းတဲ့စီးပွားရေးလုပ်ဆောင်ချက်တွေကို ထည့်ဝင်နေတဲ့နေရာမှာ မက်လုံးပေးမဲဆွယ်ခြင်းရဲ့ ဘက်တော်သား–မဲပေးသူအပြောင်းအလဲက Programmatic ကျနတဲ့အချိတ်အဆက်တွေအစားဝင်နေရာယူလာနိုင်တယ်။ ဒါက ကမ္ဘာ့နည်းပညာတီထွင်မှုရှေ့ပြေးတွေမှာ စက်မှုခေတ်လွန်ဒီမိုကရေစီနဲ့အတူ နိုင်ငံရေးကလက်လှမ်းမီဖို့ကြိုးစားနေရဆဲဖြစ်တဲ့နေရာမှာ အနည်းဆုံးအနေနဲ့ အသုံးပြုတယ်။

**ဇယား (၂.၁)၊ နိုင်ငံရေးဘောဂဗေဒဆိုင်ရာ မူကြမ်းများ–**
**Programmatic ကျနတဲ့ နိုင်ငံရေးအတွက် သီအိုရီဆိုင်ရာ သွယ်ဝိုက်သက်ရောက်မှုများ**

| မူကြမ်း | အချိုးဖော်ပြချက် | အလားအလာရှိမှု | ပြဿနာများ |
|---|---|---|---|
| (၁) နွမ်းပါးတဲ့ ကုန်ကြမ်းတင်ပို့သူများ | – သဘာဝရင်းမြစ်တွေကို ပိုင်ဆိုင်တဲ့ အရှေ့ပိုင်းပိုင်ရှင်များ မဟာမိတ်အဖွဲ့က မောင်းနှင်<br>– နှိုင်းယှဉ်အကျိုးအကျေးဇူးများ၊ ကျွမ်းကျင်မှုမရှိတဲ့လုပ်သား၊ မြေယာ၊ ကုန်ကြမ်းများ | – နှိုင်းရအချိုးအရ ယေဘုယျအားဖြင့် အခွင့်အလမ်းအနည်းငယ်ထားရှိ<br>– အုပ်ချုပ်သူအစိုးရက စီးပွားရေးဖွံ့ဖြိုးမှုအနည်းငယ်ကို လုပ်ဆောင်လျှင် အထူးသဖြင့်အလားအလာရှိ။ | – နိုင်ငံတောရင်းမြစ်ပေါက်ကွဲမှုအချိန်အပိုင်းအခြားများ<br>– ကနဦးကျွမ်းကျင်မှုရှိတဲ့ ကျေးလက်ဒေသနဲ့မြို့ပြအလုပ်သမားတွေ (အထူးသဖြင့် ညီညွတ်လျှင်) နဲ့ လူလတ်တန်းစားတွေရဲ့ နိုင်ငံရေးဆိုင်ရာ လှုံ့ဆော်မှု<br>– ရေပန်းစားလူကြိုက်များတဲ့ Programmatic ကျနတဲ့ပါတီတွေက စက်မှုဖွံ့ဖြိုးရေးနဲ့ ပြန်လည်အကောင်အထည်ဖော်ရေးမှာ နိုင်ငံတော်ပါဝင်ဖို့ တိုက်တွန်းခြင်း |
| (၂) ဝင်ငွေအလယ်အလတ်ရှိတဲ့စက်မှုထုတ်ကုန်တင်ပို့သူများ | – စက်မှုအရင်းအနှီးနဲ့လုပ်သားတွေရဲ့ မြို့ပြအခြေပြုနိုင်ငံရေးဆိုင်ရာ မဟာမိတ်အဖွဲ့ကမောင်းနှင်<br>– အဓိကပုံစံနှစ်မျိုးနဲ့ဖွံ့ဖြိုးမှုဆိုင်ရာအခြေအနေ။ သွင်းကုန်အစားထိုး စက်မှုလုပ်ငန်း တည်ထောင်ခြင်း (ISI) နဲ့ အရှေ့ တိုင်းတင်ပို့စက်မှုလုပ်ငန်းတည်ထောင်ခြင်း (EOI) | – နိုင်ငံတော်ကဦးဆောင်တဲ့အားကောင်းပြီးအောင်မြင်တဲ့ ISI - EOI ဖွံ့ဖြိုးမှုဟာ Programmatic ကျနတဲ့ နိုင်ငံရေးထက် လာဘ်ပေးမဲဆွယ်တဲ့ နိုင်ငံရေးကိုပိုမွေးမြူနိုင်တယ်။<br>– ISI - EOI နိုင်ငံတွေပိုမိုချမ်းသာလာတာကြောင့်ပါတီတွေဟာ လာဘ်ပေးမဲဆွယ်ခြင်းနဲ့ Programmatic ကျနခြင်းပေါ်လစီတွေကို ပေါင်းစပ်လာနိုင်တယ်။ | – ကမ္ဘာလုံးဆိုင်ရာစီးပွားရေးယှဉ်ပြိုင်မှုအသွင်ဆောင်ခြင်းကို ဖော်ထုတ်ခြင်းဝါ ပြုပြင်တိုးတက်အသားကျစေခြင်းက စီးပွားရေးဆိုင်ရာ လစ်ဘရယ်မှုပြုခြင်းရဲ့စိန်ခေါ်မှုတွေကို ယူဆောင်လာတယ်။<br>– ပါတီတွေဟာ လစ်ဘရယ်မှုပြုခြင်းလုပ်ငန်းစဉ်အတွက်ပြိုင်ဆိုင်လာကြမှာဖြစ်ပြီး ပြုပြင်ပြောင်းလဲရေးမှာ ရှုံးနိမ့်သူတွေကို ကာကွယ်/လျော်ကြေးပေးနိုင်တယ်။ |
| (၃) စက်မှုခေတ်လွန်အသိပညာစီးပွားရေး | – လူတန်းစားအခြေခံနိုင်ငံရေးကနေ အဝေးကိုရွေ့လျားမှုဖြစ်ပြီး ကျွမ်းကျင်မှုအခြေခံကွဲလွဲမှုဆီ ဦးတည်လာနိုင်<br>– မျိုးဆက်နဲ့လူသားစွမ်းရည်အလွှာလိုက်ဖြစ်မှုမြင့်တက်ခြင်း<br>– ဆန်းပြားရှုပ်ထွေးတဲ့ကုန်ထုတ်လုပ်ငန်းခွင်တွေနဲ့ အရင်းအနှီးဈေးကွက် | – Programmatic ကျနတဲ့ပါတီတွေအတွက်အခွင့်အလမ်းသာ<br>– လာဘ်ပေးမဲဆွယ်ခြင်းကွန်ယက်တွေကို ဘေးဖယ်ချန်လုပ်ထားမှုတိုးတက် | – မြင့်မားတဲ့အရည်အချင်းအဆင့်တွေနဲ့ ဈေးကွက်အခြေပြုစီးပွားရေးက လာဘ်ပေးမဲဆွယ်ခြင်းလိုစီးပွားရေးအခြေအနေ၊ အချိန်ကာလအားလုံးမှာ စွဲဆောင်မှုမရှိအောင်ပြုလုပ်။ |

ဇယား ၂.၁ က အဲဒီအဆင့်ဟာ Programmatic ကျနတဲ့နိုင်ငံရေး ပေါ်ထွက်လာခြင်း၊ ဒါမှမဟုတ် ပြင်းပြင်းထန်ထန်ဖြစ်ပေါ်ခြင်းကို စေ့ဆော်တဲ့ အခွင့်အလမ်းတွေဖြစ်တယ်ဆိုတဲ့အဆိုကို ရှာဖွေဖော်ထုတ်တယ်။ ပုံစံ ၁ နဲ့ ၂ တို့က တည်ငြိမ်မှု၊ ဒါမှမဟုတ် အလားအလာကောင်းမှုရဲ့ပြောင်းလဲမှုအဆင့်တွေကို ဖြတ်ခဲ့တဲ့အချိန်မှာ Programmatic ကျနတဲ့အခြေခံနိုင်ငံရေးဆီ အပြောင်းအလဲကတော့ မတူညီဘူး။ ဘာကြောင့်လဲဆိုတော့ ကျွမ်းကျင်မှုမရှိတဲ့အလုပ်သမားအင်အားစုနဲ့ အားနည်းတဲ့နိုင်ငံ့စွမ်းဆောင်မှုက Programmatic ကျနတဲ့နိုင်ငံရေးကို ကဖျက်ယဖျက်လုပ် (ပုံစံ–၁) ပြီး၊ ဒါမှမဟုတ် စီပွားရေးကြားဝင်ဆောင်ရွက်နေတဲ့ဖွံ့ဖြိုးမှုဆိုင်ရာနိုင်ငံတွေကပါတီတွေဟာ ရွေးကောက်ပွဲဆိုင်ရာမဲဆန္ဒနယ်တွေကိုပေးချေဖို့အတွက် ရင်းမြစ်တွေနဲ့ အင်စတီကျူးရှင်းဆိုင်ရာလုပ်နိုင်စွမ်းတွေရှိနေလို့ပါ။ (ပုံစံ–၂)အဲဒါက မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့အပြောင်းအလဲကို အကူးအပြောင်းကာလမှာ ချန်ရစ်ထားခဲ့တယ်။ မဲပေးသူတွေက ရှိရင်းစွဲနိုင်ငံရေးပါတီတွေက စီပွားရေးပါရာဒိုင်းအသစ်တစ်ခုဆီ ပြင်ဆင်ချိန်ညှိခြင်းရဲ့စိန်ခေါ်မှုတွေကို ကောင်းကောင်းမွန်မွန်ကိုင်တွယ်ခြင်းမရှိဘူးလို့ ယုံကြည်သွားတဲ့အခါမှာပေါ့။ နိုင်ငံရေးပါတီတွေမှာလည်း စီးပွားရေးအကျဘက်ရောက်နေတဲ့ ရှည်လျားတဲ့ကာလအတွင်းမှာ မက်လုံးပေးမဲဆွယ်တဲ့အချိတ်အဆက်တွေတည်ဆောက်ဖို့ ရင်းမြစ်ရရှိနိုင်မှုနည်းနည်းပဲရှိတယ်။ တစ်ပြိုင်နက်တည်းမှာ အဆင့်တွေဟာ လူမှုဝန်းကျင်မျက်နှာစာစိန်ခေါ်မှုတွေအတွက် ပိုမိုကောင်းမွန်တဲ့အဖြေတွေရှာဖွေဖို့အတွက် နိုင်ငံရေးခေါင်းဆောင်တွေနဲ့ မဲပေးသူအုပ်စုတွေကို ဆွဲဆောင်တယ်။ သူတို့ကို အင်စတီကျူးရှင်းဆိုင်ရာအပြောင်းအလဲရဲ့ သစ်လွင်ပြီးဆန်းသစ်တီထွင်တဲ့ Programmatic ကျနတဲ့ဗားရှင်းတွေနဲ့ စုပေါင်းကောင်းကျိုးတွေရဲ့ ထည့်ဝင်မှုတွေကို လက်ခံအောင်ပြုလုပ်ရင်းနဲ့ပေါ့။

ဖွံ့ဖြိုးမှုဆိုင်ရာနိုင်ငံတွေရဲ့ သွင်းကုန်အစားထိုးစက်မှုဖြစ်ထွန်းခြင်း(ISI)ရဲ့အဆင့်၊ ဒါမှမဟုတ် ပို့ကုန်ဦးစားပေးစက်မှုဖြစ်ထွန်းခြင်း(EOI)ရဲ့အဆင့်တွေဟာ ဘရာဇီး၊ တူရကီနဲ့တောင်ကိုရီးယားတို့မှာ ၁၉၈၀ ခုနှစ်များနဲ့ ၁၉၉၀ ခုနှစ်များမှာ တွေ့ကြုံခဲ့ရတဲ့အတိုင်း လက်တွေ့နဲ့ညီညွတ်တဲ့နိုင်ငံရေးဘောဂဗေဒအဆိုကို အထူးပြုတယ်။ ယေဘုယျအဆိုရဲ့ လက်တွေ့ကျတဲ့ပါဝင်ပတ်သက်ခြင်းနှစ်ခုကို အနည်းဆုံးပမာဏကိုအဓိကထားတဲ့အချက်အလက်အစုမှာ သမိုင်းဆိုင်ရာအဆိုပုံစံအတွက်

ကန့်သတ်ချက်တွေရှိတဲ့အတွက်ရရှိနိုင်တဲ့အချက်အလက်တွေနဲ့အတူ စမ်းသပ်နိုင်ပြီး အထူးသဖြင့် ဖြစ်ရပ်လေ့လာမှု ၇ ခုနဲ့ စမ်းသပ်နိုင်တယ်။

ပထမဆုံးအဆိုကြမ်းကတော့ ဖွံ့ဖြိုးမှုဆိုင်ရာအဆင့်တွေရှိခြင်းရဲ့ ရှည်ကြာပြီး အောင်မြင်တဲ့အကျော့ဟာ ပါတီတွေရဲ့ Programmatic ကျနတဲ့ပါတီနည်းဗျူဟာတွေအပေါ်က သူတို့ရဲ့အမှတ်တွေကို စွန့်ခွာသင့်တယ်။ အချက်အလက်ဆိုင်ရာလေ့လာချက်က၊ ဒါမှမဟုတ် EOI ရဲ့ အလွန်ကြီးမားတဲ့ပြောင်းလဲမှုအဆင့်တွေကို ဖြတ်သွားပြီဖြစ်တဲ့နိုင်ငံတွေထဲက အဲဒီယာယီကောက်ချက်ကိုထုတ်ပေးတယ်။ ပါတီတွေက ဖွံ့ဖြိုးမှုဆိုင်ရာအခြေအနေတစ်ခုကို အားတက်သရောမကြိုဆိုတဲ့နိုင်ငံတွေထဲမှာထက် မြင့်မားတဲ့စီးပွားရေးချမ်းသာ ကြွယ်ဝမှုအဆင့်တွေမှာတောင် ပိုမိုပြီး မက်လုံးပေးမဲဆွယ်တဲ့အားထုတ်မှုတွေကို အများအပြားပြုလုပ်ကြတယ်။ အရေအတွက်ပေါ်မူတည်တဲ့လေ့လာမှုက Programmatic ကျနတဲ့ဘက်တော်သားနိုင်ငံရေးအပေါ် ISI-EOI ကြီးမားတဲ့ဖွံ့ဖြိုးတိုးတက်မှုရဲ့ မျှော်လင့်ထားတဲ့ထိ ခိုက်ပျက်စီးစေနိုင်တဲ့ သက်ရောက်မှုကို ရှာဖွေမတွေ့ရှိနိုင်တဲ့အချိန်မှာ အကျိုးဖြစ်ထွန်းနိုင်တဲ့သက်ရောက်မှုတွေမရှိဘူး။ ယေဘုယျနိုင်ငံရေး ဘောဂဗေဒအဆိုကြမ်းတစ်စိတ်တစ်ပိုင်းသာ အတည်ပြုထားတာဖြစ်နိုင်တယ်။ ဘာကြောင့်လဲဆိုတော့ ISI-EOI အုပ်ချုပ်မှုပုံစံအခြေချဖို့အတွက်မူလတွန်းအားမှုမှာ ကုန်ကြမ်းတင်ပို့မှုဦးစားပေးမှုအုပ်ချုပ်မှုပုံစံ ရှေ့ရောက်နေခြင်းရဲ့ အကျပ်အတည်းအချိန်ကာလအတွင်း အားကောင်းတဲ့ Programmatic ကျနမှုဆိုင်ရာတင်ပြချက်တွေပါဝင်တယ်။ အဲဒီ Programmatic ကျနခြင်းဆိုင်ရာတင်ပြချက်တွေ လျော့ပါးသွားတဲ့အချိန်မှာတောင် Programmatic ကျနတဲ့ပါတီတွေရဲ့အကြွင်းအကျန်တွေဟာ ကျန်ရစ်တယ်။ တဖန် အကျိုးဆက်ဖြစ်ပေါ်နေတဲ့ဖွံ့ဖြိုးမှုဆိုင်ရာအခြေအနေတွေက မက်လုံးပေးမဲဆွယ်မှုနဲ့ သူကောင်းပြုမဲဆွယ်မှုကနေတစ်ဆင့် နိုင်ငံသားတွေရဲ့သစ္စာရှိမှုကို ထိန်းသိမ်းဖို့အခွင့်အလမ်းတွေကို နိုင်ငံရေးသမားတွေကို ပေးအပ်တယ်။ အပြန်အလှန်အားဖြင့် ISI-EOI ဒယိမ်းဒယိုင်ဖြစ်တဲ့အချိန်မှာ မက်လုံးပေးမဲဆွယ်ခြင်းကချက်ချင်းအရောင်မှိန်မသွားတဲ့အပြင် Programmatic ကျနတဲ့နိုင်ငံရေးနဲ့အပြည့်အစားထိုးခြင်းကိုလည်းခံရမှာမဟုတ်ဘူး။ တောင်ကိုရီးယားဖြစ်စဉ်မှာ သက်သေပြထားတဲ့အတိုင်းပဲဖြစ်တယ်။ EOI ပေါ်လစီရဲ့ အစားထိုးခြင်းက တဖြည်းဖြည်းနဲ့ဖြစ်ပေါ်လာပြီး အကျပ်အတည်းအသေးအမွှားတွေပါဝင်လာတဲ့နေရာမှာ မက်လုံးပေးမဲဆွယ်ခြင်းက ပိုပြီးတောင်စွဲမြဲနေနိုင်တယ်။ ထိုင်ဝမ်ဖြစ်

စဉ်မှာ သက်သေပြထားတဲ့အတိုင်းဖြစ်တယ်။

ဒုတိယအချိုးက ဖွံ့ဖြိုးမှုဆိုင်ရာအုပ်ချုပ်မှုပုံစံနဲ့ပတ်သက်တဲ့အဆိုရဲ့ အဓိကကျတဲ့အလောင်းအစားကိုစမ်းသပ်တယ်။ ဖွံ့ဖြိုးမှုနိမ့်ပါးခြင်းနဲ့ အလုပ်လက်မဲ့ပေါများခြင်းတို့အရပေါ်လာတဲ့၊ ရှည်ကြာတဲ့၊ ဒါမှမဟုတ် နက်ရှိုင်းတဲ့စီးပွားရေးဒုက္ခကပ် အချိန်အတွင်းမှာ နိုင်ငံရေးသမားတွေအနေနဲ့ ဖွံ့ဖြိုးမှုဆိုင်ရာပုံစံအသစ်တွေကို ရှာဖွေဖို့နဲ့ Programmatic ကျနတဲ့တင်ပြချက်တွေကို ထိတွေ့ဖို့စတင်သင့်တယ်။ သူတို့ရဲ့ နိုင်ငံရေးတုံ့ပြန်မှုက ကောင်းမွန်တဲ့စီးပွားရေးသတင်းတွေဆီထက် ဆိုးတဲ့စီးပွားရေးသတင်းတွေဆီကို တုံ့ပြန်တဲ့နေရာမှာ ပိုမိုအားသန်နေတာကြောင့် အဲဒါကို ပြည်သူတွေနဲ့ အတူ အသံပြုသင့်တယ်။ တကယ်တမ်း စုံစမ်းစစ်ဆေးမှုက ၂၀၀၈ DALP စစ်တမ်း ရဲ့အကြိုကာလထဲမှာ အလုပ်လက်မဲ့ဖြစ်မှုတွေ အများအပြားတိုးပွားနေတဲ့နိုင်ငံတွေ ဒါမှမဟုတ် စီးပွားရေးဖွံ့ဖြိုးမှုက ဒယိမ်းဒယိုင်ဖြစ်နေတဲ့နိုင်ငံတွေမှာ တွေ့ရှိရတာက နိုင်ငံရေးသမားတွေအတွက် ပိုမိုကြီးမားတဲ့ Programmatic ကျနခြင်းဆိုင်ရာ အားထုတ်မှုတွေကိုပြသဖို့ ယိမ်းယိုင်မှုတွေရှိတယ်ဆိုတာပဲ။

ဖြစ်ရပ်လေ့လာမှုရဲ့ဇာတ်ကြောင်းပြောမှုက ဒီဖြစ်စဉ်ကိုဖြစ်ပွားစေတဲ့ယန္တရားကို ပုံထုတ်တယ်။ အခြေအနေတွေကို ဘယ်လိုတိုးတက်အောင်လုပ်ရမယ်ဆိုတဲ့အပေါ် သစ်လွင်တ Programmatic ကျနမှုအိုင်ဒီယာတွေနဲ့ နိုင်ငံရေးသမားတွေဟာ တည်ရှိပြီးသားပါတီတွေ (ဒါမှမဟုတ် ပိုပြီးမကြာမကြာ အဲဒီပါတီတွေအတွင်းကနေ ထွက်ပြေးသူတွေပေါ်ထွက်လာလိမ့်မယ်) အတွင်းကနေ ပေါ်ထွက်လာလိမ့်မယ်။ ကနဦးကတည်းက ဘေးဖယ်ထုတ်ခံထားရတဲ့ပါတီတွေထဲက နိုင်ငံရေးသမားတွေ၊ ဒါမှမဟုတ် ပါတီတစ်ခုလုံးကို အသစ်ဖွဲ့စည်းလိုက်တဲ့နိုင်ငံရေးဆိုင်ရာစီးပွားရေးသမားတွေက Programmatic ကျနခြင်းဆိုင်ရာတင်ပြချက်အသစ်တွေနဲ့အတူ ထင်ရှားကျော်စောမှုဆီကို မြင့်တက်လာလိမ့်မယ်။ ဖြစ်ရပ်လေ့လာမှုတွေထဲမှာ တူရကီနဲ့ ဘရာဇီးက ပါတီတွေက ဥပမာအဖြစ်တင်ပြလိမ့်မယ်။ ၂၀၀၁ ခုနှစ်တုန်းက ပြင်းထန်တဲ့ဘဏ္ဍာရေးအကျပ်အတည်းနဲ့ပေါင်းစပ်ထားတဲ့ တူရကီရဲ့နာတာရှည်နေတဲ့ အားနည်းတဲ့စီးပွားရေးလုပ်ဆောင်မှုရဲ့အဆက်အစပ်ထဲမှာ Justice and Development Party (AKP) ဟာ စီးပွားရေးဖြေလျှော့ခြင်းအိုင်ဒီယာတွေကိုကြိုဆိုတဲ့ ပါတီအသစ်တစ်ခုအနေနဲ့ ပေါ်ထွက်လာတယ်။ ၁၉၈၀ ခုနှစ်များဆီက ဘရာဇီးနိုင်ငံရဲ့ ကြွေးမြီအကျပ်အတည်းရဲ့အလယ်မှာ PT ဟာ အကျပ်အတည်းရဲ့ခြိမ်းခြောက်ခြင်းကိုခံနေရတဲ့ မြို့ပြ

လူထုကဏ္ဍအရပ်ဘက်ဝန်ဆောင်မှုတွေရဲ့ (အခြေခံအားဖြင့်ဖွဲ့စည်းထားတဲ့) လူမှုလုံခြုံရေးနဲ့ အလုပ်အကိုင်ရရှိရေး၊ စီးပွားရေးဖြေလျှော့မှုရဲ့ နိုင်ငံရေးရဲ့ခုခံမှုထဲမှာ Programmatic ကျနခြင်းဆိုင်ရာတွန်းအားတစ်ခုအဖြစ် ပေါ်ထွက်လာခဲ့တယ်။ ထောင်စုနှစ်သစ်မှာ သူတို့သမ္မတနေရာရွေးချယ်မှုမှာ အနိုင်ရရှိသွားတဲ့အချိန်မှာ စီးပွားရေးဖြေလျှော့ခြင်းကိုတိုးမြှင့်ပြီး နိုင်ငံရေးဆိုင်ရာအဖြစ်မှန်သစ်တွေရဲ့အများစုကို လက်ခံလိုက်ဖို့ PT ကို အဦးအစအနေနဲ့ အကျပ်ကိုင်ခဲ့တဲ့ ဆိုရှယ်ဒီမိုကရက်တွေ ၁၉၉၀ ခုနှစ်များဆီမှာ ထွက်ပေါ်လာမှုနဲ့အတူ Programmatic ကျနတဲ့ဆန့်ကျင်ဘက် တွန်းအားတစ်ခု လိုက်ပါလာခဲ့တယ်။ တောင်ကိုရီးယားက တိုတောင်းပြီး တဟုန်ထိုးဆန်တဲ့ စီးပွားရေးအကျပ်အတည်းက တည်ရှိပြီးသားပါတီတွေထဲက Programmatic ကျနခြင်းအားသန်မှုရှိတဲ့ နိုင်ငံရေးသမားတွေကို တွန်းအားပေးဖို့အတွက် အထောက်အကူအဖြစ် လုပ်ဆောင်ခဲ့တယ်။

ယေဘုယျအားဖြင့်လေ့လာမှုဟာ စီးပွားရေးကပ်ဒုက္ခက နိုင်ငံရေးသမားတွေ (အသစ်၊ ဒါမှမဟုတ် အဟောင်း) ကို Programmatic ကျနခြင်းဆိုင်ရာတိုးတက်ပြောင်းလဲမှုတွေကိုထုတ်လုပ်ပြီးပိုင်းခြားစေတဲ့ အရိပ်နိမိတ်အမြောက်အများကို တွေ့ရှိတယ်။ ဒါပေမဲ့ ဒီသက်ရောက်မှုက အစောပိုင်းမှာ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအဖြစ် ဖော်ထုတ်ထားတဲ့ Programmatic ကျနခြင်းဆိုင်ရာဘက်လိုက်တဲ့နိုင်ငံရေးမှာ အခွင့်အလမ်းသာတဲ့ မာကျောတဲ့အချုပ်အချယ်အပေါ် မူတည်နေတာဖြစ်နိုင်တယ်။ နိုင်ငံရေးသမားတွေဟာ အလယ်အလတ်အဆင့်ချမ်းသာကြွယ်ဝမှုရှိတဲ့ နိုင်ငံတွေမှာ အဓိကကျတဲ့စီးပွားရေးအဆင့်တွေနဲ့ တိုးတက်တဲ့ Programmatic ကျနခြင်းဆိုင်ရာဘက်လိုက်တဲ့နိုင်ငံရေးကို အသုံးချနိုင်တယ်။ ဥပမာအားဖြင့် စာတတ်မြောက်ခြင်းနဲ့ သက်မွေးဝမ်းကြောင်းမှုဆိုင်ရာကျွမ်းကျင်မှုအခြေခံရဲ့ ကုံလုံတဲ့အဆင့်တွေနဲ့အတူ ကြီးမားတဲ့ဝင်ငွေရှာဖွေမှုမြို့ပြကဏ္ဍ။ ၁၉၉၇ ခုနှစ်နဲ့ ၂၀၀၇ ခုနှစ်အတွင်းက အလုပ်လက်မဲ့မြင့်တက်မှုနဲ့ Programmatic ကျနခြင်းဆိုင်ရာအားထုတ်မှုတွေရဲ့အကြားက ဆက်ဆံရေးကို ရှာဖွေနေတဲ့အချိန်မှာ အကျပ်အတည်းနဲ့ Programmatic ကျနခြင်းဆိုင်ရာနိုင်ငံရေးအကြားက အားအကောင်းဆုံး ဆက်နွှယ်မှုဟာ လက်တင်အမေရိကနဲ့ ဥရောပအနောက်ဘက်မှာ ပေါ်ထွက်လာခဲ့ပြီး အားအနည်းဆုံးကတော့ ယေဘုယျအားဖြင့်ဆင်းရဲတဲ့ အာဖရိကရဲ့ဆာဟာရဒေသငယ်မှာ ပေါ်ထွက်လာတယ်။

အားလုံးခြုံကြည့်လိုက်မယ်ဆိုရင် လေ့လာမှုက စီးပွားရေးအကျပ်အတည်းဆိုက်နေတဲ့အခြေအနေမှာတောင် နိုင်ငံရေးသမားတွေအနေနဲ့ တိုးတက်ပြောင်းလဲနေတဲ့လုပ်ရှားမှုလမ်းကြောင်းတွေအကြား ဆုံးဖြတ်သင့်ပြီး Programmatic ကျနတဲ့နိုင်ငံရေးဟာ အမြဲတမ်းအကောင်းဆုံးရွေးချယ်မှုမဟုတ်ဘူးဆိုတာကို ပြသတယ်။ ဘာပဲဖြစ်ဖြစ် အထူးသဖြင့် အလယ်အလတ်ဝင်ငွေပဲရှိတဲ့နိုင်ငံတွေမှာ နိုင်ငံရေးသမားတွေဟာ Programmatic ကျနတဲ့တင်ပြချက်တွေကို လက်ခံလိုက်ဖို့ အကြံပေးမှုကိုလက်ခံလိုက်ဖို့ ခိုင်ခိုင်မာမာအဆင်သင့်ဖြစ်နေနိုင်တယ်။ အထူးသဖြင့် မက်လုံးပေးမဲဆွယ်တဲ့နိုင်ငံရေးပါတီတွေက သူတို့ကိုယ်သူတို့ စီးပွားရေးအကျပ်အတည်းထဲမှာ တွေ့ရှိသွားတဲ့အချိန်မှာပေါ့။

## *ဒီမိုကရက်တစ်ရွေးကောက်ပွဲများရဲ့ပြိုင်ဆိုင်မှု*

နိုင်ငံရေးသမားတွေဟာအစိုးရအဖွဲ့ပုံဖော်ရာမှာ၊ ဒါမှမဟုတ် ညွန့်ပေါင်းအစိုးရတစ်ခုရဲ့အဖွဲ့ဝင်ဖြစ်လာဖို့ မျှော်လင့်ရာမှာ ရွေးကောက်ပွဲအနိုင်ရခြင်းနဲ့ပတ်သက်ပြီးအလွန်အာရုံစိုက်တယ်။ ဒီလိုပဲသူတို့ရဲ့ရည်ရွယ်ချက်တွေမြှင့်တင်တဲ့အခါ နိုင်ငံရေးသမားတွေဟာ မူဝါဒအခြေခံတဲ့ရပ်တည်ချက်တွေမှာ ရင်းနှီးမြှုပ်နှံတယ်။ နိုင်ငံရေးသမားရဲ့အနိုင်ရရှိရေးလမ်းစဉ်မှာ အားနည်းတဲ့ပြိုင်ဘက်တွေနဲ့ရင်ဆိုင်ရခြင်းဟာ သူ၊ ဒါမှမဟုတ် သူမပါတီရဲ့မူဝါဒအခြေခံတဲ့ဆွဲဆောင်မှုကို အဆင့်မြှင့်တင်ရန်အတွက် ခက်ခဲမှာဖြစ်ပြီး ပါတီကိုပြိုင်ဘက်တွေကနေထူးခြားစေတဲ့ပေါ်လစီကို ဖွင့်ဆိုရာလည်း ခက်ခဲလိမ့်မယ်။ အများအားဖြင့် နိုင်ငံရေးသမားတွေဟာ အနိုင်ရမှု၊ ဒါမှမဟုတ် ရှုံးနိမ့်မှုပမာဏမြင့်မားတဲ့အခါ ပိုမိုကြီးမားတဲ့မူဝါဒအခြေခံတဲ့အားထုတ်မှုတွေကို ပြုလုပ်တယ်။ ဥပမာအားဖြင့် ပါတီရဲ့ရွေးကောက်ပွဲဆိုင်ရာထောက်ခံမှုမှာ အနည်းငယ်ပြောင်းလဲမှုဟာ အစိုးရအဖွဲ့ကိုသြဇာရှိရန်၊ ဒါမှမဟုတ် ပါဝင်ဆောင်ရွက်ရန် ပါတီရဲ့စွမ်းရည်အတွက် အလွန်ကြီးမားတဲ့ပြောင်းလဲမှုအဖြစ် အဓိပ္ပါယ်သက်ရောက်စေတယ်။ ဒါတွေဟာ အောက်ပါအခြေအနေတွေ ဖြစ်လာဖို့အလားအလာရှိတယ် (၁)မဲဆန္ဒရှင်တွေရဲ့ထောက်ခံမှုအရ ပါတီနှစ်ခုတန်းတူဖြစ်နေတဲ့အခါ၊ (၂) အတူတကွအင်အားကြီးပါတီနှစ်ခုဟာ အစိုးရသစ်ရဲ့အဓိကဖွဲ့စည်းသူတွေဖြစ်လာနိုင်တဲ့အခါ။ ပြိုင်ဆိုင်မှုဆိုတာ ပြိုင်ဘက်နဲ့ အလွန်သေးငယ်တဲ့ပြိုင်ဘက်တွေထဲက ထောက်ခံမှုစုစည်းခြင်းတွေကြား

ယှဉ်ပြိုင်မှုတွေရဲ့ ကွာဟမှုနည်းပါးတဲ့လုပ်ဆောင်ချက်တွေဖြစ်တယ်။

ဒါပေမဲ့ ဒီမိုကရက်တစ်ပြိုင်ပွဲတွေရဲ့ပြင်းထန်တဲ့ပြိုင်ဆိုင်မှုတွေမှာ မူဝါဒအခြေခံပြီးစည်းရုံးတဲ့ပါတီနိုင်ငံရေးတွေရဲ့ စီးပွားရေးဖွံ့ဖြိုးမှုလိုကဏ္ဍတွေမှာ ခက်ခဲတဲ့ထိန်းချုပ်ကန့်သတ်မှုတွေဟာ ခြွင်းချက်အဖြစ်ရှိကောင်းရှိနိုင်တယ်။ ပါတီနှစ်ခု ပြိုင်ဆိုင်မှုတန်းတူဖြစ်နေချိန်မှာတောင် ဒီလိုအချက်ပြမှုတွေကိုတုံ့ပြန်ဖို့ လုံလောက်တဲ့မဲဆန္ဒရှင်စျေးကွက်ရှိတယ်ဆိုရင် မူဝါဒအခြေခံတဲ့ဆွဲဆောင်မှုကိုပြုလုပ်ရမယ့် နိုင်ငံရေးသမားရဲ့အခက်အခဲဟာ တန်ဖိုးရှိလိမ့်မယ်။ မူဝါဒအခြေခံတဲ့အချက်အလက်အတွက် မဲဆန္ဒရှင်တွေရဲ့ထင်မြင်ချက်ဟာ ဝင်ငွေအလယ်အလတ်ရှိတဲ့နိုင်ငံတွေမှာပိုမိုသာလွန်တယ်။ ပြိုင်ဆိုင်မှုဟာ အလွန်ဆွဲဆောင်တဲ့အခါ နိုင်ငံရေးသမားတွေဟာ သူတို့ရဲ့မူဝါဒအခြေခံတဲ့ကြိုးပမ်းမှုတွေကို ပိုမိုပြင်းထန်စေတယ်ဆိုတဲ့ဖြစ်နိုင်ခြေအတိုင်းပါပဲ။

မြင့်မားတဲ့ပါတီအချင်းချင်းပြိုင်ဆိုင်မှုတွေဟာ ဝင်ငွေအလယ်အလတ်ရှိတဲ့နိုင်ငံတွေမှာ မူဝါဒအခြေခံတဲ့ပါတီစွဲရှိသူတွေအဖြစ် ဆွဲဆောင်မှုကိုတိုးမြှင့်ပေးတယ်ဆိုတဲ့အဆိုကြမ်းတွေအတွက် လေ့လာချက်အထောက်အထားများဟာ တော်တော်လေးရှုပ်ထွေးတယ်။ ဒါ့အပြင် ကြောင်းကျိုးဆက်နွယ်နေတဲ့ဦးတည်ချက်တွေဟာ ပြိုင်ဆိုင်မှုကနေ မူဝါဒအခြေခံတဲ့ဗျူဟာတွေဆီရွှေ့လျားနေသလား၊ ဒါမှမဟုတ် ဆန့်ကျင်ဘက်အခြေအနေလားဆိုတာ မရှင်းလင်းဘူး။ မူဝါဒအခြေခံတဲ့နိုင်ငံရေးဟာ ခေါင်းဆောင်ပါတီနှစ်ခုကြား ပထမနေရာအတွက်ယှဉ်ပြိုင်မှုထက် ပါတီအချင်းချင်းပြိုင်ဆိုင်မှုကိုပြုလုပ်တယ်ဆိုတာ ဖြစ်ကောင်းဖြစ်နိုင်ပါတယ်။

ဖြစ်စဉ်(၇)ခုကိုလေ့လာရာမှာ ပြိုင်ဆိုင်မှုဟာ ဒိုမီနီကန်၊ တောင်ကိုရီးယားနဲ့ ၂၀၀၈ ခုနှစ် ပါတီနှစ်ခုအပေါ်အာရုံစိုက်မှုမတိုင်ခင် ဥပဒေနဲ့အညီနောက်ဆုံးမဲအများဆုံးပေးခဲ့တဲ့ ထိုင်ဝမ်တို့မှာ အမြင့်ဆုံးဖြစ်တယ်။ မူဝါဒအခြေခံတဲ့ကြိုးပမ်းမှုတွေဟာ မတူညီတဲ့ဦးတည်ချက်တွေဆီရွှေ့လျားတယ်။ တောင်ကိုရီးယားဟာ ပိုမိုအားကောင်းတဲ့ မူဝါဒအခြေခံတဲ့ဆွဲဆောင်မှုနဲ့အတူ တိုက်ဆိုင်စွာပြိုင်ဆိုင်မှုရှင်းရှင်းလင်းလင်းထွက်ပေါ်လာတဲ့ ဖြစ်စဉ်တစ်ခုဖြစ်တယ်။ ဒါပေမဲ့ ဖြစ်စဉ်(၇)ခု တည်းကနေ ကြောင်းကျိုးဆက်တဲ့ကောက်ချက်စွဲဖို့ဆိုတာခက်ခဲတယ်။

(၈၈)နိုင်ငံမှာရှိနေတဲ့DALP အချက်အလက်တွေအရ ပြင်းထန်တဲ့ပြိုင်ဆိုင်မှုနဲ့ ကြီးမားတဲ့မူဝါဒအခြေခံစည်းရုံးမှုကြားမှာ အင်အားကြီးအဖွဲ့အစည်းတွေကိုတွေ့နိုင်တယ်။ ဒါတွေဟာ ဝင်ငွေအဆင့်ပေါ် မှီတည်နေတယ်ဆိုတာရှင်းလင်းပါတယ်။

ပြိုင်ဆိုင်မှုဟာ ချမ်းသာတဲ့နိုင်ငံတွေမှာသာ မူဝါဒအခြေခံကြိုးပမ်းမှုနဲ့ပိုမိုတိုက်ဆိုင်တယ်။ ဝင်ငွေအလယ်အလတ်နဲ့နည်းပါးတဲ့နိုင်ငံတွေမှာတော့ ပြင်းထန်တဲ့ပြိုင်ဆိုင်မှုဟာ မူဝါဒအခြေခံကြိုးပမ်းမှုအားနည်းတဲ့ပါတီတွေနဲ့ဆက်စပ်နေတယ်။ ဆင်းရဲတဲ့နိုင်ငံတွေမှာတော့ ပြင်းထန်တဲ့ပါတီပြိုင်ဆိုင်မှုတွေထက် အပေးအယူသဘောကြိုးပမ်းမှုတွေကတောင် ပြန်လည်အားကောင်းတယ်။

ဒါပေမဲ့ ချမ်းသာတဲ့နိုင်ငံတွေမှာ အင်အားကြီးပါတီတွေရဲ့ပြင်းထန်တဲ့ပြိုင်ဆိုင်မှုအခြေအနေတွေကြား မူဝါဒကိုအခြေခံတဲ့မဲပေးသူတွေအတွက် ကြီးမားတဲ့ဈေးကွက်ကိုပိုင်ဆိုင်တယ်ဆိုတာဟာဖြစ်နိုင်ခြေရှိပါတယ်။ မတူညီတဲ့အချက်တွေကနေ အချက်အလက်များစွာကိုအချိန်မီမရရှိရင် ပြိုင်ဆိုင်မှုဟာ ကြီးမားတဲ့မူဝါဒအခြေခံကြိုးပမ်းမှုကိုဖန်တီးသလား၊ ဒါမှမဟုတ် ဆန့်ကျင်ဘက်အခြေအနေလားဆိုတာကို မသိနိုင်ဘူး။ ဒါ့အပြင် ပါတီတွေဟာ တစ်ကြိမ်တစ်ခါတော့ ဗျူဟာအားလုံးဖြစ်တဲ့ မူဝါဒအခြေခံစည်းရုံးမှုနဲ့ အပေးအယူသဘောစည်းရုံးမှုတွေကို ဖြန့်ကျက်ထားဖို့ ကြိုးစားကြတယ်။ ဒီဖြစ်နိုင်ခြေဟာ အာဏာရအမွေခံပါတီရဲ့ရှိနေမှုအတွင်း အလွန်ကြောင်းကျိုးဆီလျော်တယ်။ အာဏာရအမွေခံပါတီတွေဟာ ISI-EOI ပေါ်လစီတွေနဲ့အတူဖွံ့ဖြိုးတိုးတက်တဲ့ပြည်နယ်တွေအပေါ်မှီခိုတဲ့ ဝင်ငွေအလယ်အလတ်ရှိတဲ့နိုင်ငံတွေမှာအထူးအင်အားကြီးတယ်။ ဒီလိုပါတီတွေဟာ နိုင်ငံရေးနဲ့စီးပွားရေးကို ပေါင်းကူးပေးတဲ့အလွန်ရှုပ်ထွေးတဲ့ကွန်ရက်တွေမှာ မြုပ်ဝင်နေပြီး လွယ်ကူစေတယ်။ အပေးအယူသဘောစည်းရုံးခြင်းဆက်စပ်မှုကို ဒီမိုကရက်အခြေအနေအသစ်အောက်မှာ ကောင်းမွန်စွာအသုံးပြုဖို့ပြုလုပ်တယ်။ အာဏာရအမွေခံပါတီဟာ အပေးအယူသဘောနဲ့ မူဝါဒအခြေခံသဘောဆွဲဆောင်မှုနှစ်ခုစလုံးကိုမြှင့်တင်ဖို့ နှစ်သက်တယ်။

ဘူလ်ဂေးရီးယန်းဆိုရှယ်လစ်ပါတီဟာ ကွန်မြူနစ်ပါတီဟောင်းတစ်ခုရဲ့ မူလပုံစံအခြေအနေဖြစ်ပြီး မူဝါဒအခြေခံစည်းရုံးမှုကို ဖန်တီးနေစဉ်အပေးအယူသဘောစည်းရုံးမှုကိုထိန်းသိမ်းဖို့ကြိုးပမ်းခဲ့တယ်။ တောင်ကိုရီးယားဂရန်းနေရှင်နယ်ပါတီ (မတူညီတဲ့ပါတီနှစ်ခုပေါင်းစည်းထားတဲ့ပါတီ) ဟာ အာဏာရှိစဉ်စည်းမျဉ်းတွေအတွင်းပါဝင်တဲ့အမွေခံနောက်ကြောင်းတွေကို ဆန့်ကျင်ပြီး လုပ်ငန်းစဉ်တွေမှာ အလားတူလုပ်ပုံလုပ်နည်းတွေကိုပြောင်းလဲခဲ့တယ်။ ထိုင်ဝမ်ကူမင်တန်ပါတီဟာ အပေးအယူသဘောစည်းရုံးမှုကို အထူးတလည်ထိန်းသိမ်းခဲ့တဲ့ အောင်မြင်တဲ့ပါတီဖြစ်တယ်။ ပါတီရဲ့ဖွံ့ဖြိုးတိုးတက်တဲ့ ပြည်နယ်ဗျူဟာတွေမှာ စီးပွားရေးအကျပ်အတည်းတွေကို

နက်နက်နဲနဲ မစွက်ဖက်တာကြောင့်ဖြစ်တယ်။ ဒါဟာ မူဝါဒအခြေခံစည်းရုံးမှုကို ပိုမိုရှင်းလင်းစွာ ဖွံ့ဖြိုးလာမှုနဲ့ပတ်သက်တာဖြစ်တယ်။ မူဝါဒအခြေခံစည်းရုံးမှုဟာ ထိုင်ဝမ်ကူမင်တန်ပါတီရဲ့အဓိကပြိုင်ဘက်ဖြစ်တဲ့ ဒီမိုကရက်တစ်ပရိုဂရက်စစ်ပါတီရဲ့ ဖြန့်ဖြူးနေတဲ့ဖိအားတွေကိုဆန့်ကျင်ပြီး နိုင်ငံရေး–စီးပွားရေးရှေ့မတိုးနောက်မဆုတ်သာ အခြေအနေကိုထိန်းသိမ်းဖို့ထောက်ခံခဲ့တယ်။

## *ပါတီတွင်းနဲ့ ဥပဒေပြုအဖွဲ့အစည်း*

နိုင်ငံရေးပါတီအားလုံးဟာ ရွေးကောက်ပွဲဆိုင်ရာအောင်မြင်ဖို့အတွက် ကျွမ်းကျင်မှုရှိတဲ့အဖွဲ့အစည်းဆိုင်ရာ အဆောက်အအုံတွေကိုလိုအပ်တယ်။ Programmatic ကျနတဲ့ပါတီတွေအာရုံစူးစိုက်တဲ့ လှုပ်ရှားသူတွေကိုလိုအပ်တယ်။ ဒီလို လှုပ်ရှားသူတွေနဲ့ပူးပေါင်းပြီး အောင်မြင်ဖို့အတွက်ဆွေးနွေးခြင်းဖြစ်စဉ်တွေနဲ့ ယုတ္တိရှိတဲ့ ပေါ်လစီ ကတိတာဝန်တွေကိုချဲ့ထွင်ရမယ်။ နှိုင်းယှဉ်မှုတွေအရ မတူညီတဲ့ဗျူဟာတွေကို စိတ်ဝင် စားတဲ့ပါတီတွေဟာ သူတို့ပါတီရဲ့ပေါ်လစီရည်ရွယ်ချက်တွေကို ဆွေးနွေးဖို့နဲ့ ပူးပေါင်း ဆောင်ရွက်ရာမှာ ပါတီဝင်တွေအတွက် အစည်းအဝေးတွေဖန်တီးဖို့ မကြိုးစား ဘူး။ ဒါကြောင့် မူဝါဒအခြေခံစည်းရုံးတဲ့ပါတီတွေဟာ ပါတီဝင်တွေရဲ့ပုံမှန် ပါတီတွင်း ကွန်ရက်တွေကို တည်ဆောက်ဖို့နှစ်သက်တယ်။ မူဝါဒအခြေခံစည်းရုံးမှုမရှိတဲ့ပါတီတွေ အတွက်ကတော့ ပါတီရဲ့အပြင်ဘက်မှာ ထင်ရှားစွာတည်ရှိနေတဲ့ ပုံမှန်မဟုတ်တဲ့ ကွန်ရက်တွေကအရေးပါတယ်။ ဒီအပြင် မူဝါဒအခြေခံစည်းရုံးတဲ့ပါတီခေါင်းဆောင်တွေ ဟာ ပိုမိုယုံကြည်ရမယ့်ပေါ်လစီ ရည်ရွယ်ချက်တွေကိုပြုလုပ်ရာမှာ အလယ်အလတ် တက်ကြွလှုပ်ရှားသူတွေနဲ့ မူလပါတီဝင်တွေရဲ့ ပါတီဗျူဟာပိုင်းဆိုင်ရာ ပြောဆိုနိုင်ခွင့် တွေကိုလိုက်လျောရမယ်။ အပေးအယူသဘော စည်းရုံးမှုပုံစံမှာတော့ ခေါင်းဆောင် တွေဟာ အလယ်အလတ်အဆင့်ကိုယ်စားလှယ်တွေကို ထိန်းချုပ်ဖို့အတွက် မြင့်မားတဲ့ ဗဟိုချုပ်ကိုင်မှုရှိတဲ့ နိုင်ငံရေးအာဏာရှိသူကိုရှာဖွေတယ် (Stokes 2005: Stokes ef d.2013)။ အမှန်တော့ နောက်ပိုင်းပါတီဆိုင်ရာတက်ကြွလှုပ်ရှားသူတွေဟာ အာဏာ ပိုင်အဖွဲ့ရဲ့အာရုံစူးစိုက်မှုကြီးမားတဲ့အရာတွေနဲ့ မခြားနားနိုင်ပါဘူး။

ပါတီအဖွဲ့အစည်းတွေရဲ့ ဒီလိုစိတ်ပိုင်းဆိုင်ရာအရည်အသွေးတွေကိုဆန့်ကျင် တဲ့စမ်းသပ်မှုဖြစ်ရပ်တွေမှာ လုပ်ဆောင်မှုသုံးခုကို စုံစမ်းစစ်ဆေးမှုရဲ့အလယ်မှာထား

တယ်။ ဒီစုံစမ်းမှုသုံးခုကတော့ (၁) ပါတီအဖွဲ့အစည်းအတွင်း ထင်ရှားတဲ့နယ်ပယ်ဆိုင်ရာကဏ္ဍကို ခန့်မှန်းခြင်း (ကွန်ရက်အတွင်းအားနည်းမှုရဲ့သွယ်ဝိုက်လက္ခဏာ)၊ (၂) ပါတီရဲ့နိုင်ငံရေးခေါင်းဆောင်ကိုယ်စားလှယ်အမည်တင်သွင်းခြင်းအပေါ် ဗဟိုချုပ်ကိုင်မှုအာဏာအဆင့် (စေ့စပ်ဆွေးနွေးမှုနည်းပါးတဲ့လက္ခဏာ)၊ (၃) ဖုံးကွယ်ထားတဲ့ ပါတီတွင်းဘဏ္ဍာရေး (ခေါင်းဆောင်မှုအပေါ်ထိန်းချုပ်မှုနည်းပါးတဲ့လက္ခဏာ) စတာတွေဖြစ်တယ်။

ကျယ်ပြန့်တဲ့ ALP အချက်အလက်တွေမှာတော့ ပြင်းထန်တဲ့အပေးအယူသဘောစည်းရုံးတဲ့ပါတီတွေ (မူဝါဒအခြေခံမဟုတ်တဲ့ပါတီတွေ) ရဲ့ကြိုးပမ်းမှုတွေဟာ ပုံမှန်ပါတီဝင်တည်ဆောက်ပုံထက် ပုံမှန်မဟုတ်တဲ့ ထင်ရှားတဲ့ကွန်ရက်အပေါ်မှီခိုပြီး ဗဟိုချုပ်ကိုင်မှုရှိတယ်။ မူဝါဒအခြေခံစည်းရုံးမှုနဲ့အပေးအယူသဘောစည်းရုံးမှုနှစ်ခုစလုံးပြုလုပ်တဲ့ပါတီတွေကတော့ ပုံမှန်ဖွဲ့စည်းမှုကိုအလေးထားပြီး မြင့်မားတဲ့ဗဟိုချုပ်ကိုင်မှုရှိတယ်။ ဖြစ်ရပ်တွေကိုလေ့လာရာမှာ တူရကီ AKP နဲ့ ဘူဂေးရီးယန်းဆိုရှယ်လစ်ပါတီတို့ဟာ ဗျူဟာနဲ့မြင့်မားတဲ့ဗဟိုချုပ်ကိုင်မှုနှစ်မျိုးပေါင်းစပ်မှုကို နားလည်သဘောပေါက်တယ်။

မူဝါဒအခြေခံစည်းရုံးတဲ့ပါတီတွေဟာ အဖွဲ့အစည်းဆိုင်ရာအာဏာဖြန့်ဝေရာမှာ ပါတီရဲ့ဥပဒေပြုကိုယ်စားလှယ်အမည်တင်သွင်းမှုအပေါ် တက်ကြွလှုပ်ရှားသူတွေနဲ့သာမန်အဖွဲ့ဝင်တွေက ပိုမိုပြောဆိုရွေးချယ်နိုင်ဖို့ တိကျတဲ့ပမာဏတချို့ကိုခွင့်ပြုဖို့အလားအလာရှိတယ်။ အများအားဖြင့်တော့ ကြီးမားတဲ့ပါတီဝင်ရရှိမှုနဲ့ သာမန်ရှယ်ယာဝင်များအတွက် ခေါင်းဆောင်ပိုင်းတာဝန်ခံမှုဟာ အပေးအယူသဘောအခြေခံစည်းရုံးမှုပါတီတွေကနေ မူဝါဒအခြေခံစည်းရုံးမှုပါတီကို ပိုမိုကွဲပြားခြားနားစေတယ်။ ဒါပေမဲ့ မူဝါဒအခြေခံပါတီတွေဟာ များပြားတဲ့အဖွဲ့ဝင်တွေနဲ့ရှယ်ယာဝင်ကွန်ရက်တွေ များပြားလာတဲ့အခါ သူတို့တွေကိုအတူတကွချုပ်ကိုင်နိုင်ဖို့အတွက် ပိုမိုအာဏာရှိတဲ့ခေါင်းဆောင်တွေထုတ်လုပ်ဖို့ တိကျပြီးဟန်ချက်ညီတဲ့တိမ်းညွတ်မှု မရှောင်လွှဲနိုင်ဘဲပြသရတယ်။ (အသေးစိတ်စိစစ်ချက်အရ အစောပိုင်းတွေ့ရှိချက်တွေကို စစ်ဆေးခြင်း (Kitschelt and Kselman 2014)။ လာဘ်လာဘနဲ့မြူဆွယ်တဲ့ပါတီများနဲ့ နှိုင်းယှဉ်ပါက မူဝါဒအခြေခံစည်းရုံးတဲ့ပါတီတွေဟာ ထူးခြားစွာ သူတို့ကိုယ်တိုင် ဘဏ္ဍာရေးဆိုင်ရာစီမံခန့်ခွဲမှုတွေကို ထည့်သွင်းစဉ်းစားတယ်။ သူတို့ဟာ ပါတီဘဏ္ဍာရေးကို ပိုမိုမြင်သာစေဖို့နဲ့ မကျေနပ်မှုတွေကို ဥပဒေစည်းကမ်းအရဖြေရှင်းလိုတဲ့ပါတီဖြစ်တယ်။

ခြားနားချက်အရ အပေးအယူသဘော စည်းရုံးတဲ့ပါတီတွေဟာ မူဝါဒဆိုင်ရာတွေကို အလေးထားသည်ဖြစ်စေ အလေးမထားသည်ဖြစ်စေ ပွင့်လင်းမြင်သာမှုမရှိဘဲ တစ်ခါတလေ ဥပဒေနဲ့မညီတဲ့ဘဏ္ဍာရေးဆိုင်ရာ အလေ့အထတွေနဲ့ ဆောင်ရွက်လေ့ရှိတယ်။

ဖြစ်ရပ်တွေကိုလေ့လာတဲ့နိုင်ငံတွေရဲ့ပါတီတွင်းအဖွဲ့အစည်းတွေကို ပြသရာမှာတော့ ဖော်ပြခဲ့သောတိမ်းညွတ်မှုတွေနဲ့လိုက်လျောညီထွေမှုရှိတယ်။ (Box ၂.၂ တွင်ရှု)ကျယ်ပြန့်တဲ့ပုံ မှန်အဖွဲ့အစည်းနဲ့ ကန့်သတ်ထားတဲ့ဗဟိုချုပ်ကိုင်မှုကို ပေါင်းစပ်ထားတဲ့ပါတီကတော့ အင်အားကြီးဆုံးမူဝါဒအခြေခံစည်းရုံးမှုနဲ့ အားအနည်းဆုံး အပေးအယူသဘောစည်းရုံးမှုအလားအလာတွေကိုပိုင်ဆိုင်ထားတဲ့ ဘရာဇီး PT ပါတီနဲ့ ကိုရီးယန်းပါတီတို့ဖြစ်တယ်။ ဒါပေမဲ့ ပါတီတွေဟာ မူဝါဒအခြေခံစည်းရုံးတဲ့ပါတီဖြစ်မှု၊ မဖြစ်မှုကို အလေးမထားဘဲ မြင့်မားတဲ့ဗဟိုချုပ်ကိုင်မှုကိုပိုင်ဆိုင်ပြီး ပုံမှန်မဟုတ်တဲ့ ထင်ရှားမှုကို မှီခိုတာတွေရှိတယ်။

ဖြစ်ရပ်တွေကိုလေ့လာရာမှာ ကန့်သတ်ထားတဲ့ဗဟိုထိန်းချုပ်မှုနဲ့ပုံမှန်အဖွဲ့အစည်းတွေဖြစ်တဲ့ အဖွဲ့အစည်းဆိုင်ရာ ပါတီတည်ဆောက်ပုံတွေကို တစ်ခုချင်းအလိုက် ရွေးချယ်မှုဖြင့်ဆုံးဖြတ်တာကလည်း မသေချာပါဘူး။ အဖွဲ့အစည်းဆိုင်ရာတည်ဆောက်ပုံနဲ့ဗျူဟာပိုင်းဆွဲဆောင်မှုတိုက်ဆိုင်ပေမဲ့ ဖြစ်ရပ်လေ့လာမှုတွေဟာ ကြောင်းကျိုးဆက်စပ်တဲ့ ဆက်နွယ်မှုတွေကိုမပြသပါဘူး။ မူဝါဒအခြေခံဆွဲဆောင်တဲ့ပါတီတွေဟာ ပါတီအဖွဲ့အစည်းနဲ့အတူကြီးမားတဲ့နိုင်ငံရေးပါတီ (ဥပမာ–ဘရာဇီး PT) တွေမှာ ရှင်သန်ဖို့ပိုမိုနှစ်သက်တယ်လို့ ကောက်ချက်ချနိုင်တယ်။ ဒီလိုပါတီအဖွဲ့အစည်းတွေဟာ ပါတီအုပ်ချုပ်မှုကို ယုံကြည်နိုင်လောက်တဲ့ စည်းမျဉ်းအတိုင်းဖြစ်စေတယ်။ ပါတီရဲ့ဗျူဟာတွေကနေ ခေါင်းဆောင်ရဲ့ပုဂ္ဂိုလ်ရေးကိုခွဲခြားထားပြီး ဥပဒေပြုကိုယ်စားလှယ်ရွေးချယ်ရာမှာပါတီဝင်တွေကိုလွှမ်းမိုးခွင့်ပေးထားတယ်။

**Box ၂.၂ ဖြစ်ရပ်လေ့လာမှုများ မူဝါဒအခြေခံစည်းရုံးမှုပါတီနဲ့ အပေးအယူသဘောစည်းရုံးမှုပါတီများရဲ့ ပါတီအဖွဲ့အစည်းများ**

ဒိုမီနီကန်နိုင်ငံအတွင်း ပါတီတွေဟာ အများအားဖြင့် ပုံမှန်ဒေသမှာ ပါတီအဖွဲ့အစည်းမရှိဘဲ ဒေသတွင်းထင်ရှားသူတွေ အပေါ်မှီခိုတယ်။ သူတို့မှာလည်း လွန်ကဲတဲ့ဗဟိုချုပ်ကိုင်မှုဆန်တဲ့အဖွဲ့အစည်းဆိုင်ရာတည်ဆောက်ပုံရှိတယ်။

ထိုင်ဝမ်ကကျယ်ပြန့်တဲ့ပါတီနှစ်ခုဟာ ကျယ်ပြန့်တဲ့ဒေသတွင်းယူနစ်တွေကို ပိုင်ဆိုင်ပေမယ့် မဲတွေကိုလှုံ့ဆော်ဖို့အတွက် ကြိုတင်ရှိနေတဲ့သေးငယ်တဲ့ လူမှုအဖွဲ့အစည်းကွန်ရက်တွေကို မဟာမိတ်ဖွဲ့ဖို့လိုလားတယ်။ ဒီလိုလားမှုတွေ အာဏာကြီးစိုးမှုအောက်ရဲ့ ဒေသအဆင့်ရွေးကောက်ပွဲမှာ နယ်မြေခံထင်ရှားသူတွေကို ခက်ခက်ခဲခဲဖယ်ရှားမှုနဲ့လူအများထောက်ခံမှုကို လုံခြုံစေမှုဟာ KMT ရဲ့ပေါင်းစပ်မှုဗျူဟာကနေ စတင်ခဲ့တယ်။

အိန္ဒိယရဲ့ပါတီအဖွဲ့အစည်းတွေဟာ နိုင်ငံအနှံ့အရေးပါစွာ ကွဲပြားတယ်။ ပြည်နယ်များတွင်ပါတီများဟာ ပိုမိုစည်းရုံးပြီး ပါတီကိုယ်စားပြုရွေးချယ်ရာမှာ စည်းကမ်းဆိုင်ရာထိန်းချုပ်မှုကို ပိုမိုရှင်းလင်းစွာလိုက်နာတယ်။ မဲရှင်တွေဟာ တစ်သီးပုဂ္ဂလကိုယ်စားလှယ်ထက် ပါတီကိုယ်စားလှယ်တွေကို ထောက်ခံတယ်။ အိန္ဒိယပါတီအများစုဟာ မူဝါဒအခြေခံစည်းရုံးမှုဘက်လိုက်တဲ့ ဆွဲဆောင်မှုတွေကို လွယ်ကူစေတဲ့အဖွဲ့အစည်းဆိုင်ရာတည်ဆောက်ပုံမရှိဘူး။

တူရကီမှာတော့ ပါတီတွေဟာ ပုံမှန်အဖွဲ့အစည်းဆိုင်ရာကျယ်ပြန့်မှုရဲ့ အကြီးမားဆုံးအဆင့်ကို ပိုင်ဆိုင်ထားတယ်။ AKP ဟာ အရေးပါဆုံးဖြစ်တဲ့ မူဝါဒအခြေခံကြိုးပမ်းမှုကို ပြုလုပ်တဲ့ပါတီဖြစ်တယ်။ ဒါပေမဲ့ AKP ဟာ သူရဲ့အပေးအယူသဘောကြိုးပမ်းမှုကိုကူညီဖို့ ထင်ရှားသူတွေရဲ့ ကျယ်ပြန့်တဲ့ ကွန်ရက်ကိုလည်းအားကိုးတယ်။ AKP ဟာ ရှေးဆန်တဲ့အရာအားလုံးလုပ်ဆောင်တဲ့ ပါတီဖြစ်လာတယ်။ သူရဲ့ခေါင်းဆောင်မှုကတော့ ဗဟိုချုပ်ကိုင်မှုအာဏာကိုနှစ်သက်တယ်။

ကိုရီးယားပါတီတွေရဲ့မူဝါဒအခြေခံဆွဲဆောင်မှုအတွက် အရေးကြီးတဲ့တိုးတက်မှုဟာ ကင်မျိုးဆက်သုံးဆက်နဲ့ပါတီအဖွဲ့အစည်းတွေကို ကိုယ်ပိုင်နာမည်ပေးခြင်း အဆုံးသတ်မှုနဲ့ ထပ်တူကျတယ်။ ပါတီတွေဟာ ပါတီအတွင်းဆုံးဖြတ်ချက်ချခြင်းဖြစ်စဉ်ကို စည်းမျဉ်းနဲ့အညီဖြစ်စေဖို့နဲ့ ကြီးမားတဲ့ပွင့်လင်းမြင်သာမှုဖန်တီးဖို့ ကြီးမားတဲ့ကြိုးပမ်းမှုတွေပြုလုပ်ခဲ့တယ်။

ဘရာဇီးမှာတော့ အလုပ်သမားပါတီရဲ့ခေါင်းဆောင်များဟာ ဘရာဇီးသမ္မတရာထူးအထိမြင့်တက်ခဲ့ပြီး အဲဒီမတိုင်ခင် အလုပ်သမားပါတီဟာ နိုင်ငံတွင်း အလွန်စည်းစနစ်ကျစွာဖွဲ့စည်းထားတဲ့ပါတီဖြစ်တယ်။ တခြားပါတီတွေဟာ သူတို့ခေါင်းဆောင်တွေရဲ့ ပုဂ္ဂိုလ်ရေးအရေးပါမှုကို ထည့်သွင်းစဉ်းစားပေမဲ့ လူလာကဲ့သို့ ဩဇာကြီးတဲ့နိုင်ငံရေးသမားတောင်မှ သူ့ပါတီတွင်း အချေအတင်ဆွေးနွေးမှုနဲ့ စမ်းသပ်ခံရတယ်။

ဘူလ်ဂေးရီးယားမှာတော့ တစ်စိတ်တစ်ပိုင်းအထောက်အထားများက မူဝါဒအခြေခံဆွဲဆောင်မှုဟာ အလွန်စနစ်ကျစွာဖွဲ့စည်းထားတဲ့ပါတီတွေကို ပြုလုပ်တယ်ဆိုတာကို ထပ်မံအဆိုပြုတယ်။ မူဝါဒအခြေခံစည်းရုံးမှုလျော့နည်းတဲ့ပါတီတွေဟာ ပုဂ္ဂိုလ်ရေးဆန်မှုနဲ့ ဗဟိုချုပ်ကိုင်တဲ့စီမံချက်တွေကို ပိုမိုပြုလုပ်တယ်။

*ဥပဒေပြုအဖွဲ့အစည်းများ*

ပါတီရဲ့ပါဝါတည်ဆောက်မှုပုံစံရဲ့အခြားအရေးပါတဲ့ ရှုထောင့်ကတော့ ပါတီရဲ့ ဥပဒေပြုကိုယ်စားလှယ်တွေကို အုပ်ချုပ်ခြင်းဖြစ်တယ်။ ဥပဒေပြုကိုယ်စားလှယ်တွေဟာ ပါတီညွှန်ကြားချက်တွေကနေ တရားဝင်လွတ်လပ်သူဖြစ်တယ်။ ဒါပေမဲ့ de facto ပါတီခေါင်းဆောင်တွေဟာ သူတို့ရဲ့ဥပဒေပြုကိုယ်စားလှယ်တွေအပေါ် ဩဇာလွှမ်းမိုးတယ်။ ပါတီရဲ့ဥပဒေပြုကော်မတီတွေဟာ ဆက်စပ်နေတဲ့သူတို့ရဲ့ပေါ်လစီသက်ရောက်မှုကို ဘယ်လိုစီစဉ်မလဲ။ ဥပဒေပြုအဖွဲ့အစည်းဆိုင်ရာစီမံမှုတွေ မူဝါဒအခြေခံစည်းရုံးတဲ့နိုင်ငံရေးနဲ့ အံ့ဝင်ခွင်ကျဖြစ်ဖို့အတွက် ဆုံးဖြတ်စရာမူဝါဒနှစ်ခုနဲ့မလွဲမသွေကြုံတွေ့ရမယ်။ ပထမတစ်ခုကတော့ ဥပဒေပြုအဖွဲ့ဟာ ပြောဆိုမှုတွေကိုသာမက လည်ပတ်နေတဲ့ပါလီမန်အတိုင်းမဖြစ်မနေလုပ်ဆောင်ရမယ်။ ဒါကို Weber ရဲ့ ဖော်ပြမှု (၁၉၁၉–၁၉၇၈) အတွင်းထားရှိရန်ဖြစ်တယ်။ ဒါဟာ ဥပဒေပြုသူတွေကို ပေါ်လစီကျွမ်းကျင်တတ်သိမှုတွေမှာမြှပ်နှံဖို့အတွက် ဆွဲဆောင်မှုနဲ့စွမ်းရည်တွေကို မဖြစ်မနေပံ့ပိုးပေးရမယ်လို့ ဆိုလိုခြင်းဖြစ်တယ်။ ဥပမာအားဖြင့် ကောင်းမွန်တဲ့စွမ်းရည်တွေပိုင်ဆိုင်ထားတဲ့ဥပဒေပြု ကော်မတီစနစ်မျိုးဖြစ်တယ်။ ဒုတိယဆုံးဖြတ်ရမယ့်အရာကတော့ ဥပဒေပြုအဖွဲ့တွေဟာ အချင်းချင်းပြိုင်ဆိုင်မှုထက် ပါတီအဖွဲ့အစည်းအတွင်း ပူးပေါင်းလုပ်ဆောင်ဖို့တွက် ဥပဒေပြုကိုယ်စားလှယ်တွေကို ဆွဲဆောင်မှုတွေနဲ့ပံ့ပိုးရမယ်။ ဥပဒေပြုအဖွဲ့ဟာ ပူးပေါင်းလုပ်ဆောင်မှုတွေကို ဆုလာဘ်ချီးမြှင့်ပြီး တစ်ဦးတစ်ယောက်ထက် အုပ်စုအဖွဲ့တွေကို စွမ်းရည်တွေပေးအပ်ရမယ်။ ဥပဒေပြုကိုယ်စားလှယ်တွေအတွက် ဒီလိုအကန့်အကျများစွာပြုလုပ်ခြင်းဟာ သူတို့ရဲ့ပါတီလွှမ်းမိုးမှုကိုစွန့်လွှတ်ဖို့ ဖြစ်တယ်။

ဒီလေ့လာမှုထဲကအနည်းဆုံးဥပဒေပြုအဖွဲ့သုံးခု (ဘရာဇီး၊ ဘူလ်ဂေးရီးယားနဲ့ တောင်ကိုရီးယား) နဲ့ ထိုင်ဝမ်တို့ရဲ့လေ့လာမှုအထောက်အထားတွေက မကြာမီနှစ်များအတွင်း ပါတီဥပဒေပြုဆိုင်ရာအုပ်ချုပ်မှုအဖွဲ့အစည်းတွေကို အားဖြည့်ရမယ်လို့ အဆိုပြုထားတယ်။ ဒါဟာ ဥပဒေပြုအဖွဲ့နဲ့ပါတီပေါင်းစည်းမှုကိုပြောင်းလဲဖို့ ဥပဒေပြုအဖွဲ့ရဲ့အဖွဲ့ဝင်တွေအတွက် ပိုမိုခက်ခဲလာသလို ပိုမိုအကန့်အကျများတယ်။ ကော်မတီလုပ်ဆောင်မှုတွေကို ဆောင်ရွက်ပုံတွေ၊ ကော်မတီဟာ မူဝါဒအခြေခံတဲ့စည်းရုံးမှု စကားစစ်ထိုးပွဲတွေကို ဘယ်လိုလွှမ်းမိုးတယ် (ဒါမှမဟုတ်ဘယ်လိုလွှမ်းမိုးခံရတယ်)

ဆိုတာကို ကောက်ချက်မချနိုင်ဘူး။ ပါတီခေါင်းဆောင်တွေဟာ မူဝါဒအခြေခံစည်းရုံးမှုတွေကို တာဝန်ယူရင် ဥပဒေပြုကိုယ်စားလှယ်အဖွဲ့ရဲ့ဘက်လိုက်မှုပြင်းထန်တဲ့အုပ်ချုပ်မှုတွေဟာ မူဝါဒအခြေခံစည်းရုံးမှုဘက်လိုက်တဲ့ပြိုင်ဆိုင်မှုတွေ ပိုမိုဖြစ်ပေါ်လာဖို့ ဖြည်းဖြည်းချင်းကူညီပေးတယ်။

စနစ်တကျနှိုင်းယှဉ်လေ့လာဆန်းစစ်မှုအတွက် ဒီမှတ်ချက်တွေရဲ့အကျိုးသက်ရောက်မှုဟာ ခက်ခဲတာကိုတွေ့ရတယ်။ နိုင်ငံတွေကိုစနစ်ကျလေ့လာမှုအထောက်အထားတွေ (DALP ဟာ ဒီလိုအချက်အလက်တွေကို မစုဆောင်းဘူး) မပေးနိုင်ခြင်း၊ ဒါမှမဟုတ် လက်ရှိကိစ္စရပ်တွေမှာလေ့လာနေတဲ့နိုင်ငံတွေအတွင်း ဥပဒေပြုဆိုင်ရာအဖွဲ့အစည်းတွေရဲ့အသေးစိတ်လေ့လာမှုတွေ မပေးနိုင်တာကြောင့်ဖြစ်တယ်။ ဒီအကြောင်းအရာရဲ့ဖြစ်ရပ်တွေကို လေ့လာစုဆောင်းထားတာတွေဟာ ယေဘုယျလေ့လာမှုတွေအပေါ် မဖြစ်မနေမှီခိုဖို့ပြုလုပ်ပြီး ဒီလေ့လာမှုတွေကနေ အရဲစွန့်တဲ့ယူဆချက်တွေကို ကောက်ချက်ချနိုင်တယ်။ ပါတီနဲ့ဥပဒေပြုအဖွဲ့အစည်းတွေဟာ နိုင်ငံရေးပြောင်းလဲမှုဖြစ်စဉ်အတွက်အရေးကြီးပြီး ဒီဖြစ်စဉ်တွေကို နိုင်ငံတစ်ခုရဲ့ဒီမိုကရက်တစ်အလေ့အထ ဒါမှမဟုတ်နိုင်ငံရေး–စီးပွားရေးအင်္ဂါရပ်တွေ ချိန်ခွင်လျှာပေါ်ရှိနေချိန်ထက် ပိုမိုနည်းပါးတဲ့နိုင်ငံရေးအဟန့်အတားတွေနဲ့ပြောင်းလဲကောင်းပြောင်းလဲနိုင်သလို ဒီကန့်သတ်မှုဟာ ကျေနပ်ဖွယ်မဟုတ်ဘူး။

## ဖြစ်နိုင်ခြေရှိတဲ့ အားနည်းတဲ့လေ့လာမှုအကြောင်းရင်းတွေဟာ နိုင်ငံရေးသမားတွေရဲ့မူဝါဒအခြေခံတဲ့ရွေးချယ်မှုတွေကိုလွှမ်းမိုးတယ်။

အဲဒီအကြောင်းရင်းတွေဟာ ဖြစ်နိုင်ခြေရှိတယ်။ ဒါပေမဲ့ အားနည်းတဲ့လေ့လာမှု၊ ဒါမှမဟုတ် သုတေသနအထောက်အထားမရှိတဲ့အတည်ပြုချက်တွေဟာ ပါတီရဲ့မူဝါဒအခြေခံတဲ့စည်းရုံးမှုအလားအလာနဲ့နိုင်ငံရေးစနစ်ကို လွှမ်းမိုးဖို့အတွက် ပါတီရဲ့လုပ်နိုင်စွမ်းကို ညွှန်ပြတယ်။ ဒီလေ့လာမှုအချက်အလက်တွေကို ရှင်းလင်းပြဆိုမှုမရှိခြင်းဟာ ဖြစ်နိုင်ခြေရှိတဲ့အခြေအနေတွေကနေ မထုတ်ပယ်ထားပေမဲ့ ပါတီရဲ့ကဏ္ဍနဲ့လွှမ်းမိုးမှုအပေါ် သုတေသနပိုမိုပြုလုပ်ဖို့လိုအပ်မှုကိုညွှန်ပြတယ်။

အချို့လေ့လာမှုတွေက ပါတီတွေရဲ့ပူးပေါင်းမှုဗျူဟာအတွက် ဒီမိုကရေစီအရေးမှာ ပြိုင်ပွဲရဲ့စည်းမျဉ်းစည်းကမ်းတွေကို အကျိုးသင့်အကြောင်းသင့်ဖော်ပြတယ်။ နေရာတစ်ခုအတွက်အလားအလာရှိတဲ့ တစ်ဦးချင်းနိုင်ငံရေးသမားတွေကြား လေးနက်တဲ့ ပြိုင်ဆိုင်မှုတွေကိုပြဋ္ဌာန်းပြီး ပြည်သူ့အာဏာကိုအသုံးပြုဖို့တာဝန်ရှိတဲ့နိုင်ငံရေးသမားတွေကိုထိန်းချုပ်ခြင်းဟာ မူဝါဒအခြေခံစည်းရုံးတဲ့ပြိုင်ဆိုင်မှုတွေကို ပိတ်ဆို့ခြင်းဖြစ်တယ်။ မူဝါဒအခြေခံစည်းရုံးတဲ့ပြိုင်ဆိုင်မှုတွေဟာ တစ်ဦးချင်းနိုင်ငံရေးသမား (ဩဇာကြီးသူ) တွေရဲ့ပြိုင်ဘက်ကင်းတဲ့အရည်အသွေးနဲ့ ဆန္ဒမဲကိုလဲလှယ်ရာမှာ သေးငယ်တဲ့ပစ်မှတ်မဲဆန္ဒရှင်တွေအတွက် လုပ်ဆောင်နိုင်တဲ့အရာတွေ (အပေးအယူသဘောစည်းရုံးမှု) ထက် ရည်ရွယ်ချက်နဲ့အစိုးရရဲ့လုပ်ရှားမှုတွေကို အာရုံစိုက်တဲ့ နိုင်ငံရေးသမားနဲ့မဲဆန္ဒရှင်တွေကိုလိုအပ်တယ်။ စည်းမျဉ်းစည်းကမ်းတွေက တစ်ဦးချင်းနိုင်ငံရေးသမားတွေကို သူတို့ရဲ့အရင်းအမြစ်တွေထည့်ဝင်ထားတဲ့ ကြီးမားတဲ့အဖွဲ့အစည်းအတွင်း အခြားနိုင်ငံရေးသမားများနှင့် အတူပူးပေါင်းဆောင်ရွက်မှုနဲ့ မူဝါဒပြိုင်ဆိုင်မှုရဲ့လွှမ်းမိုးမှုအောက်မှာ နိုင်ငံရေးသမားတွေရဲ့စုပေါင်းဆောင်ရွက်မှုတွေဆီ တဖြည်းဖြည်းတွန်းပို့တဲ့နေရာမှာ မူဝါဒအခြေခံနိုင်ငံရေးကို ဖြစ်ထွန်းဖို့မျှော်လင့်တယ်။

စည်းမျဉ်းစည်းကမ်းဆိုင်ရာအချက်အလက်တွေဟာ ရွေးကောက်ပွဲပြိုင်ဆိုင်မှုအတွင်း နိုင်ငံရေးသမားတွေရဲ့မူဝါဒအခြေခံစည်းရုံးမှုကို တိုးတက်စေဖို့မျှော်လင့်တယ်။ ပါတီဆိုင်ရာကိုယ်စားပြုမှုရဲ့နေ့စဉ်အလုပ်ထဲမှာ ရွေးကောက်ပွဲဆိုင်ရာဥပဒေ၊ နိုင်ငံရဲ့ဥပဒေပြုဆိုင်ရာအုပ်ချုပ်မှုအဖွဲ့ဆက်နွယ်မှုနဲ့ နိုင်ငံရေးအာဏာဖြန့်ဝေမှုရဲ့အဆင့်တွေပါဝင်တယ်။

ရွေးကောက်ပွဲဆိုင်ရာဥပဒေနဲ့ပတ်သက်ပြီး ပါတီတွေဟာ ကြီးမားတဲ့နယ်မြေတွေမှာ အချိုးကျကိုယ်စားပြုမှုစနစ်အတွင်းယှဉ်ပြိုင်တယ်။ မဲဆန္ဒရှင်တွေဟာ ကိုယ်စားလှယ်အမည်ကိုထုတ်ဖော်ခြင်းမရှိတဲ့စနစ် (close-list) ကနေ တစ်ဦးတည်းကိုယ်စားလှယ်တွေကို မရွေးချယ်နိုင်ဘူး။ လုပ်ထုံးလုပ်နည်းအရပါတီတွေဟာ မူဝါဒအခြေခံစည်းရုံးမှုသတင်းစကား တွေကိုဖြန့်ချိဖို့ အရေးပါတဲ့ဆွဲဆောင်မှုတွေရှိရမယ်။ နှိုင်းယှဉ်မှုအရ တစ်ဦးချင်းကိုယ်စားလှယ်တွေဟာ အမည်စာရင်းထုတ်ပြန်တဲ့စနစ်နှင့်အတူ ကိုယ်စားလှယ်တစ်ဦးမဲဆန္ဒနယ်၊ ဒါမှမဟုတ် ကိုယ်စားလှယ်စုံမဲဆန္ဒနယ်တွေမှာလို ထင်ရှားစွာ

ယှဉ်ပြိုင်တဲ့နေရာမှာ မဲဆန္ဒရှင်တွေဟာ သူတို့ရဲ့ထောက်ခံမှုတွေကို ပါတီဆီမှာပဲ မပေးအပ်ဘဲ သီးသန့်တစ်ဦးချင်းကိုယ်စားလှယ်တွေကို ပေးအပ်တယ်။ ပါတီတူနိုင်ငံရေးသမားတွေဟာ သူတို့ရဲ့ပိုသာတဲ့မူဝါဒအခြေခံစည်းရုံးမှုခြားနားချက်တွေကို ပိုမိုပေါ်လွင်စေခြင်း၊ ဒါမှမဟုတ် အပေးအယူသဘောစည်းရုံးမှုကမ်းလှမ်းချက်နဲ့ အရှိန်အဝါအသုံးပြုစည်းရုံးမှုတွေအရ မဲဆန္ဒရှင်တွေကိုဆွဲဆောင်ဖို့ကြိုးစားခြင်းဖြင့် အချင်းချင်းယှဉ်ပြိုင်ဖို့မက်လုံးတွေရှိရတယ်။

နောက်တစ်ချက်ကတော့ အရေးပါတဲ့ဥပဒေပြုအာဏာ (ဥပဒေကြမ်းကိုပြုလုပ်၊ ဖယ်ရှား၊ အကောင်အထည်ဖော်ဖို့)၊ ဒါမှမဟုတ် စီမံခန့်ခွဲမှုအာဏာ (ဝန်ကြီးအဖွဲ့နဲ့ရာထူးကြီးပြည်သူ့အရာရှိတွေခန့်အပ်ဖို့) နဲ့အတူ တိုက်ရိုက်ရွေးချယ်ခံသမ္မတဟာ နိုင်ငံရေး ပြောင်းလဲမှုဖြစ်စဉ်ကို ကိုယ်ပိုင်ပြုလုပ်ရန်စဉ်းစားတယ်။ သမ္မတနေရာအတွက်ရည်ရွယ်ချက်ရှိတဲ့ ကိုယ်စားလှယ်တွေက တစ်ခါတစ်ရံ သူတို့ရဲ့ပါတီတွင်းပြိုင်ဆိုင်မှုတွေကနေ သူတို့ကိုယ်တိုင်ထင်ရှားပေါ်လွင်စေဖို့ အားပေးမှုတွေကို အသုံးပြုတယ်။ တစ်ကြိမ်တစ်ခါအမည်တင်သွင်းတဲ့ ကိုယ်စားလှယ်တွေဟာ အနည်းငယ် ဒါမှမဟုတ် ပတ်သက်မှုမရှိတဲ့မဲတွေကို အနိုင်ရဖို့အတွက် သူ့ကိုယ်ပိုင်ပါတီရဲ့ Programmatic ကျနတဲ့စည်းရုံးမှုရပ်တည်ချက်ကနေ သူတို့ကိုဝေးကွာစေတယ်။ သမ္မတနေရာအတွက်ရည်ရွယ်ချက်ရှိတဲ့ကိုယ်စားလှယ်တွေရဲ့ Programmatic ကျနတဲ့စည်းရုံးမှုအယူအဆဟာ ရွေးကောက်ပွဲမတိုင်ခင်ရှုပ်ထွေးပြီး ရွေးကောက်ပွဲပြီးနောက်မှာလည်း သမ္မတနေရာ တာဝန်ကို လုံးဝမတည်ငြိမ်အောင်နဲ့မခန့်မှန်းနိုင်ဖို့အတွက် ဥပဒေပြုဆိုင်ရာထောက်ခံမှုတွေပြုလုပ်တယ်။ အဓိကဥပဒေပြုအဖွဲ့အတွက်တိုက်ရိုက်တာဝန်ရှိတဲ့ဝန်ကြီးချုပ်နဲ့ပါ လီမန်ဆိုင်ရာအစိုးရဟာ Programmatic ကျနတဲ့စည်းရုံးမှုသဘောတရားတွေနဲ့ ဝန်ကြီးအဖွဲ့အတွင်း အုပ်စုလိုက်ပူးပေါင်းခြင်းအတွက် သြဇာအာဏာများစွာရှိတဲ့မက်လုံးတွေကို ပံ့ပိုးပေးတယ်။

နောက်ဆုံးတစ်ချက်ကတော့ အစိုးရရန်ပုံငွေတွေကို ခွဲတမ်းချဖို့အာဏာကိုရွေးချယ်ခံဒေသနဲ့ ဒေသဆိုင်ရာ ဆုံးဖြတ်ချက်ချသူတွေဆီလွှဲပြောင်းတယ်။ဒီလိုလုပ်ရှားမှုရှိနေတဲ့ဒေသဆိုင်ရာပါတီတွေဟာ အပေးအယူသဘောမဲဆွယ်စည်းရုံးမှုကွန်ရက်တွေကို စိစစ်ဖို့နဲ့ပိုမိုကောင်းမွန်နီးကပ်စွာဆက်ဆံဖို့ဖြစ်တယ်။ နောက်ဆက်တွဲရလဒ်ကတော့ ဖက်ဒရယ်စနစ်ထဲက နိုင်ငံရေးသမားတွေဟာနိုင်ငံအနှံ့ပေါ်လစီအခြေခံတဲ့စည်းရုံးမှုတွေမှာပါဝင်ရန်အတွက် အချိန်နဲ့အရင်းအမြစ်ရင်းနှီးရန် မက်လုံးအနည်းငယ်သာ ပိုင်ဆိုင်

တယ်။ ခြားနားချက်အရဗဟိုချုပ်ကိုင်မှုရှိတဲ့အစိုးရမှာ ရွေးကောက်ပွဲဆိုင်ရာ ထောက်ခံမှုတွေကို သေးငယ်တဲ့စီမံမှုအနည်းငယ်ပြုလုပ်ရန် လုပ်ပိုင်ခွင့်အနည်းငယ်ရှိပြီး ဒါမှသာ မူဝါဒအခြေခံစည်းရုံးမှုကို (အပေးအယူသဘောစည်းရုံးမှုထက်) ပိုမိုမှီခိုမှာဖြစ်တယ်။

လေ့လာမှုများအရ DALP အချက်အလက်တွေကို အသုံးပြုသော ဖြစ်ရပ်လေ့လာမှုရောကျယ်ပြန့်တဲ့နိုင်းယှဉ်စစ်ဆေးမှုပါ ဒီလိုစည်းမျည်းစည်းကမ်းဆိုင်တဲ့အဆိုကြမ်းတွေကို အလွန်အမင်းမထောက်ခံဘူး။ (Kitschelt 2011 b) အသေချာဆုံးကောက်ချက်ချမှုကတော့ သမ္မတနေရာနဲ့ပတ်သက်တဲ့ဒီမိုကရေစီဟာ အပေးအယူသဘောစည်းရုံးမှုနဲ့ဆိုင်တဲ့ ကြိုးပမ်းမှုကို အနည်းငယ်အားပေးကောင်းပေးနိုင်တယ်။ အပြန်အလှန်အားဖြင့်ပါလီမန် ဒီမိုကရေစီဟာ မူဝါဒအခြေခံစည်းရုံးမှုနဲ့ဆိုင်တဲ့ ကြိုးပမ်းမှုတွေ (အရှေ့အခန်းများတွင် Luna ရဲ့ဆန်းစစ်မှုအတိုင်း)ကိုစနစ်တကျပိုမိုတိုးတက်စေမှုကိုမတွေ့ရဘူး။ ရွေးကောက်ပွဲဆိုင်ရာဥပဒေကိုထည့်သွင်းစဉ်းစားရင် ဥပဒေတွေဟာ အားနည်းတဲ့သက်ရောက်မှုတွေကိုပဲဖော်ပြတယ်။ ဒီသက်ရောက်မှုတွေဟာ အထက်မှာဖော်ပြထားတဲ့အရာတွေနဲ့မျှော်လင့်ထားသလို တစ်ခါတလေ ရှေ့နောက်မညီပါဘူး။ နောက်ဆုံးကတော့ ပါတီအ ပေါ် ဖက်ဒရယ်စနစ်သက်ရောက်မှုမရှိခြင်းဟာ စီးပွားရေးဖွံ့ဖြိုးမှု၊ ဒါမှမဟုတ်ကြွယ်ဝမှုအဆင့်အတွက် ချင့်ချိန်အသုံးပြုတဲ့ ထိန်းချုပ်မှုတွေမှာတောင် တစ်နည်းမဟုတ်တစ်နည်းတွေ့နိုင်တယ်။

ဖြစ်ရပ်လေ့လာမှုဖော်ပြချက်တွေကနေ မှန်ကန်တဲ့အထောက်အထားကတော့ အချို့စည်းမျဉ်းစည်းကမ်းဆိုင်ရာ အပြုအမူတွေဟာ အလွန်စနစ်မကျတဲ့ပုံစံမရှိ ပေမယ့် စည်းမျဉ်းစည်းကမ်းဆိုင်ရာအဆိုကြမ်းနဲ့သင့်လျော်ညီညွတ်တဲ့ နည်းလမ်း တွေထဲက ပါတီချင်းပေါင်းကူးမဟာဗျူဟာတွေနဲ့အပြန်အလှန်ဆက်ဆံတယ်။ အိန္ဒိယရဲ့ မဲအများဆုံးရသူအနိုင်ရတဲ့ ရွေးကောက်ပွဲစနစ်ဟာ ခိုင်မာတဲ့ဖက်ဒရယ်ဝါဒနဲ့ပူးပေါင်းထားတယ်။ ဖက်ဒရယ်ဝါဒဟာ စီးပွားရေးအရင်းအမြစ်တွေအပေါ် နိုင်ငံရေးအာဏာရဲ့ ကြီးမားတဲ့လုပ်ငန်းစဉ်တွေကို ပြည်နယ်နဲ့ဒေသဆိုင်ရာတွေကို ကိုယ်စားလွှဲပေးပြီး၊ ဘက်လိုက်တဲ့နိုင်ငံရေးရဲ့ကိုယ်ပိုင်ပြုခြင်းကို အားပေးရန်ရည်ရွယ်သလို၊ အမှန်တကယ်စောင့်ကြည့်ပါက ပြင်းထန်တဲ့အပေးအယူ သဘောစည်းရုံးမှုကို အားဖြည့်တယ်။ ဒါ့အပြင် အိန္ဒိယရဲ့ (၃၅) ပြည်နယ် ဖက်ဒရယ်အုပ်စုအတွင်း ပြည်နယ်အဆင့်ပါတီတွေတဟုန်ထိုးများပြားလာခြင်းရဲ့ရလဒ် ဖက်ဒရယ်အဆင့်မှာ ညွန့်ပေါင်းအစိုးရအတွက်များစွာသောအစိတ်အပိုင်းတွေကို စုဝေးဖို့အရေးပါမှုကို ပြုလုပ်တယ်။ တကယ်တော့

ကဏ္ဍအလိုက်သဟဇာတဖြစ်မှုဟာ အိုင်ဒီအိုလိုဂျီဆိုင်ရာ ရှေ့နောက်ညီညွတ်မှုဆုံးရှုံးခြင်းမှာ အောင်မြင်တယ် (Gowda and Sridharan 2010)။ ဖက်ဒရယ်ဝါဒမှာ ညွန့်ပေါင်းအစိုးရဟာ မူဝါဒအခြခံစည်းရုံးမှုတွေကို စနစ်ကျစွာအားနည်းစေတယ်။ ဘရာဇီးမှာတော့ ပါတီအများအပြားကနိုင်ငံရေးသမားတွေဟာ အင်စတီကျူးရှင်းဆိုင်ရာ အခြေအနေတွေကိုလုပ်ဆောင်တယ်။ ဒီလုပ်ဆောင်မှုတွေဟာ ရွေးကောက်ပွဲဥပဒေလို ကဏ္ဍတွေမှာ Programmatic ကျနမှုမဟုတ်တဲ့နိုင် ငံရေးတွေကိုအကူအညီပေးတယ်။ ထိုင်ဝမ်မှာတော့ (Single non-transferable vote system) ကိုယ်ပိုင်ပြုရွေးကောက်ပွဲစနစ်ကနေ ကိုယ်စားလှယ်တစ်ဦးတည်းရွေးချယ်မှု နယ်မြေနဲ့ကိုယ် စားလှယ်လောင်း အမည်မဖော်ပြတဲ့ အချိုးကျကိုယ်စားပြုစနစ်ကို ပြောင်းလဲရာမှာ မူဝါဒအစီအစဉ်တကျမဲဆွယ်မှုဆိုင်ရာ ကြိုးပမ်းမှုတွေကိုဆန့်ကျင်တဲ့ကိုယ်စားလှယ်တွေကို ပါတီတွင်းပြိုင်ဆိုင်မှုကနေဖယ်ရှားတယ်။ အခက်အခဲကတော့ အလွန်မြင့်မားတဲ့ ရှေ့နောက်ဆက်စပ်ပါဝင်မှုနည်းလမ်းတွေအတွင်း ပါတီတွေရဲ့ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေရဲ့ ဆောင်ရွက်ရမယ့်အရာတွေဖြစ်ပြီး ဒီဥပမာတွေကနေ ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေကို ယေဘုယျနားလည်သဘောပေါက်ဖို့ ခက်ခဲလာအောင်ပြုလုပ်တယ်။

ဒီကောက်ချက်ကတော့ ပါတီအပြင်ဘက်ခက်ခဲတဲ့ကန့်သတ်မှုတွေရဲ့ ပါဝါကိုသတိပေးတယ်။ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့နိုင်ငံရေးကို အနည်းငယ်လူကြိုက်များတောင်းဆိုမှုတွေရှိတဲ့နေရာတွေကို ဖွံ့ဖြိုးတိုးတက်မှုတွေသက်ရောက်မှုရှိပြီး နိုင်ငံရေးသမားတွေနဲ့စည်းမျဉ်းစည်းကမ်းရေးဆွဲသူတွေဟာ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ပါတီစနစ်ကို ကျွမ်းကျင်စွာမစီစဉ်နိုင်ဘူး။ နိုင်ငံရေးသမားတွေဟာ လုပ်ရည်ကိုင်ရည်ရှိပြီး မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ပြိုင်ဆိုင်မှုတွေအတွက် အခွင့်အလမ်းအသာတဲ့ စည်းမျဉ်းစည်းကမ်းတွေကို ပြုပြင်တဲ့အဖွဲ့အစည်းဆိုင်ရာပါတီတည်ဆောက်ပုံတွေကို ဖွံ့ဖြိုးတိုးတက်စေတယ်။ ဘရာဇီး PT ပါတီဟာ ပါတီအတွင်းတစ်ဦးချင်းပြိုင်ဆိုင်မှုတွေကို ပြင်ဆင်ထားတဲ့စည်းမျဉ်းစည်းကမ်းတွေနဲ့ ဟန်ချက်ညီစေတယ်။ ကိုယ်စားလှယ်အမည်တင်သွင်းမှုနဲ့အပြန်အလှန်မှီခိုမှုတွေဟာ ပါတီရဲ့ရွေးချယ်ခံကိုယ်စားလှယ်တွေရဲ့ ပူးပေါင်းဆောင်ရွက်မှုနဲ့ဦးဆောင်မှုတွေကို စည်းကမ်းသတ်မှတ်ခြင်းဖြင့် ဟန်ချက်ညီစေတယ်။

Programmatic နိုင်ငံရေးစနစ်တွေဟာ ရည်ရွယ်ချက်တစ်ခုတည်းရှိတဲ့ အနုစိတ်လုပ်ဆောင်မှုတွေကို လွယ်ကူနာခံပုံမပေါ်ဘူး။ အင်စတီကျူးရှင်းဆိုင်ရာ ပြန်လည်

ပြုပြင်မှုတွေဟာ Programmatic နိုင်ငံရေးစနစ်သို့ကူးပြောင်းမှုကို လျင်မြန်စွာ အကောင်အထည်ပေါ်အောင် ကူညီကောင်းကူညီနိုင်တယ်။ စီးပွားရေးကြွယ်ဝဖွံ့ဖြိုးခြင်း၊ ဒါမှမဟုတ် စီးပွားရေးဖွံ့ဖြိုးမှုနိုင်ငံရည်မှန်းချက်ရဲ့ တိုးတက်မှုဆိုင်ရာ ယုတ်လျော့ခြင်းလို Programmatic နိုင်ငံရေးစနစ်ပေါ်ထွက်မှုကို ကူညီပြီး တခြားအသုံးဝင်တဲ့၊ မာကျောတဲ့၊ ဒါမှမဟုတ် ပျော့ပြောင်းတဲ့အခြေအနေတွေနဲ့ ပေါင်းစပ်မှုတွေဖြစ်ပွားတယ်။ တည်ဆောက်ပုံဆိုင်ရာပုံစံတစ်ခုတည်း ဘာကိုမှမထမ်းဆောင်နိုင်ပေမဲ့ အင်စတီကျူးရှင်းဆိုင်ရာ အသေးစိတ်စီမံချက်တွေကတော့ ဆောင်ရွက်နိုင်တယ်။

### *အရပ်ဘက်အဖွဲ့အစည်းလှုပ်ရှားမှု*

နိုင်ငံရေးပါတီတွေနဲ့ကင်းလွတ်တဲ့ များပြားအရပ်ဘက်အသင်းအဖွဲ့တွေနဲ့အတူ ထင်ရှားတဲ့အရပ်ဘက်အဖွဲ့အစည်းတွေကို ဖြစ်ပေါ်စေတယ်။ ကျယ်ပြန့်တဲ့ လူကြိုက်များထောက်ခံမှုကို နှစ်သက်တာဟာ မက်လုံးပေးမဲဆွယ်တဲ့ဗျူဟာတွေထက် Programmatic ကျနတဲ့ဆွဲဆောင်မှုတွေကို ပိုမိုလက်ခံဖို့ နိုင်ငံရေးပါတီတွေကို ဖိအားပေးတယ်။ တည်ထောင်ထားတဲ့နိုင်ငံရေးပါတီတွေထက် အမှီအခိုကင်းတဲ့အရပ်ဘက်အသင်းအဖွဲ့တွေနဲ့ ပိုမိုထိတွေ့မှုရှိတဲ့ နိုင်ငံသားတွေဟာ မက်လုံးပေးမဲဆွယ်မှုကွန်ရက်တွေကို လွယ်လွယ်ကူကူလက်မခံဘူး။ ဒါ့အပြင် လွတ်လပ်စွာဆောင်ရွက်တဲ့အရပ်ဘက်အသင်း အဖွဲ့တွေရှိခြင်းဟာ တည်ရှိနေတဲ့နိုင်ငံရေးပါတီတွေအတွက်ခြိမ်းခြောက်မှုတွေဖြစ်တယ်။ တည်ရှိနေတဲ့နိုင်ငံရေးပါတီတွေဟာ လွတ်လပ်စွာလုပ်ဆောင်တဲ့အရပ်ဘက်အသင်းအဖွဲ့တွေရဲ့တောင်းဆိုမှုကို ပူးပေါင်းရန်ပျက်ကွက်မယ်ဆိုရင် အရပ်ဘက်အသင်းအဖွဲ့တွေရဲ့နိုင်ငံရေးလှုပ်ရှားသူတွေဟာ နိုင်ငံရေးဖြစ်ရပ်တွေထဲဝင်ရောက်ကာ ပါတီအသစ်တွေကို အားပေးနိုင်တယ်။ အရပ်ဘက်အသင်းအဖွဲ့တွေဟာ အခြေခံကျတဲ့ Programmatic ကျနမှုတွေနဲ့ မဲဆန္ဒရှင်တွေအတွက် လိုအပ်ချက်ကိုဖြည့်တင်းမယ့် ပါတီတွေရဲ့နိုင်ငံရေးသမားကိုထောက်ခံတယ်။

ဒီအဆိုပြုချက်တွေဟာလက်တွေ့လေ့လာမှုတွေနဲ့ ကိုက်ညီပါသလား။ အထောက်အထားလေ့လာမှုဟာ ခိုင်လုံမှုထက် အနည်းနဲ့ အများသတိပေးချက်တွေဖြစ်တယ်။ အကြောင်းအရာလေ့လာမှုတွေကို ဒီထက်ပိုပြုလုပ်ဖို့လိုအပ်တယ်။ ပါတီဆွဲဆောင်မှုနဲ့ အရပ်ဘက်အသင်းအဖွဲ့တွေရဲ့ ကျယ်ပြန့်တဲ့နှိုင်းယှဉ်မှုတွေဟာ DALP

ရဲ့အချက်အလက်တွေအပေါ် အခြေခံထားတယ်။ Programmatic ကျနတဲ့ပါတီနဲ့ အရပ်ဘက်အသင်းအဖွဲ့တွေနဲ့ သူတို့ရဲ့ပေါင်းစည်းမှုကြားက ဆက်နွယ်ချက်ဟာ ဖွံ့ဖြိုးတိုးတက်မှုအပေါ်မှီတည်တယ်။ အလုပ်သမားနဲ့ အမျိုးသမီးလှုပ်ရှားမှုတွေနဲ့ နီးစပ်တဲ့ပေါင်းကူးမှုရှိတဲ့ ပါတီတွေဟာ အားကောင်းတဲ့ Programmatic ကျနမှုကြိုးပမ်းချက်တွေကိုပြုလုပ်ဖို့ဆန္ဒရှိတယ်။ ဒါပေမဲ့ ဒီလိုဖြစ်စဉ်တွေဟာ ချမ်းသာကြွယ်ဝတဲ့နိုင်ငံတွေ (တစ်ဦးလျှင် GDP အမေရိကန်ဒေါ်လာ ၁၀၀၀၀ အထက်) မှာပဲတွေ့ရတယ်။ ဆင်းရဲတဲ့နိုင်ငံတွေမှာတော့ အမျိုးသမီးလှုပ်ရှားမှုနဲ့အပြန်အလှန်ဆက်ဆံမှုဟာ အပြုသဘောမဆောင်ပါဘူး။ ဒါဟာအဓိကလွှမ်းမိုးတဲ့ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေရဲ့အောက်မှာ အလုပ်သမားနဲ့အမျိုးသမီးလှုပ်ရှားမှုတွေဟာ ပူးပေါင်းဆောင်ရွက်မှုနိမ့်ကျတာကြောင့် ဖြစ်ကောင်းဖြစ်နိုင်တယ်။

အရပ်ဘက်အသင်းအဖွဲ့တွေရဲ့ပုဂ္ဂလိကလွတ်လပ်မှုဟာ Programmatic ကျနမှုတွေ ပိုမို၊ ဒါမှမဟုတ် အနည်းငယ်ပြုလုပ်ရာမှာ ပါတီနိုင်ငံရေးသမားတွေကို ထည့်သွင်းစဉ်းစားအောင်ပြုလုပ်တယ်။ ဘာသာရေးနဲ့လူမျိုးစုဆိုင်ရာ အသင်းအဖွဲ့တွေရဲ့ အဖွဲ့ဝင်တွေဟာ မက်လုံးပေးမဲဆွယ်မှုကို ပိုမိုလက်ခံတယ်။ ရည်ရွယ်ချက်တူအုပ်စုတွေနဲ့ချုန်လုပ်မှုတွေက နိုင်ငံရေးပါတီတွေနဲ့ဆက်စပ်မှုကို လဲလှယ်တယ်။ အလုပ်သမားအဖွဲ့အစည်းတွေမြင့်မားစွာပါဝင်မှုဟာ နိုင်ငံရေးသမားတွေရဲ့ပေါင်းစည်းမှုနဲ့ကြီးမားတဲ့ ပမာဏဖြန့်ဝေမှုတာဝန်တွေ ထမ်းဆောင်တယ်ဆိုတာကိုဖော်ပြတာနဲ့တူညီတယ်။ မြင့်မားတဲ့ အလုပ်သမားအဖွဲ့အစည်းပါဝင်မှုဟာ မက်လုံးပေးမဲဆွယ်မှုကို မနှစ်သက်ဘဲ Programmatic ကျနတဲ့နိုင်ငံရေးကို လက်ခံဖို့အလားအလာရှိတယ်။

တောင်ကိုရီးယားရဲ့ဖြစ်ရပ်တွေကို စဉ်းစားကြည့်တဲ့အခါ ၁၉၈၀ ခုနှစ်များတွင် ကိုရီးယားမှာ စစ်တပ်အုပ်ချုပ်မှုကနေ ဖိနှိပ်ထားတဲ့အမှီအခိုကင်းအလုပ်သမားလှုပ်ရှားမှုတွေရှိတယ်။ ဒါပေမဲ့နောက်ပိုင်းမှာ လွတ်လပ်စွာဆောင်ရွက်တဲ့နိုင်ငံရေး အင်အားတစ်ခုအဖြစ် ပြန်လည်ပေါ်ပေါက်လာတယ်။ ၁၉၉၇ခုနှစ် စီးပွားရေးအကျပ်အတည်းအပြီးမှာတော့ လှုပ်ရှားမှုဟာ ကိုယ်ပိုင်ပါတီ (The Korea Democratic Labour Party) ကိုတည်ထောင်ရန်ပြုလုပ်တယ်။ ကိုရီးယားဒီမိုကရက်တစ်လေဘာပါတီဟာ ကန့်သတ်ထားတဲ့ ရွေးကောက်ပွဲအောင်မြင်မှုနဲ့ဝေးကွာပေမဲ့ ကိုရီးယားအဓိကပါတီနှစ်ခုနဲ့အတူ အကျပ်တည်းအလွန် Programmatic ကျနတဲ့နိုင်ငံရေးကို လက်ခံရန်အသင့်ဖြစ်နေခဲ့တယ်။ နှိုင်းယှဉ်မှုအရ ထိုင်ဝမ်မှာအဖွဲ့အစည်းတွေဟာ ပြည်နယ်ဖွဲ့စည်းမှုပုံဖော်ရာမှာ

အလွန်ကွဲပြားခြားနားစွာ တိုးတက်ပြောင်းလဲတယ်။ အဖွဲ့အစည်းတွေဟာ နိုင်ငံရေးပါတီတွေနဲ့အလွန်နီးကပ်စွာ ဆက်စပ်ပတ်သက်တယ်။ ကြီးမားတဲ့အလုပ်သမားအဖွဲ့အစည်းတွေဟာ အာဏာရ KMT ပါတီနဲ့တွဲဖက်ပြီး သေးငယ်တဲ့အဖွဲ့တွေဟာ ဆန့်ကျင်ဘက် DPP ပါတီနဲ့ဆက်စပ်တယ်။ ဒီလိုပါတီတွဲဖက်မှုအဖွဲ့အစည်းတွေဟာ စစ်တပ်ရဲ့ပါဝင်မှုနည်းပါးတာကိုဖော်ပြပြီး ပါတီနိုင်ငံရေးသမားတွေကို ကောင်းမွန်ပြတ်သားတဲ့ Programmatic ကျနမှုဆီကို တွန်းပို့ဖို့အတွက် ဖိအားတွေဖြစ်တယ်။

ဘရာဇီးမှာတော့ အခြေခံကျတဲ့အလုပ်သမားလှုပ်ရှားမှုတွေဟာ PT ပါတီနဲ့လက်တွဲတယ်။ PT ပါတီဟာ ရှင်းလင်းတဲ့ မူဝါဒအစီအစဉ်တကျမဲဆွယ်မှုကို ထောက်ခံတဲ့ပထမဆုံးပါတီဖြစ်တယ်။ နောက်ပိုင်းမှာ အပြန်အလှန်လှုပ်ရှားမှုနဲ့တင်းမာမှုတွေဖြစ်တဲ့အချိန်မှာအလုပ်သမားလှုပ်ရှားမှုဆန့်ကျင်ဘက်အုပ်စုတွေက PT ပါတီရဲ့တိုးတက်မှုကိုဝေဖန်ခဲ့တယ်။

တခြားနိုင်ငံတွေကို လေ့လာမှုတွေမှာတော့ DALP ကျွမ်းကျင်သူတွေဟာ အင်အားကြီးမက်လုံးပေးမဲဆွယ်တဲ့ပါတီ နဲ့အလုပ်သမားလှုပ်ရှားမှုတွေအကြားနီးကပ်တဲ့ ချိတ်ဆက်မှုတွေကိုတွေ့ရတယ်။ ဥပမာအားဖြင့် ဒီလိုဖြစ်ရပ်တွေဟာ အိန္ဒိယမှာဆိုရင် အဓိကပါတီတွေကို အကျိုးသက်ရောက်တယ်။ အိန္ဒိယအမျိုးသားလွှတ်တော်နဲ့ သေးငယ်တဲ့အဖွဲ့အစည်းတွေသာမက Bharatiya Janata Party (BJP) ပါတီနဲ့ကွန်မြူနစ်ပါတီငယ်နှစ်ခုကိုပါ အကျိုးသက်ရောက်တယ်။ ဘူဂေးရီးယားမှာတော့ ကွန်မြူနစ်အလွန် Bulgarian Socialist Party တစ်ခုတည်းကသာ နီးစပ်တဲ့အလုပ်သမားဆက်စပ်မှုကို ဂုဏ်ယူစွာပြောဆိုတယ်။ လက်တင်အမေရိကမှာတော့ မျှော်လင့်ချက်နည်းပါးပြီး အလုပ်သမားလှုပ်ရှားမှုတွေဟာ အများအားဖြင့်အားနည်းကာ ပါတီအုပ်ချုပ်ရေးစနစ်အတွက် အားကောင်းတဲ့နှောင်ဖွဲ့မှုတွေမရှိဘူး။

**Box ၂.၃ ဒီမိုကရက်တစ်အင်စတီကျူးရှင်းနဲ့ Programmatic ကျနတဲ့ပါတီဖွဲ့စည်းမှု**

တောင်ကိုရီးယားတွင် Programmatic ကျနမှုတွေကို မျက်နှာသာမပေးတဲ့ ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေရှိတယ်။ အတန်အသင့်အာဏာရှိတဲ့ ဗဟိုချုပ်ကိုင်မှုဆန်တဲ့ဒီမိုကရေစီဖြစ်တယ်။ သမ္မတ

နေရာကိုတိုက်ရိုက်ရွေးချယ်ပြီး ရွေးကောက်ပွဲစနစ်ဟာ မက်လုံးပေးမဲဆွယ်တဲ့အလဲအလှယ်ဆက်နွှယ်မှုအတွက် သိသာစွာကူညီမှုနည်းပါးအောင်ပြုလုပ်ထားတဲ့ပြုပြင်မှုကို မကြာမီကထုတ်ပြန်ထားတယ်။

တူရကီဟာ လေ့လာထိုက်တဲ့ Programmatic ကျနမှုဘက် လိုက်တဲ့ ကြိုးပမ်းမှုတွေကို ညီညွတ်မှုရှိတဲ့အကောင်းဆုံးအင်စတီကျူးရှင်းတွေရှိတယ်။ တူရကီရဲ့ကိုယ်စားလှယ်လောင်းအမည်မဖော်ပြတဲ့ ကိုယ်စားလှယ်ပေါင်းစုံ PR စနစ်ဟာ Programmatic ကျနတဲ့နိုင်ငံရေးကို မျက်နှာသာပေးတယ်။ အုပ်ချုပ်ရေးစီမံခန့်ခွဲမှုနဲ့အစိုးရတာဝန်ရှိသူတွေရဲ့ဗဟိုချုပ်ကိုင်မှုကို ပါလီမန်ကပံ့ဖော်တယ်။

ဘူလ်ဂေးရီးယားဟာ ကိုယ်စားလှယ်အလောင်းအမည်ကို မဖော်ပြတဲ့ PR စနစ်နဲ့ အစိုးရရဲ့ဗဟိုချုပ်ကိုင်မှုစနစ်ကို ပိုင်ဆိုင်တယ်။ ဒီနှစ်ခုစလုံးဟာ Programmatic ကျနတဲ့ပါတီတွေယှဉ်ပြိုင်မှုကို မျက်နှာသာပေးတယ်။ ဒါ့ပြင် သမ္မတနေရာရွေးချယ်မှုတွေမှာ အားနည်းချက်တွေရှိနေတယ်။ ဒီလိုအခြေအနေမျိုးနဲ့ ဒီလိုစီးပွားရေးဖွံ့ဖြိုးမှုတွေမှာ Programmatic ကျနတဲ့အကျိုးကျေးဇူးတွေအတွက် အားကောင်းတဲ့ထောက်ခံမှုတွေကို အမှန်တကယ်အင်စတီကျူးရှင်းဆိုင်ရာလိုက်နာမှုထက် ပိုမိုမျှော်လင့်လို့ရတယ်။

ဘရာဇီးမှာတော့ Programmatic ကျနတဲ့ပြိုင်ဆိုင်မှုတွေအတွက် အနည်းနဲ့အများအန္တရာယ်ရှိတဲ့ အင်စတီကျူးရှင်းတွေကို ပိုင်ဆိုင်တယ်။ လွန်ခဲ့တဲ့နှစ်များအတွင်း ရွေးကောက်ပွဲစနစ်ပြုပြင်မှုကနေ Programmatic ကျနတဲ့နိုင်ငံရေးအစား မက်လုံးပေးမဲဆွယ်တဲ့နိုင်ငံရေးကို အားပေးတဲ့နာမည်ဆိုးရှုထောင့်ကို ဖယ်ရှားထားခဲ့တာဖြစ်တယ်။ မည်သို့ဆိုစေ အလုပ်သမားပါတီလို ပါတီများဟာ ရွေးကောက်ပွဲဆွဲ ဆောင်မှုကိုပြောင်းလဲခဲ့ပြီး ယခုအခါ Programmatic ကျနမှုတွေကို ပိုမိုအလေးအနက်ထားတယ်။

ဒိုမီနီကန်ရီပတ်ဘလစ်၊ အိန္ဒိယနဲ့ထိုင်ဝမ်မှာတော့ အဓိကပါတီတွေထဲမှာ Programmatic ကျနတဲ့ပါတီအနည်းငယ်ရှိတယ်။ ဒီနိုင်ငံတွေရဲ့အင်စတီကျူးရှင်းတွေဟာ Programmatic ကျနတဲ့ ပြိုင်ဆိုင်မှုတွေအတွက် အခွင့်အလမ်းမသာဘဲ မက်လုံးပေးစည်းရုံးတဲ့နိုင်ငံရေးကိုအထောက်အပံ့ပေးတယ်။

## နိဂုံး

ဒီအခန်းဟာ စေ့စပ်သေချာတဲ့ဖြစ်ရပ်လေ့လာမှုတွေနဲ့များပြားတဲ့လေ့လာချက်တွေရဲ့စုပေါင်းမှုကို အသုံးပြုကာ Programmatic ကျနမှုဘက်လိုက်တဲ့ ကြိုးပမ်းမှုတွေရဲ့သဘာဝကိုခန့်မှန်းခြင်းဖြစ်တယ်။ စိတ်ချရတဲ့အခြေအနေတွေသာရှိတယ်ဆိုရင် ပါတီတွေဟာP rogrammatic ကျနတဲ့ပေါ်လစီတွေ အပေါ်အာရုံစိုက်တယ်။ ဒီလိုအခြေအနေတွေ မသေချာဘူးဆိုရင် ပါတီတွေဟာ မက်လုံးပေးမဲဆွယ်မှု၊ ဒါမှမဟုတ် ဩဇာတိက္ကမဖြင့်မဲဆွယ်မှုတွေဆီ ဦးတည်ဖို့အလားအလာရှိတယ်။ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ပါတီတွေဟာ ဖန်တီးမှုနဲ့ပေါင်းစည်းမှုရဲ့မတူညီတဲ့လမ်းကြောင်းတွေကို ခြေရာခံပုံဖော်တယ်။ မတူညီတဲ့ဆွဲဆောင်မှုတွေဟာ ဒီလိုလမ်းကြောင်းတွေကိုပုံဖော်တယ်။ ဖြစ်ရပ်လေ့လာမှုတွေထဲက Programmatic ကျနတဲ့ပါတီတည်ဆောက်ပုံရဲ့နမူနာအားလုံးကို အကြောင်းရင်းအနည်းငယ်ထဲက တွေ့ရှိတာဖြစ်တယ်။

ဒါပေမဲ့ အပြန်အလှန်ဆက်ဆံမှုတွေကို လေ့လာနိုင်ပြီး စမ်းသပ်လေ့လာထားတဲ့စုပေါင်းလုပ်ကိုင်မှု ၉ ခုဟာ ပါတီတွေရဲ့ Programmatic ကျနတဲ့ဆွဲဆောင်မှုတွေအဖြစ် သတ်မှတ်နိုင်ခြင်းအပေါ် ကြောင်းကျိုးစပ်တဲ့လွှမ်းမိုးမှုတွေရှိတယ်။

– စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ Programmatic ကျနတဲ့နိုင်ငံရေးကိုမျက်နှာသာပေးတဲ့ ပတ်ဝန်းကျင်ကို ပုံဖော်တယ်။ Programmatic ကျနတဲ့ပါတီတွေရဲ့ဆွဲဆောင်မှုအတွက် ခက်ခဲတဲ့အခြေအနေတွေကို ဦးစားပေးခြင်းဟာ စီးပွားရေးဖွံ့ဖြိုးမှုဖြစ်တယ်။ ပညာတတ်ပြီး တစ်ဦးချင်းဝင်ငွေမြင့်မားမှုဟာ အကြောင်းအမျိုးမျိုးကြောင့် Programmatic ကျနမှုဘက်လိုက်တဲ့တာဝန်ခံမှုတွေကို ပိုမိုနှစ်သက်ပြီး ပြောင်းလဲမှုနဲ့အတူ စိတ်ကျေနပ်မှုအနည်းငယ်ကိုရှာဖွေတယ်။ အပြန်အလှန်အားဖြင့် နိုင်ငံအတွင်းဆင်းရဲမှုပျံ့နှံ့ခြင်းဟာ Programmatic နိုင်ငံရေးအတွက်နိမိတ်မကောင်းဘူး။

– စီပွားရေးကျပ်တည်းမှုကာလတွေမှာ ပါတီပြိုင်ဆိုင်မှုတွေဟာ Programmatic ကျနမှုပါဝင်ခြင်းကိုမြှင့်တင်ဖို့ အခွင့်အလမ်းတွေကမ်းလှမ်းတယ်။ ရှေ့မတိုး

နောက်မဆုတ်အခြေအနေတွေဟာ ထိခိုက်မှုတွေဖြစ်လာတဲ့အခါ မဲဆန္ဒရှင်နဲ့ နိုင်ငံရေးသမားနှစ်ဦးစလုံးဟာ Programmatic ကျနတဲ့နိုင်ငံရေးကို ထည့်သွင်းစဉ်းစားလိုကြတယ်။ ဒီလိုပေါ်လစီတွေဟာ ကြီးမားတဲ့မဲဆန္ဒရှင်အုပ်စုတွေရဲ့ အကျိုးကျေးဇူးနဲ့တန်ဖိုးကိုသက်ရောက်မှုရှိတယ်။ တည်ရှိနေတဲ့ရေရှည်စီးပွားရေးဖွံ့ဖြိုးမှုအစီအစဉ်တွေအားနည်းလာတဲ့အခါ Programmatic ကျနတဲ့နိုင်ငံရေးအတွက်အခွင့်အလမ်းတွေ အလားအလာရှိတယ်။ ဒီလိုအခွင့်အလမ်းတွေဟာ ပို့ကုန်အစားထိုးကုန်ကြမ်းထုတ်လုပ်မှုကနေ ဖွံ့ဖြိုးတိုးတက်တဲ့ပြည်နယ်စက်မှုလုပ်ငန်းဗျူဟာတွေကိုပြောင်းလဲမှုဖြစ်စဉ်မှာ၊ ဒါမှမဟုတ် ခေတ်နဲ့အညီတိုးတက်မှုကနေ စက်မှုဆိုင်ရာသိပ္ပံနဲ့ဝန်ဆောင်မှုအခြေခံ စီးပွားရေးတွေအလွန်ကို ပြောင်းလဲမှုတွေမှာ ထုံးစံအတိုင်းဖြစ်ပေါ်တယ်။ ဒီလိုအကျပ်အတည်းအခြေအနေတွေမှာ ပါတီနဲ့ပါတီစနစ်တွေဟာ Programmatic ကျနတဲ့နိုင်ငံရေးတွေဖြစ်လာမယ်ဆိုတာတော့ မလွဲမသွေမဟုတ်ပါဘူး။ ရလဒ်ကို နိုင်ငံရေးသမားတွေနဲ့နိုင်ငံသားတွေက ရွေးချယ်မှုပြုလုပ်တာပါ။ ဖွံ့ဖြိုးတိုးတက်တဲ့ပြည်နယ်တွေ ပေါ်ပေါက်လာခြင်းဟာ Programmatic ကျနမှုထက် မက်လုံးပေးမဲဆွယ်မှုတွေကို ဒီမိုကရက်တစ်ပေါင်းကူးမှုပတ်ဝန်းကျင်တည်ဆောက်ရန် မက်လုံးအများအပြားနဲ့ကမ်းလှမ်းရတယ်။

– ဒီမိုကရက်တစ်ရွေးကောက်ပွဲရဲ့ပြိုင်ဆိုင်မှုကိုပိုမိုပြင်းထန်စေတဲ့ ပိုမိုလူကြိုက်များတဲ့ပါတီတွေဟာ ပိုမိုချမ်းသာတဲ့နိုင်ငံတွေမှာအနည်းဆုံးအနေဖြင့် Programmatic ကျနမှုတွေကို မြှုပ်နှံရမှာဖြစ်တယ်။ ဘက်လိုက်တဲ့နိုင်ငံရေးသမားတွေအတွက် အနိုင်အရှုံးပမာဏမြင့်မားတယ်ဆိုရင် နိုင်ငံရေးသမားတွေဟာ မဲဆန္ဒရှင်တွေကို ဆွဲဆောင်ဖို့ ပိုမိုကြိုးစားရမှာဖြစ်တယ်။ မက်လုံးပေးမဲဆွယ်မှုထက် Programmatic ကျနတဲ့နိုင်ငံရေးကို တောင်းဆိုတဲ့နေရာတွေမှာ ပိုမိုချမ်းသာတဲ့ နိုင်ငံတွေရဲ့ဖြစ်ရပ်တွေအတိုင်း ပြိုင်ဆိုင်မှုမြင့်မားတဲ့အဆင့်ဟာ ပေါ်လစီအခြေအနေတွေပါဝင်ဖို့အတွက် နိုင်ငံရေးသမားတွေရဲ့ကြိုးပမ်းမှုတွေ ပိုမိုလုပ်ဆောင်ရတယ်။ နှိုင်းယှဉ်မှုအရ ဆင်းရဲတဲ့လူ့အဖွဲ့အစည်းအတွင်းက ပြင်းထန်တဲ့ပြိုင်ဆိုင်မှုတွေဟာ မဲဆန္ဒရှင်တွေအတွက် ပေါ်လစီပြောင်းလဲမှုရဲ့ကတိတွေအပေါ် အရေးကြီးအကျိုးကျေးဇူးတွေကို ပစ်မှတ်ထားဖို့ ပိုမိုအလားအလာရှိသလို မက်လုံးပေးမဲဆွယ်မှုဘက်ယိမ်းတဲ့ကြိုးပမ်းမှုတွေကို ထုတ်လုပ်ဖို့ အလားအလာရှိတယ်။

– ပါတီအဖွဲ့အစည်းဆိုင်ရာစီမံခန့်ခွဲမှုဟာ Programmatic ကျနတဲ့ကြိုးပမ်းမှုတွေကိုခိုင်မာစေတယ်။ ဒါပေမဲ့ ပါတီဖွဲ့ စည်းပုံဆိုင်ရာပုံစံတွေရဲ့နိုင်ငံရေးသမားတွေရဲ့ရွေးချယ်မှုဟာ သူတို့ရဲ့ပါတီတွေကို Programmatic ကျနတဲ့ဗျူဟာနည်းနဲ့အမျှားကို ဖြစ်စေတယ်ဆိုတာကတော့ လက်ခံနိုင်ဖွယ်မရှိပါဘူး။ တချို့သောစည်းမျဉ်းစည်းကမ်းဆိုင်ရာစီမံမှုတွေကတော့ တခြားပြိုင်ဆိုင်မှုထက် Programmatic ကျနတဲ့ပြိုင်ဆိုင်မှုတွေကို အားပေးပြီး ပိုမိုသဟဇာတဖြစ်တယ်ဆိုတာကတော့ မျှတခိုင်မာတဲ့တွေ့ရှိချက်ဖြစ်တယ်။ ဗဟိုချုပ်ကိုင်မှုနည်းပါးတဲ့အဖွဲ့အစည်းတွေအတွင်း ဆုံးဖြတ်ချက်ပြုလုပ်မှုတွေအပေါ် ပုံမှန်အဖွဲ့ဝင်တွေ လွှမ်းမိုးတဲ့ပါတီတွေမှာ ခေါင်းဆောင်တွေဟာ ပါတီကိုယ်စားလှယ်လောင်းတွေရဲ့အမည်စာရင်းတင်သွင်းမှုအပေါ် ထိန်းချုပ်မှုနည်းပါးပြီး ပွင့်လင်းမြင်သာတယ်။ စည်းမျဉ်းစည်းကမ်းတွေချမှတ်ထားတဲ့ ဘဏ္ဍာရေးအလေ့အကျင့်တွေကလည်း Programmatic ကျနတဲ့အားထုတ်မှုတွေကို ပိုမိုထိန်းထားနိုင်အောင်ပြုလုပ်တယ်။ Programmatic ကျနတဲ့ပါတီမျိုးစုံဟာ ပါတီစွဲရှိသူတွေကို တစ်ခဲနက်စုစည်းဖို့ ဩဇာကြီးမားတဲ့ခေါင်းဆောင်တွေကို လိုအပ်တယ်။

– ဒီမိုကရက်တစ်ပြိုင်ဆိုင်မှုနယ်ပယ်အဆင့်တစ်ခုဟာ ရွေးကောက်ပွဲပြိုင်ဆိုင်မှုအတွင်း ပြိုင်ဘက်တွေအပေါ် နိုင်ငံသားနဲ့နိုင်ငံရေးအခွင့်အရေးတွေကို တူညီတဲ့အခွင့်အလမ်းတွေနဲ့တူညီတဲ့စောင့်ရှောက်မှုတွေပေးတယ်။ ရွေးကောက်ပွဲယှဉ်ပြိုင်မှုဟာ နိုင်ငံရေးစနစ်ပုံဖော်ခြင်းအတွက် ရှိထိုက်တဲ့စံသတ်မှတ်ထားတဲ့ရည်ရွယ်ချက်တစ်ခု ဖြစ်ကောင်းဖြစ်နိုင်တယ်။ ဒါပေမဲ့ ဒါဟာ Programmatic ကျနတဲ့ပါတီတွေကို ပိုမိုဖြစ်ထွန်းမှုနဲ့လက်တွေ့ကျကျတစ်ပုံစံတည်းမတူညီဘူး။ ဒီမိုကရေစီဟာ Programmatic ကျနတဲ့ပါတီတွေမရှိလည်း နိုင်ငံသားနဲ့နိုင်ငံရေးအခွင့်အရေးရရှိခြင်းဖြင့်လည်း ပြည့်စုံပါတယ်။

– ကြီးမားတဲ့ဒီမိုကရက်တစ်အတွေ့အကြုံတွေဟာ Programmatic ကျနတဲ့ပါတီတွေကို ထုတ်လုပ်ဖို့မလုံလောက်ပါဘူး။ ရွေးကောက်ပွဲတွေမှာ အကြိမ်ကြိမ်ရိုးရှင်းစွာယှဉ်ပြိုင်ခြင်းဖြင့်လည်း Programmatic ကျနတဲ့စနစ်တွေ ဖြစ်မလာဘူး။

– လူမျိုးစုဒေသတွေနဲ့နိုင်ငံတွင်းပါဝါနဲ့ဝင်ငွေအချိုးမညီမှုတွေဟာ Programmatic ကျနမှုကိုအားပေးသည်ဖြစ်စေ၊ အားမပေးသည်ဖြစ်စေ သူတို့တွေဟာ Pro-

grammatic ကျနတဲ့နိုင်ငံရေးကို ပါတီတွင်းမှာတော့ မလျော့ချဘူး။ တချို့တွေက ဝင်ငွေလည်ပတ်မှု၊ နိုင်ငံရေးနဲ့ နိုင်ငံသားလွတ်လပ်ခွင့်နဲ့ ယဉ်ကျေးမှုအလေ့အထတွေကိုသည်းခံမှုစတာတွေလိုမျိုး လူမျိုးစုတွေရဲ့အဖွဲ့ဝင်တွေအတွက် အကျိုးဖြစ်ထွန်းမှုကိုတောင်းဆိုတယ်။ ဒီအချက်တွေဟာ လူ့အဖွဲ့အစည်းရဲ့လူအားလုံးအတွက် သက်ရောက်မှုရှိပြီး အကျိုးဖြစ်စေတဲ့ပေါ်လစီတွေကိုတောင်းဆိုတဲ့ ယေဘုယျ Programmatic ကျနမှုတွေကို ရည်ရွယ်တဲ့စည်းမျဉ်းဘောင်တွေဖြစ်တယ်။ မိမိကိုမြှင့်တင်ပေးတဲ့သူကို မဲထည့်သူတွေ၊ ဒါမှမဟုတ် မဲဆန္ဒရှင်အဖွဲ့အစည်းအတွင်း ကိုယ်စားပြုမှုအများအပြားရထားတဲ့လူမျိုးစုအုပ်စုတွေကို မရည်ရွယ်ဘူး။

– ရွေးကောက်ပွဲစနစ်ရဲ့အင်စတီကျူးရှင်းရေးဆွဲမှုတွေ၊ အစိုးရစီမံခန့်ခွဲရေးနဲ့ ဥပဒေပြုအဖွဲ့ဆက်နွယ်မှုတွေနဲ့ ဗဟိုချုပ်ကိုင်မှု လွဲပြောင်းခြင်းတွေဟာ အလွန်မြင့်မားတဲ့ ဆက်စပ်မှုအခြေအနေတွေကို ကူညီပေးဖို့ဖြစ်တယ်။ နောက်ဆက်တွဲစည်းမျဉ်းစည်းကမ်းဆိုင်ရာပြုပြင်မှုတွေဟာ Programmatic ကျနတဲ့နိုင်ငံရေးသို့ကူးပြောင်းမှုကို အလျင်အမြန်ပြုလုပ်ပြီး Programmatic ကျနတဲ့နိုင်ငံရေးဟာ စီးပွားရေးတောင့်တင်းမှု၊ ဒါမှမဟုတ် ဖွံ့ဖြိုးတိုးတက်တဲ့ပြည်နယ်တွေ ဆုတ်ယုတ်မှုလိုမျိုး အစိတ်အပိုင်းတွေကို အခြားအကူအညီနဲ့အတူ ဆက်စပ်မှုအတွင်းဖြစ်ပွားတာတွေကို ထောက်ပံ့တယ်။ ဖွဲ့စည်းပုံဆိုင်ရာပုံစံကြမ်း အင်စတီကျူးရှင်းဆိုင်ရာ အသေးစိတ်စီမံချက်တွေကို ပြုလုပ်တယ်။

– နိုင်ငံရေးပါတီတွေအတွက် တာရှည်ခံတဲ့စုစည်းမှုနဲ့ အားကောင်းတဲ့ဖွဲ့စည်းမှုဟာ Programmatic ကျနတဲ့နိုင်ငံရေးကို အားပေးတယ်။ တချို့နေရာတွေမှာ ပါတီအများစုဖွဲ့ပေါင်းစည်းမှုဟာ မက်လုံးပေးမဲဆွယ်တဲ့နိုင်ငံရေးနဲ့ အထူးစိတ်ဝင်စားတဲ့ ရင်းနှီးမြုပ်နှံမှုရှာဖွေခြင်းကိုအားပေးပြီး ပါတီဆွဲဆောင်မှုတွေရဲ့ Programmatic ကျနတဲ့ပြိုင်ဆိုင်မှုတွေကိုအားပေးတယ်။

## မှတ်စု

၁။ ဖြစ်ရပ်လေ့လာမှုတွေကို International IDEA ကဆောင်ရွက်ပြီး သုတေသနကိုတော့ Herbert Kitschelt ရဲ့ကြီးကြပ်မှု အောက်မှာပြုလုပ်တယ်။ ဒီဖြစ်ရပ်လေ့လာမှုတွေကို နိုင်ငံ(၇)ခုက ပါတီတွေရဲ့ Programmatic ကျနမှုတွေကို ဦးဆောင်တဲ့ ဖြစ်စဉ်တွေကို အသေးစိတ်ဖော်ပြထားတယ်။ ဒါတွေကတော့ Brazil: 'A Case Study of Clientelistic vs. Programmatic Political Parties in Brazil', by Sandra Osterkatz (University of North Carolina at Chapel Hill); Bulgaria: 'Electoral Volatility Polarization and Financial Deficits Lead to Reduction of Clientelism', by Kiril Kolev (Hendrix College); Dominican Republic: 'Electoral Politics in the Dominican Republic: Low Levels of Programmatic Competition', by Matthew Singer (University of Connecticut); India: 'Party Competition: Continued Weak Programmatic Structuration of Partisan Alternatives: A Proto-case Study', by Herbert Kitschelt (Duke University); South Korea: 'A Case Study of Parties' Programmatic and Clientelistic Appeals', by Yi-ting Wang (Duke University); Taiwan: 'A Case Study of Parties' Programmatic and Clientelistic Appeals', by Yi-ting Wang (Duke University); and Turkey: 'The Evolution of Electoral Accountability in Turkey: Cyclical Evolutions in Programmatic and Clientelistic Politics', by Daniel Kselman (Juan March Institute). သုတေသနတွေဟာ Duke University ဦးဆောင်တဲ့ the Democratic Accountability and Linkage Project (DALP) တွေကအချက်အလက်တွေကို လှုပ်ရှားမှုမှာ အသုံးချတဲ့နည်းလမ်းသေချာမှုအတွက် အသုံးပြုတယ်။ DALP ဟာ မတူညီတဲ့လိုက်နာမှုတွေနဲ့ ဒီမိုကရေစီပါတီ ၈၈ ခုရဲ့ အချက်အလက်တွေဖြစ်တယ်။ ဒါတွေကို အောက်ပါလင့်မှာ ကြည့်ရှုနိုင်တယ်။ <https://web.duke.edu/democracy/>

၂။ နိုင်ငံရဲ့ဖြစ်ရပ်လေ့လာမှုတွေကတော့ ဒီအချက်အလက်စုဆောင်းမှုကို ကမ္ဘာ့ဘဏ်၊ Duke University နဲ့ Chilean National Research Foundation တို့ကရံပုံငွေထောက်ပံ့တယ်။

၃။ ဖြစ်နိုင်ခြေရှိတဲ့ပေါင်းစပ်မှုတွေရှိတယ်။ မြင့်မားတဲ့ဝင်ငွေရှိတဲ့ ကုန်ကြမ်းတင်ပို့သူများ။ ဒါဟာ Format (၁)နဲ့ တူညီစေတယ်။

၄။ DALP အချက်အလက်စုဆောင်းမှုရဲ့မူကြမ်းတွေဟာ ခက်ခဲတယ်။ အချက်အလက်တွေဟာ အချိန်တစ်ခု(၂၀၀၈)ကို လေ့လာထားမှုအပေါ်သာ သက်ရောက်တာကြောင့်ဖြစ်တယ်။ ပြောင်းလဲမှုဖြစ်စဉ်၊ အချိန်တိုင်းရဲ့မျိုးစုံလေ့လာချက်တွေအပေါ်အခြေခံထားတဲ့ ကြောင်းကျိုးသင့်ဖော်ပြချက်တွေကို လိုအပ်တယ်။

၅။ သတိပေးမှုရဲ့စကားလုံးတစ်လုံးဟာ တန်ဖိုးရှိတဲ့ဖော်ပြချက်တွေဖြစ်တယ်။ ဖြစ်ရပ်လေ့လာမှုတွေဟာ ဒီမိုကရေစီဖွံ့ဖြိုးမှုအ တွင်းပါတီအဖွဲ့အစည်းတွေရဲ့သဘာဝအပေါ်အလွန်သေးငယ်တဲ့သုတေသနပြုမှုကို ရှာဖွေတွေ့ရှိတယ်။ ဘရာဇီး PT ပါတီကို စိတ်ဝင်စားမှုကတော့ ခြွင်းချက်ဖြစ်တယ်။

၆။ ဆင်းရဲတဲ့နိုင်ငံတွေမှာ အဖွဲ့အစည်းဆိုင်ရာပါဝင်လှုပ်ရှားမှုတွေဟာ ပါတီကွန်ရက်တွေနဲ့ချိတ်ဆက်နေတဲ့အခါ ဒီလိုအဖွဲ့အစည်းတွေဟာ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့နိုင်ငံရေးကို ပိုမိုပြောင်းလဲနိုင်ခြင်းမရှိဘူး။ ဒီရလဒ်ဟာ ပေါ်လစီဖွံ့ဖြိုးမှုရဲ့မြို့ပြလွှမ်းမိုးတဲ့စာပေ (Bates 2008) တွေနဲ့ ဘဝစိန်ခေါ်မှုရဲ့မညီမျှမှုနဲ့ ထပ်တူမကျမှုတွေကို အတတ်နိုင်ဆုံးကူညီပေးနေတဲ့ အလုပ်သမားအဖွဲ့အစည်းတွေရဲ့အခန်းကဏ္ဍတွေနဲ့ သင့်လျော်ညီညွတ်တယ် (eg. McGuire 1999)။

**Bibliography and Further Reading**

This International IDEA report includes only a minimum of references. For further literature, consult the extensive bibliographies in Hicken (2011), Kitschelt and Wilkinson (2007), Luna (2010) and Stokes (2007), as well as the bibliographies of the case studies associated with this IDEA report available at <http://www.idea.int/development/>.


Achen, Christopher H., 'Toward a New Political Methodology: Microfoundations and ART', *Annual Review of Political Science*, 5 (2002), pp. 423–50

Adserà, Alícia and Boix, Carles, 'Trade, Democracy and the Size of the Public Sector: The Political Underpinnings of Openness', *International Organization*, 56 (2002), pp. 229–62

Baldwin, Kate and Huber, John D., 'Economic versus Cultural Differences: Forms of Ethnic Diversity and Public Goods Provision', *American Political Science Review*, 104/4 (2010), pp. 644–62

Bartolini, Stefano, *The Political Mobilization of the European Left, 1860–1980* (Cambridge: Cambridge University Press, 2000)

Bates, Robert, *When Things Fell Apart: State Failure in Late-Century*

*Africa* (Cambridge: Cambridge University Press, 2008)

Benoit, Kenneth and Laver, Michael, *Party Policy in Modern Democracies* (London: Routledge, 2006)

Carey, John M. and Shugart, Matthew Soberg, 'Incentives to Cultivate a Personal Vote: A Rank Order of Electoral Formulas', *Electoral Studies*, 14/4 (1995), pp. 414–39

Chhibber, Pradeep, Refsum Jensenius, Francesca and Suryanarayan, Pavithra, 'Party Organization and Party Proliferation in India', *Party Politics* (2012)

Chhibber, Pradeep and Kollman, Kenneth, *The Formation of National Party Systems: Federalism and Party Competition in Canada, Great Britain, India and the United States* (Princeton, N.J.: Princeton University Press, 2004)

Downs, Anthony, *An Economic Theory of Democracy* (New York: Harper and Row, 1957)

Fish, M. Steven and Kroenig, Matthew, *The Handbook of National Legislatures: A Global Survey* (Cambridge: Cambridge University Press, 2009)

Galston, William, 'Can a Polarized American Party System Be "Healthy"?', Brookings Institution, Issues in Governance Studies papers, 34 (2010)

Gerring, John, Bond, Philip, Barndt, William and Moreno, Carola, 'Democracy and Economic Growth: A Historical Perspective', *World Politics*, 57/3 (2005), pp. 323–64

Gowda, M. V. Rajeev, and Sridharan, Eswaran, 'Political Parties and Democracy in India', in Baogang He, Anatoly Kulik and Kay Lawson (eds.), *Political Parties and Democracy: Volume III: Post-Soviet and Asian Political Parties* (Santa Barbara, Calif.: Praeger, 2010), pp. 149–72

Haggard, Stephan, *Pathways from the Periphery: The Politics of Growth in the Newly Industrializing Countries* (Ithaca, N.Y.: Cornell University Press, 1990)

Haggard, Stephan and Kaufman, Robert, *Development, Democracy,*

*and Welfare States: Latin America, East Asia, and Eastern Europe* (Princeton, N. J.: Princeton University Press, 2008)

Hicken, Allen, 'Clientelism', *Annual Review of Political Science*, 14 (2011), pp. 289–310

Iversen, Torben and Cusack, Thomas R., 'The Causes of Welfare State Expansion: Deindustrialization or Globalization?', *World Politics*, 52/3 (2000), pp. 313–49

Jones-Luong, Pauline, and Weinthal, Erika, *Oil Is Not a Curse: Ownership Structure and Institutions in Soviet Successor States* (Cambridge: Cambridge University Press, 2010)

Keefer, Philip, 'Clientelism, Credibility and the Policy Choices of Young Democracies', *American Journal of Political Science*, 51/4 (2007), pp. 804–21

Kitschelt, Herbert, 'Linkages between Citizens and Politicians in Democratic Polities', *Comparative Political Studies*, 33/6–7 (2000), pp. 845–79

Kitschelt, Herbert, 'The Demise of Clientelism in Affluent Capitalist Democracies', in Herbert Kitschelt and Steven Wilkinson (eds.), *Patrons, Clients or Policies? Patterns of Democratic Accountability and Political Competition* (Cambridge: Cambridge University Press, 2007a), 298–321

Kitschelt, Herbert, 'Party Systems', in Carles Boix and Susan Stokes (eds.), *Handbook of Comparative Politics* (Oxford: Oxford University Press, 2007b), pp. 522–54

Kitschelt, Herbert, 'Clientelistic Linkage Strategies: A Descriptive Exploration', Paper prepared for the Workshop on Democratic Accountability Strategies, Duke University, Durham, N.C., 18–19 May 2011a

Kitschelt, Herbert, 'Do Institutions Matter for Parties' Political Linkage Strategies?', Paper prepared for the Annual Meeting of the American Political Science Association, Seattle, Wash., 1–4 September 2011b

Kitschelt, Herbert, 'Explaining Clientelistic and Programmatic Partisan Linkage Strategies: The Role of Political Economy',

Paper prepared for a workshop at the University of California, Davis, 4 November 2011c

Kitschelt, Herbert and Freeze, Kent, 'Programmatic Party System Structuration: Developing and Comparing Cross-National and Cross-Party Measures with a

New Global Data Set', Paper presented at the Annual Meeting of the American Political Science Association, Washington, D.C., 2–5 September 2010

Kitschelt, Herbert, Hawkins, Kirk, Pablo Luna, Juan, Rosas, Guillermo and Zechmeister, Elizabeth, *Latin American Party Systems* (New York: Cambridge University Press, 2010)

Kitschelt, Herbert and Kselman, Daniel, 'The Organizational Foundations of Democratic Accountability: Organizational Form and the Choice of Democratic Linkage Strategy', Paper prepared for the Annual Meeting of the American Political Science Association, Washington D.C., 2–5 September 2010

Kitschelt, Herbert and Kselman, Daniel, 'The Effect of Democratic Experience on Political Parties' Linkage Strategies', Working paper, 2011

Kitschelt, Herbert, Mansfeldova, Zdenka, Markowski, Radoslav and Toka, Gabor, *Post-Communist Party Systems, Competition, Representation, and Inter-Party Cooperation* (New York: Cambridge University Press, 1999)

Kitschelt, Herbert and Rehm, Philip, 'Occupation as a Site for Economic and Non- Economic Preference Formation', Paper prepared for the 11th Conference of the Council of Europeanists, Barcelona, 19–21 June 2011

Kitschelt, Herbert and Singer, Matthew, '"Do Everything" Parties: When Can Politicians Combine Clientelistic and Programmatic Appeals?', Paper prepared for the Workshop on Democratic Accountability Strategies, Duke University, Durham, N.C., 18–19 May 2011

Kitschelt, Herbert and Wilkinson, Steven, 'Citizen–Politician Linkages: An Introduction', in Herbert Kitschelt and Steven

Wilkinson (eds.), *Patrons, Clients, and Policies: Patterns of Democratic Accountability and Political Competition* (Cambridge: Cambridge University Press, 2007)

Kirkpatrick, Evron V., '"Toward A More Responsible Two-Party System": Political Science, Policy Science, or Pseudo-Science?', *American Political Science Review*, 65/4 (1971), pp. 965–90

Kolev, Kiril and Wang, Yi-ting, 'Ethnic Group Divisions and Clientelism', Paper presented at the Annual Meeting of the American Political Science Association, Washington, D.C., 2–5 September 2010

Lee, Yoonkyung, *Militants or Partisans: Labor Unions and Democratic Politics in Korea and Taiwan* (Stanford, Calif.: Stanford University Press, 2011)

Levitsky, Steven, and Way, Lucian, *Competitive Authoritarianism: Hybrid Regimes After the Cold War* (Cambridge: Cambridge University Press, 2010)

Luna, Juan Pablo, Rosenblatt, Fernando and Toro, Sergio, *Desk Review on Programmatic Parties for IDEA International* (Stockholm: International IDEA, 2011), available at <http://www.idea.int/development/upload/Luna_ Desk-Review_Full.pdf>

Lust, Ellen, 'Competitive Clientelism in the Middle East', *Journal of Democracy*, 20/3 (2009), pp. 122–35

McGuire, James W., 'Labor Union Strength and Human Development in East Asia and Latin America', *Studies in Comparative International Development*, 33/4 (1999), pp. 3–34

Przeworski, Adam and Sprague, John, *Paper Stones* (Chicago: The University of Chicago Press, 1986)

Rehm, Philip, 'The Party Manifesto Data Set: Some Critical Results', Paper presented at the Workshop on Political Methodology, Duke University, Durham, N.C., 3 April 2008

Rodrik, Dani, *Has Globalization Gone Too Far?* (Washington, D.C.: The Institute for International Economics, 1997)

Rodrik, Dani, *The Globalization Paradox: Democracy and the Future of the World Economy* (New York: Norton, 2011)

Rogowski, Ronald, *Commerce and Coalitions* (Princeton, N.J.: Princeton University Press, 1989)

Ross, Michael J., 'Does Oil Hinder Democracy?', *World Politics*, 53 (2001), pp. 325–61

Ross, Michael J., 'A Closer Look at Oil, Diamonds, and Civil War', *Annual Review of Political Science*, 9 (2006), pp. 265–300

Ross, Michael J., 'Political Clientelism', in *The Oxford Handbook of Comparative Politics*, in C. Boix and Susan Stokes (eds.) (New York: Oxford University Press, 2007), pp. 604–27

Ross, Michael J., 'Oil, Islam, and Women', *American Political Science Review*, 102/2 (2008), pp. 107–23

Stokes, Susan C., 'Perverse Accountability: A Formal Model of Machine Politics with Evidence from Argentina', *American Political Science Review*, 99/3 (2005), pp. 315–25

Stokes, Susan C., Dunning, Thad, Nazareno, Marcelo, and Valeria Brusco, *Brokers, Voters and Clientelism: The Puzzle of Distributive Politics* (New York: Cambridge University Press, 2013)

Strom, Kaare, 'Minority Governments in Parliamentary Democracies', *Comparative Political Studies*, 17/2 (1984), pp. 199–227

Teorell, Jan, *Determinants of Democratization: Explaining Regime Change in the World, 1972–2006* (Cambridge: Cambridge University Press, 2010)

Treisman, Daniel, 'What Have I Learned About the Causes of Corruption From Ten Years of Cross-National Empirical Research?', *Annual Review of Political Science*, 10 (2007), pp. 211–44

Tsebelis, George, *Veto Players: How Political Institutions Work* (Princeton, N.J.: Princeton University Press, 2002)

Weber, Max, *Economy and Society* (Berkeley, Calif.: University of California Press, 1978)

# အခန်း - ၃

3

# နိုင်ငံယှဉ်ပြိုင်မှုရှုထောင့်ထဲက Programmatic ကျနတဲ့ နိုင်ငံရေး

*Nic Cheeseman and Dan Paget*

## နိဒါန်း

နိုင်ငံရေးစနစ်အတွင်းကပါတီတွေဟာ ပေါ်လစီ၊ လိုအပ်တဲ့ထောက်ခံမှုနဲ့ အိုင်ဒီအိုလိုဂျီဆိုင်ရာအနေအထားတွေကို လိုက်လျောညီထွေရှိမှုနဲ့ရှေ့နောက်ညီမှုရဲ့အခြေခံအပေါ် လွှမ်းမိုးမှုတွေ အဓိကကျစွာထုတ်လုပ်တဲ့အခါ နိုင်ငံရေးစနစ်ဟာ Programmatic ကျနတဲ့နိုင်ငံရေးစနစ်ဖြစ်တယ်။ တစ်နည်းအားဖြင့် Programmatic ကျနတဲ့နိုင်ငံရေးဟာ လိုအပ်တဲ့အထောက်အပံ့တွေကို ငွေကြေးထောက်ပံ့မှုကွန်ရက်တွေနဲ့ဒေသအရင်းအမြစ်တွေအပေါ်ထိန်းချုပ်ခြင်းဖြင့်ရှာဖွေတဲ့မက်လုံးပေးမဲဆွယ်တဲ့နိုင်ငံရေးနဲ့လုံးဝဆန့်ကျင်ဘက်ဖြစ်တယ်။ ညီမျှစွာပဲ Programmatic ကျနတဲ့နိုင်ငံရေးဟာ ခေါင်းဆောင်တွေနဲ့အများစုသက်ဆိုင်တဲ့လက္ခဏာတွေရဲ့ဩဇာတိက္ကမအသုံးပြုမဲဆွယ်တဲ့မဲဆန္ဒရှင်နဲ့ပါတီတွေကြား ချည်နှောင်မှုကနေကွဲပြားခြားနားပါတယ်။ မည်သို့ဆိုစေ ဒီလိုဗျူဟာတွေဟာ ပြိုင်တူမဖြစ်ပေါ်ပါဘူး။ ပါတီအများစုဟာ ဗျူဟာနှစ်ခုလုံးမှာပါဝင်တဲ့ အရာတွေကို လက်တွေ့အသုံးချတယ်။ Programmatic ကျနတဲ့နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုဟာ အကြောင်းအရာအများအပြားအတွက်အရေးကြီးတယ်။ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေထိန်းချုပ်တဲ့နိုင်ငံရေးစနစ်မှာ ရွေးကောက်ပွဲတွေဟာ စီးပွားရေးကဲ့သို့ အရေးကြီးတဲ့ကိစ္စတွေအပေါ်

စကားစစ်ထိုးပြုလုပ်မှုတွေ ရှားပါးသလို နောက်ဆုံးအစိုးရရဲ့လုပ်ဆောင်ချက်တွေအပေါ်လည်း အာရုံမစိုက်ဘူး။ ဥပမာအားဖြင့် မက်လုံးပေးမဲဆွယ်တဲ့နိုင်ငံရေးပါတီတွေဟာ သူတို့ရဲ့ထောက်ခံသူတွေကို လုံလောက်တဲ့သီးသန့်အကျိုးသက်ရောက်မှုတွေပံ့ပိုးမယ်ဆိုရင် သူတို့တွေထောက်ခံမှုရတယ်။ ပြည့်သူအရေးပေါ်လစီတွေကို သူတို့ကိုင်တွယ်ပုံကိုင်တွယ်နည်းဟာ အများအားဖြင့် အနည်းငယ်သာအရေးပါတယ်။နိုင်ငံရေးပါတီတစ်ခုကို Programmatic ကျနတဲ့ပါတီအဖြစ်သတ်မှတ်ဖို့အတွက် ကောင်းစွာတည်ဆောက်မှု၊ တည်ငြိမ်တဲ့အိုင်ဒီယိုလိုဂျီဆိုင်ရာကတိတာဝန်တွေနဲ့ အောက်ပါအခြေခံအချက်တွေပါဝင်ဖွဲ့စည်းတယ်။

- ပါတီနဲ့ပါတီအဖွဲ့ဝင်များကြားချိတ်ဆက်မှု
- ပါတီရဲ့အတွင်းပိုင်းဖွဲ့စည်းမှု
- ပေါ်လစီချမှတ်ခြင်းလုပ်ငန်းစဉ်နဲ့ရလဒ်ထွက်ပေါ်တဲ့ပလက်ဖောင်း

အခြေခံအချက်တွေဟာ Programmatic ကျနတဲ့ပါတီတွေ တည်ထောင်မှုကို လျင်မြန်စေတယ်၊ ဒါမှမဟုတ် နှောင့်နှေးစေတယ်ဆိုတာကို ပိုမိုနား လည်ရန်အတွက် ကျွန်တော်တို့ဟာ မက်လုံးပေးမဲဆွယ်တဲ့စနစ်ကနေ Programmatic ကျနတဲ့နိုင်ငံရေးကို ကူးပြောင်းမှုအမျိုးမျိုးသောအဆင့်တွေကို မျက်မြင်သက်သေတွေ ပြောင်းလဲမှုဖြစ်စဉ်တွေရှိတဲ့ ဘရာဇီး၊ အိန္ဒိယ၊ ယူကရိန်းနဲ့ဇမ်ဘီယာတို့ကို လေ့လာခဲ့တယ်။ သူတို့ဟာ မက်လုံးပေးမဲဆွယ်မှုကနေ Programmatic ကျနတဲ့ နိုင်ငံရေးကို ပြောင်းလဲမှုဖြစ်စဉ်တွေမှာ Programmatic ကျနတဲ့နိုင်ငံရေးရဲ့ အကျိုးသက်ရောက်မှုလိုမျိုး ထိုးထွင်းသိမြင်မှုတွေကို စီစဉ်ပေးတယ်။နောက်ဆုံးမှာ ပေါ်လစီထောက်ခံချက်အများအပြားကို လေ့လာချက်တွေကနေ ရွေးချယ်တင်ပြတယ်။ ဒီဖြစ်ရပ်လေ့လာမှုကနေပြီး Programmatic ကျနတဲ့နိုင်ငံရေးဖွံ့ဖြိုးတိုးတက်မှုကို ပိုမိုကောင်းမွန်စွာနားလည်ရန်အရေးကြီးတဲ့ ကောက်ချက်(၃)ခုကိုချမှတ်နိုင်တယ်။

- ဒီနယ်ပယ်ထဲကယခင်ဆောင်ရွက်မှုတွေဟာ လူမျိုးစု (ဒါမှမဟုတ် ဘာသာစကားတူ၊ ဘာသာရေးတူနဲ့ဒေသတူ) တွေနဲ့ Programmatic ကျနမှုကို တစ်ချိန်တည်းဖြစ်နိုင်တဲ့ပါတီတွေကိုအသိအမှတ်ပြုရန်ပျက်ကွက်ကြတယ်။ ခွဲခြားဆက်ဆံမှု

ရဲ့သမိုင်းဆိုင်ရာနမူနာတွေဟာ လူမျိုးစုနဲ့လူမှုစီးပွားရေးတစ်ထပ်တည်းဖြစ်မှုအတွင်းရလဒ်ထွက်ပေါ်တဲ့အခါ၊ ဒါမှမဟုတ် တချို့သောအဖွဲ့အစည်းတွေရဲ့နိုင်ငံရေးအတွင်းပါဝင်မှုဟာပေါ်လစီနယ်ပယ်အတွက် ပိုမိုတုံ့ပြန်မှုတွေဖြစ်လာတဲ့အခါ ဒီလို အခြေအနေတွေဖြစ်ပေါ်တယ်။ နိုင်ငံရေးပါတီတစ်ခုဟာ ရှေ့နောက်ညီညွတ်တဲ့ ပေါ်လစီစည်းရုံးမှုတွေရဲ့အပေါ် ပါဝင်လှုပ်ရှားပေမယ့် တစ်ခု၊ ဒါမှမဟုတ် တစ်ခုထက်ပိုတဲ့လူမျိုးအုပ်စုတွေနဲ့ ချိတ်ဆက်ထားတဲ့အကြောင်းအရာနဲ့အိုင်ဒီယာတွေကို မှီခိုနေသလို ဒီလိုအုပ်စုတွေက နေလူမှုကွန်ရက်တွေနဲ့အဖွဲ့အစည်းများအပေါ် အချိုးမညီစွာ ဆွဲဆောင်တဲ့အခါမှာလည်း ဒီလိုအခြေအနေတွေ ဖြစ်ပေါ်တယ်။ ဒီလိုပါတီတွေဟာ သူတို့ဆွဲဆောင်ထားတဲ့အုပ်စုတွေကို မျက်နှာသာပေးတဲ့ ပေါ်လစီရပ်တည်ချက်တွေကို ရွေးချယ်ရန်အလားအလာရှိတယ်။ ဒါဟာ ပါတီတွေကို ဖွံ့ဖြိုးတိုးတက်အောင်လုပ်ဆောင်မှုနဲ့ Programmatic ကျနတဲ့လုပ်ဆောင်မှုတွေဟာ ရိုးစင်းလွယ်ကူမှုကနေဝေးကွာတယ်လို့ အဓိပ္ပါယ်သက်ရောက်တယ်။ တခြားရှုထောင့်ကတော့ လူမျိုးစုပါတီလို့သတ်မှတ်ထားတဲ့ပါတီတွေဟာ အပြန်အလှန်အကဲဖြတ်မှုတွေ ပြုလုပ်ရန်လိုအပ်တယ်။ ဒီလိုပြုလုပ်ရခြင်းဟာ လူမျိုးစုပါတီတွေအတွက် မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ပါတီတွေကို ပုံမှန်အားဖြင့် ဆက်စပ်နေတဲ့အပေါင်းလက္ခဏာဆောင်တဲ့ရလဒ်တွေကို ပိုင်ဆိုင်တဲ့ရှေ့နောက်ညီညွတ်တဲ့ပေါ်လစီတွေ လမ်းစဉ်တွေနောက်ကိုလိုက်တာကြောင့်ဖြစ်တယ်။ ရှုထောင့်တစ်ခုကတော့ တချို့အခြေအနေတွေအောက်မှာ လူမျိုးစုဆိုင်ရာ Programmatic ကျနတဲ့ပါတီတွေဟာ ပေါ်လစီအခြေခံတဲ့နိုင်ငံရေးအတွက် ပြတ်သားတဲ့စွန့်စားမှုတွေကိုကိုယ်စားပြုပြီး ဒီလိုကိုယ်စားပြုမှုကိုသိရှိနားလည်ဖို့ အရေးကြီးတယ်။ ပါတီတွေဟာ လူမျိုးအုပ်စုတစ်ခုတည်းနဲ့သူတို့ရဲ့ချိတ်ဆက်မှုအပေါ် အလွန်အမင်းမှီခိုတဲ့အခါ ဒီမိုကရေစီစနစ်အတွင်းနိုင်ငံရေးမတည်ငြိမ်မှုကို အားပေးတဲ့လူမျိုးစုတင်းမာမှုကို ပိုမိုဆိုးဝါးစေတယ်။ ဒါကြောင့် လူမျိုးစုဆိုင်ရာမူဝါဒ Programmatic ကျနတဲ့ပါတီနဲ့ နိုင်ငံသားဆိုင်ရာ Programmatic ကျနပါတီတွေကို ခွဲခြားဖို့အရေးကြီးတယ်။

- နိုင်ငံတစ်ခုဟာ Programmatic ကျနတဲ့ပါတီတစ်ခု၊ ဒါမှမဟုတ် နှစ်ခုထက်ပိုပိုင်ဆိုင်ပြီး တခြားလွှမ်းမိုးမှုရှိတဲ့ပါတီဟာ Programmatic စည်းရုံးမှု မဟုတ်တဲ့အခါ ဒါဟာ Programmatic ကျနတဲ့ပါတီစနစ်အဖြစ်မသက်ရောက်ပါဘူး။

ဆန်းစစ်လေ့လာမှုတွေက Programmatic ကျနတဲ့ပါတီတွေဟာ Programmatic ကျနတဲ့ပါတီစနစ်ရဲ့မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ဆောင်ရွက်မှုတွေကို မောင်းနှင်လိမ့်မယ်လို့ယူဆတယ်။ ဒါပေမဲ့ ဒါကိုဖြစ်ရပ်လေ့လာမှုတွေက အားမပေးပါဘူး။ Programmatic ကျနတဲ့ပါတီတွေဟာ သူတို့ရဲ့ပြိုင်ဘက်တွေအပေါ်အားသာချက်အချို့ရှိပေမဲ့လည်း သူတို့သာအနိုင်မရဘူးဆိုရင် ပေါ်လစီအခြေခံတဲ့ပါတီတွေဟာ သက်ရောက်မှုအနည်းငယ်သာရှိပြီး အရင်းအမြစ်တွေကို ကြီးမားတဲ့ရပိုင်ခွင့်ရှိတဲ့ လူမျိုးစု၊ ဩဇာသက်ရောက်မှုနဲ့မက်လုံးပေးမဲဆွယ်တဲ့ ပါတီတွေကို ဆန့်ကျင်ယှဉ်ပြိုင်ရတယ်။ ဒီလိုအခြေအနေတွေအောက်မှာ Programmatic ကျနပါတီနဲ့ Programmatic ကျနမှုမဟုတ်တဲ့ပါတီတွေဟာ အတူတကွမရှိနိုင်ပါဘူး။

– ဒီဖြစ်ရပ်လေ့လာမှုလေးခုရဲ့နှိုင်းယှဉ်မှုဟာ Programmatic ကျနတဲ့ပါတီတွေရဲ့ဖွံ့ဖြိုးတိုးတက်မှုထဲက အခြေခံ(၂)ချက်ကိုဖော်ပြတယ်။ Programmatic ကျနတဲ့ပါတီတွေဟာ ခံနိုင်ရည်ရှိတဲ့ Programmatic ကျနပါတီစနစ်ရဲ့ ဖွံ့ဖြိုးတိုးတက်မှုတွေအတွက် ခိုင်မာတဲ့အပြန်အလှန်ချိတ်ဆက်မှုတွေရှိတယ်။ အခြေခံနှစ်ချက်ကတော့ (၁)မဲဆန္ဒရှင်တွေအတွက်ဖွဲ့စည်းထားတဲ့ပါတီတွေရဲ့ပေါင်းကူးမှုပုံစံ၊ (၂)အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေနဲ့ ခိုင်မာတဲ့တည်ဆောက်နိုင်မှုဖြစ်တယ်။

## Box ၃.၁ ဖြစ်ရပ်လေ့လာမှုများအရ Programmatic ကျနတဲ့ နိုင်ငံရေးကို ကျင့်သုံးခြင်းနဲ့အဓိပ္ပါယ်ဖွင့်ဆိုခြင်း

Luna ရဲ့အစောပိုင်းအကြံပြုချက်အတိုင်း Programmatic ကျနတဲ့ပါတီတွေဟာ ပါတီရဲ့အခြေခံဖွဲ့စည်းမှုနဲ့လုပ်ဆောင်မှုတွေမှာပါဝင်တဲ့ တည်ငြိမ်တဲ့အိုင်ဒီအိုလိုဂျီဆိုင်ရာကတိတာဝန်နဲ့ကောင်းမွန်စွာတည်ဆောက်ထားတဲ့ပါတီဖြစ်တယ်။ ဖြစ်ရပ်လေ့လာမှုလေးခုထဲမှာ ပါတီတွေကို ကျယ်ပြန့်တဲ့နယ်ပယ်တွေအားလုံးဖြန့်ဝေတယ်။ ဒီထဲမှာ Programmatic ကျနမှုအနည်းငယ်ပါဝင်မှုနဲ့အတူ ကြီးမားတဲ့မက်လုံးပေးမဲဆွယ်တဲ့ပါတီ (ဇမ်ဘီယာက ပါတီစုံဒီမိုကရေစီလှုပ်ရှားမှုကဲ့သို့) တွေကနေ လိုအပ်တဲ့အထောက်အပံ့အတွက် ငွေကြေးထောက်ပံ့မှုအချိတ်အဆက်တွေကိုမှီခိုပြီး ရှေ့နောက်ညီတဲ့ပေါ်လစီအခြေခံလမ်းစဉ်တွေကို လိုက်တဲ့ပါတီ တွေ (အိန္ဒိယကွန်ဂရက်ပါတီကဲ့သို့)၊ Programmatic ကျနမှုဆိုင်ရာဦးတည်ချက်အတွက် လိုအပ်တဲ့အထောက်အပံ့တွေနဲ့ Programmatic ကျနမှုဆိုင်ရာ ပေါ်လစီဖွဲ့စည်းမှုတွေကို မြှင့်တင်ရန်အတွက် ပါတီအတွင်းပိုင်းဖွဲ့စည်းမှုကို ရေးဆွဲထားပြီး အဖွဲ့ဝင်များအတွင်းတည်ငြိမ်တဲ့အိုင်ဒီအိုလိုဂျီဆိုင်ရာ ရည်ညွှန်းချက်တွေချမှတ်မှုလမ်းစဉ်လိုက်တဲ့ပါတီ (ဘရာဇီး PT ပါတီနဲ့အရေးပါမှုနည်းတဲ့ယူကရိန်းဆိုရှယ်လစ်ပါတီ) တွေပါဝင်တယ်။ ဒုတိယအချက်ကတော့ ဒီဥပမာတွေပြသကဲ့သို့ ပါတီတွေဟာ မတူညီတဲ့ရှုထောင့်တွေအပေါ် Programmatic ကျနမှုသဘောအနည်းနဲ့အများသက်ရောက်တယ်။ ပါတီတွေဟာ တချို့နယ်တွေမှာ မူဝါဒအစီအစဉ်တကျမဲဆွယ်မှုမြင့်မားပြီး တခြားနယ်တွေမှာတော့ Programmatic ကျနမှုတွေမပြုလုပ်ဘူး။ ပါတီတွေကို ပုံသေသတ်မှတ်ရန်ခက်ခဲတယ်။ ဥပမာအားဖြင့် ဘရာဇီးPSDB ပါတီ (ဘရာဇီးဆိုရှယ်လစ်ဒီမိုကရက်ပါတီ) ဟာ Programmatic ကျနမှုရည်မှန်းချက်တွေကို တိုက်ရိုက်ဦးတည်ထားတဲ့ပါတီဖွဲ့စည်းပုံပိုင်ဆိုင်ပြီး အဖွဲ့ဝင်တွေထဲမှာ ဒီရည်မှန်းချက်တွေကို အကောင်အထည်ဖော်ရန်ကြိုးပမ်းပေမယ့်

လိုအပ်တဲ့မဲဆန္ဒရှင်တွေအတွက်တော့ Programmatic ကျနမှုဆိုင်ရာ နည်းလမ်းထက် မက်လုံးပေးမဲဆွယ်မှုအပေါ်မှီခိုတယ်။ ဇမ်ဘီယာ Patriotic Front (PF) ပါတီဟာ Programmatic ကျနမှုအခြေအနေကို စဉ်းစားပြီး မဲဆန္ဒရှင်တွေနဲ့ Programmatic ကျနမှုပေါင်းကူးမှုအချို့ကို တည်ဆောက်တယ်။ ဒါပေမဲ့ ပါတီကိုဘယ်လိုဖွဲ့စည်းထားသလဲနဲ့မူဝါဒ တွေကို ဘယ်လိုပြုလုပ်သလဲဆိုတာကတော့ ပါတီရဲ့ Programmatic ကျနူဆိုင်ရာယုံကြည်မှုတွေကို စုစည်းရန်လိုအပ်တယ်။ ဒီမေးခွန်းကို အထက်မှာဖော်ပြထားတဲ့Programmatic ကျနမှုဆိုင်ရာရှုထောင့်သုံးခုထဲက ဘယ်အရာကအရေးကြီးဆုံးလဲဆိုတာ ဆုံးဖြတ်ခြင်းမရှိဘဲအဖြေ မပေးနိုင် ပါဘူး။

## Box ၃.၂ ဖြစ်ရပ်လေ့လာမှုအနှစ်ချုပ် ယူကရိန်း

ဆိုဗီယက်ပြည်ထောင်စုပြိုကွဲပြီးနောက် ယူကရိန်းဟာ သုညကနေ ပါတီစနစ်ကို တည်ထောင်ဖို့စိန်ခေါ်မှုနဲ့ရင်ဆိုင်ရတယ်။ လွန်ခဲ့တဲ့ဆယ်စုနှစ် (၂) ခုအတွင်း ပါတီစနစ်ရဲ့ပေါ်ထွက်လာမှုနဲ့ခိုင်မာမှုကို ပြဿနာအများအပြားနဲ့တိုးတက်မှုပြောင်းပြန်ဖြစ်မှုတွေကထင်ရှားတယ်။ ဒီကာလတွေမှာ ပါတီတွေဟာစည်းမျဉ်းစည်းကမ်းတွေမရှိသလို Programmatic ကျနတဲ့ပါတီတွေလည်းမဟုတ်ဘူး။ လွှမ်းမိုးမှုကြီးမားတဲ့သမ္မတ၊ ကိုယ်စားလှယ်တစ်ဦးသာရွေးချယ်တဲ့ ရွေးကောက်ပွဲစနစ်နဲ့ထင်ရှားတဲ့အကျင့်ပျက်မှုတွေက ၁၉၉၀ခုနှစ်များအတွင်း မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေကို ဖြစ်ထွန်းဖို့ ခွင့်ပြုတယ်။

ယူကရိန်းပါတီတွေရဲ့ Programmatic ကျနမှုပုံရိပ်တွေဟာ ၂၀၀၄ လိမ္မော်ရောင်တော်လှန်ရေး (Orange Revolution) နဲ့ ၂၀၀၆ ရွေးကောက်ပွဲအပြီးမှာ သိသိသာသာပုံပေါ်လာတာဖြစ်တယ်။ ဒီကာလတွေမှာ နိုင်ငံတော်ဘာသာစကားနဲ့ပတ်သက်တဲ့ လူမျိုးစုဆိုင်ရာယဉ်ကျေးမှုပြဿနာရပ်တွေနဲ့ ဥရောပသမဂ္ဂ (EU) နဲ့ရုရှားတွေမဟာမိတ်ဖြစ်မှုတွေက ပါတီနိုင်ငံရေးကို ဖွဲ့စည်းစေခဲ့တယ်။ ၂၀၀၆ နဲ့ ၂၀၁၀ ကြား မဲပေးမှုစနစ်ပြောင်းလဲခြင်းဟာ မက်လုံးပေးမဲဆွယ်မှုနဲ့ဗျူဟာတွေကို ဖြစ်နိုင်ခြေနည်းပါးအောင်နဲ့ခိုင်မာမှုနည်းပါးအောင်ပြုလုပ်တယ်။ ဒါဟာပါတီအာဏာရှိသူတွေကို Programmatic စည်းရုံးမှုတွေ ပိုမိုပြုလုပ်ဖို့ တွန်းပို့ပြီး အဖွဲ့အစည်းဆိုင်ရာဖွံ့ဖြိုးမှုတွေမှာမြုပ်နှံ့တယ်။ တခြားနည်းလမ်းအရ ဒါဟာ တချို့ပါတီတွေရဲ့ပါတီစည်းလုံးမှုကို တဖြည်းဖြည်းထိခိုက်ပြိုကွဲစေတယ်။ ဒါပေမဲ့ ဒီလိုပြောင်းလဲမှုအများအပြားကို ၂၀၁၂ ရွေးကောက်ပွဲအတွက် ပြန်လည်ရုပ်သိမ်းခဲ့တယ်။

**Box ၃.၃ ဖြစ်ရပ်လေ့လာမှုအနှစ်ချုပ်ဘရာဇီး**

ဘရာဇီးပါတီစနစ်ဟာ ရှုပ်ထွေးပြီးရောထွေးနေတယ်။ ၁၉၈၀ခုနှစ်များနဲ့ ၁၉၉၀ ခုနှစ်များမှာ ဘရာဇီးပါတီစနစ်ဟာ အားနည်းမှုများကြောင့် နာမည်ဆိုးနဲ့ကျော်ကြားတယ်။ ဘရာဇီးနိုင်ငံရေးစနစ်မှာ မက်လုံးပေးမဲဆွယ်မှုဟာ အရည်အသွေးနိမ့်ပါးသလို Programmatic ကျနမှုမရှိဘူး။ ဒါပေမဲ့ လွန်ခဲ့တဲ့ဆယ်စုနှစ် နှစ်ခုအတွင်း စနစ်မကျတဲ့ပါတီတွေဟာ ပိုမိုတည် ငြိမ်လာပြီး အလုပ်သမားပါတီ (Workers' Party) ထွက်ပေါ်လာကတည်းက Programmatic ကျနမှုတွေဖြစ်ထွန်းလာတယ်။

PT ပါတီဟာ အလုပ်သမားသမဂ္ဂတွေနဲ့လက်ဝဲစွန်းထောက်ခံမှုတွေအပေါ်မှီခိုတဲ့ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေကို ဆန့်ကျင်ယှဉ်ပြိုင်ခဲ့တယ်။ တချို့ပြည်နယ်တွေမှာ အာဏာရတဲ့အခါ ရာထူးရှိသူတွေရဲ့အားသာချက်တွေကနေ အကျိုးကျေးဇူးတွေရရှိတယ်။ PT ပါတီဟာ ၂၀၀၂ခုနှစ်မှာ သမ္မတနေရာကို နေရာယူပြီးတဲ့နောက် ၎င်းရဲ့ Programmatic ကျနတဲ့ ဗျူဟာတွေဟာ ပြိုင်ဘက်တွေရဲ့မက်လုံးပေးမဲဆွယ်မှုတွေအပေါ် အကြိမ်ကြိမ် အသာရအောင်ပြုလုပ်တယ်။ တုံ့ပြန်ချက်ကတော့ PSDB ပါတီဟာ သူ့ရဲ့ Programmatic ကျနတဲ့ပုံရိပ်ကို အားဖြည့်တယ်။ PT ပါတီနဲ့ PSDB ပါတီခေါင်းဆောင်လောင်းတွေဖြစ်တဲ့ Silva နဲ့ Cardoso တို့ဟာ သူတို့ရဲ့ ကိုယ်ပိုင်ကျော်ကြားမှုနဲ့ဆွဲဆောင်နိုင်သူတွေဖြစ်တယ်။ ဒါပေမဲ့ သူတို့တွေဟာ အားနည်းတဲ့ Programmatic ကျနမှုကို အခိုင်အမာတည်ဆောက်ပြီး သူတို့ရဲ့ပေါ်လစီတွေအတွက် ပုဂ္ဂိုလ်ရေးနဲ့ပုံရိပ်တွေပေးအပ်တယ်။ဘရာဇီးပါတီစနစ်ဟာ တစ်စိတ်တစ်ပိုင်းသာ ကျန်ရှိတော့သော်လည်း ၂၀၀၀ခုနှစ်များမှာ PT နဲ့ PSDB တို့ဟာ သာမန်လက်ဝဲနဲ့လက်ယာညွန့်ပေါင်းအစိုးရရဲ့အခြေခံကိုဖွဲ့စည်းခဲ့ပြီး ဒီအခြေအနေကို နိုင်ငံရေးအခင်းအကျင်းထဲဆောင်ယူခဲ့တယ်။ ဒီစာကိုရေးနေချိန်မှာ တည်ဆောက်ထားတဲ့ပါတီစနစ်ဟာ တည်ဆောက်ထားတဲ့ ဒီမိုကရေစီရဲ့ Programmatic ကျနမှုလက္ခဏာတွေဆီချဉ်းကပ်တဲ့ ဘရာဇီးကို စည်းမျဉ်းစည်းကမ်းတွေသတ်မှတ်တယ်။ (Hagopian, Gervasoni and Moraes 2009)

## Box ၃.၄ ဖြစ်ရပ်လေ့လာမှုအနှစ်ချုပ် အိန္ဒိယ

အိန္ဒိယမှာရှိတဲ့ Programmatic ကျနတဲ့နိုင်ငံရေးကို လေ့လာမှုဟာ အဓိကအသွင်ပြောင်းလဲမှုနှစ်ခုအပေါ်အာရုံစိုက်တယ်။ ဒီနှစ်ခုကတော့ ပြည်နယ်အဆင့်နဲ့နိုင်ငံတော်အဆင့်ဖြစ်တယ်။ နိုင်ငံတော်အဆင့်မှာ အိန္ဒိယပါတီစနစ်ဟာ ၁၉၈၀ခုနှစ်များနှောင်းပိုင်းမှာ တစ်စစီပြန့်ကျဲမှုကိုကြုံတွေ့ဖူးထားတယ်။ ကွန်ဂရက်ပါတီရဲ့ဆယ်စုနှစ်များစွာ စိုးမိုးမှုဟာ ပါတီစုံယှဉ်ပြိုင်မှုကို လမ်းစပြုဖို့စတင်ခြင်းဖြစ်တယ်။ အိန္ဒိယကွန်ဂရက်ပါတီရဲ့ Programmatic ကျနတဲ့အုပ်စုတွေကို the Bharatiya Janata Party (BJP) ပါတီ၊ the Bahujan Samaj Party (BSP) ပါတီနဲ့ ဒေသဆိုင်ရာပါတီတွေက စိန်ခေါ်တယ်။ ဒီလိုပါတီသစ်အများအပြားဟာ ရှင်းလင်းတဲ့ Programmatic ကျနတဲ့အချက်အလက်တွေရှိတယ်။ သူတို့တွေဟာ အများနဲ့ကိုက်ညီတဲ့မူဝါဒအမျိုးအစားတွေကို ဆန့်ကျင်တယ်။ ဒီလို ဆန့်ကျင်ခြင်းဟာ သူတို့တွေဟာ ပစ်မှတ်ထားတဲ့မဲဆန္ဒရှင်တွေအတွက် လူမျိုးစုဆွဲဆောင်မှုနဲ့ Programmatic ကျနမှုတွေကိုပေါင်းစပ်ထားတာကြောင့်ဖြစ်တယ်။ အမှန်အားဖြင့်ဒီလိုပါတီလမ်းစဉ်တွေရဲ့အချက်အလက်တွေဟာ လူဦးရေထဲကကွဲထွက်နေတဲ့ အချို့လူမျိုးစုတွေကိုပိုမိုဆွဲဆောင်တယ်။ အထူးသဖြင့် လူမှုစီးပွားရေးအဆင့်နဲလူမျိုးစုအရေး ထပ်တူဖြစ်တဲ့နေရာတွေမှာ ပိုမိုဆွဲဆောင်တယ်။ နိုင်ငံရေးရဲ့နောက်ဆက်တွဲအကျိုးဆက်ကတော့ ရှုပ်ထွေးတယ်။ ရှုထောင့် တစ်ခုကတော့ ဒီလိုပါတီတွေဟာ သြဇာတိက္ကမအသုံးပြုတဲ့ပါတီတွေနဲ့လူထုကွာဟမှုတွေအကြား တံတားထိုးပေးတယ်လို့ ဆိုတယ်။ တခြားရှုထောင့်တစ်ခုကတော့ မကြာခဏသဘောထားကွဲလွဲတဲ့သူတို့ရဲ့ဗျူဟာတွေဟာ အိန္ဒိယကဲ့သို့ကြီးမားပြီး ကွဲပြားနေတဲ့ဒီမိုကရေစီအတွင်း တည်ငြိမ်မှုရအောင် အမြဲတမ်းကူညီနိုင်မှာမဟုတ်ပါဘူး။ ဥပမာအားဖြင့် BJP ပါတီဟာ လူမျိုးစုဆိုင်ရာမုန်းတီးမှုလှုံ့ဆော်ခြင်းနဲ့မတူညီတဲ့ အသေးအဖွဲ့ဖြစ်ရပ်တွေကြောင့် စွဲချက်တင်ခံရတယ်။ ဒါပေမဲ့ အချိန်ကြာတဲ့အခါသက်သေအထောက်အထားတွေဖြစ်လာတယ်။ ဒီလိုပါတီတွေဟာ နောက်

ပိုင်းမှာ သူတို့ရဲ့လေးနက်မှုကိုထိန်းသိမ်းခဲ့တယ်။ ရလဒ်ကတော့ သူတို့ရဲ့ နိုင်ငံရေးစနစ်ထဲမှာ လူမျိုးစုအရေးကို လျှော့ချဖို့စတင်ခဲ့တယ်။ အားနည်းတဲ့ Programmatic ကျနတဲ့ပါတီတွေ ပေါ်ထွက်လာမှုဟာ သူတို့ရဲ့ Programmatic ကျနမှုသဘာဝကို အမှီဖြစ်စေဖို့ တခြားပါတီတွေက မောင်းနှင်တယ်ဆိုတာတော့ မဖြစ်နိုင်ပါဘူး။

ပြည်နယ်အဆင့်မှာတော့ ကိုယ်စားလှယ်လောင်းတွေဟာ ပြည်နယ်ရွေးကောက်ပွဲအတွင်း မူဝါဒတွေကိုကောင်းမွန်စွာထိန်းချုပ်မှု၊အနိုင်ရမှုနဲ့ ယုံကြည်နိုင်လောက်တဲ့ အကျင့်ပျက်မှုဆန့်ကျင်တဲ့မူဝါဒအစီအစဉ်တွေကို အကောင်အထည်ဖော်မှုတွေအပေါ် လုပ်ရှားမှုတွေပြုလုပ်တယ်။ Telugu Desam ပါတီအနိုင်ရမှုနဲ့ချန်ဒရာဘာဘူနာဒူဝန်ကြီးချုပ်အဖြစ် ရွေးချယ်ခံရမှုဟာ အကောင်းဆုံးဥပမာဖြစ်တယ်။ ဒီလိုဦးဆောင်လွှမ်းမိုးမှုပြုလုပ်ခြင်းဟာ လူထုအပေါ်သက်ရောက်မှုတွေကိုလွှမ်းမိုးတယ်။ နိုင်ငံရေးစွန့်စားလိုသူတွေဟာ လက်တွေ့ဆန်မှုမရှိပေမဲ့ ဆွဲဆောင်မှုရှိစေရန် ဒီလိုနိုင်ငံရေးဗျူဟာတွေကို အလျင်အမြန်တုပတယ်။ ရလဒ်ကတော့ ပြည်နယ်ဝန်ကြီးချုပ်နဲ့ ပါတီဟာ ထင်ပေါ်လာပြီး သူတို့ရဲ့နိုင်ငံရေးလှုပ်ရှားမှုတွေမှာ ထင်ရှားတဲ့ပါဝင်မှုဖြင့် ကောင်းမွန်တဲ့အုပ်ချုပ်ရေးနဲ့စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကိုပြုလုပ်တယ်။

**Box ၃.၅ ဖြစ်ရပ်လေ့လာမှုအနှစ်ချုပ် ဇမ်ဘီယာ**

ဇမ်ဘီယာမှာတော့ နိုင်ငံရေးဟာ Programmatic ကျနမှုတွေပိုမိုဖြစ်ထွန်းလာတဲ့အခါ အရေးပါတဲ့အခိုက်အတန့်တွေ ဖြစ်လာခဲ့တယ်။ ဒါပေမဲ့ရွေးကောက်ပွဲအရ လူကြိုက်အများဆုံးအောင်မြင်စနစ်ဟာ ၂၀၀၂ ကတည်းက ပေါ်ထွန်းလာခဲ့တယ်။ ဒီလိုပေါ်ထွက်မှုဟာ မထူးခြားပေမဲ့ တခြားနေရာမှာတော့ Programmatic ကျနတဲ့ပါတီအတွက် အရေးပါတယ်။ ၁၉၉၁နဲ့၂၀၁၁ခုနှစ်တွေအတွင်း ဇမ်ဘီယာပါတီစနစ်ကို အစိတ်အမွှာပြန့်ကျဲနေတဲ့ ဆန့်ကျင်ဘက်ပါတီတွေဝိုင်းရံထားတဲ့ အဓိကပါတီက ဖော်ဆောင်ခဲ့တယ်။ ပါတီဆောင်ပုဒ်တွေကို ပါတီပေါ်လစီတွေရဲ့ဖော်ပြမှုအဖြစ်အသုံးမပြုဘူး။ ပါတီတွေဟာ မဲဆန္ဒရှင်တွေကို မက်လုံးပေးမဲဆွယ်မှုအရချိတ်ဆက်တယ်။ နိုင်ငံရေးဟာ ပုဂ္ဂိုလ်ရေး၊ လူမျိုးရေးနဲ့ခေတ်မီတဲ့ဆက်ခံမှုဖြစ်ပြီး ဒီအချက်တွေဟာ တစ်ခုနဲ့တစ်ခုဆက်စပ်နေသလို အပြန်အလှန်အားဖြည့်တယ်။ ဒီလိုဝိသေသလက္ခဏာတွေကို အခြားအာဖရိကဖြစ်ရပ်တွေမှာလည်း တွေ့နိုင်တယ်။ ဒီလိုဆက်စပ်မှုအခြေအနေရှိပေမယ့် မူဝါဒအခြေခံစည်းရုံးမှုအစီအစဉ်တွေကိုထောက်ခံတဲ့ပါတီသစ်တစ်ခုထွက်ပေါ်လာတယ်။ အဲဒါကတော့ Patriotic Front (PF) ပါတီဖြစ်တယ်။ စစ်မှုထမ်းဟောင်းနိုင်ငံရေးသမား မိုက်ကယ်ဆာတာဦးဆောင်တဲ့ PF ပါတီဟာ မကြီးကျယ်တဲ့နစ်နာမှုတွေကို ရှင်းလင်းပြောဆိုခြင်းနဲ့ သူတို့အပေါ်သက်ရောက်တဲ့ပေါ်လစီတွေကို တိုးတက်ခြင်းဖြင့် ယခင်အသုံးမပြုရသေးတဲ့ မဲဆန္ဒနယ်တွေကို အားကောင်းတဲ့ချိတ်ဆက်မှုတွေပြုလုပ်တယ်။ ဒီလိုပြုလုပ်နိုင်တာဟာ ဆာတာရဲ့ပုဂ္ဂိုလ်ရေးဩဇာရှိတဲ့ဆွဲဆောင်မှုကြောင့်ဖြစ်တယ်။ အလုပ်သမားသမဂ္ဂတွေနဲ့ Church ကွန်ရက်တွေကို ဆွဲဆောင်နိုင်မှုကလည်း ကြီးမားတဲ့လုပ်ဆောင်နိုင်စွမ်းကို ပြုလုပ်တယ်။ PF ပါတီဟာ လူမျိုးစုနဲ့မြို့ပြအုပ်စုတွေကို တိကျသေချာတဲ့ဆွဲဆောင်မှုတွေနဲ့ ပစ်မှတ်ထားခြင်းဖြင့်ပါတီရဲ့ အခြေခံကိုချဲ့ထွင်တယ်။ လက်တွေ့ကိစ္စတွေဟာ

လူမျိုးစုကိုယ်စားပြုနိုင်ငံရေးကဲ့သို့ပါတီရဲ့ အမျိုးအစားသတ်မှတ်မှုကို ရလဒ်ထွက်ပေါ်စေတယ်(Cheeseman ad. 2013)။ ဒီဗျူဟာတွေဟာ PF ပါတီကို နိုင်ငံရေးဆက်နွယ်မှု အနိမ့်ဆုံးသတ်မှတ်ချက်ကနေ ဆယ်နှစ်အတွင်းသမ္မတနေရာကို အနိုင်ရဖို့ထွက်ပေါ်လာစေခဲ့တယ်။

ပါတီဟာ လျင်မြန်စွာအောင်မြင်ပေမဲ့ သူ့ရဲ့မူဝါဒအခြေခံစည်းရုံးမှုရည်မှန်းချက်တွေကို စည်းမျဉ်းစည်းကမ်းမချမှတ်ဘူး။ PF ပါတီဟာ ဘရာဇီးက PT ပါတီနဲ့ အိန္ဒိယက BSP ပါတီတို့ပြုလုပ်ခဲ့သလို ပါတီအတွင်းမှာ အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေကို မတည်ဆောက်ခဲ့ဘူး။ ပါတီဟာ လျင်မြန်စွာဖြစ်ထွန်းခဲ့ပေမဲ့ ဖွံ့ဖြိုးမှုအတွက် စည်းမျဉ်းစည်းကမ်းဆိုင်ရာခိုင်မာမှုတွေကို ဆုံးရှုံးတယ်။ PF ပါတီရဲ့ မူဝါဒအခြေခံစည်းရုံးမှုလက္ခဏာတွေဟာ ဆန့်ကျင်ဘက်ဖြစ်နိုင်တဲ့ အားနည်းမှုတွေရှိတယ်။ ဒါ့အပြင် PF ပါတီထွက်ပေါ်မှုဟာ တခြားပါတီတွေကို တချို့ပြဿနာတွေမှာ ရပ်တည်ချက်တွေပြုလုပ်ရန် ဆွပေးခဲ့တယ်။ ဒါပေမဲ့ ဒါဟာ မူဝါဒအခြေခံစည်းရုံးမှုအပြောင်းအလဲအတွက် ဖွံ့ဖြိုးမှုကို အားမပေးပါဘူး။

## Programmatic ကျနတဲ့ပါတီများရဲ့ တည်ဆောက်ပုံဆိုင်ရာလျင်မြန်မှုနဲ့နှောင့်နှေးမှုများ

Programmatic ကျနတဲ့ပါတီတွေဟာ နိုင်ငံရေးအခင်းအကျင်းတိုင်းမှာ မဖြစ်ထွန်းဘူး။ အမျိုးသားရေးနဲ့ အမျိုးသားရေးလက်အောက်ခံအခြေနေတွေရှိတဲ့အချို့နိုင်ငံတွေမှာ Programmatic ကျနတဲ့ပါတီဖွံ့ဖြိုးမှုတွေ ပိုမိုဖြစ်ထွန်းတယ်။ ဖြစ်ရပ်လေ့လာမှုတွေနဲ့အခြားဝေဖန်ဆန်းစစ်မှုတွေအပေါ်အခြေခံလေ့လာမှုတွေအရ အချို့သောနောက်ခံအခြေနေတွေဟာ ပေါ်လစီဦးတည်တဲ့ပါတီတွေကို မြှင့်တင်၊ ဒါမှမဟုတ် နှောင့်နှေးစေတာကိုတွေ့ရတယ်။

ပထမဆုံးအနေနဲ့ အားကောင်းတဲ့စည်းမျဉ်းတွေကိုအခြေခံတဲ့ ပြည်နယ်တွေဟာ Programmatic ကျနတဲ့နိုင်ငံရေးကိုအားပေးတယ်။ အပေးအယူသဘောမဲဆွယ်တဲ့ပါတီတွေဟာ အရင်းအမြစ်တွေကို ငွေကြေးထောက်ပံ့သူတွေကနေ လိုအပ်တဲ့အထောက်အပံ့တွေဆီ ဖြန့်ဝေတယ်။ ဒီအရင်းအမြစ်အများအပြားဟာ တစ်ခါတစ်ရံမှာ ပြည်နယ်ရဲ့တရားမဝင်မှုတွေကနေလာတယ်။ ပြည်နယ်ဟာ စည်းမျဉ်းအခြေခံတဲ့ ဗျူရိုကရေစီနဲ့ အမှန်ကိုအခြေခံတဲ့စနစ်တွေကိုအလေးထားတဲ့အခါ အပေးအယူသဘောမဲဆွယ်တဲ့ပါတီတွေအတွက် နယ်ပယ်ကျဉ်းမြောင်းစေပြီး အပြန်အလှန်အရ Programmatic ကျနမှုအတွက် ပိုမိုအကျိုးသက်ရောက်မှုဖြစ်စေတယ်။ နှိုင်းယှဉ်မှုအရ ယိုစိမ့်မှုတွေရှိနေတဲ့ပြည်နယ်တွေဟာ (ဥပမာ ပြည်နယ်ထဲကအရင်းအမြစ်တွေကို အတွင်းအပြင်ထုတ်ယူနိုင်မှု) Programmatic ကျနတဲ့ပါတီတွေပေါ်ထွက်လာရန် အခွင့်အရေးတွေနည်းပါးပြီး ရှေ့မတိုးနောက်မဆုတ်နိုင်ငံရေးအခြေအနေတွေကို စိန်ခေါ်တယ်။

ဒုတိယအနေနဲ့ကတော့ လူ့အဖွဲ့အစည်းရဲ့တည်ဆောက်ပုံတွေဟာ ဝေဖန်ရေးဆိုင်ရာအခြေခံအကြောင်းတွေဖြစ်တယ်။ လူ့အဖွဲ့အစည်းဆိုင်ရာအုပ်စုတွေနဲ့ကွန်ရက်တွေရဲ့အချို့စုဖွဲ့မှုဟာ Programmatic ကျနတဲ့လှုပ်ရှားမှုတွေကို ပိုမိုခက်ခဲအောင်ပြုလုပ်ပြီး မက်လုံးပေးမဲဆွယ်တဲ့လှုပ်ရှားမှုကို ပိုမိုဖြစ်ထွန်းနိုင်တယ်။ ဒီအခြေနေတွေဟာ အပြန်အလှန်ဖြစ်တယ်။ လူ့အဖွဲ့အစည်းထဲက အုပ်စုတွေဟာ ကောင်းမွန်စွာပညာတတ်၊ ကောင်းမွန်စွာသတင်းရရှိ၊ ကောင်းမွန်စွာဦးဆောင်ပြီး သူတို့တွေဟာ ပြည်သူ့အတွက်အကျိုးဖြစ်ထွန်းစေမှုဟာ ပြည်နယ်ရဲ့ပံ့ပိုးမှုကို ဆက်လက်မှီခိုနေတဲ့အခါ

သူတို့တွေဟာ မက်လုံးပေးမဲဆွယ်မှုဗျူဟာတွေကို ပိုမိုခုခံကာကွယ်ပြီး Programmatic ကျနတဲ့လှုပ်ရှားမှုတွေကို ပိုမိုလိုလားတယ်။ အပြန်အလှန်အားဖြင့် လူ့အဖွဲ့အစည်းဟာ ပညာတတ်မှုနိမ့်ပါး၊ သတင်းရရှိမှုနိမ့်ပါးဦးဆောင်နိုင်မှုနိမ့်ပါးပြီး ပြည်သူအတွက်အကျိုးဖြစ်ထွန်းစေမှုအတွက် ပြည်နယ်ရဲ့ပံ့ပိုးမှုဟာမသက်ရောက်တဲ့အခါ သူတို့တွေဟာ မက်လုံးပေးမဲဆွယ်တဲ့လှုပ်ရှားမှုတွေကို ပိုမိုလက်ခံရန်လိုလားတယ်။အချို့အရေးကြီးတာတွေမှလွဲပြီး မြို့ပြအုပ်စုတွေဟာ ထူးခြားပေါ်လွင်မှုတွေကို ဦးစွာသိရှိပြီး ကျေးလက်အုပ်စုတွေဟာ နောက်ဆုံးအချိန်မှ သိရှိဖို့များတယ်။ ဒါကြောင့် မြို့ပြအုပ်စုတွေဟာ Programmatic ကျနတဲ့ဆွဲဆောင်မှုတွေကို ကျေးလက်အုပ်စုတွေထက် ပိုမိုလက်ခံရန်လိုလားတယ်။ ဒါဟာတရားသေစည်းမျဉ်းတွေကနေဝေးကွာတယ်။ အားကောင်းပြီးပိုမိုနိုင်ငံရေးဆန်တဲ့အရပ်ဘက်အဖွဲ့အစည်းတွေကိုထုတ်လုပ်တဲ့ လူ့အဖွဲ့အစည်းဟာ ပြည်နယ်အတွက်မဟုတ်တဲ့လုပ်ဆောင်မှုနဲ့ဗျူဟာဆက်နွယ်ချက်တွေအတွင်း ဝင်ရောက်ရန်အခွင့်အလမ်းတွေနဲ့ နိုင်ငံရေးပါတီတွေကိုတင်ပြတယ်။ပြည်နယ်အတွက်မဟုတ်တဲ့လုပ်ဆောင်မှုတွေဟာ အောက်တွင်ဆွေးနွေးထားတဲ့ အချက်အလက်တွေအတိုင်း Programmatic ကျနတဲ့နိုင်ငံရေးရဲ့ဖန်တီးမှုနဲ့မှုဘောင်ချမှတ်မှုတွေကို ကူညီတယ်။

တတိယကတော့ ပါတီများသာမဟုတ်ဘဲ နိုင်ငံရေးစနစ်နဲ့ပါလီမန်စည်းမျဉ်းတွေကိုပါ စည်းမျဉ်းစည်းကမ်းရေးဆွဲမှုဟာ ပါတီတောင့်တင်းမှုနဲ့ညီညွတ်မှုကို သက်ရောက်ပြီး အဲဒီလို သူတို့ရဲ့ Programmatic ကျနမှုတွေကိုလည်း သက်ရောက်တယ်။ ဒီလိုအကြောင်းရင်းတွေမှာ ပါတီပြောင်းလဲမှုကို ဟန့်တားတဲ့စည်းမျဉ်းတွေပါဝင်သလို ပါတီကန့်သတ်ချက်တွေကို အားဖြည့်မှုတွေလည်းပါဝင်ပြီး ရွေးကောက်ပွဲစည်းမျဉ်းတွေ ဒေသနဲ့ပြည်နယ်ဆိုင်ရာ အခြေခံတွေကိုလိုအပ်တဲ့မဲဆန္ဒရှင်တွေအတွက် ပါတီကိုယ်စားလှယ်တွေရဲ့ဆွဲဆောင်မှုတွေကို ယုတ်လျော့စေတဲ့ ရွေးကောက်ပွဲစည်းမျဉ်းတွေလည်းပါဝင်တယ်။ ဒီအကြောင်းရင်းတွေဟာ ပါတီတွေကို သူတို့စည်းကမ်းတွေ လိုက်နာဖို့သေချာစေပြီး ပါတီခေါင်းဆောင်တွေနဲ့ပါလီမန်အဖွဲ့ဝင်တွေအပေါ်ထိန်းချုပ်ရန်ကြိုးစားနိုင်တယ်။အလှည့်ကျအားဖြင့် ဒါဟာပါတီတွေကို ဒေသဆိုင်ရာမြှင့်တင်ခြင်းကိုရှောင်ရှားမှုတွေပိုမိုပြုလုပ်ပြီး မက်လုံးပေးမဲဆွယ်မှုတွေဟာ ပါတီရဲ့ကျယ်ပြန့်တဲ့Programmatic ကျနတဲ့ရည်ရွယ်ချက်တွေကို ဆန့်ကျင်ဖို့ကတိပြုတယ်။

နောက်ဆုံးကတော့ မူဘောင်ချမှတ်ထားတဲ့ပါတီစနစ်ဟာ Programmatic

ကျနတဲ့ပါတီတွေ ဖွံ့ဖြိုးဖို့အတွက် အခွင့်အလမ်းတွေကို ထောက်ပံ့ပေးကမ်းတယ်။ ပါတီတွေဟာ တည်ငြိမ်ပြီး ရွေးကောက်ပွဲအပေါ် သူတို့ရဲ့ချဉ်းကပ်မှုဟာ လိုက်လျောညီထွေရှိတဲ့အခါ သူတို့တွေဟာ အားကောင်းပြီးပိုမိုသင့်လျော်တဲ့ပေါ်လစီအခြေနေတွေကို တည်ဆောက်နိုင်ပြီး ဒီလိုအခြေခံတွေအပေါ်နိုင်ငံသားတွေအတွက် ပိုမိုထိရောက်တဲ့ချိတ်ဆက်မှုတွေဖွံ့ဖြိုးခြင်းရဲ့ပိုမိုကောင်းမွန်တဲ့အခွင့်အလမ်းတွေတည်ရှိနိုင်တယ်။ ထို့ပြင် Programmatic ကျနတဲ့ပါတီတွေဟာ ပါတီစနစ်ကို မူဘောင်ချမှတ်ရန်ကူညီတဲ့နည်းလမ်းတွေနဲ့ နိုင်ငံရေးကိုတည်ဆောက်နိုင်တယ်။ မူဘောင်ချမှတ်ခြင်းနဲ့ Programmatic ကျနတဲ့နိုင်ငံရေးဟာ အပြန်အလှန်တောင့်တင်းအောင်ပြု လုပ်ရန်အလားအလာရှိတယ်။

## Programmatic ကျနတဲ့နိုင်ငံရေးအတွက် လမ်းစဉ်များ

### Box ၃.၆ လူမျိုးစုဆိုင်ရာနဲ့မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ နိုင်ငံရေး

ဒီသုတေသနရဲ့လေ့လာတဲ့လေးနိုင်ငံထဲက သုံးနိုင်ငံဖြစ်တဲ့ အိန္ဒိယ၊ ယူကရိန်းနဲ့ ဇမ်ဘီယာတို့မှာ Programmatic ကျနတဲ့ ဆွဲဆောင်မှုတွေကိုတိုးတက်စေတဲ့ နိုင်ငံရေးပါတီတွေရှိပြီး Programmatic ကျနတဲ့ပေါင်းကူးမှုတွေတည်ဆောက်ရန်ရှာဖွေတယ်။ ဒါပေမဲ့ ဒီလိုပေါ်လစီပလက်ဖောင်းတွေဟာ သီးသန့်လူမျိုးစုအုပ်စုတွေအတွက် အကျိုးသက်ရောက်မှုတွေပေးနိုင်ရန် ရှင်းလင်းစွာရေးဆွဲတယ်။ အိန္ဒိယမှာလိုမျိုး လူမျိုးစုနဲ့လူတန်းစားထပ်တူကျတဲ့အခါ ဒါဟာ ဖြစ်နိုင်ရန်အလား အလာရှိပေမယ့် BSP လိုပါတီတွေဟာ တချို့သောလူတန်းစား၊ မျိုးနွယ်စုနဲ့ဘာသာရေးလူနည်းစုတွေကို ကိုယ်စားပြုဖို့ အထူးလုပ်ဆောင်တယ်။ ဇမ်ဘီယာမှာတော့ လူမျိုးစုနဲ့လူတန်းစားထပ်တူကျမှုဟာ အိန္ဒိယမှာကဲ့သို့မနီးစပ်ပါဘူး။ ဒါပေမဲ့ ကွဲပြားတဲ့ခေါင်းဆောင်တွေနဲ့ အုပ်စုတစ်ခုချင်းစီရဲ့သမိုင်းဆိုင်ရာနိုင်ငံရေးအသိဟာ သီးသန့်အုပ်စုတွေအတွက်အချို့သောပေါ်လစီ ရှုထောင့်တွေရဲ့ရောနှောမှုကို အားပေးတဲ့သက်ရောက်မှုတွေရှိ

တယ်။ Michael Sata ဟာ ၎င်းရဲ့ကိုယ်ပိုင် ဘန်ဘာမျိုးနွယ်စုအတွင်း Programmatic ကျနတဲ့နိုင်ငံရေးအတွက်ကြီးမားတဲ့အားပေးမှုတွေကို အသုံးပြုနိုင်ခဲ့တယ်။ မြို့ပြဒေရိယာအတွင်းလူမျိုးစုပေါင်းစုံထောက်ခံမှုကိုအခြေခံ ဆွဲဆောင်တဲ့သက်ရောက်မှုရှိတဲ့ လူမျိုးစု– Programmatic ကျနတဲ့ လှုပ်ရှားမှုရဲ့သက်ရောက်မှုကဲ့သို့ အသုံးပြုနိုင်ခဲ့ခြင်းဖြစ်တယ်။ လူမျိုးစုဆိုင်ရာလက္ခဏာနဲ့အရပ်ဘက်အုပ်စုတွေဟာ နိုင်ငံရေးပါတီတွေရဲ့အခြေခံဖြစ်လာတဲ့အခါ Programmatic ကျနတဲ့နိုင်ငံရေးဟာ လူမျိုးစုဆိုင်ရာရှုထောင့်တွေ ပိုင်ဆိုင်ရန်အလားအလာရှိတယ်။ အိန္ဒိယ BJP ပါတီတွေဟာ ဟိန္ဒူလူမှုရေးအဖွဲ့အစည်းတွေနဲ့အရပ်ဘက်အဖွဲ့အစည်းတွေကနေ ပေါ်ထွက်လာပြီး နိုင်ငံလုံးဆိုင်ရာမူဝါဒအစီအစဉ်နဲ့အမျိုးသားရေးပါတီဖြစ်လာခဲ့တယ်။ ပါတီဟာ ဒီလိုအဖွဲ့အစည်းတွေအပေါ်အခြေခံခြင်းဟာ ဟိန္ဒူအိုင်ဒီယာတွေဟာ ပါတီရဲ့ ပေါ်လစီပလက်ဖောင်းအတွက် ဗဟိုကျစွာ ကျန်ရှိနေတယ်ဆိုတာ သေချာစေခဲ့တယ်။

လူမျိုးစုဆိုင်ရာ Programmatic ကျနမှုနဲ့ အရပ်သား Programmatic ကျနမှုကြား ခွဲခြားသတ်မှတ်ရန်အရေးကြီးတယ်။ လူမျိုးစုဆိုင်ရာ Programmatic ကျနတဲ့ပါတီတွေရဲ့ကြီးထွားမှုနဲ့မှုဘောင်ချမှတ်မှုတွေ ဟာ Programmatic ကျနတဲ့နိုင်ငံရေးကိုအားဖြည့်ပြီး မတူညီတဲ့ တာဝန်ယူမှုတွေကိုတင်ပြတယ်။ လူမျိုးစုဆိုင်ရာ Programmatic ကျနတဲ့ပါတီတွေဟာ သူတို့ရဲ့လူမျိုးစုအခြေခံအနှစ်သာရတွေကို အာရုံစိုက်ရွေးချယ်မယ်ဆိုရင် လူမျိုးစုဆိုင်ရာ Programmatic ကျနတဲ့ပါတီတွေဟာ လက်အောက်ခံနိုင်ငံသားလက္ခဏာတွေကို နိုင်ငံရေးမှာပိုမိုပါဝင်စေတယ်။ အပြန်အလှန်အားဖြင့် သူတို့တွေဟာ သူတို့ရဲ့လူမျိုးစုအခြေခံအနှစ်သာရတွေကို တခြားပါတီတွေဆီ ချဲ့ထွင်ရန်ကြိုးစားမယ်ဆိုရင် သူတို့ဟာ သူတို့ရဲ့Programmatic ကျနတဲ့ သတင်းစကားတွေအပေါ်အကျိုးသက်ရောက်မှုလျော့နည်းစေတယ်။

Programmatic ကျနတဲ့နိုင်ငံရေးဟာ ခိုင်မာတဲ့ Programmatic ကျနတဲ့ လက္ခဏာတွေရှိတဲ့ ဒီမိုကရေစီစနစ်ကို ရည်ညွှန်းတယ်။ Programmatic ကျနတဲ့ပါတီတွေဟာ ဒီမိုကရေစီရဲ့အဓိကရွေးကောက်ပွဲပြိုင်ဘက်တွေဖြစ်တယ်။ မတူညီတဲ့တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွေအရ Programmatic ကျနမှုနိုင်ငံရေး ပေါ်ထွက်လာနိုင်ပေမဲ့ ဒီအခန်းရဲ့ဖြစ်ရပ်လေ့လာမှုတွေဟာ သာမန်စတင်မှုအခြေအနေ ဖြစ်တယ်။ Programmatic ကျနတဲ့လက္ခဏာရှိတဲ့ နိုင်ငံရေးပါတီတွေထွက် ပေါ်လာဖို့ အကြံပြုထားတယ်။ အခြေခံကျတဲ့၊ ဒါမှမဟုတ် တည်ဆောက်မှုဆိုင်ရာ အကြောင်းအရင်းတွေဟာ Programmatic ကျနတဲ့နိုင်ငံရေးကို ဖန်တီးခြင်းအတွက် သင့်တော်တဲ့ပတ်ဝန်းကျင်ကိုဆုံးဖြတ်တဲ့ ဘရာဇီး၊ အိန္ဒိယ၊ ယူကရိန်းနဲ့ ဇမ်ဘီယာတို့မှာ နိုင်ငံရေးရဲ့နောက်ဆုံးအခြေအနေကို ပါတီနဲ့ပါတီစနစ်ရဲ့တိုးတက်ပြောင်းလဲ မှုဖြစ်စဉ်တွေက ပုံဖော်တယ်။ ဒီဖြစ်စဉ်တွေဟာ အစပျိုးနေတဲ့ပါတီသစ်တွေကို ပြောင်းလဲစေတယ်။ ဒီလိုပြောင်းလဲမှုတွေဟာ လမ်းကြောင်းမျိုးစုံကိုပြုလုပ်ခံရပြီး ဖြစ်နိုင်ခြေရှိတဲ့ရလဒ်မျိုးစုံကို ရရှိခဲ့တယ်ဆိုတာကို အသိအမှတ်ပြုရန်အရေးကြီးတယ်။ ဒီတိုးတက်မှုဖြစ်စဉ်တွေမှာ ပါတီအရင်းအမြစ်၊ ပါတီမူဘောင်ပြုမှုနဲ့ Programmatic ကျနတဲ့စနစ်ရဲ့ တည်ထောင်မှုဆိုတဲ့အဆင့်သုံးဆင့်ပါဝင်တယ်။

### *ပါတီအရင်းအမြစ်*

ဘရာဇီး၊ အိန္ဒိယ၊ ယူကရိန်းနဲ့ဇမ်ဘီယာတို့မှာ ပါတီဖွဲ့စည်းပုံနဲ့ဖွံ့ဖြိုးတိုးတက်မှုရဲ့ သာဓကတွေအများအပြားရှိတယ်။ တိုးတက်ပြောင်းလဲမှုတိုင်းမှာ ကိုယ်ပိုင်ခြားနားတဲ့ပုံစံတွေရှိပြီး ဘရာဇီးနဲ့ဇမ်ဘီယာမှာတော့ စက်မှုဖွံ့ဖြိုးတိုးတက်မှုရဲ့ အရေးပါမှုကို ကိုယ်ပိုင်ပုံစံတွေရှိတယ်။ အိန္ဒိယမှာတော့ မက်လုံးပေးမဲဆွယ်တဲ့ အရင်းအမြစ်တွေကို လျှော့ချမှုပုံစံနဲ့ယူကရိန်းမှာတော့ အမျိုးသားနိုင်ငံရေးဓလေ့ထုံးစံတွေကို ထင်ရှားအောင်ပြုပြင်မှုပုံစံတွေဖြစ်တယ်။ ဒီလိုပြောင်းလဲမှုဖြစ်စဉ်တိုင်းဟာ ယေဘုယျအားဖြင့် တူညီမှုတစ်ခုရှိတယ်။ Programmatic ကျနတဲ့ဖွံ့ဖြိုးမှုရဲ့ ဖြစ်စဉ်တွေရှားပါးပြီး တည်ရှိနေတဲ့ မက်လုံးပေးမဲဆွယ်မှု၊ ပုဂ္ဂိုလ်ရေးဆိုင်ရာနဲ့ လူမျိုးစုပါတီတွေဟာ ညီညွတ်တဲ့ပေါ်လစီအခြေခံတွေပိုမိုဖြစ်ထွန်းတာကို လက်ခံဖို့ ဆုံးဖြတ်ခြင်းဖြစ်တယ်။ Programmatic ကျနတဲ့ဖွံ့ဖြိုးမှုကို ယေဘုယျအားဖြင့်

နိုင်ငံရေးပါတီသစ်တွေရဲ့ ပေါ်ထွက်လာမှုက မောင်းနှင်တယ်။ ဒါမှမဟုတ် တစ်ခု၊ ဒါမှမဟုတ် တစ်ခုထက်ပိုတဲ့ရှေးရိုးနိုင်ငံရေးပါတီတွေကျရှုံးမှုကို နားလည်ပြီး အားနည်းတဲ့ပါတီကို အစောတလျင် လျင်မြန်စွာဖွံ့ဖြိုးအောင်ပြုလုပ်တယ်။ Programmatic ကျနမှုကို မြှင့်တင်ပေးတဲ့အကြောင်းအရင်းဟာ Programmatic ကျနမှုမဟုတ်တဲ့ပါတီတွေကို ရင်ဆိုင်ရန်ဆန့်ကျင်ဘက်ပါတီသစ်တွေကို မြှင့်တင်ပေးမှုဖြစ်တယ်။ ဖြစ်ရပ်လေ့လာမှုလေးခုမှာ Programmatic ကျနတဲ့ပါတီတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ အဓိကကျတဲ့အကြောင်းအရင်းသုံးခုပေါင်းစပ်ခြင်းရဲ့ ရလဒ်ဖြစ်တယ်။ (၁) နိုင်ငံရေးအခြေအနေအတွက် အဓိကျတဲ့ပြောင်းလဲမှုဟာ ဆန့်ကျင်ဘက်ပါတီတွေရဲ့ တိုးတက်ခြင်းကို လွယ်ကူစေမှု (၂) Programmatic ကျနတဲ့မဲဆန္ဒနယ်များတည်ရှိမှု (၃) နိုင်ငံရေးလှုပ်ရှားမှုရဲ့ပုံစံသစ်ကို ကြုံတွေ့ရန် နိုင်ငံရေးစွန့်စားလိုစိတ်ရဲ့ စွမ်းရည်နဲ့ဆန္ဒရှိမှုတို့ဖြစ်တယ်။

ဒီအကြောင်းအရင်းတွေရဲ့သက်သေပြမှုဟာ တစ်နိုင်ငံနဲ့တစ်နိုင်ငံကွဲပြားနေတယ်။ ယူကရိန်းမှာတော့ နိုင်ငံရေးအခြေအနေအတွက် အဓိကကျတဲ့အပြောင်းအလဲတွေက ဒီအကြောင်းအရင်းကိုမောင်းနှင်တယ်။ ကနဦးမှာ လူမျိုးစုဆိုင်ရာယဉ်ကျေးမှုကိစ္စဟာ EU ရဲ့ အဖွဲ့ဝင်ဖြစ်ရန်အလားအလာရှိမှုကဲ့သို့ အလွန်အရေးကြီးလာတယ်။ ဒုတိယကတော့ လိမ္မော်ရောင်တော်လှန်ရေးက ပါလီမန်အပေါ် ပိုမိုထိန်းချုပ်နိုင်မှုကို နိုင်ငံရေးပါတီတွေဆီပေးအပ်ခဲ့ပြီးနောက် ရွေးကောက်ပွဲနဲ့ပါလီမန်စည်းမျဉ်းတွေကို မိတ်ဆက်ပေးခဲ့တာဖြစ်တယ်။

ဒီဖြစ်ရပ်ဟာ ဒီလိုနိုင်ငံရေးရင်ကြားစေ့မှုအသစ်အပေါ်အခြေခံတဲ့ ညီညွတ်မှုပလက်ဖောင်းတွေကိုဖန်တီးရန်နဲ့မြှင့်တင်ရန် ၂၀၁၂ ထိပါတီတွေကို နေရာပေးမှုဖြစ်တယ်။ ရွေးကောက်ပွဲ တစ်ဖန်ပြောင်းလဲခဲ့တယ်။

အိန္ဒိယကတော့ ၁၉၈၀ ခုနှစ်များရဲ့ ဘဏ္ဍာရေးစိန်ခေါ်မှုဟာ အစိုးရရဲ့ အရင်းအမြစ်တွေကို ကန့်သတ်ပြီးမက်လုံးပေးမဲဆွယ်တဲ့ချဉ်းကပ်မှုတွေရဲ့ ဖြစ်နိုင်ခြေရှိမှုကိုအားနည်းစေတယ်။

နိုင်ငံရေးဟာ အရင်လိုလှုပ်ရှားမှုမရှိတဲ့ရလဒ်တွေအတွင်း အရပ်ဘက်လူ့အဖွဲ့အစည်းအတွင်းမှာ အခြေခံတဲ့ပါတီတွေဟာ အရင်ကလျစ်လျူရှုထားခဲ့တဲ့ ဟိန္ဒူအမျိုးသားရေးနဲ့ဆင်းရဲမှုလိုကိစ္စတွေကို အာရုံစိုက်ဖို့ပေါ်ထွက်လာတယ်။ တစ်ချိန်တည်းမှာပဲ ပြည်နယ်တွေကိုနိုင်ငံတကာဘဏ္ဍာရေးစည်းမျဉ်းတွေနဲ့အတူ တိုက်ရိုက်ဆောင်

ရှက်နိုင်ရန်ခွင့်ပြုခဲ့တဲ့စည်းမျဉ်းသစ်ဟာ ကိုယ်ပိုင် Programmatic ကျနမှုအစီအစဉ်တွေနောက်လိုက်ရန် လက်အောက်ခံနိုင်ငံရေးခေါင်းဆောင်တွေကို လုပ်ပိုင်ခွင့်အပ်နှင်းခဲ့တယ်။

ဘရာဇီးမှာတော့ ကုန်သွယ်ရေးအဖွဲ့အစည်းလှုပ်ရှားမှုနဲ့ သူ့ရဲ့ထောက်ခံသူတွေဟာ Programmatic ကျနတဲ့မဲဆန္ဒနယ်တွေကို ဖွဲ့စည်းခဲ့တယ်။ PT ပါတီဟာ လူ့အဖွဲ့အစည်းရဲ့ကောင်းမွန်စွာဖွဲ့စည်းထားတဲ့ အပိုင်းတွေရဲ့တောင်းဆိုမှုအပေါ် သက်ရောက်မှုရှိတဲ့ ပါတီဖွဲ့စည်းပုံကို ဖွံ့ဖြိုးတိုးတက်ရန်အတွက် အလုပ်သမားသမဂ္ဂရဲ့လုပ်ဆောင်ချက်ကို တည်ဆောက်တယ်။

ဇမ်ဘီယာမှာတော့ ပြောင်းလဲမှုရဲ့စေ့ဆော်မှုတွေဟာ နိုင်ငံရေးစွန့်စားမှုတွေပြုလုပ်လိုပြီး မစမ်းသပ်ရသေးတဲ့ Programmatic ကျနတဲ့ ဆွဲဆောင်မှုကို ဖြန့်ဝေလိုတဲ့ဆန့်ကျင်ဘက်ပါတီခေါင်းဆောင် Michael Sate ရဲ့ ဆန္ဒပြင်းပြမှုကနေလာတယ်။ သူဟာ ကုန်သွယ်ရေးအဖွဲ့ဟောင်းနဲ့ ချက်ကွန်ရက် (church network) က လူတွေကို အဖွဲ့ဝင်သစ်စုဆောင်းတယ်။ ချက်ကွန်ရက်နဲ့ အလုပ်သမားသမဂ္ဂဟောင်းဟာ တစ်ချိန်တည်းမှာ သူ့ရဲ့သတင်းစကားတွေကို မဲဆန္ဒရှင်တွေဆီပို့ရန်နဲ့ သတင်းစကားကိုချိန်ညှိရန် တစ်ခါတည်းပြုလုပ်တယ်။ သူ့ရဲ့လှုပ်ရှားမှုဟာ ဘမ်ဘာ (Bemba) စကားပြောနယ်တွေအတွင်း ယခင်အင်အားကြီးခဲ့တဲ့ နိုင်ငံရေးပါတီအတွက် ထောက်ခံမှုတွေကို တဖြည်းဖြည်းတိုက်စားမှုကို အကျိုးသက်ရောက်မှုရှိခဲ့တယ်။ ဘမ်ဘာစကားပြောတဲ့နယ်တွေဟာ လူမျိုးစုတူညီမှု၊ ကွဲပြားတဲ့နိုင်ငံရေးနဲ့ စီးပွားရေးနစ်နာမှုတွေထပ်တူကျတဲ့နေရာဖြစ်တယ်။

### *ပါတီမူဘောင်ပြုမှု*

ဖြစ်ရပ်လေ့လာမှုလေးခုဟာ Programmatic ကျနတဲ့ပါတီတွေကို ဖန်တီးမှုနောက်ပိုင်းပါတီရဲ့လမ်းကြောင်းတွေကို Programmatic ကျနတဲ့တာဝန်တွေကိုမူဘောင်ပြုမှုနဲ့ နိုင်ငံသား (ဒါမှမဟုတ် လူမျိုးစု) ကို အာရုံစိုက်တဲ့ ဖွံ့ဖြိုးမှုတွေကပုံဖော်တယ်လို့ အကြံပြုတယ်။ တနည်းဆိုရရင် Programmatic ကျနတဲ့ဦးတည်ချက်အတိုင်းဖွဲ့စည်းထားတဲ့ပါတီရဲ့ ကျယ်ပြန့်မှုဟာ ပါတီရဲ့မူဝါဒ အစီအစဉ်တကျ မူလအတိုင်းမှန်ကန်နေမှုအလားအလာတွေကို ပုံဖော်တယ်။ နိုင်ငံ

သား Programmatic ကျနတဲ့ပါတီဖြစ်မှုမဖြစ်မှုဟာ အရေးကြီးပါတယ်။ အချို့သောအခြေအနေတွေအောက်မှာ လူမျိုးစုဆိုင်ရာ Programmatic ကျနတဲ့ပါတီတွေဟာ လူမျိုးစုသဘောထားကွဲလွဲမှုတွေကို တိုးမြှင့်စေပြီး အချိန်ကြာတဲ့အခါ သူတို့ရဲ့ Programmatic ကျနမှုအခြေခံကို ဆုံးရှုံးတာကြောင့် နိုင်ငံသားမူဝါဒပါတီဟုတ်မဟုတ်ဆိုတာအရေးကြီးတယ်။ နှိုင်းယှဉ်တဲ့ဖွဲ့စည်းမှုဆိုင်ရာမူဘောင်အတွင်း ဒီလို ဟောကိန်းနှစ်ခုကို ပေါင်းစပ်ခြင်းဟာ ပါတီနဲ့ပါတီစနစ်အဆင့် (Party System Levels) နှစ်ခုစလုံးမှာ Programmatic ကျနတဲ့ဖွံ့ဖြိုးမှုကို အလွန်မျှော်လင့်တယ်ဆိုတာပြသတယ်။

မူဘောင်ပြုမှုနဲ့နိုင်ငံသားဦးတည်မှုရဲ့ အဓိကအကျဆုံးမောင်းနှင်တာကတော့ ပါတီရဲ့ဦးဆုံးထောက်ခံမှုအခြေခံနဲ့ ကြိုတင်ရှိနေတဲ့အရပ်ဘက်အဖွဲ့အစည်းတွေကနေ ပေါ်ထွက်လာတဲ့ပါတီတွေရဲ့ ကျယ်ပြန့်မှုကိုပေါင်းစည်းထားတာဖြစ်တယ်။ လူမျိုးစုတူတွေရှိတဲ့နိုင်ငံများဟာ သမိုင်းအရနိုင်ငံရေးသဘောကိုနားလည်ပြီး အိန္ဒိယ၊ ဇမ်ဘီယာလိုနိုင်ငံတွေမှာ ထုံးစံအရပါတီအသစ်တွေဟာ ထင်ရှားတဲ့လူမျိုးစုအုပ်စုတွေကို ကိုယ်စားပြုတယ်။ သူတို့ဟာ Programmatic ကျနတဲ့အခြေအနေတွေထဲမှာ ပါဝင်တာတောင်မှ ဒီလိုကိုယ်စားပြုတယ်။ ဒါဟာအဓိကကျတဲ့ နောက်ဆက်တွဲရလဒ်နှစ်ခုကိုဖြစ်စေတယ်။ ပထမတစ်ခုကတော့ ပါတီဟာ ရှုပ်ထွေးတဲ့ပေါင်းကူးမှုတွေရှိတဲ့ ၎င်းရဲ့လူမျိုးစုနဲ့ Programmatic ကျနမှုအခြေခံကြား ဟန်ချက်ညီမှုတွေ ထိန်းသိမ်းဖို့ရုန်းကန်ရတယ်။ ဒီရုန်းကန်မှုဟာ ပိုမိုညီညွတ်တဲ့ပေါ်လစီပလက်ဖောင်းတွေရဲ့ဖွံ့ဖြိုးမှုကို နှောင့်နှေးစေဖို့အလားအလာရှိတယ်။ ဒုတိယအချက်ကတော့ ပါတီရဲ့လူမျိုးစုရှုထောင့်ကို ထိန်းသိမ်းထားခြင်းဟာ တချို့ဖြစ်ရပ်တွေမှာ လူမျိုးစုတူညီတဲ့နိုင်ငံရေးပါဝင်မှုကို ပြင်းထန်စေနိုင်တယ်။ နှိုင်းယှဉ်မှုအရ ပါတီတွေလူမျိုးစုဆိုင်ရာပေါင်းကူးမှုကိုမတည်ဆောက်တဲ့နေရာတွေမှာ ပြည်သူ့အကျိုးဖြစ်ထွန်းစေမှုဖန်တီးပေးခြင်းကဲ့သို့ Programmatic ကျနတဲ့ရည်မှန်းချက်တွေကို အာရုံစိုက်ဖို့ပါတီခေါင်းဆောင်အတွက် လွယ်ကူစွာအလုမ်းဝေးစေတယ်။ ပါတီနဲ့အရပ်ဘက်အဖွဲ့အစည်းလုပ်ဆောင်ချက်တွေရဲ့ဆက်စပ်မှုဟာ အရေးကြီးတယ်။ အရပ်ဘက်အဖွဲ့အစည်းတွေရဲ့ကန့်ကွက်ချက်ကနေထွက်ပေါ်လာတဲ့ပါတီတွေ၊ ဒါမှမဟုတ် အကျိုးသက်ရောက်မှုရှိတဲ့ အဖွဲ့အစည်းဆိုင်ရာ တည်ဆောက်ပုံကိုဖန်တီးလိုမှုတွေကြောင့် ဒီဆက်နွှယ်မှုဟာ အရေးကြီးတာဖြစ်တယ်။ ကနဦးမှာ အရပ်ဘက်အဖွဲ့အစည်းအုပ်

စုတွေကနေ ထွက်ပေါ်လာတဲ့ပါတီတွေဟာ ပါတီတွင်းဖွဲ့စည်းပုံကိုပေးနိုင်တဲ့ ပါတီတွေရဲ့ပုံစံကိုဆောင်ရွက်တယ်။ ဒုတိယကတော့ ဆက်စပ်နေတဲ့အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေဟာ လေ့ကျင့်ထားတဲ့ဝန်ထမ်း၊ ငွေထိန်းသိမ်းမှုကဲ့သို့ အဖွဲ့အစည်းဆိုင်ရာတည်ဆောက်ပုံတွေကို တိုးတက်အောင်လုပ်ရတယ်။ ပါတီတွေဟာ အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေထောက်ခံတဲ့ Programmatic ကျနတဲ့ရည်မှန်း ချက်ကို မလိုက်ဘူးဆိုရင် ဒီအရင်းအမြစ်တွေကို ကန့်သတ်ထားနိုင်တယ်။ အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေဟာ ပိုမိုတာဝန်ရှိတဲ့ဆက်နွယ်မှုတွေကို လွယ်ကူစေတယ်။ တတိယကတော့အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေဟာ သူတို့ရဲ့ထောက်ခံမှုအတွက် တုံ့ပြန်တဲ့အဖွဲ့ဝင်နဲ့ ရှယ်ယာပါသူတွေကဲ့သို့ ပါတီအတွင်းပုံမှန်အာဏာကို ရယူနိုင်ရမယ်။ သူတို့ကိုကြီးမားတဲ့လွမ်းမိုးမှုပေးနိုင်ခြင်းဟာ ပေါ်လစီပြုလုပ်ခြင်းဖြစ်စဉ်ကို အလိုအလျောက်လွမ်းမိုးတယ်။ ဒီအကြောင်းအရင်းတွေရဲ့ အပြန်အလှန်ချိတ်ဆက်မှုတွေကို ထည့်သွင်းစဉ်းစားမှုဟာ Programmatic ကျနတဲ့ ပါတီဖွံ့ဖြိုးမှုရဲ့ အဓိကပုံစံလေးခုကို အကြံပြုတယ်။

၁– အတွေ့အကြုံမရှိတဲ့ပါတီတွေဟာ လူမျိုးစုအုပ်စုတွေနဲ့ ချိတ်ဆက်မှုတွေမတည်ဆောက်ဘဲ အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေနဲ့ခိုင်မာတဲ့စည်းနှောင်မှုတွေပုံဖော်တဲ့အခါ သူတို့ဟာ နိုင်ငံသားမူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ ပါတီအဖြစ်ထွက်ပေါ်လာနိုင်ခြေရှိတယ်။ (ဘရားဇီး PT ပါတီကဲ့သို့) ဒီလိုပါတီတွေဟာ Programmatic ကျနတဲ့ အစီအစဉ်တွေကိုဖော်ဆောင်ရန်နဲ့ပြုလုပ်ရန် အားကောင်းတဲ့ဆွဲဆောင်မှုတွေပိုင်ဆိုင်တယ်။ အဲဒီလိုပါတီဟာ ပေါ်လစီအခြေခံချဉ်းကပ်မှုကို ထိန်းသိမ်းလိုလားတဲ့ပုံစံဖြစ်ပြီး ဒီချဉ်းကပ်မှုကို ပါတီစနစ်ဆီကူးပြောင်းတယ်။

၂– Programmatic ကျနတဲ့ပါတီတွေဟာ လူမျိုးစုအုပ်စုတွေရဲ့ထောက်ခံမှုကိုစုစည်းပြီးအရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေနဲ့ အားကောင်းတဲ့နှောင်ဖွဲ့မှုတွေကို တိုးတက်အောင်လုပ်တဲ့အခါ ဒီလိုပါတီဟာ မူဘောင်ပြုထားတဲ့ လူမျိုးစုဆိုင်ရာအစီအစဉ်တကျမဲဆွယ်တဲ့ပါတီကဲ့သို့ ဒီအဖွဲ့အစည်းတွေဟာ ပေါ်လစီအခြေအနေကို တာဝန်ခံတဲ့ပါတီအတွင်းနဲ့အပြင်နှစ်ခုစလုံးရဲ့ ဖွဲ့စည်းမှုဆိုင်ရာအခြေခံတွေကို ပိုမိုဖွံ့ဖြိုးအောင်လုပ်တယ်။ ဒါပေမဲ့ သူတို့ရဲ့

အမျိုးမျိုးသောပေါင်းကူးမှုပုံစံဟာ ပေါ်လစီညီညွတ်မှုကို ထိန်းသိမ်းဖို့ ပိုမိုခက်ခဲစေတယ်။ ဒါဟာ ၁၉၂၅ ခုနှစ်မှာ တည်ထောင်ခဲ့တဲ့ ဟိန္ဒူလူမှုရေးလှုပ်ရှားမှု Rashtriya Swayamsevak Sangh ကနေပေါ်ထွက်လာတဲ့ အိန္ဒိယ BJP ပါတီလိုဖြစ်တယ်။

၃- Programmatic ကျနတဲ့ပါတီတွေဟာ သီးခြားလူမျိုးစုအုပ်စုတွေနဲ့ အစပိုင်းမှာ ပေါင်းစည်းမှုမပြုလုပ်ဘူး။ ဒါပေမဲ့ အရပ်ဘက်လူ့အဖွဲ့အစည်းတွေနဲ့ခိုင်မာတဲ့နှောင်ဖွဲ့မှုတွေပုံဖော်ဖို့ပျက်ကွက်တယ်။ ဒီလိုပါတီဟာ မူဘောင်ပြုမှုမရှိတဲ့နိုင်ငံသားမူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ပါတီဖြစ်လာတယ်။ ဒီလိုပါတီတွေဟာ BJP ပါတီကြုံတွေ့ခဲ့ရသလို ဝိရောဓိဖြစ်တဲ့ဖိအားတွေ ရင်မဆိုင်သလို သူတို့ရဲ့ Programmatic ကျနတဲ့ စိုးရိမ်မှုတွေကိုလည်း ပြုပြင်ဖို့အတွက်သေချာစေတဲ့ဆောင်ရွက်မှုနဲ့ ခိုင်မာမှုတွေတိုးတက်စေဖို့လည်း မလုပ်ဆောင်ဘူး။ ဘရာဇီး PSDB နဲ့ အိန္ဒိယကွန်ဂရက် ပါတီ၊ ဒီလိုပါတီမျိုးကိုဥပမာပြုတယ်။ သူတို့ဟာ ရှင်းလင်းပြတ်သားစွာ ပေါ်လစီပလက်ဖောင်းတွေကို ပါဝင်လှုပ်ရှားတယ်။ ဒါပေမဲ့ Programmatic ကျနတဲ့ လှုပ်ရှားမှုတွေနဲ့ထောင်ခံသူတွေအကြားချိတ်ဆက်ခြင်းမရှိမှုဟာ သူ့ရဲ့ ထောက်ခံမှုတွေနဲ့ဝေးကွာသွားစေတယ်။ ရလဒ်ကတော့ ဒီလိုပါတီတွေဟာ ပါတီစနစ်အဆင့်မှာ မူဝါဒဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကို မောင်းနှင်ခြင်းမရှိဘူး။

၄- Programmatic ကျနတဲ့ပါတီဟာ လူမျိုးစုဆိုင်ရာအရပုံစံတွေနဲ့ ခိုင်မာတဲ့ချိတ်ဆက်မှုတွေတည်ဆောက်ပြီး အရပ်ဘက်အဖွဲ့အစည်းတွေနဲ့ဆက်နွယ်မှုမှာ အားနည်းတယ်။ ဒီလိုပါတီဟာ မူဘောင်ပြုမှုမရှိတဲ့ လူမျိုးစုဆိုင်ရာ-Programmatic ကျနတဲ့ပါတီဖြစ်တယ်။ ဒီလိုပါတီတွေဟာ ထိရောက်တဲ့အခြေခံဖွဲ့စည်းမှုမရှိသလို မဲဆန္ဒရှင်အုပ်စုတွေကို ပါတီခေါင်းဆောင်မှုဆီဆက်သွယ်တဲ့အတွင်းပိုင်းတည်ဆောက်မှုတွေကို တိုးတက်အောင်ပြုလုပ်မှုနည်းပါးတယ်။ တစ်ချိန်တည်းမှာပဲ ဒီလိုပါတီတွေဟာ ထင်ရှားတဲ့လူမျိုးစုအုပ်စုတွေကို ကိုယ်စားပြုတယ်။ လူမျိုးစုအုပ်စုတွေဟာ ပါတီပေါ်လစီရဲ့အခြေခံအကျိုးခံစားခွင့်ဖြစ်သင့်မှုကို တောင်းဆိုလိုတယ်။ ပြည်နယ်အရင်းအမြစ်တွေဟာ ပါတီအတွက် ပါဝါဖြစ်လာသင့်တယ်။ သူတို့ဟာ လူမျိုးစု၊ ဒါမှမဟုတ် မက်လုံးပေးမဲဆွယ်မှုအလေ့အကျင့်တွေက

အခက်အခဲတွေကိုလည်း အကူအညီရတယ်။ ဒီအကြောင်းကြောင့် မူဘောင်ပြုမှုမရှိတဲ့လူမျိုးစုဆိုင်ရာ Programmatic ကျနတဲ့ပါတီဟာ မူဝါဒအစီအစဉ်တွေဖွဲ့စည်းမှုနဲ့ပေါ်လစီအခြေခံချဉ်းကပ်မှုတွေကို စုစည်းနိုင်မှု နည်းပါးတယ်။ ဇမ်ဘီယာ PF ပါတီဟာ ဒီလိုပါတီမျိုးဖြစ်တယ်။ Michael Sata ဟာ သူ့ရဲ့ဘမ်ဘာစကားပြောလူမျိုးစုအုပ်စုတွေမှာ လှုပ်ရှားဖို့စတင်တယ်။ ဒါပေမဲ့ နောက်ပိုင်းမှာတော့ ဒီလိုအခြေခံနဲ့ မြို့ပြမဲဆန္ဒရှင်တွေပေါင်းစည်းဖို့ရှာတွေ့ခဲ့တယ်။ BJP ပါတီလိုပဲ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့သတင်းစကားအတွက် PF ရဲ့ လူမျိုးစုမဲဆန္ဒနယ်ရဲ့ကြီးမားတဲ့ထိခိုက်မှုဟာ ပါတီအပေါ် မညီညွတ်တဲ့ ပေါ်လစီတွေနဲ့ အတင်းခိုင်းစေခဲ့တယ်လို့ အဓိပ္ပါယ်သက်ရောက်တယ်။ ဒါပေမဲ့ မဖြစ်နိုင်တဲ့တာဝန်တွေနဲ့ ဆာတာဟာ ၂၀၁၁ မှာ ရွေးကောက်ပွဲအောင်မြင်မှုရရှိခဲ့တယ်။ ရှုထောင့်တစ်ခုကတော့ ကျေးလက်ဘမ်ဘာမဲဆန္ဒရှင်တွေဟာ စိုက်ပျိုးရေးထုတ်ကုန်နဲ့ ကြီးမားတဲ့ဖွံ့ဖြိုးမှုအတွက် ငွေကြေးထုတ်ပေးခြင်းအတွက်မြင့်မားတဲ့ တန်ဖိုးတွေကို မျှော်လင့်ခဲ့တယ်။ တခြားရှုထောင့်ကတော့ မြို့ပြအလုပ်သမားတွေဟာ အခွန်နည်းပါးမှုနဲ့အစားအစာဈေးနှုန်းနိမ့်ကျဖို့မျှော်လင့်တယ်။

**ပုံ ၃.၁။ Programmatic ကျနတဲ့ပါတီစနစ်ရဲ့ တည်ထောင်မှု**



Programmatic ကျနတဲ့ပါတီတွေရဲ့ တိုးတက်မှုဟာ မက်လုံးပေးမဲဆွယ်တဲ့ပါတီကွယ်ပျောက်စေပြီး အကြောင်းအရင်းသုံးခုကြောင့် Programmatic ကျနတဲ့ပါတီတွေဟာ ခိုင်မာစွာတည်ထောင်နိုင်တယ်။ ပထမအချက်ကတော့ Programmatic ကျနတဲ့ပါတီတွေဟာ လည်ပတ်ဖို့ကုန်ကျစရိတ်နည်းပါးတယ်။ မက်လုံးပေးတဲ့ပါတီတွေပြုလုပ်သလို မဲဆန္ဒရှင်တွေဆီကို အကုန်အကျများတဲ့အကျိုးသက်ရောက်မှု၊ ဒါမှမဟုတ် တန်ဖိုးကြီးတဲ့ကတိတွေပေးစရာမလိုဘူး။ ဒါဟာ အနိုင်ရတဲ့မဲဆန္ဒရှင်တွေနဲ့ဆက်စပ်နေတဲ့ အခြားလုပ်ရှားမှုတွေအတွက် အရင်းအမြစ်တွေကို တိုက်ရိုက်ဖြစ်စေတယ်။ ဒုတိယကတော့ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေ အာဏာရှိနေစဉ်အချိန်အတွင်း စီးပွားရေးကျဆင်းမှုတွေဖြစ်လာတဲ့အခါ သူတို့ရဲ့မဲဆန္ဒရှင်တွေကို ဝန်ဆောင်မှုပေးဖို့ အရင်းအမြစ်တွေကိုကန့်သတ်ရတယ်။ ဒါကြောင့်မဲဆန္ဒရှင်တွေဟာ Programmatic ကျနတဲ့ပါတီတွေရဲ့ ကမ်းလှမ်းမှုဖြင့် နိုင်ငံရေးချဉ်းကပ်မှုအသစ်ကို စမ်းသပ်လိုတယ်။ နောက်ဆုံးကတော့ Programmatic ကျနတဲ့ပါတီတွေ အစိုးရကိုပုံဖော်တဲ့အခါ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေဟာ သူတို့ရဲ့မဲဆန္ဒရှင်တွေအတွက် စီစဉ်ပေးနေတဲ့ အရင်းအမြစ်တွေနဲ့လုပ်နိုင်စွမ်းတွေအတွက် ရပိုင်ခွင့်တွေလျင်မြန်စွာဆုံးရှုံးတယ်။ ဒါဟာသူတို့ရဲ့ တစ်ခု တည်းသောနည်းလမ်းကိုဖယ်ရှားခြင်းဖြစ်တယ်။ ဒီလိုဖြစ်ရပ်အများအပြားဟာ Programmatic ကျနတဲ့ဗျူဟာတွေကို လက်ခံရန်ဖိအားပေးတယ်။

မသေချာတဲ့အကြောင်းအရင်းအများအပြားဟာ နိုင်ငံရေးပြိုင်ဆိုင်မှုနဲ့ပြောင်းလဲမှုဖြစ်စဉ်တွေရဲ့ ပူးတွဲဖြစ်စဉ်တွေကြောင့် Programmatic ကျနတဲ့နိုင်ငံရေးသို့ပြောင်းလဲမှုတွေကို လမ်းချော်စေတယ်။ Programmatic ကျနတဲ့ပါတီတွေဟာ အစိုးရအဖွဲ့အတွင်း ချို့တဲ့စွာဆောင်ရွက်တဲ့အခါ လုံလောက်တဲ့ပြည်သူတွေရဲ့ အမြင်မကြည်မှုကို ဖန်တီးခြင်းဟာ မက်လုံးပေးမဲဆွယ်တဲ့ပြိုင်ဘက်အတွက် တံခါးဖွင့်ပေးလိုက်တာဖြစ်တယ်။ တစ်ချိန်တည်းမှာ မမျှော်လင့်ထားတဲ့ စီးပွားရေးယိမ်းယိုင်မှုတွေ၊ အရှုပ်အထွေးတွေနဲ့ နိုင်ငံခြားပေါ်လစီအန္တရာယ်တွေဟာ ပြည်သူရဲ့ ယုံကြည်မှုကို ထိခိုက်စေတယ်။ ပေါ်လစီအခြေခံပါတီတွေဟာ ကောင်းမွန်စွာစွမ်းဆောင်နိုင်ရမယ်။ ပါတီမူဘောင်ပြုမှုရဲ့ နိမ့်ပါးတဲ့အဆင့်ကလည်းအရေးကြီးတယ်။ Programmatic ကျနတဲ့ပါတီဟာ ပေါ်လစီအခြေခံကတိတာဝန်တွေကို အရှုံးပေးရတဲ့အခါ ပြောင်းလဲမှုမရှိတဲ့ပါတီစနစ်ပေါ်ပေါက်လာတယ်။ Programmatic

ကျနတဲ့ပုံစံမရှိတဲ့ မူဘောင်ပြုမှုမရှိတဲ့ လူမျိုးစုပါတီတွေဟာ ပေါ်လစီအခြေခံတဲ့ ချဉ်းကပ်မှုရဲ့ဆက်တိုက်ဖြစ်မှုကို သေချာစေတယ်။ ဒီလိုပါတီဟာ လူမျိုးစုအဖွဲ့အစည်း တစ်ခုရဲ့ထောက်ခံမှုကို နှစ်သက်တာကြောင့်ဖြစ်တယ်။ ဒီလူမျိုးစုအဖွဲ့အစည်းတွေကို ဖြည့်ဆည်းဖို့အတွက်ရွေးချယ်သတ်မှတ်မှုတွေပြုလုပ်တယ်။ ဒီလိုပါတီတွေအနိုင်ရတဲ့ အခါ ပြည်နယ်အရင်းအမြစ်တွေကို ရယူနိုင်တယ်။ (ဥပမာအားဖြင့် မက်လုံးပေးမဲဆွယ် တဲ့ဗျူဟာတွေဟာ ပိုမိုအသာရနိုင်တယ်။) Programmatic ကျနတဲ့ ရပ်တည် ချက်တွေထိန်းသိမ်းတဲ့ဖြစ်ရပ်ဟာ မဖြစ်မနေလုပ်ဆောင်ရမှုကို လျော့ကျလာစေတယ်။ လူမျိုးစုဆိုင်ရာ Programmatic ကျနတဲ့ပါတီတွေဟာ နိုင်ငံသား Programmatic ကျနတဲ့ပါတီတွေအတွက် မတူညီတဲ့တာဝန်တွေကိုဖော်ဆောင်တယ်။ လူမျိုး စုအုပ်စုတစ်စုကို သူတို့ရဲ့ကိုယ်စားပြုမှုဟာ ပါတီအတွင်းကိုယ်စားပြုမှုမရှိတဲ့ အခြား လူမျိုးစုအဖွဲ့အစည်းတွေကြား သိမြင်နားလည်မှုကိုဖန်တီးတယ်။ ဒါဟာ ရှားပါးတဲ့ အရေးမပါတဲ့လူမျိုးစုအဖွဲ့အစည်းတွေအတွက် ပြိုင်ဘက်ပါတီတွေကိုဖြစ်လာစေနိုင် တယ်။ ပြောင်းလဲမှုဖြစ်စဉ်ဟာ အများနဲ့ဆိုင်တဲ့အုပ်စုတွေရဲ့ နိုင်ငံရေးထင်ရှားမှုကို မြှင့်တင်ပြီး တခြားလူမျိုးစု၊ ဒါမှမဟုတ် လူမျိုးစုဆိုင်ရာ Programmatic ကျနတဲ့ ပါတီတွေထွက်ပေါ်မှုကို ပိုမိုလွယ်ကူစေတယ်။

**Box ၃.၇ ပါတီစနစ်မူဘောင်ပြုမှုနဲ့ Programmatic ကျနတဲ့ပါတီ ဖွံ့ဖြိုးမှုရဲ့ ခြားနားချက်ဥပမာနှစ်ခု**

၁၉၈၀ နှစ်များနဲ့ ၁၉၉၀ နှစ်များတွင် ဘရာဇီးပါတီစနစ်ဟာ အစပြုခဲ့ပြီး ကြီးမားတဲ့ Programmatic ကျနမှုမဟုတ်တဲ့ ပါတီတွေကို ပြောင်းလဲခဲ့တယ်။ မဲဆန္ဒရှင်တွေဟာ ပါတီဆောင်ပုဒ်ကို ကိုယ်စားလှယ်ရဲ့ ပေါ်လစီအခြေအနေအတွက် သတင်းအချက်အလက်ဆိုင်ရာထိရောက်မှုအဖြစ် အသုံးမပြုဘူး။ ဒီလိုအသုံးမပြုတာဟာ ပါတီတွေကို မယုံကြည်တာကြောင့် ဖြစ်တယ်။ စနစ်ရဲ့မတည်ငြိမ်မှုနဲ့တစ်စစီဖြစ်မှုဟာ ပါတီတွေရဲ့တာဝန်ခံမှုကို ဆုပ်ကိုင်မှုအပေါ် မဲဆန္ဒရှင်ကိုခက်ခဲအောင်ပြုလုပ်တယ်။ လက်ဝဲ PT ပါတီနဲ့ လက်ယာ PSDB ပါတီပေါ်ထွက်လာမှုဟာ ပါတီစနစ်မူဘောင်ပြုမှုနဲ့ Programmatic ကျနမှုရဲ့ တိုးတက်မှုဖြစ်စဉ်ကို အပြန်အလှန်အားဖြည့်ခြင်းဖြင့်အစပျိုးတယ်။ Programmatic ကျနတဲ့ပလက်ဖောင်းဟာ တည်ငြိမ်တဲ့မဲအခြေခံစနစ်ကို လုံခြုံရန်အတွက် PT နဲ့ PSDB ကို လုပ်ပိုင်ခွင့်ပေးတယ်။ မဲအခြေခံမှုဟာ ရွေးကောက်ပွဲဆိုင်ရာညွန့်ပေါင်းအစိုးရအဖွဲ့ကို အခြားပါတီတွေပုံဖော်သလို ပိုမိုညီညွတ်တဲ့ပါတီစနစ်ကိုပြုလုပ်တယ်။ ဒီလိုတည်ငြိမ်မှုဟာ ဘရာဇီးရဲ့ပါတီစနစ်ကို သဘောပေါက်နားလည်အောင်ပြုလုပ်ခဲ့ပြီး ပါတီတွေရဲ့မူဝါဒပလက်ဖောင်းတွေကို ပိုမိုယုံကြည်စိတ်ချစေတယ်။

Programmatic ကျနတဲ့ပါတီတွေဟာမူဝါဒဆွဲဆောင်မှုကို ဥပေက္ခာပြုမှုများတဲ့ မဲဆန္ဒရှင်အုပ်စုတွေရှိတဲ့ နိုင်ငံတွေအတွင်း ပြိုင်ဆိုင်မယ် ဆိုရင် Programmatic မကျနတဲ့ပါတီဟာ ဗျူဟာပြောင်းလဲမှုကနေဆုံးရှုံးမှုများပြားပြီး အသာရမှုနည်းပါးတယ်။ ဇမ်ဘီယာမှာတော့ PF ပါတီပေါ်ထွက်လာမှုဟာ

Programmatic ကျနတဲ့ချဉ်းကပ်မှုတွေကို ပိုမိုလက်ခံဖို့ အခြားပါတီတွေကို အနည်းငယ်အားဖြည့်မှုတွေပြုလုပ်ခဲ့တယ်။ ကြီးမားတဲ့ဒေသတွေမှာတော့ ဒီလိုလက်ခံမှုတွေဟာ PF ပါတီရဲ့ထင်ရှားလာမှုကြောင့်ဖြစ်တယ်။ (၂၀၀၆ ရွေးကောက်ပွဲလှုပ်ရှားမှုအတွင်း) PF ပါတီဟာ နိုင်ငံရဲ့အဓိက Programmatic ကျနတဲ့ မဲဆန္ဒရှင်အုပ်စုတွေကို ဆွဲဆောင်ခဲ့တယ်။ နိုင်ငံရဲ့အဓိက ကျတဲ့မဲဆန္ဒအုပ်စုနှစ်ခုဟာ ကျေးလက်ဘမ်ဘာအုပ်စုနဲ့ မြို့ပြနေထိုင်သူတွေဖြစ်တယ်။ ဒါကြောင့် ပါတီစုံဒီမိုကရေစီအတွက်လှုပ်ရှားမှုနဲ့ နိုင်ငံတော်ဖွံ့ဖြိုးမှုအတွက်ပေါင်းစည်းထားတဲ့ပါတီတွေဟာ ပေါ်လစီအခြေခံဆွဲဆောင်မှုတွေပိုမိုဖြစ်ထွန်းလာရန် မက်လုံးအချို့ကိုကမ်းလှမ်းတယ်။

## Programmatic ကျနတဲ့ နိုင်ငံရေးရဲ့သက်ရောက်မှု

လေ့လာဆန်းစစ်မှုပြုလုပ်တဲ့ နိုင်ငံလေးခုအတွင်း Programmatic ကျနတဲ့နိုင်ငံရေးရဲ့အဆင့်နဲ့သဘာဝတွေကိုပြောင်းလဲခဲ့သလို သူတို့ရဲ့နိုင်ငံရေးနဲ့ အုပ်ချုပ်ပုံတွေဟာလည်းပြောင်းလဲခဲ့တယ်။ Programmatic ကျနတဲ့ပါတီတွေဟာ နိုင်ငံရေးငြင်းခုံဆွေးနွေးမှုတွေဝင်ရောက်လာပြီး အစိုးရပေါ်လစီတွေကိုထိခိုက်တဲ့အခါ အချက်သုံးခုအပေါ် တူညီတဲ့သက်ရောက်မှုရှိတယ်။ ဒီသုံးချက်က (၁) ကိုယ်စားပြုမှုနဲ့တာဝန်ခံမှု၊ (၂) အုပ်ချုပ်ပုံနဲ့ (၃) နိုင်ငံရေးလှုပ်ရှားမှု တို့ဖြစ်တယ်။

ကိုယ်စားပြုမှုနဲ့တာဝန်ခံမှုကိုထည့်သွင်းစဉ်းစားတဲ့အခါ Programmatic ကျနတဲ့ပါတီတွေဟာ စီမံကိန်းချမှတ်ထားတဲ့ ရှင်းလင်းတဲ့ပေါ်လစီတွေကိုဖော်ဆောင်တဲ့ ပါတီတွေဖြစ်တယ်။ ဒီလိုပါတီတွေဟာ မဲပေးရတဲ့အကြောင်းအရင်း၊ ပါတီကိုယ်စားပြုမှုရဲ့ မဲဆန္ဒရှင်တွေရဲ့ ဖွဲ့စည်းပုံတွေနဲ့ပတ်သက်ပြီး ရှင်းလင်းတဲ့အသိတွေကို မဲဆန္ဒရှင်တွေဆီပေးတယ်။ မဲဆန္ဒရှင်အဖွဲ့အစည်းတွေဟာ အစိုးရအဖွဲ့အတွက် တစ်ကြိမ်ရွေးချယ်ခံရတဲ့ပါတီတွေကို မျှော်လင့်တယ်။ ရွေးကောက်ပွဲနောက်ဆက်တွဲရလဒ်ဟာ တာဝန်ခံတဲ့ပါတီအတွက် ရှင်းလင်းတဲ့ပေါ်လစီကတိတွေကို ဖော်ဆောင်တယ်။ ဒီလိုဖော်ဆောင်မှုဟာ ရွေးကောက်ပွဲစက်ဝန်းမျိုးစုံရဲ့လမ်းကြောင်းအပေါ် မဲဆန္ဒရှင်

တွေအတွက် နိုင်ငံရေးစနစ်အတွင်း ကြီးမားတဲ့ယုံကြည်ချက်ကိုသေသွားစေတယ်။

Programmatic ကျနတဲ့ပါတီတွေဟာ အဓိကကျတဲ့ပေါ်လစီငြင်းခုံဆွေးနွေးမှု၊ အုပ်ချုပ်မှု၊ ခေါင်းဆောင်ရဲ့လုပ်နိုင်စွမ်းနဲ့ အစိုးရရဲ့မှတ်တမ်းတွေအပေါ် အာရုံစိုက်တယ်။ ဒီလိုအာရုံစိုက်မှုဟာ စီးပွားရေးအပေါ် အစိုးရရဲ့အရည်အချင်းနဲ့ တခြားကိစ္စတွေကို မဲဆွယ်တဲ့ပါတီတွေထွက်ပေါ်မှုဟာ အရင်အရေးမပါတဲ့အုပ်စုတွေနဲ့အစိုးရရဲ့ ဆင်းရဲသားများအကျိုးဖြစ်ထွန်းစေမှုကိုလက်ခံမှုအတွက် ကြီးမားတဲ့လှုံ့ဆော်မှုရလဒ်ထွက်ပေါ်စေတယ်။ အိန္ဒိယမှာတော့ Programmatic ကျနတဲ့နိုင်ငံရေးဟာ ပြည်နယ်အဆင့်မှာ ကောင်းမွန်တဲ့အစိုးရရဲ့လုပ်ငန်းစဉ်တွေကိုလိုက်ပါမှုကြောင့် လျင်မြန်စွာဖြစ်ပေါ်တယ်။ လေးနက်တဲ့နိုင်ငံရေးအမှန်တရားတွေဟာ ပြုလုပ်ရမယ့်တိုးတက်မှုတွေကို ကန့်သတ်ပေမဲ့ မူဝါဒနိုင်ငံရေးကတော့ လျင်မြန်စွာဖြစ်ပေါ်ခဲ့တယ်။ ဘရာဇီးမှာလို Programmatic ကျနတဲ့ပါတီစနစ်တိုးတက်လာတဲ့ အခါ ပါတီတွေဟာ ပါတီနိုင်ငံရေးနဲ့ပေါ်လစီပုံစံတွေရဲ့ အစီအစဉ်နဲ့စနစ်ကိုတာဝန်ချမှတ်တယ်။ ပါတီနိုင်ငံရေးနဲ့ပေါ်လစီပုံစံတွေဟာ နိုင်ငံရေးစနစ်ကိုပိုမိုလွယ်ကူစေပြီး ပါတီကိုယ်စားပြုမှုရဲ့တာဝန်ခံမှုကို ချုပ်ကိုင်ဖို့မဲဆန္ဒရှင်တွေကို ပိုမိုလွယ်ကူစေတယ်။ လူမျိုးစုဆိုင်ရာနဲ့လူမျိုးစုဆိုင်ရာမဟုတ်တဲ့မူဝါဒအခြေခံ ပါတီနှစ်ခုစလုံးထွက်ပေါ်လာတဲ့အခါ ပါတီတွေဟာ ထုံးစံအတိုင်းနိုင်ငံရေးစနစ်နှစ်ခုကွဲမှုကိုဖြစ်ပေါ်စေတယ်။ ဒီလို ဖြစ်ပေါ်တာဟာ စုစည်းမှုထက် ကွဲပြားမှုအပေါ် အာရုံစိုက်မှုကိုအလေးထားတဲ့ မတူညီတဲ့မဲဆန္ဒနယ်တွေကြား ထင်ရှားတဲ့အိုင်ဒီအိုလိုဂျီဆိုင်ရာအက်ကြောင်းတွေရဲ့ တိုးတက်မှုကြောင့်ဖြစ်တယ်။

ဒီလိုလွှမ်းမိုးထားတဲ့ဖြစ်ရပ်တွေမှာ Programmatic ကျနတဲ့ပါတီတိုင်းဟာ ဆင်းရဲမှုလျော့ချခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုအပေါ်အာရုံစိုက်တယ်။ အစိုးရနဲ့အတိုက်အခံတွေကတော့ ဝင်ငွေနိမ့်ကျတဲ့မဲဆန္ဒနယ်နဲ့ဆင်းရဲသားအကျိုးဖြစ်ထွန်းမှုအတွက် ဖွံ့ဖြိုးမှုဗျူဟာတွေကို ချိတ်ဆက်မှုတည်ဆောက်ခြင်းဖြင့် ကြီးမားတဲ့ထောက်ခံမှုတွေကိုရရှိတယ်။ ဘရာဇီးမှာတော့ PT ပါတီဟာ Bolsa Familia နဲ့ Fome Zero (Zero Hunger) လို မူဝါဒအစီအစဉ်တွေကိုမြှင့်တင်တယ်။ ဒီလိုခေတ်မီတဲ့ပေါ်လစီဝင်ငွေနဲ့ ဖွံ့ဖြိုးမှုအပေါ်ထူးခြားထင်ရှားတဲ့သက်ရောက်မှုတွေရှိတယ်။ (Rocha 2001) အိန္ဒိယမှာတော့ BJP ပါတီရဲ့ဆွဲဆောင်မှုဟာ နေရှင်နယ်ကွန်ဂရက်ပါတီရဲ့ အုပ်ချုပ်ရေးဦးဆောင်မှုကို အမျိုးသားကျေးလက်ဖွံ့ဖြိုးမှုအာမခံကို မိတ်ဆက်ရန်

မောင်းနှင်တယ်။ ဒီကျေးလက်ဖွံ့ဖြိုးမှုအာမခံဟာ အစိုးရရဲ့တစ်နှစ်လုပ်ဆောင်မှုအတွင်း ကျေးလက်တိုင်းရဲ့ အိမ်ထောင်စုတစ်ရာကို အာမခံတယ်။ လူမျိုးစုဆိုင်ရာ ယဉ်ကျေးမှု ပြဿနာကို ဦးစားပေးတဲ့ယူကရိန်းကလွဲပြီး မညီမျှမှုနှုန်းမြင့်မားတဲ့နိုင်ငံတွေရဲ့ Programmatic ကျနတဲ့ပါတီတွေဟာ ဆင်းရဲမှုရဲ့လိုအပ်ချက်တွေကိုထောက်ခံတယ်။

ပါတီအများအပြားဟာ ကောင်းမွန်တဲ့အုပ်ချုပ်မှုဆိုင်ရာလုပ်ရှားမှုတွေအပေါ် စီမံဆောင်ရွက်တယ်။ အကျိုးဆက်အခြေအနေတွေက ခြစားမှုတွေကိုအဆုံးသတ်ဖို့နဲ့ ပိုမိုအကျိုးသက်ရောက်မှုရှိတဲ့ နိုင်ငံသားအခြေပြုအစိုးရကို ထောက်ပံ့မယ်ဆိုတဲ့ သူတို့ရဲ့ကတိတွေကို ဆက်လက်ဆောင်ရွက်တယ်။ အထင်ရှားဆုံးကတော့ အိန္ဒိယရဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှုကိုကိုယ်စားလှယ်လောင်းတွေဟာ ပြည်နယ်အဆင့်တွေရဲ့ အစိုးရအဖွဲ့တွေမှာ ထင်ရှားတဲ့သက်ရောက်မှုတွေပြုလုပ်နိုင်ခြင်းဖြစ်တယ်။ ဥပမာအားဖြင့် ဘီယာမှာ Nitish Kumar ဟာ ပြည်သူ့ဆိုင်ရာအဖွဲ့အစည်းများနဲ့ လမ်းစဉ်ဌာနတွေရဲ့နယ်ပယ်ကို ကျောင်းနေတဲ့မိန်းကလေးတွေအတွက် စက်ဘီးနဲ့ လယ်သမားတွေအတွက် ချေးငွေစီမံချက်တွေထောက်ပံ့ပေးခဲ့တယ်။ ဒီလိုပြည်နယ်တွေဟာ အကျိုးသက်ရောက်မှုရှိတဲ့စီးပွားရေးပြုပြင်မှုဟာ ထင်ရှားတဲ့နိုင်ငံခြား တိုက်ရိုက်ရင်းနှီးမြှုပ်နှံမှုကိုဆွဲဆောင်ပြီး အလုပ်အကိုင်သစ်တွေစီစဉ်ပေးသလို မြင့်မားတဲ့စီးပွားရေးဖွံ့ဖြိုးမှုရလဒ်ထွက်ပေါ်စေတယ်။

Programmatic ကျနတဲ့ချိတ်ဆက်မှုဟာ ခေါင်းဆောင်တွေခြစားမှုနည်းပါးအောင်ပြုလုပ်တဲ့လုပ်ဆောင်မှုအတွက် အားကောင်းတဲ့ပူးပေါင်းဆောင်ရွက်မှုစနစ်ကိုဖြစ်ပေါ်စေတယ်။ ပထမကတော့ နေရာယူမှုဆိုင်ရာပြဿနာနဲ့ အရေးပါတဲ့ ကောင်းမွန်တဲ့အုပ်ချုပ်မှုအတွင်းပြဿနာတွေက သူတို့ရဲ့ရွေးကောက်ပွဲဆိုင်ရာထောက်ခံမှုကို တဖြည်းဖြည်းဖျက်ဆီးတဲ့ ခြစားမှုအရှုပ်တော်တွေဟာ ပါတီအတွက် အထူးအားနည်းချက်တွေဖြစ်လာတယ်။ ရလဒ်ကတော့ Programmatic ကျနတဲ့ ပါတီတွေဟာ ပြည်နယ်အရင်းအမြစ်တွေကို အလွဲသုံးစားပြုဖို့လိုအပ်ချက်နည်းပါးတယ်။ ဒီလိုအလွဲသုံးစားပြုမှုနည်းပါးတာဟာ သူတို့ရဲ့ရွေးကောက်ပွဲအောင်မြင်မှုနဲ့ သူတို့ရဲ့ထောက်ခံသူတွေအတွက် ခွဲဝေထိန်းချုပ်မှုတွေအပေါ် မမှီခိုတာကြောင့်ဖြစ်တယ်။ ဒီလိုမမှီခိုမှုဟာ မူဝါဒအခြေခံပါတီတွေရဲ့ Programmatic ကျနတဲ့ ပါတီစနစ်အတွင်းမှာ အထူးသဖြင့်မှန်ကန်ပြီး မူဝါဒအခြေခံပါတီတွေဟာ မက်လုံးပေးမဲဆွယ်တဲ့ ပါတီတွေနဲ့မယှဉ်ပြိုင်ဘူး။ ဒါကြောင့် သူတို့ဟာ ကုန်ကျစရိတ်တွေကို

ပိုမိုအသုံးပြုနိုင်ပြီး ရွေးကောက်ပွဲမှာ ရှုံးနိမ့်ဖို့အလားအလာနည်းတယ်။ ဖွံ့ဖြိုးတိုးတက်မှုရှိတဲ့နိုင်ငံတွေဆီက ပါတီအားလုံးဟာ ငွေကြေးထောက်ပံ့မှုပြဿနာနဲ့ရင်ဆိုင်ရတယ်။ ဘာကြောင့်လဲဆိုရင် ပါတီတွေရဲ့ထောက်ခံသူတွေဟာ ပါတီအဖွဲ့အစည်းရံပုံငွေအတွက် ထုံးစံအရဆင်းရဲတဲ့နေရာတွေဖြစ်တယ်။ ခြစားမှုတိုက်ဖျက်တဲ့လှုပ်ရှားမှုတွေကို တာဝန်ယူတဲ့မူဝါဒအခြေခံပါတီတွေအတွက် မက်လုံးတွေဟာ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေလို ဆွဲဆောင်မှုအားမကောင်းဘူး။

ပေါ်လစီနိုင်ငံရေးကို အခြေခံမှုအပေါ်မှီခိုတဲ့ ကိုယ်စားပြုမှု၊ အုပ်ချုပ်မှုနဲ့ပိုမိုကျယ်ပြန့်တဲ့နိုင်ငံရေးလှုပ်ရှားမှုတွေအပေါ် မူဝါဒဆိုင်ရာတိုးတက်မှုရဲ့သက်ရောက်မှုကို အမှတ်ရနေဖို့အရေးကြီးတယ်။ Programmatic ကျနတဲ့နိုင်ငံရေးယှဉ်ပြိုင်တဲ့ ပါတီစနစ်ကို ခိုင်မာစွာတည်ဆောက်လာတဲ့အခါ ဒီနိုင်ငံရေးစနစ်ဟာ နည်းပါးတဲ့ခြစားမှုနဲ့ပိုမိုတုံ့ပြန်မှုရှိတဲ့ ပါတီ၊ တည်ငြိမ်တဲ့ပါတီစနစ်နဲ့ ပိုမိုအကျိုးသက်ရောက်မှုရှိတဲ့အစိုးရကို ထောက်ခံ ဖို့ဆန္ဒရှိတယ်။ ဒါပေမဲ့ Programmatic ကျနတဲ့ပါတီတွေဟာ မူဝါဒအခြေခံစနစ်အတွင်း အစိတ်အပိုင်းအရယှဉ်ပြိုင်တဲ့အခါ တာဝန်ခံမှုနဲ့ကိုယ်စားပြုမှုရဲ့တည်ဆောက်ပုံဆိုင်ရာမောင်းနှင်မှုဟာ အားနည်းတယ်။ ဒီလိုအားနည်းတာဟာ လူမျိုးစုပါတီနဲ့ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေရှိနေတာကြောင့်ဖြစ်တယ်။

လူမျိုးစုပါတီနဲ့မက်လုံးပေးမဲဆွယ်တဲ့ပါတီဟာ ပေါ်လစီအခြေခံတဲ့စကားစစ်ထိုးပွဲကို တာဝန်ယူဖို့စိတ်မဝင်စားဘူး။ သူတို့ရဲ့ငွေကြေးထောက်ပံ့သူတွေ၊ ဒါမှမဟုတ် အာရုံစိုက်ဖို့မဲဆန္ဒရှင်တွေကို အားပေးပြီး မူဝါဒဆိုင်ရာစိတ်ဝင်စားမှုအပေါ်အာရုံစိုက်မှုကို အာရုံလွဲစေတယ်။

**Box ၃.၈ Programmatic ကျနတဲ့ နိုင်ငံရေးရလဒ်များ/ ကိုယ်စားပြုမှုမရှိတဲ့အဖွဲ့အစည်းတွေအတွက် သဘောထားများခွင့်ပြုခြင်း**

ဒီဖြစ်ရပ်လေ့လာမှုအသီးသီးမှာ မူဝါဒအခြေခံတဲ့နိုင်ငံရေးရဲ့ ဖွံ့ဖြိုးမှုဟာ အရင်ကိုယ်စားပြုမှုမရှိတဲ့အဖွဲ့အစည်းတွေရဲ့ ပေါ်လစီရွေးချယ်မှုအတွက် သဘောထားတွေကို ခွင့်ပြုတယ်။ ဇမ်ဘီယာမှာတော့ နီယိုလစ်ဘရယ်ပေါ်လစီ လုပ်ငန်းစဉ်ဟာ လူကြိုက်များတဲ့ပေါ်လစီသဘောထားနဲ့မကိုက်ညီတဲ့နိုင်ငံတကာ ဘဏ္ဍာရေးစည်းမျဉ်းစည်းကမ်းရဲ့ ကြီးမားတဲ့လွှမ်းမိုးမှုမှာ အခြေခံတယ်။ ၂၀၁၀ မှာတော့ လူကြိုက်များလွှမ်းမိုးတဲ့တူညီမှုဟာ ပြဋ္ဌာန်းထားတဲ့ပါတီရဲ့စီးပွားရေး အုပ်ချုပ်မှုကျရှုံးခြင်းနဲ့ စီးပွားရေးအတွင်းကြီးမားတဲ့ပြည်နယ်အတွက် လိုအပ်တဲ့ကြားဝင်ဖြေရှင်းမှုတွေနဲ့စပ်လျဉ်းပြီး ပေါ်ပေါက်လာတယ်။ PF ပါတီထွက်ပေါ်လာတဲ့အထိ နိုင်ငံရေးပါတီတွေဟာ ဒီအမြင်တွေကိုကိုယ်စားပြုဖို့ မရှာဖွေခဲ့ဘူး။ အဓိကပါတီတွေဟာ လူမျိုးစုနဲ့ အားပေးမှုဖြန့်ဝေခြင်းတွေရဲ့ အခြေခံတဲ့ထောက်ခံမှုတွေနဲ့ အတိုက်အခံပါတီတွေကို အကျိုးသက်ရောက်မှုရှိစွာဖြိုခွဲခဲ့တယ်။ Michael Sata ခေတ်နောက်ပိုင်းမှသာ လူမျိုးစုအဖွဲ့အစည်းအသီးသီးရဲ့ မရောင့်ရဲတဲ့ပါတီတွေဟာ လူအများစုကို အတူတကွဆောင်ယူပြီး တည်ဆောက်တယ်။ ဇမ်ဘီယာဟာ ပါတီစုံဒီမိုကရေစီအစိုးရလှုပ်ရှားမှုရဲ့ စီးပွားရေးပေါ်လစီတွေအပေါ် မနှစ်သက်မှုကို လွတ်လပ်စွာဖော်ပြနိုင်ခဲ့တယ်။

အိန္ဒိယမှာတော့ မတူညီတဲ့ Programmatic ကျနတဲ့ပါတီတွေ ပေါ်ထွက်လာမှုဟာ ပါတီအတွင်း အလွန်ခြားနားတဲ့မဲဆန္ဒနယ်အုပ်စုနှစ်ခုရဲ့ ကိုယ်စားပြုမှုကိုမြင့်တက်စေခဲ့တယ်။ လူ့အဖွဲ့အစည်းအတွင်းအလွန်ဆင်းရဲခြင်းရဲ့လိုအပ်ချက်ဟာ ကွန်ဂရက်ပါတီရဲ့ လွှမ်းမိုးမှုကြောင့် အရေးမပါဘူးလို့ သဘောထားခံရတယ်။ ကွန်ဂရက်ပါတီဟာ BJP ပါတီထွက်ပေါ်လာမှုကြောင့်

ပါတီစနစ်အတွင်းအရေးပါတဲ့ ကိုယ်စားပြုမှုတွေကိုစီစဉ်တယ်။ တစ်ချိန်တည်းမှာပဲ BJP ပါတီပေါ်ထွက်လာမှုဟာ ဟိန္ဒူအမျိုးသားရေးရဲ့ပေါ်လစီစိတ်ဝင်စားမှုကိုပေါ်လွင်စေခဲ့တယ်။ ဒါဟာ ပိုမိုတိုးတက်တဲ့ နိုင်ငံခြားမူဝါဒကိုလက်ခံတဲ့ အစိုးရအမြင်ကိုတွေ့လိုတဲ့သူတို့ရဲ့ဆန္ဒအတိုင်းဖြစ်ပြီး နိုင်ငံရဲ့ယဉ်ကျေးမှုဆိုင်ရာလက္ခဏာတွေကိုကာကွယ်ဟာ အခြားနိုင်ငံတကာနဲ့နယ်စပ်ဖြတ်ကျော်နိုင်ငံရေးသမားထံက အိန္ဒိယရဲ့လွတ်လပ်မှုကို အားကောင်းစေတယ်။

## ထောက်ခံချက်များ

Programmatic ပါတီတွေနဲ့စနစ်ရဲ့ဖွံ့ဖြိုးမှုရလဒ်ထွက်ပေါ်စေတဲ့ အခြေအနေနဲ့ အကြောင်းအရင်းတွေကိုဆွေးနွေးပြီးနောက် ဒီလိုပါတီတွေနဲ့စနစ်ရဲ့ဖွံ့ဖြိုးမှုကို အားပေးမှုနဲ့မြှင့်တင်မှုတွေပြုလုပ်နိုင်တဲ့ နိုင်ငံရေးပါတီဖွဲ့စည်းမှုတွေကို အဓိပ္ပါယ်ဖွင့်ဆိုဖို့အရေးကြီးတယ်။

### *တည်ဆောက်မှုဆိုင်ရာ အဆုံးအဖြတ်ပေးသောအရာများ*

လူမှုစီးပွားရေးအခြေအနေလို တည်ဆောက်မှုဆိုင်ရာအဆုံးအဖြတ်ပေးတဲ့အရာတွေဟာ မူဝါဒဆိုင်ရာဆွဲဆောင်မှုကို မဲဆန္ဒရှင်တွေရဲ့လက်ခံမှုနဲ့ နိုင်ငံရေးစွန့်စားသူတွေအတွက် ပေါ်လစီအခြေခံဗျူဟာတွေရဲ့ အကျိုးရှိမှုကို သက်ရောက်မှုရှိတယ်။ ဒီလိုအခြေအနေတွေဟာ Programmatic ကျနတဲ့ချိတ်ဆက်မှုတွေရဲ့တိုးတက်မှုကိုကန့်သတ်တဲ့အခါ ဥပမာအားဖြင့် ပညာရေးအဆင့်နိမ့်ကျမှု၊ ပုံမှန်အလုပ်အကိုင်ရရှိမှုနည်းပါးခြင်းနဲ့ အဓိကထောက်ခံသူတွေကို ခိုင်မာတဲ့ချည်နှောင်မှုတွေနိမ့်ကျပြီး ဒါဟာ Programmatic ကျနတဲ့ပါတီစနစ်တွေရဲ့ ဖွံ့ဖြိုးမှုကိုရပ်တန့်စေတယ်။ ဒီလေ့လာမှုအမျိုးအစားများနဲ့ စီးပွားရေးအကြောင်းရင်းတွေဟာ

အပြောင်းအလဲအတွက် ဆယ်စုနှစ်များစွာအချိန်ယူရတယ်။ ဒါဟာ ပါတီမူဝါဒအခြေခံစနစ်ဟာ မူဝါဒအခြေခံဆွဲဆောင်မှုအတွက် ပိုမိုတုံ့ပြန်မှုရှိတဲ့လူမျိုးစုအုပ်စုတွေ မဖြစ်လာနိုင်ဘူးလို့ မဆိုလိုဘူး။ ဥပမာအားဖြင့် ကြီးမားတဲ့မီဒီယာရပိုင်ခွင့်ဟာ တည်ဆောက်ပုံဆိုင်ရာအကြောင်းအရင်းကနေထွက်ပေါ်လာတယ်လို့ပြောတဲ့ မူဝါဒအခြေခံနိုင်ငံရေးအတွက် နှောင့်နှေးကြန့်ကြာမှုအချို့ကို ကျော်လွှားဖို့ကူညီတယ်။ မျှတတဲ့အခြေအနေမှာ ကျေးလက်မဲဆန္ဒရှင်တွေဟာ မြို့ပြနဲ့တန်းတူဖြစ်မှုထက် မူဝါဒဆိုင်ရာဆောင်ရွက်မှုကို နှစ်သက်မှုနည်းပါးတယ်။ ဒီလိုနှစ်သက်မှုနည်းပါးတာဟာ သူတို့တွေကို လူမျိုးစုနဲ့မက်လုံးပေးမဲဆွယ်မှုကို ပိုမိုနှစ်သက်ပြီး ပညာရေးနိမ့်ပါးသလို ယဉ်ကျေးမှုအရတစ်စုတစ်စည်းထဲဖြစ်နေရတာ ပြည်သူ့အကျိုးဖြစ်ထွန်းစေမှုတွေကို ဘေးချိတ်ထားတာကြောင့်ဖြစ်တယ်။ ဒီလိုထင်ရှားတဲ့အကြောင်းအရင်းတွေကို နိုင်ငံရေးပါတီဆောင်ရွက်မှုနဲ့နိုင်ငံရေးစကားစစ်ထိုးပွဲနဲ့ပတ်သက်တဲ့ အရေးကြီးအချက်အလက်တွေကို ဆင်းရဲတဲ့မဲဆန္ဒရှင်တွေကိုမပေးဘဲ မီဒီယာရပိုင်ခွင့်တွေကို ကန့်သတ်ထားမှုတွေက ရောနှောထားတာဖြစ်တယ်။ မူဝါဒအစီအစဉ်တွေကို အကောင်အထည်ဖော်ခြင်းဟာ မီဒီယာရပိုင်ခွင့်ကို တိုးတက်စေပြီး ညီမျှစေသလို ပါတီလက်အောက်ခံထောက်ပံ့သူတွေဟာ မူဝါဒအခြေခံပါဝင်မှုနည်းပါးတဲ့ ကျေးလက်နယ်မြေရဲ့ ရည်ရွယ်ချက်အချို့ကို ပိုမိုကောင်းမွန်စေဖို့စတင်လုပ်ဆောင်နိုင်တယ်။ ထောက်ပံ့မှုတွေဟာ ပြည်သူ့မီဒီယာရပိုင်ခွင့်မရှိတဲ့ မဲဆန္ဒနယ်တွေကိုဖော်ပြဖို့ နယ်ပယ်လေ့လာသူတွေကို လုပ်ငန်းအပ်နှံသင့်ပြီး နိုင်ငံအနှံ့ နိုင်ငံရေးစကားစစ်ထိုးပွဲရဲ့ ဘက်မလိုက်မှုနဲ့ အရည်အသွေးအမျိုးမျိုးကို ခန့်မှန်းရန်ဖြစ်တယ်။

## *ပါတီဖွဲ့စည်းပုံ*

ပါတီသစ်တွေနဲ့ အစောပိုင်းဖွံ့ဖြိုးမှုဟာ မူဝါဒအခြေခံနိုင်ငံရေးကို တိုးတက်စေတဲ့ပေါ်ထွက်လာမှုအတွင်း အရေးကြီးတဲ့အခိုက်အတန့်တွေမှာ ဖွဲ့စည်းတယ်။ ဒါကြောင့် မရင့်ကျက်သေးတဲ့ ပါတီသစ်နဲ့လုပ်ဆောင်ခြင်းဟာ ပိုမိုအရေးပါတယ်။ ပါတီလက်အောက်ခံမူဝါဒအစီအစဉ်ဟာ ဒီမိုကရေစီကိုဖွံ့ဖြိုးမှုနဲ့အလားအလာရှိတဲ့ မဲဆန္ဒနယ်တွေကိုဖော်ဆောင်ခြင်းကြားထဲက ကွာဟမှုကိုကိုယ်စားပြုရှာတွေ့ခြင်းနဲ့ မူဝါဒအခြေခံနိုင်ငံရေးဖွံ့ဖြိုးမှုကို လှုံ့ဆော်ကူညီတယ်။ ဒီလို လေ့လာမှုတွေဟာ

ပေါ်လစီဦးစားပေးမှု ပါတီပလက်ဖောင်းတွေကြား ဆက်သွယ်မှုမရှိခြင်းကို စမ်းသပ်ရန်အလို့ငှာ ထိုနှစ်ခုရဲ့ ဖြန့်ဝေမှုကို အစီအစဉ်ဆွဲရန်အတွက် ခြုံငုံလေ့လာမှုအချက်အလက်နဲ့ ပါတီမူဝါဒလမ်းစဉ်စိစစ်ချက်တွေအပေါ် ကောက်ချက်ဆွဲတယ်။

အရပ်ဘက်အဖွဲ့အစည်းနဲ့ နိုင်ငံရေးပါတီများအကြား အားကောင်းတဲ့ချိတ်ဆက်မှုတည်ဆောက်ခြင်းဟာ အရေးပါတယ်။ ဒီလိုအရေးပါခြင်းဟာ ချိတ်ဆက်မှုတွေ တစ်ခါတလေ Programmatic ဖွံ့ဖြိုးမှုကို လှုပ်ရှားစေရန်ကြောင့်ဖြစ်တယ်။ သိသာထင်ရှားတာကတော့ အရပ်ဘက်အဖွဲ့အစည်းတွေ၊ တည်ရှိပြီးသား၊ ဒါမှမဟုတ်ပါတီသစ်တွေနဲ့ ညီညွတ်တဲ့ Programmatic မဲဆန္ဒနယ်တွေရဲ့ ကိုယ်စားလှယ်တွေကြား ပူးပေါင်းဆောင်ရွက်မှုတွေရဲ့ ဖွံ့ဖြိုးမှုတွေ လွယ်ကူစေဖို့ အလှူရှင်တွေကိုဘက်မလိုက်တဲ့ ကြားဝင်စီစဉ်သူတွေအဖြစ်လုပ်ဆောင်ဖို့ ကောင်းမွန်စွာနေရာပေးတယ်။

## *ပါတီအင်စတီကျူးရှင်း အသွင်ပြုခြင်း*

ပါတီငွေကြေးထောက်ပံ့မှုဟာ တစ်ခါတလေနိုင်ငံရေးပါတီတွေရင်ဆိုင်ရတဲ့အဖွဲ့အစည်းဆိုင်ရာစိန်ခေါ်မှုအချို့ကို ရည်ညွှန်းနိုင်တယ်။ ပုဂ္ဂလိကအကျိုးအမြတ်ရှာဖွေတဲ့ခေါင်းဆောင်တွေ၊ ဒါမှမဟုတ် အလွန်အကျိုးသက်ရောက်မှုရှိတဲ့ ပါတီဖွဲ့စည်းပုံတွေကို ကြောက်ရွံ့သူတွေဟာ ထိန်းချုပ်ရန်ခက်ခဲပြီး ပါတီရဲ့ပစ်မှတ်ထားတဲ့ ရည်ရွယ်ချက်တွေကနေ ပါတီငွေကြေးထောက်ပံ့မှုကို တိမ်းချော်စေတယ်။ ဒါပေမဲ့ ပါတီတွေကို ကူညီဖို့ ရည်ရွယ်ထားတဲ့ အထောက်အပံ့တွေကို ဂရုတစိုက်ထောက်ပံ့ပေးခြင်းဟာ ပိုမိုခိုင်မာတဲ့အဖွဲ့အစည်းကို ပေါ်ပေါက်ဖို့ဖြစ်တယ်။ စစ်မှန်တဲ့ရည်ရွယ်ချက်ရှိတဲ့ ခေါင်းဆောင်တွေပါဝင်တဲ့ဖြစ်ရပ်တွေမှာတော့ သူတို့ရဲ့အဓိကလုပ်ဆောင်ချက်တွေကို အားဖြည့်ပေးပြီး အလှူတွေဟာ Programmatic အင်စတီကျူးရှင်းအသွင်ပြုခြင်းရဲ့ဖြစ်စဉ်ကို ထောက်ပံ့နိုင်တယ်။

အင်စတီကျူးရှင်းဆိုင်ရာရွေးချယ်မှုတွေဟာလည်း Programmatic ပါတီတွေကို အားကောင်းစေ၊ ဒါမှမဟုတ် အားနည်းစေတယ်။ ပါလီမန်နဲ့ ရွေးကောက်ပွဲဆိုင်ရာစည်းကမ်းတွေကို မိတ်ဆက်ခြင်း ယူကရိန်းမှာ ပါတီအာဏာပိုင်တွေရဲ့တိုက်စားမှုကို ဆန့်ကျင်ဘက်ဖြစ်စေတဲ့ အဟန့်အတားတွေကို ဖန်တီးတယ်။ ထို့

အပြင် အားကောင်းတဲ့သမ္မတနေရာနဲ့ ကိုယ်စားလှယ်တစ်ဦးတည်းရွေးချယ်တဲ့နယ်မြေတွေကနေ အားနည်းတဲ့သမ္မတနေရာနဲ့ အချိုးကျကိုယ်စားပြုစနစ်ရဲ့ ကိုယ်စားလှယ်အမည်မဖော်ပြတဲ့စနစ်ကို ပြောင်းလဲခြင်းဟာ ယူကရိန်းပါတီတွေရဲ့ လွတ်လပ်တဲ့ ကိုယ်စားလှယ်တွေကို စွမ်းဆောင်ရည်မြှင့်တင်ပေးပြီး ပါတီတွေကို သူတို့ရဲ့ တန်ဖိုး၊ ကျော်ကြားမှုနဲ့ ပေါ်လစီလုပ်ငန်းစဉ်တွေကို ထိန်းသိမ်းရန် လုပ်ပိုင်ခွင့်ပေးတယ်။ အပြန်အလှန်အရ ဒါဟာပေါ်လစီအခြေခံတဲ့ ပါတီစနစ်ပေါ်ထွက်လာမှုကို အားပေးတယ်။ တနည်းဆိုရရင် ပါတီနဲ့ပါတီစနစ်အင်စတီကျူးရှင်းအသွင်ပြုမှုဟာ ပါတီခေါင်းဆောင်တွေကို ပါတီစည်းကမ်းတွေလိုက်နာစေတဲ့ ဥပဒေပြုစည်းမျဉ်းနဲ့ ရွေးကောက်ပွဲဆိုင်ရာစည်းမျဉ်းတွေအရ မြှင့်တင်နိုင်တယ်။

ရွေးကောက်ပွဲစနစ်ပြောင်းလဲမှုဟာ ရှားပါးပေမယ့်လက်ခံလာတဲ့သိမှုတွေနဲ့ သဘောထားကွဲလွဲပြီး ဒါဟာ တစ်ခါတလေ အလှူတွေကအဓိကကျတဲ့ကဏ္ဍတွေကို ကစားတဲ့နယ်ပယ်ဖြစ်တယ်။ ဥပမာအားဖြင့် အကျပ်အတည်းတွေကျော်လွှန်ခဲ့တဲ့ဖြစ်ရပ်တွေရှိတဲ့ ကွန်ဂို၊ လစ်ဗျားနဲ့ ဆီယာလီယွန်နီတို့မှာ အလှူတွေဟာ ရွေးကောက်ပွဲစနစ်ကို ရွေးချယ်ရန်နဲ့ တည်ဆောက်ရန်ကူညီတယ်။ တကယ်တော့ ဒီနယ်ပယ်အတွင်းပါဝင်ဆောင်ရွက်ရန် ပိုမိုများပြားတဲ့အခွင့်အလမ်းတွေ ပုံမှန်အားဖြင့် ၎င်းတို့ကိုယ်တိုင် ယူဆောင်တယ်။ ဒါ့အပြင် ဒီလိုကိစ္စတွေမှာ အလှူတွေဟာ ကိုင်တွယ်ရန်ခက်ခဲတဲ့နေရာတွေမှာတောင် သူတို့ဟာ အင်စတီကျူးရှင်းဆိုင်ရာ ပြန်လည် ပြုပြင်မှုကိုထောက်ခံတဲ့ အရပ်ဘက်အဖွဲ့အစည်းတွေကို ထောက်ပံ့ခြင်းဖြင့် အသုံးဝင်တဲ့ ကြားဝင်စွက်ဖက်မှုတွေနဲ့အကျိုးသက်ရောက်မှုရှိနိုင်သေးတယ်။

ပါတီတွင်းဒီမိုကရေစီ ဆုံးရှုံးရန်အလို့ငှာ အင်စတီကျူးရှင်းအသွင်ပြုမှုကို မြှင့်တင်တဲ့ ပါတီခေါင်းဆောင်တွေရဲ့အခြေအနေကို အားဖြည့်မှုဟာ အန္တရာယ်ရှိပြီး ဒါကြောင့် ပါတီခေါင်းဆောင်ရဲ့ဆန္ဒအပေါ်မှီခိုနေတဲ့ ပါတီရဲ့ Programmatic လက္ခဏာတွေ ပြုပြင်ထိန်းသိမ်းမှုကို ဖြစ်စေတယ်။ ဒါကြောင့် ပိုမိုတည်ငြိမ်ပြီး စွမ်းဆောင်နိုင်စွမ်းရှိတဲ့ပါတီတွေဖြစ်ပေါ်စေခြင်းရဲ့ ရည်မှန်းချက်ဟာ သူတို့ရဲ့ခေါင်းဆောင်တွေအနေနဲ့ ပါတီဝင်တွေနဲ့ တက်ကြွလှုပ်ရှားသူတွေအပေါ် တာဝန်ယူမှု၊ တာဝန်ခံမှုရှိစေရေး ပါတီတွေကို အားပေးထောက်ခံဖို့ လိုအပ်ချက်နဲ့ ညီမျှနေတဲ့အချက်ကအရေးကြီးတယ်။ ဒီမိုကရေစီစနစ်သစ်တွေမှာ ပါတီတွင်းဒီမိုကရေစီဟာ အုပ်စုဖွဲ့မှု (Boucek 2010) နဲ့ မက်လုံးပေးမဲဆွယ်မှုဆိုင်ရာ ပါတီတွင်းနိုင်ငံရေးစနစ်တွေအားဖြင့်

မကြာခဏဖော်ပြခံရတယ်။ ဒါပေမဲ့လည်း ပါတီတွေက အားကောင်းတဲ့ Programmatic ကျနခြင်းအချိတ်အဆက်တွေကို အထိုင်ချလိုက်ပြီးပြီဆိုတဲ့အခါ ကိုယ်စားပြုမှုနဲ့ တာဝန်ယူမှု၊ တာဝန်ခံမှုရှိတဲ့တည်ဆောက်ပုံရဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ပါတီညီညွတ်မှုနဲ့ ၎င်းပါတီရဲ့အိုင်ဒီအိုလိုဂျီဆိုင်ရာရပ်တည်ချက်အပေါ် ပါတီရဲ့ကတိကဝတ်ခိုင်မာစွာတည်ထောင်ခြင်းကို အားဖြည့်ပေးဖို့အလားအလာရှိတယ်။ အဲဒီလို ဖြစ်ရပ်တွေနဲ့ရင်ဆိုင်ရတဲ့အခါ ပါတီအကူအညီထောက်ပံ့သူတွေဟာ သူတို့ရဲ့အားပေးမှုတွေကို ပါတီတွင်းဒီမိုကရေစီရဲ့မြှင့်တင်ခြင်းအပေါ် အခြေအနေအရ ဖြစ်စေဖို့ကြိုးစားသင့်တယ်။

## နိဂုံး

နိုင်ငံရေးစနစ်တစ်ခုဟာ ပါတီတွေအတွင်းမှာ ပေါ်လစီနဲ့ထောက်ခံမှုစည်းရုံးလှုံ့ဆော်ခြင်းကို အဓိကအားဖြင့်ဖော်ဆောင်ပြီး အပြောင်းအလဲမရှိဘဲ ရှေ့နောက်ညီညွတ်တဲ့အိုင်ဒီအိုလိုဂျီဆိုင်ရာအခြေအနေတစ်ခုရဲ့ အခြေခံအပေါ်မှာအုပ်ချုပ်တဲ့အချိန်မှာ Programmatic ကျနခြင်းဖြစ်တယ်။ Programmatic ကျနလိုတဲ့ပါတီတွေအတွက် သူတို့အနေနဲ့သူတို့ရဲ့ပေါ်လစီတွေအပေါ်မှာ အခြေခံပြီး အားပေးထောက်ခံမှုကို စည်းရုံးလှုံ့ဆော်ရမှာဖြစ်သလို အဲဒီပေါ်လစီတွေအတွက် ပါတီခေါင်းဆောင်တွေရဲ့ ကတိကဝတ်တွေကိုထိန်းသိမ်းမယ့် ပါတီတွင်းတည်ဆောက်ပုံလည်းရှိရမယ်။ အဲဒီအပြင် အဲဒီပေါ်လစီတွေကို အစိုးရအဖွဲ့ထဲရောက်ရှိတဲ့အခါ ဆက်လက်လုပ်ဆောင်ရ မယ်။ အဲဒီလိုပါတီတွေဟာ လူမှု၊ ဒါမှမဟုတ် လူမျိုးစုထောက်ခံမှုအခြေခံအပေါ်မှာ တည်ဆောက်ခံရနိုင်တယ်။

ငုပ်နေတဲ့အကြောင်းအရင်းပမာဏတစ်ခုက ပေါ်လစီကိုအခြေခံတဲ့ပါတီတွေရဲ့ ပေါ်ထွက်လာမှုကို မြှင့်တင်တယ်။ Programmatic ကျနတဲ့ပါတီတစ်ခုဟာ မြင့်မားတဲ့အရည်အသွေးအပေါ်အခြေခံတဲ့ ဖျူရိုကရေစီစနစ်နဲ့ အလွန်အမင်းကြွယ်ဝတဲ့လူမှုအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ မြို့ပြလူဦးရေများပြားတဲ့ စက်မှုဖွံ့ဖြိုးပြီးနိုင်ငံတစ်ခုထဲမှာ ဖွံ့ဖြိုးဖို့ ပိုမိုအလားအလာရှိတယ်။ အဲဒီလိုပါတီဟာ လူမှုအဖွဲ့အစည်းရဲ့ပါဝင်ပတ်သက်မှုကို အင်စတီကျူးရှင်းပုံစံပြုပြီး အခြေချပြီးဖြစ်တဲ့ပါတီတွင်းဒီမိုကရေစီ ယန္တရားတွေနဲ့အတူတကွကြွတဲ့အဖွဲ့ဝင်တွေပါရှိတဲ့ တည်ဆောက်ပုံတစ်ခုကို မွေ့လျော်တဲ့အခါ Programmatic ကျနတဲ့ပါတီဖြစ်နေဖို့ ပိုမိုအလားအလာရှိတယ်။ အဲဒီလိုပါ

တီတွေဟာ ပါတီစည်းမျဉ်းစည်းကမ်းနဲ့ ထုထည်ကြီးမားတဲ့မဲဆန္ဒနယ်တွေနဲ့ ကောင်းမွန်တည်မြဲစွာချိတ်ဆက်ထားတဲ့ပါတီစနစ်ကို အားပေးတဲ့နိုင်ငံရေးနဲ့ ပါလီမန်ဆိုင်ရာဥပဒေတွေကနေ အကျိုးကျေးဇူးခံစားရတယ်။

ဒီအခြေအနေတွေ တည်ရှိတဲ့နေရာမှာ ပုံမှန်အားဖြင့် အသစ်ဖြစ်တဲ့၊ ဒါမှမဟုတ် အစဉ်အလာအားဖြင့် သေးငယ်တဲ့ပါတီတွေဖြစ်တဲ့ အားကောင်းတဲ့ Programmatic ကျနတဲ့ပါတီတွေ ဖွံ့ဖြိုးဖို့အလားအလာရှိတယ်။ ဒါပေမဲ့ သူတို့ဘယ်လောက် ကြွယ်ဝလာမလဲဆိုတာကတော့ အဆက်အစပ်အပေါ်မှာ မူတည်နေတယ်။ Programmatic ကျနတဲ့ပါတီတွေပေါ်ထွက်လာခြင်းကို နိုင်ငံရေး၊ ဒါမှမဟုတ် စီးပွားရေးကသောင်းကနင်းဖြစ်မှုတစ်ခုရဲ့ ရလဒ်တစ်ခုအဖြစ် မက်လုံးပေးမဲဆွယ်တဲ့ နိုင်ငံရေးအတွက်အခြေခံကို အောက်ခြေကလှုပ်စားတဲ့ နိုင်ငံရေးပတ်ဝန်းကျင်ဆီ ကြီးမားထင်ရှားတဲ့အပြောင်းအလဲတွေအားဖြင့် ဖော်ဆောင်တယ်။ နိုင်ငံရေးကို ပေါ်လစီအခြေခံပြီးချဉ်းကပ်ခြင်းကို တောင်းဆိုနေတဲ့ မဲဆန္ဒနယ်တစ်ခု နိုင်ငံတစ်ခုအတွင်းမှာရှိဖို့လည်း အရေးကြီးတယ်။ အဲဒီလိုအခြေအနေတွေ တည်ရှိတယ်ဆိုရင် တစ်ဦး၊ ဒါမှမဟုတ် တစ်ဦးထက်ပိုတဲ့နိုင်ငံရေး ခေါင်းဆောင်တွေက ပေါ်လစီအပေါ်အခြေခံတဲ့နိုင်ငံရေးစည်းရုံးလှုံ့ဆော်မှုအတွက်အလားအလာကို အသိအမှတ်ပြုမိပြီး နိုင်ငံရေးစနစ်တွေကို ကွဲပြားစွာဖွဲ့စည်းဖို့အရေး နိုင်ငံရေးစွန့်စားမှုတစ်ခုကို ပြုလုပ်ဖို့ ဆန္ဒပြင်းပြတာကလည်း အရေးကြီးတယ်။

တကယ်လို့ Programmatic ကျနတဲ့ပါတီတွေ အောင်မြင်သွားခဲ့မယ်ဆိုရင် နိုင်ငံရေးစနစ်တစ်ခုလုံးကို Programmatic ကျနတဲ့စနစ်ဆီပြောင်းလဲမှုကို ဦးဆောင်သွားနိုင်တယ်။ အာဏာရရှိလာတဲ့အခါ အဲဒီပါတီတွေ (တကယ်လို့ သူတို့ဟာ ကောင်းကောင်းမွန်မွန်အုပ်ချုပ်နိုင်စွမ်းရှိမယ်ဆိုရင်) က မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေကို Programmatic ကျနတဲ့ပါတီတွေအဖြစ်အသွင်ပြောင်းလဲဖို့ ကြီးမားတဲ့ဖိအားတွေ သက်ရောက်စေလိမ့်မယ်။ ဘာကြောင့်လဲဆိုတော့ မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေဟာ အတိုက်အခံအခြေအနေမှာ ပုံမှန်အရကို ရှန်းကန်နေရတာကြောင့်ဖြစ်တယ်။ အဲဒါကလည်း သူတို့မှာ  သူတို့ရဲ့မဲပေးသူတွေက မျှော်လင့်နေခဲ့တဲ့ ရင်းမြစ်တွေနဲ့ ချိတ်ဆက်မှုမရှိလို့ဘဲ။

Programmatic ကျနတဲ့ပါတီတွေနဲ့ ပါတီစနစ်တွေက နိုင်ငံတစ်နိုင်ငံကို များစွာသောအကျိုးကျေးဇူးတွေပေးအပ်တယ်။ အဲဒါတွေကတော့ အဲဒီလိုပါတီတွေ

အစိုးရအဖြစ်ရွေးချယ်တင်မြှောက်ခံရတဲ့အခါ မဲပေးသူတွေအနေနဲ့ဘာတွေကို မျှော်လင့်ထားရမယ်ဆိုတာနဲ့ပတ်သက်လို့ ပိုမိုရှင်းလင်းတဲ့နားလည်မှုတစ်ခုရှိလာတယ်။ အဲဒီအပြင် မဲပေးသူတွေဟာ ပါတီတွေက ကြော်ငြာထားတဲ့ပေါ်လစီတွေအတွက် တာဝန်ယူမှု၊ တာဝန်ခံမှုရှိအောင် ဆုပ်ကိုင်ထားနိုင်စွမ်းရှိလာတာတွေဖြစ်တယ်။ အဲဒီလိုပါတီတွေဟာ လာဘ်စားမှု၊ ဆင်းရဲမွဲတေမှုနဲ့ တခြားသောဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာအရေးကိစ္စတွေကို ကိုင်တွယ်ဖြေရှင်းတဲ့ ကောင်းမွန်တဲ့အုပ်ချုပ်ပုံရှိတဲ့မူဝါဒအစီအစဉ်တွေကို ကြော်ငြာဖို့ ပိုမိုအလားအလာရှိတယ်။ အဲဒီအပြင် Programmatic ကျနတဲ့ပါတီတွေနိုင်ငံရေးစနစ်ကိုလွှမ်းမိုးထားတဲ့အခါ မဲပေးသူတွေမှာ ပေါ်လစီနဲ့ပါတီပလက်ဖောင်းတွေအကြား ရှင်းလင်းတဲ့ရွေးချယ်မှုတွေရှိလာတယ်။ ဒါဟာ ပိုမိုတည်ငြိမ်ပြီး ခန့်မှန်းတွက်ချက်နိုင်တဲ့ နိုင်ငံရေးစနစ်ထဲက ရလဒ်ထွက်ပေါ်ခြင်းပဲဖြစ်တယ်။

Programmatic ကျနတဲ့ပါတီတွေရဲ့ ဖွံ့ဖြိုးတိုးတက်မှုဆီက ရှင်းလင်းတဲ့အကျိုးရလဒ်တွေရှိတယ်ဆိုတာကိုပြထားတဲ့အခါ နိုင်ငံရေးပါတီထောက်ခံမှုအဖွဲ့အစည်းတွေက ဒီနိုင်ငံရေးစနစ်ထဲမှာ အဆင့်ဆင့်ပြောင်းလဲတိုးတက်မှုတွေကို မြှင့်တင်ဖို့နဲ့ အားပေးထောက်ခံဖို့ သူတို့ရဲ့ကြားဝင်စွက်ဖက်မှုဟာ နည်းဗျူဟာကျနဖို့ အရေးကြီးတယ်။ ဒီမိုဂရက်တစ်နဲ့ စက်မှုဖွံ့ဖြိုးတိုးတက်ခြင်းတို့လိုမျိုး တည်ဆောက်ပုံဆိုင်ရာအရေးကိစ္စကို အရေးစိုက်မှုနဲ့အတူ ကြီးမားထင်ရှားတဲ့ပြောင်းလဲမှုကို အကျိုးသက်ရောက်မှုရှိနိုင်တယ်။ ဒါပေမဲ့ အားပေးထောက်ခံမှုက အစဉ်အလာအားဖြင့် မက်လုံးပေးမဲဆွယ်တဲ့ပါတီတွေကိုဆက်လက်ထောက်ခံနေနိုင်တဲ့ ကျေးလက်နဲ့တခြားသောလူဦးရေတွေဆီ သတင်းအချက်အလက်တွေရရှိဖို့နဲ့ မီဒီယာချိတ်ဆက်မှုရရှိဖို့အတွက် ထောက်ပံ့နိုင်တယ်။ ပါတီဖွံ့ဖြိုးတိုးတက်မှုအစီအစဉ်တွေက ပါတီသစ်တွေအပေါ် အာရုံစိုက်သင့်တယ်။ ဘာကြောင့်လဲဆိုတော့ သူတို့ဟာ Programmatic ကျနတဲ့ချဉ်းကပ်မှုတစ်ခုကို အားပေးထောက်ခံဖို့အလားအလာရှိပြီး လူမှုအဖွဲ့အစည်းတွေဆီ ချိတ်ဆက်မှုတွေကို အားပေးတဲ့အပြင် Programmatic ကျနတဲ့ချဉ်းကပ်မှုတစ်ခုကို အားပေးထောက်ခံနိုင်တဲ့ အလားအလာရှိတဲ့မဲဆန္ဒနယ်တွေကို ထုတ်ဖော်တာကြောင့်ပဲဖြစ်တယ်။ နောက်ဆုံးအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှု အဖွဲ့အစည်းတွေဟာ သက်ဆိုင်ရာပါတီတွေကနေတစ်ဆင့် Programmatic ကျနတဲ့နိုင်ငံရေးစနစ်ကို အင်စတီကျူးရှင်းအသွင်ပြုဖို့ သူတို့လိုအပ်နေတဲ့ရင်းမြစ်တွေကို နိုင်ငံရေးခေါင်းဆောင်တွေဆီပေးဖို့အတွက် အလားအလာရှိတဲ့ ပါတီဘဏ္ဍာရေးစနစ်တွေဖန်တီးခြင်းကို အထောက်အကူပြုနိုင်တယ်။

## မှတ်စု

၁–	ဒီဖြစ်ရပ်လေ့လာမှုတွေကို International IDEA က တာဝန်ပေးပြုလုပ်စေတာဖြစ်ပြီး အောက်ပါအတိုင်းသုတေသနပြုထားပါတယ်။ အိန္ဒိယ–Adi Dasgupta (Harvard University and South Asia Institute), ဘရာဇီး–Daniel Epstein(Colgate University), ယူကရိန်း–Oleh Protsyk(University of Flensburg), ဇမ်ဘီယာ–Dan Paget (University of Oxford)တို့ရဲ့ဖြစ်ရပ်လေ့လာမှုတစ်ခုချင်းစီက ဘယ်ပါတီတွေက ပိုမိုပြီး Programmatic ကျနလာသလဲဆိုတဲ့ ဖြစ်စဉ်တွေကို ပုံဖော်ပြဖို့နဲ့ Programmatic ကျနတဲ့နိုင်ငံရေးစနစ်နဲ့ မရေမရာ အခြေအနေအပေါ်အားထားနေရတဲ့အကြောင်းအရင်းခံတွေရဲ့ တည်ဆောက်ပုံဆိုင်ရာ ဖြစ်ပျက်ပုံတွေနဲ့ အတားအဆီးတွေရဲ့ဖြစ်စဉ်ကို ထောက်ပံ့ပေးဖို့အတွက် သမိုင်းကြောင်းဆိုင်ရာနောက်ခံအခြေအနေတွေကိုပေးအပ်တယ်။ Programmatic ကျနတဲ့နိုင်ငံရေးကို ဖြစ်ရပ်တစ်ခုချင်းစီမှာ ခွဲခြမ်းစိတ်ဖြာသုံးသပ်ထားပြီး အဲဒီနောက်မှာ ပါတီအကူအညီထောက်ပံ့သူတွေနဲ့ အုပ်ချုပ်မှုဆိုင်ရာအလှူရှင်တွေအတွက် ဖြစ်ရပ်တစ်ခုချင်းစီရဲ့ ဆီလျော်မှုကို ဆက်လက်ဆွေးနွေးတယ်။ ဒီထည့်ဝင်မှုက Cheeseman နဲ့ Paget တို့ရဲ့အမြင်တွေကို ကိုယ်စားပြုထားတာ ဖြစ်ပေမဲ့ Dasgupta, Epstein, Protsky နဲ့ Paget တို့ဦးဆောင်ဦးရွက်ပြုဆောင်ရွက်ထားတဲ့လေ့လာမှုတွေအပေါ် ကြီးကြီးမားမားရေးဆွဲထားတယ်။

၂–	ဒီနေရာမှာ လူမျိုးစုအုပ်စုတွေဆိုတာ အမှတ်သညာအပေါ်အခြေခံတဲ့အုပ်စုတွေကို ရည်ညွှန်းပြီး ဘာသာတရား၊ ဒေသဆိုင်ရာ၊ မျိုးရိုးနဲ့ယဉ်ကျေးမှုတို့လို တစ်ဦးချင်းအမှတ်သညာတွေအပေါ်အခြေခံတဲ့အုပ်စုတွေလည်း ပါဝင်တယ်။

**Bibliography and Further Reading**

Ames, Barry, *The Deadlock of Democracy in Brazil* (Ann Arbor, Mich.: University of Michigan Press, 2001)

Bakewell, Peter John, *A History of Latin America: c. 1450 to the Present* (Malden, Oxford and Carlton: Blackwell, 2004)

Bayart, Jean-Francois, *The State in Africa: Politics of the Belly* (London and New York: Longman, 1993)

Bogaards, M. and Boucek, François (eds.), *Dominant Political Parties and Democracy: Concepts, Measures, Cases and Comparisons* (London: Routledge, 2010)

Boucek, François, 'The Intra-party Dimension of Dominance', in M. Bogaards and François Boucek (eds.), *Dominant Political Parties and Democracy: Concepts, Measures, Cases and Comparisons* (London: Routledge, 2010)

Bratton, Michael and Kimenyi, Mwangi, 'Voting in Kenya: Putting Ethnicity in Perspective', *Journal of East African Studies*, 2/2 (2008), pp. 273–90

Carothers, Thomas, *Confronting the Weakest Link: Aiding Political Parties in New Democracies* (Washington, D.C.: Carnegie

Endowment for International Peace, 2006)

Chabal, Patrick and Daloz, Jean-Pascal, *Africa Works: Disorder as Political Instrument* (Oxford: Oxford University Press, 1999)

Cheeseman, Nic and Larmer, Miles, 'Ethnopopulism in Africa: Mobilizing support in diverse and unequal societies', conference paper, workshop on Democracy, Populism, and Opposition Politics in Africa, Oxford, UK, 2011 (unpublished)

Chand, Vikram, *Public Service Delivery in India: Understanding the Reform Process* (Oxford: Oxford University Press, 2010)

Chandra, Kanchan, *Why Ethnic Parties Succeed* (Cambridge: Cambridge University Press, 2004)

Chapoto, Antony, Banda, Diana, Haggblade, Steven and Hamukwala, Priscilla, 'Factors Affecting Poverty Dynamics in Rural Zambia', Working Paper No. 55, Food Security Research Project, Lusaka, July 2011

Cooper, Ian, 'Party Fragmentation in an Emerging Democracy: The Case of Post- Apartheid Namibia', Paper presented at the African Politics Lecture Series at the University of Oxford, Oxford, 9 May 2010

Coppedge, Michael, 'The Dynamic Diversity of Latin American Party Systems', *Party Politics*, 4 (1998), pp. 547–68

Cox, Gary and McCubbins, Matthew, *Legislative Leviathan: Party Government in the House* (New York: Cambridge University Press, 2007)

Davis, Mike, *Planet of Slums* (London: Verso, 2006)

De Wit, Joop and Berner, Erhard, 'Progressive Patronage? Municipalities, NGOs, CBOs and the Limits to Slum Dwellers' Empowerment', *Development and Change*, 40/5 (2009), pp. 927–47

Domingo, Pilar, *Review of International Assistance to Political Party and Party System Development: Case Study Report: Latin America* (London: Overseas Development Institute, 2010)

Domingo, Pilar, Foresti, Marta and Wild, Leni, *Review of*

*International Assistance to Political Party and Party System Development* (London: Overseas Development Institute, 2011)

Ellner, Steve, 'The Contrasting Variants of Populism of Hugo Chavex and Alberto Fujimori', *Journal of Latin American Studies*, 35 (2003), pp. 139–62

Erdmann, Gero, 'Lessons to Be Learned: Political Party Assistance and Political Party Research', Working Paper No. 149 (Hamburg: German Institute of Global and Area Studies, 2010)

'Gujarat Police Officer Implicates Modi in Riots', *The Hindu*, 22 April 2011

Hagopian, Frances, *Traditional Politics and Regime Change in Brazil* (New York: Cambridge University Press, 1996)

Hagopian, Frances, Gervasoni, Carlos and Moraes, Juan Andres, 'From Patronage to Program: The Emergence of Party-Orientated Legislators in Brazil', *Comparative Political Studies*, 42 (2009), pp. 360–92

Hammond, J., 'Land Occupations, Violence and the Politics of Agrarian Reform in Brazil', *Latin American Perspective*, 34/4 (2008), pp. 156–77

'India's poorest state: A triumph in Bihar', *The Economist*, 25 November 2010

Keefer, Philip, 'Collective Action, Political Parties and Pro-Development Public Policy', *Asia Development Review*, 28/1 (2005), pp. 94–118

Lamounier, Bolivar, 'Partidos Políticos e Sistema Eleitoral' [Political Parties and Electoral Systems], in *Textos de Instituto de Estudos Econômicos, Sociais, e Políticos de São Paulo* (IDESP), 13 (1986)

Lebas, Adrienne, 'Polarization as Craft: Party Formation and State Violence in Zimbabwe', *Comparative Politics*, 38/4 (2006), pp. 419–38

Lebas, Adrienne, *From Protest to Parties: Party-Building & Democratization in Africa* (Oxford: Oxford University Press, 2011)

Levine, Daniel, 'The Decline and Fall of Democracy in Venezuela: Ten Theses', *Bulletin of Latin American Research*, 21/2 (2002), pp. 248–69

Mainwaring, Scott and Scully, Timothy, 'Introduction', in Scott Mainwaring and Timothy Scully (eds.), *Building Democratic Institutions: Party Systems in Latin America* (Stanford, Calif.: Stanford University Press, 1995), pp. 1–34

Mainwaring, Scott, *Rethinking Party Systems in the Third Wave of Democratization: The Case of Brazil* (Stanford, CA: Stanford University Press, 1999)

Mainwaring, Scott, and Torcal, Mariano, 'Party System Institutionalization and Party System Theory After the Third Wave of Democratization', in Richard S. Katz and William Crotty (eds.), *Handbook of Party Politics* (London, Thousand Oaks, Calif.: Sage Publications, 2006), pp. 204–27

Manin, Bernard, Przeworkski, Adam and Stokes, Susan (eds.), *Democracy, Accountability and Representation* (Cambridge: Cambridge University Press, 1999)

Manyozo, Linji, 'Mobilizing Rural and Community Radio in Africa', *Ecquid Novi: African Journalism Studies*, 30/1 (2009), pp. 1–23

Molomo, M. G., 'Understanding Government and Opposition Parties in Botswana', *Journal of Commonwealth & Comparative Politics*, 38/1 (2000), pp. 65–92

Phongpaichit, Pasuk and Baker, Chris, 'Thailand's "Good Coup": The Fall of Thaksin, the Military and Democracy', *Journal of Contemporary Asia*, 38/1 (2008), pp. 62–83

Rakner, Lise and van de Walle, Nicholas, 'Opposition Weakness in Africa', *Journal of Democracy*, 20/3 (2009), pp. 108–21

Resnick, Danielle, 'Party Linkages to the Urban Poor in African Democracies', Paper presented at the Annual Meeting of the American Political Science Association, Toronto, 3–6 September 2009

Rocha, Cecilia, 'Developments in National Policies for Food and Nutrition Security in Brazil', *Development Policy Review*, 27/1

(2011), pp. 51–66

Shih, Tien-Ann, ‘Bolivia: Tracing the Roots of a Social Movement State’, *Ethnohistory*, 56/4 (2009), pp. 733–39

Sinha, Aseema, *The Regional Roots of Developmental Politics in India* (Bloomington, Ind.: Indiana University Press, 2005)

Shugart, Matthew, ‘The Inverse Relationship Between Party Strength and Executive Strength: A Theory of Politicians’ Constitutional Choices’, *British Journal of Political Science*, 28 (1998), pp. 1–29

Tavits, Margit, ‘Party Systems in the Making: The Emergence and Success of New Parties in New Democracies’, *British Journal of Political Science*, 38 (2007), pp. 113–33

Van de Walle, Nicholas, *African Economies and the Politics of Permanent Crisis, 1979-1999* (Cambridge: Cambridge University Press, 2001)

Van de Walle, Nicholas, ‘Presidentialism and Clientelism in Africa’s Emerging Party Systems’, *Journal of Modern African Studies*, 41 (2003), pp. 297–321

Wilkinson, Steven, ‘Explaining Changing Patterns of Party-Voter Linkages in India’, in Herbert Kitschelt and Steven Wilkinson (eds.), *Patrons, Clients and Policies* (Cambridge: Cambridge University Press, 2007)

# အခန်း - ၄

# 4

# ဆောင်ရွက်မှုများ၏ ဂယက်များ။ ။ Programmatic ကျနသောပါတီများ၏ ဖြစ်နိုင်စေသူများ၊ အကြောင်းအရင်းခံအခြေအနေများ၊ Lockers များနှင့် ကိုယ်စားလှယ်များ

*Jorge Valladares Molleda, Kristen Sample and Sam van der Staak*

ဒီအခန်းမှာ Programmatic ကျနတဲ့နိုင်ငံရေးပါတီတွေရဲ့ပေါ်ထွက်လာမှုအပေါ် သုတေသနပြုထားခြင်းတွေကနေပေါ်ထွက်လာတဲ့ ဂယက်တွေကို ရေးဆွဲထားတယ်။ Programmatic ကျနတဲ့နိုင်ငံရေးပါတီတွေဆိုတာက အဓိပ္ပါယ်ပြည့်ဝတဲ့ ပေါ်လစီရွေးချယ်မှုတွေနဲ့ နိုင်ငံသားတွေကို ထောက်ပံ့တဲ့ပါတီတွေဖြစ်တယ်။ ဒီဂယက်တွေကို ဖော်မြူလာထုတ်တဲ့နေရာမှာ အောက်ပါမေးခွန်းတွေကို ကိုင်တွယ်တယ်။ အဲဒီမေးခွန်းတွေကတော့ ဘယ်အကြောင်းအရာတွေက ပါတီတွေအနေနဲ့ Programmatic ကျနခြင်းအပေါ် ပိုမိုကြီးမားတဲ့အလေးပေးမှုထားလာစေသလဲဆိုတဲ့မေးခွန်းပဲ။ ဒီကြိုတင်ပြင်ဆင်ထားတဲ့အဖြေတွေက ဒီစာအုပ်တစ်အုပ်လုံးတောက်လျှောက်ပြုလုပ်လာခဲ့တဲ့ငြင်းခုံမှုအဆိုတွေနဲ့ ယုတ္တိရှိရှိ၊ ညီညီညွတ်ညွတ်ချိတ်ဆက်ပေးတယ်။

တာဝန်ကတော့ မလွယ်ကူလှဘူး။ သုတေသနရဲ့ ကြွယ်ဝမှုနဲ့ အတွေ့အကြုံရင့်ကျက်ခြင်းတွေကို သီးခြားဆီဖြစ်နေတဲ့ အချောသတ်သုတေသနပရောဂျက်သုံးခုကို အတူတကွထည့်သွင်းထားပြီး ဒီစာအုပ်မှာဖော်ပြထားတယ်။ Luna et al ရဲ့ စာပေသုံးသပ်ချက်ဟာ Programmatic ကျနတဲ့နိုင်ငံရေးဖြစ်တဲ့ တာဝန်ယူမှုရှိတဲ့ ပါတီအစိုးရပုံစံရဲ့ စံသတ်မှတ်ထားတဲ့ အမှတ်နဲ့ကိုက်ညီတဲ့ စာပေရဲ့ ၁၁ မျိုးသော ကွဲပြားတဲ့စုစည်းမှုတွေရဲ့အဆက်အစပ်ထဲမှာ အကြောင်းအရာကိုနေရာချတယ်။ သူတို့ရဲ့ သုတေသနက အပြန်အလှန်အားဖြင့် DALP အချက်အလက်အစု (ရွေးကောက်ပွဲဆိုင်

ရာဒီမိုကရေစီ ၈၈ မျိုးနဲ့ ၅၀၆ ခုသောပါတီတွေရဲ့ အစုအပေါင်းဖြစ်တဲ့) နဲ့ တိုက်ဆိုင်စစ်ဆေးခံရတဲ့ Programmatic ကျနတဲ့နိုင်ငံရေးအတွက် အလားအလာရှိတဲ့ အပြန်အလှန်ဆက်စပ်မှုတွေနဲ့ ကြောင်းကျိုးစပ်အဆိုကြမ်းတွေအကြောင်းကိုလည်း ဆွေးနွေးတယ်။ အဲဒီအချက်အလက်အစုက Kitschelt et al ရဲ့ သုတေသနကို ဗဟိုပြုထားတာဖြစ်တယ်။ နှိုင်းယှဉ်အစီရင်ခံစာက အဲဒီအချက်အလက်အစုကို သက်သေပြဖို့ ဖြစ်နိုင်ဖွယ်ယူဆရတဲ့အစုသုံးခု (အမာ၊ အပျော့နဲ့ အလားအလာရှိတဲ့အစု။ သူတို့ကိုကိုင်တွယ်ဖို့ ဘယ်လောက်လွယ်ကူသလဲဆိုတဲ့အပေါ် အခြေခံထားတာဖြစ်တယ်) ကိုအသုံးပြုတယ်။ နောက်ထပ်လက်တွေ့ကျတဲ့ထောက်ခံမှုနဲ့ အလားအလာရှိတဲ့ရှင်းလင်းချက်တွေကို ဒီပရောဂျက်အတွက်အထူးပြုပြင်ဆင်ထားတဲ့ ဘရာဇီး၊ ဘူလ်ဂေးရီးယား၊ ဒိုမီနီကန်ရီပတ် ဘလစ်၊ အိန္ဒိယ၊ တောင်ကိုရီးယား၊ ထိုင်ဝမ်နဲ့ တူရကီတို့က ပါတီတွေနဲ့ ပါတီစနစ်တွေအပေါ်က နိုင်ငံအခြေပြုအစီရင်ခံစာတွေထဲမှာ ရှာဖွေတယ်။ Cheeseman et al ရဲ့ သမိုင်းကြောင်းဆိုင်ရာလုပ်ငန်းစဉ်တွေနဲ့ Programmatic ကျနမှုပြုခြင်းရဲ့လမ်းကြောင်းတွေအပေါ် အာရုံစိုက်မှုက တည်ဆောက်ပုံဆိုင်ရာနဲ့ နိုင်ငံအဆင့်ပါတီစနစ်တွေရဲ့ Programmatic ကျနခြင်းဆိုင်ရာ အင်အားကိုပုံဖော်ပေးတဲ့ မသေချာတဲ့အကြောင်းအရာတွေအကြားက အပြန်အလှန်ဆက်သွယ်လုပ်ဆောင်မှုကို မူကြမ်းရေးဆွဲတယ်။ ခွဲခြမ်းစိတ်ဖြာလေ့လာမှုက ဘရာဇီး၊ အိန္ဒိယ၊ ယူကရိန်းနဲ့ ဇမ်ဘီယာနိုင်ငံတွေဆီကနေရေးဆွဲပြီး လူမျိုးစုအမှတ်သညာတွေ၊ အခြားသောအမြင်အားဖြင့် အလားအလာမရှိတဲ့အခြေအနေအောက်က Programmatic ကျနတဲ့ ပါတီတွေရဲ့ပေါ်ထွက်လာမှုအထဲက လူမှုနဲ့နိုင်ငံအဖွဲ့အစည်းအားဖြင့် Roles play လုပ်ထားတဲ့အပေါ်အလေးထားတယ်။ ဒီအခန်းက ဒီမိုကရေစီစနစ်အတွင်းကပါတီပေါ်လစီတွေအနေနဲ့ လူမှုရေးနဲ့ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုအတွက် ဖိအားပေးတောင်းဆိုမှုတွေကို ဘယ်လိုပိုမိုတုံ့ပြန်နိုင်မလဲဆိုတဲ့အပေါ်ရောင်ပြန်ဟပ်ဖို့ကွဲပြားတဲ့သုတေသနကောက်ချက်တွေကို ထပ်မံပြီးရှေ့တိုးစေတယ်။ အဲဒါကို ကဏ္ဍသုံးခုအတွင်းမှာ ဖွဲ့စည်းတယ်။ ပထမဦးဆုံးအနေနဲ့ Programmatic ကျနတဲ့ပါ တီတစ်ခုရဲ့အဓိပ္ပါယ်ဖွင့်ဆိုချက်ကို အတိုချုပ်အနှစ်ပြန်ထုတ်တယ်။ အဲဒါက မူဝါဒအစဉ်တကျမဲဆွယ်ခြင်းဆိုတာကို အရည်အသွေးများစွာထဲက မက်လုံးပေးမဲဆွယ်ခြင်းဝါဒ၊ ပုဂ္ဂိုလ်ရေးအခြေပြုဝါဒနဲ့ လူမျိုးစုရေးရာတို့လိုတခြားသော (ယှဉ်ပြိုင်မှုတောင် ပြုလုပ်နေတဲ့) သရုပ်သကန်တွေကို ကွယ်ကာခြင်းမရှိဘဲ တည်ရှိနေတဲ့အရည်

အသွေးတစ်ခုအဖြစ်ဖော်ပြတယ်။ အဲဒီနောက် Programmatic ကျနတဲ့ပါတီတွေဟာ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးတိုးတက်မှုရဲ့ပိုမိုကောင်းမွန်တဲ့အရည်အသွေးနဲ့ ဘယ်လိုလက်တွေ့ကျကျဆက်သွယ်နေသလဲဆိုတာကို အတိုချုံးအနှစ်ချုပ်တယ်။ တတိယအပိုင်းက Programmatic ကျနတဲ့ပါတီတွေပေါ်ပေါက်လာခြင်းကို အခွင့်အလမ်းသာစေတဲ့အခြေအနေတွေအပေါ်သုတေသနပြုခြင်းရဲ့ သက်ဆိုင်ရာဂယက်တွေကိုတင်ပြတယ်။ ဖတ်ရလွယ်ကူသက်သာစေဖို့အတွက် ဒီအခန်းမှာပါဝင်တဲ့အငြင်းအဆိုတွေက သူတို့ရဲ့စာရေးသူတွေကိုဂုဏ်ပြု မှတ်တမ်းတင်ပြီး များပြားတဲ့ရည်ညွှန်းဖော်ပြမှုတွေတော့ မပါဝင်ဘူး။ ဖြစ်နိုင်တဲ့အချိန်မှာ ပဋိပက္ခဖြစ်နေတဲ့အမြင်တွေနဲ့ သက်ဆိုင်ရာဖြစ်စဉ်တွေကို မှတ်သားထားတယ်။

## ***Programmatic ကျနတဲ့ပါတီတွေရဲ့ အဓိပ္ပါယ်ဖွင့်ဆိုချက်***

ဘယ်ပါတီကမှ လုံးဝကြီး မူဝါဒအစီအစဉ်အပေါ်အခြေခံမထားဘူးဆိုတာကို မှတ်ယူနေတဲ့အချိန်မှာ ဒီစာအုပ်ထဲမှာပါဝင်တဲ့အခန်းတိုင်းက Programmatic ကျနတဲ့ပါတီတစ်ခုရဲ့ အသေးငယ်ဆုံးအဓိပ္ပါယ်ဖွင့်ဆိုချက်တစ်ခုကို လက်ခံတယ်။ အဲဒါကတော့ တခြားသောပါတီတွေ၊ ဒါမှမဟုတ် ပေါ်လစီချမှတ်ခြင်းနဲ့ မဲဆန္ဒနယ်တွေ၊ ရွေးကောက်ပွဲဆိုင်ရာယှဉ်ပြိုင်မှုနဲ့ ပါတီရဲ့ချိတ်ဆက်မှုအတွက်အခြေခံကို ဖွဲ့စည်းတဲ့နိုင်ငံရေးမူဝါဒအစီအစဉ်လိုက်လျောညီထွေရှိခြင်း၊ ဒါမှမဟုတ် စုစည်းညီညွတ်မှုရှိခြင်းကို အဓိကအားဖြင့်ပြသတဲ့ပါတီတစ်ခုဖြစ်တယ်ဆိုတာပဲ။

အထက်ပါအဓိပ္ပါယ်ဖွင့်ဆိုချက်ဆီကနေ သရုပ်လက္ခဏာတစ်ခုအဖြစ်Programmatic ကျနခြင်းအရည်အသွေးက အလားအလာရှိတဲ့အပြင် ရှုထောင့်အမျိုးမျိုးရှိတယ်လို့ ဆက်လာတယ်။ အမှန်တကယ်တော့ တကယ့်လက်တွေ့ဘဝနိုင်ငံရေးပါတီတွေဟာ သေသပ်တဲ့အပိုင်းတွေထဲကို ကျမသွားနိုင်ဘူး။ အဖွဲ့ဝင်တွေအားလုံးက သူတို့ရဲ့နိုင်ငံရေးပန်းတိုင်တွေကို နည်းလမ်းတစ်ခုတည်းနဲ့မလိုက်ကြသလိုပေ့ါ။ ပါတီဝင်တွေဟာ အကြိမ်ခပ်စိတ်စိတ်မှာ နိုင်ငံရေးမူဝါဒအစီအစဉ်တွေ လိုက်လျောညီထွေရှိမှုရဲ့အခြေခံအပေါ်မှာသာ ပြုမူခြင်းမရှိကြဘူး။ ကွဲပြားတဲ့နည်းဗျူဟာတွေဟာ ပါတီတစ်ခုအတွင်းမှာ ယေဘုယျအားဖြင့် တစ်ပြိုင်နက်တည်းအလုပ်လုပ်ကြတယ်။ (ဥပမာ–သြဇာတိက္ကမအသုံးပြုမဲဆွယ်ခြင်း၊ လူမျိုးစုအမှတ်သရုပ်အသုံးပြုမဲဆွယ်ခြင်း၊

မက်လုံးပေးမဲဆွယ်ခြင်း၊ ပုဂ္ဂိုလ်ရေးအခြေပြုမဲဆွယ်ခြင်း) အဲဒီနောက် Programmatic ကျနခြင်းအရည်အသွေးဟာ ရှုထောင့်အမျိုးမျိုးရှိတယ်ဆိုတာလည်း လိုက်လာတယ်။ ပါတီက ပါဝင်လုပ်ဆောင်တဲ့နယ်ပယ်တွေအနေနဲ့က ကွဲပြားတဲ့နည်းဗျူဟာတွေလိုပါပဲ။ ပါတီဝင်တွေဟာ ပေါ်လစီချမှတ်ခြင်းမှာ တညီတညွတ်တည်း စုပေါင်းစံနမူနာ နောက်ကိုလိုက်နိုင်ပြီး အခုအချိန်မှာတော့ အဲဒီစံနမူနာတွေကို မဲတွေစုစည်းတဲ့အခါ ခေါင်းဆောင်ရဲ့ပုဂ္ဂိုလ်ရေးဩဇာတိက္ကမအပေါ် အဓိကအားဖြင့်မှီခိုဖို့ ဘေးဖယ်ထားလိုက်တယ်။ ဒါကြောင့် Programmatic ကျနခြင်းခံယူချက်ဟာ ဒီလေ့လာမှုမှာ နိုင်ငံရေးပါတီရဲ့ အဓိကအာရုံစိုက်မှုအဖြစ် အညွှန်းခံရပြီး Programmatic ကျနတဲ့နိုင်ငံရေးကိုတော့ တစ်ခါတစ်ရံမှာ အဓိကပါတီကြီးတွေအားလုံးက အဓိကအားဖြင့် Programmatic ကျနတဲ့ပါတီတွေဖြစ်နေတဲ့စနစ်တစ်ခုအဖြစ် ရည်ညွှန်းခံရလေ့ရှိတယ်။

ဒါကြောင့် ဩဇာတိက္ကမရှိတဲ့ခေါင်းဆောင်တွေအတွက် ပုဂ္ဂိုလ်ရေးဆန်တဲ့ယာဉ်အဖြစ်အဓိကအားဖြင့် ပြုမူနေတဲ့နိုင်ငံရေးပါတီတွေ၊ ဒါမှမဟုတ် အဲဒီပါတီရဲ့အဖွဲ့ဝင်တွေက ပါတီအတွက်မရှိမဖြစ်လိုအပ်တဲ့ပေါ်လစီအရေးကိစ္စအပေါ် သဘောတူညီမှုရရှိဖို့ အပြောင်းအလဲမရှိကျရှုံးနေတဲ့ပါတီတွေ၊ ဒါမှမဟုတ် အထက်ပါအရည်အသွေးတွေကိုထိခိုက်စေဖို့အတွက် မဲတွေကိုဆွဲဆောင်ဖို့ အားကောင်းတဲ့မက်လုံးပေးမဲဆွယ်ခြင်းယန္တရားတွေကို အသုံးပြုတဲ့ပါတီတွေအနေနဲ့ ဒီစာအုပ်ထဲမှာအောက်ပါအတိုင်းမှတ်သားထားတဲ့ မူဝါဒအစီအစဉ်အခြေခံပါတီတစ်ခုရဲ့ တစ်ချို့သောယေဘုယျအကျဆုံး အသွင်အပြင်တွေကို လက်တွေ့ပြသဖို့ခက်ခဲတယ်ဆိုတာ တွေ့လာရလိမ့်မယ်။

- လူသိများတဲ့ပါတီရဲ့က ပေါ်လစီပုံစံများကိုစုဆောင်းမှု
- ပါတီတွင်းညီညွတ်မှုနဲ့ပေါ်လစီပုံစံတွေရဲ့ ပမာဏအပေါ်သဘောတူညီမှုရဲ့အဆင့်
- ယုံကြည်နိုင်တဲ့ကတိတာဝန်နဲ့ထမ်းဆောင်နိုင်တဲ့စွမ်းရည်
- မူဝါဒဆွဲဆောင်မှုနဲ့ပါတီဝင်တွေကို ပါဝင်ဆောင်ရွက်မှုမှာ အခြေခံကျမှုကို အဓိပ္ပါယ်ဖွင့်ဆိုတဲ့ ပါတီမူဝါဒအစီအစဉ်

## Programmatic ကျနတဲ့ပါတီတွေရဲ့အရေးပါမှု

ဒီစာအုပ်ထဲမှာပါဝင်တဲ့ ဖြစ်ရပ်တွေပြသသလို နိုင်ငံရေးပါတီတွေဟာ လွန်ခဲ့တဲ့နှစ်များအတွင်း ကမ္ဘာ့ဒေသအားလုံးနီးပါးမှ နိုင်ငံတွေအတွင်းပေါ်ထွက်လာတဲ့ Programmatic ကျနမှုသရုပ်တွေရဲ့ မတူညီတဲ့ပုံစံတွေကိုဖော်ပြထားတယ်။ တစ်ချိန်တည်းမှာပဲ အချို့နိုင်ငံတွေမှာ နိုင်ငံရေးနဲ့နိုင်ငံရေးပါတီတွေဟာ မူဝါဒအခြေခံမဟုတ်တဲ့ အသွင်ကွဲပြားမှုအတွင်းဆက်လက်ရှင်သန်နေတယ်။ Programmatic ကျနတဲ့နိုင်ငံရေးရဲ့မြင့်မားတဲ့အဆင့်နဲ့ နိုင်ငံတွေဟာ လူမှုရေးနဲ့စီးပွားရေး ဖွံ့ဖြိုးမှုရဲ့စိန်ခေါ်မှုတွေကို ပိုကောင်းမွန်စွာဖြေရှင်းနိုင်တယ်ဆိုတာကို စဉ်းစားဖို့ လက်တွေ့ကျမှုအချို့ရှိတယ်။

လူနာနဲ့ချိစ်မန်းဟာ ပေါ်လစီပြုလုပ်ခြင်းရဲ့ အရည်အသွေးအပေါ် မူဝါဒအခြေခံတဲ့နိုင်ငံရေးရဲ့သက်ရောက်မှုတွေကို စူးစမ်းစစ်ဆေးတယ်။ သူတို့နှစ်ယောက်လုံးဟာ ပေါ်လစီပြုလုပ်ခြင်းမြင့်မားတဲ့အရည်အသွေးနဲ့ပြည်သူ့အကျိုးဖြစ်ထွန်းစေမှုကို ကောင်းမွန်စွာထောက်ပံ့မှုရှိတဲ့နိုင်ငံရေးကတာဝန်တွေအပေါ် အားကောင်းတဲ့လေးနက်မှုတွေရှိတဲ့နိုင်ငံရေးပါတီတွေကိုဖော်ပြရန်အခြေပြုလေ့လာချက်တွေကိုရှာဖွေတယ်။ လူနာဟာ မူဝါဒအခြေခံနိုင်ငံရေးနဲ့သင့်လျော်မှုရှိတဲ့နိုင်ငံရေးစနစ်ရဲ့သရုပ် (ခိုင်မာတဲ့မဲပေးမှုနဲ့ပါတီတွေနဲ့ပါလီမန်အတွင်း ပြည်သူယုံကြည်ချက်မြင့်မားမှုနဲ့ သက်ရောက်မှုရှိပြီးတာဝန်ခံနိုင်တဲ့ပေါ်လစီပြုလုပ်ခြင်းတွေ ခြစားမှုဖြစ်ပွားခြင်းနည်းပါးမှု၊ ကြီးမားတဲ့ပုံမှန်လုပ်ဆောင်နိုင်စွမ်း၊ ပြည်သူ့ဝန်ဆောင်မှုရဲ့ထောက်ပံ့မှု၊ နိုင်ငံသားများအတွက်ကြီးမားတဲ့သဘောထားဖော်ထုတ်နိုင်မှု) တွေကြားထင်ရှားတဲ့အပြန်အလှန်ချိတ်ဆက်မှုကို စာရင်းဇယားအရရှာဖွေတယ်။ ဒီတွေ့ရှိချက်တွေဟာ ချိစ်မန်းရဲ့လေ့လာချက်တွေနဲ့ သင့်လျော်ညီညွတ်တယ်။ ချိစ်မန်းရဲ့လေ့လာမှုဟာ ဘရာဇီး၊ အိန္ဒိယနဲ့ဇမ်ဘီယာနိုင်ငံတွေအတွင်း နိုင်ငံရေးပါတီတွေအုပ်ချုပ်မှုရဲ့အရည်အသွေးနဲ့ သူတို့ခေါင်းဆောင်တွေရဲ့အရည်အသွေးအပေါ် အရေးပါတဲ့ပေါ်လစီငြင်းခုံဆွေးနွေးမှုတွေပြုလုပ်တဲ့အခါ ဒီလိုပြုလုပ်မှုဟာ ဆင်းရဲသားအကျိုးပြုပေါ်လစီကို ပိုမိုအလားအလာရှိစွာလက်ခံဖို့ အစိုးရကိုပြုလုပ်တယ်။

ဒီမိုကရေစီတာဝန်ခံမှုမြင့်တက်ခြင်းဟာ ဒီလိုရလဒ်တွေထုတ်လုပ်မှုအတွင်းက ဆောင်ရွက်မှုတွေဖြစ်ပုံပေါ်တယ်။ ပိုမိုကောင်းမွန်တဲ့မူဝါဒအခြေပြုလုပ်ဆောင်နိုင်စွမ်းနဲ့

ပါတီတွေဟာ ပိုမိုအကျိုးသက်ရောက်မှုရှိတဲ့နိုင်ငံရေးစနစ်ထဲက အစုအဖွဲ့တွေကိုစိတ်ဝင်စားတယ်။ ဒီနိုင်ငံရေးစနစ်ဟာ တခြားနည်းအားဖြင့် ဘေးဖယ်ထားတဲ့မဲဆန္ဒရှင်အုပ်စုတွေရဲ့ အရေးပါတဲ့သဘောထားနဲ့ကိုယ်စားပြုမှုအတွက် ရည်ရွယ်တယ်။ ဒီလိုပြုလုပ်ခြင်းဖြင့် အစိုးရဟာ ဘေးဖယ်တဲ့မဲဆန္ဒရှင်တွေရဲ့လိုအပ်ချက်ကို ပိုမိုတုံ့ပြန်မှုရှိအောင်ပြုလုပ်တယ်။ နိုင်ငံသားများကိုရှင်းလင်းထိရောက်တဲ့ရွေးချယ်မှုတွေပဲ မကမ်းလှမ်းဘူး။ ရွေးကောက်ပွဲကိုဦးဆောင်မှုပြုတဲ့အခါ သူတို့တွေဟာ အရင်အစိုးရရဲ့လုပ်ဆောင်ချက်ဆုံးဖြတ်ခြင်းဖြင့် ရွေးချယ်မှုတွေကိုရှာဖွေတယ်။

လူနာကလည်း မူဝါဒအခြေခံပါတီတွေရဲ့ ခြစားမှုနည်းပါးတာကိုဖော်ပြတယ်။ ဒီလိုနည်းပါးတာဟာ ရွေးကောက်ပွဲအတွင်း မူဝါဒအခြေခံပါတီရဲ့အဖွဲ့အစည်းဆိုင်ရာလိုအပ်ချက်နည်းပါးမှုကြောင့်ဖြစ်ကောင်းဖြစ်နိုင်တယ်။ မူဝါဒအခြေပြုပါတီတွေရဲ့သတင်းစကားကိုသဘောကျတဲ့မဲဆန္ဒရှင်တွေဟာ အပြန်အလှန်အားဖြင့် အားပေးထောက်ခံမှုနဲ့မက်လုံးပေးမဲဆွယ်မှုအတွင်း တည်ထောင်ထားတဲ့ပါတီတွေဟာ တစ်ခါတစ်ရံပြည်နယ်ကုန်ကျစရိတ်ထုတ်နုတ်မှုအပေါ်၊ ဒါမှမဟုတ် ပိုမိုကုန်ကျတဲ့ရွေးကောက်ပွဲလှုပ်ရှားမှုရဲ့တရားမဝင်ငွေကြေးအတွက် ခြစားတဲ့လုပ်ငန်းတွေအပေါ်မှီခိုတယ်။ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ဗျူဟာတွေဟာ သန့်ရှင်းယုံမက ဆက်လက်လုပ်ဆောင်ဖို့ကုန်ကျစရိတ်နည်းတယ်။ ဒီမိုကရေစီနဲ့ဖွံ့ဖြိုးတိုးတက်မှုအပေါ် အပေါင်းလက္ခဏာဆောင်တဲ့အကျိုးသက်ရောက်မှုမျှော်လင့်ချက်ပေးပြီး ဒီသုသေတနဟာ မူဝါဒအခြေခံတဲ့ပါတီတွေထွက်ပေါ်လာဖို့အတွက် အလွန်ကူညီတဲ့ပတ်ဝန်းကျင်ဖြစ်ပေါ်ခြင်းအတွက် အသေးစိတ်အစီအစဉ်ချမှတ်ဖို့ကြိုးစားတယ်။

## *Programmatic ကျနတဲ့နိုင်ငံရေးရဲ့ ဖြစ်နိုင်စေသူများ၊ အကြောင်းအရင်းခံအခြေအနေများ၊ လော့ကာများနဲ့ ကိုယ်စားလှယ်များ*

အဓိကအားဖြင့်မူဝါဒအခြေခံတဲ့ပါတီနိုင်ငံရေးပေါ်ထွက်မှုကို ပိုမိုလွယ်ကူစေတဲ့အကြောင်းအရင်းဟာ ဘာလဲ။ သုတေသနဟာ အချို့အကြောင်းရင်းတွေကိုဖော်ပြတယ်။ ပါတီတွေဟာ ဆက်စပ်မှု ဒါမှမဟုတ် ဖွဲ့စည်းပုံအဆင့်ဆင့်တွင် ဖွဲ့စည်းမှုမရှိပါက ရိုးရှင်းတဲ့ဖော်မြူလာအတွင်း အံဝင်ခွင်ကျမဖြစ်နိုင်ဘူး။ သူတို့ရဲ့အကျိုးကျေးဇူးဟာ အလွန်ရှုပ်ထွေးပုံပေါ်တယ်။ သူတို့ဟာ မူဝါဒအခြေခံပြောင်းလဲမှုရဲ့စတင်မှတ်အ

ပေါ် မှီခိုခြင်းကိုကွဲပြားခြားနားစွာဆောင်ရွက်ရမယ်။ (ဥပမာအားဖြင့် သြဇာတိက္ကမဖြင့် မဲဆွယ်မှု၊ မက်လုံးပေးမဲဆွယ်မှု၊ လူမျိုးစုအခြေပြုမဲဆွယ်မှု အဓိကလွှမ်းမိုးတဲ့စတင်မှတ်ကဲ့သို့) သုတေသနတွေ့ရှိချက်တွေရဲ့ ရိုးရှင်းတဲ့ဖြစ်နိုင်ခြေရှိမှုမှာ ဒီလိုလွှမ်းမိုးမှုအကြောင်းရင်းတွေဟာ မူဝါဒအခြေခံနိုင်ငံရေးကိုပိုမိုလွယ်ကူစေမှုအပေါ် သူတို့ရဲ့အကျိုးသက်ရောက် မှုကိုရည်ညွှန်းတဲ့ ဖြစ်နိုင်စေသူတွေ၊ အကြောင်းအရင်းခံအခြေအနေတွေ၊ လော့ကာတွေနဲ့ ကိုယ်စားလှယ်တွေကိုစဉ်းစားတယ်။

အချို့သောနိုင်ငံရဲ့တည်ဆောက်ပုံအခြေနေတွေဟာ မူဝါဒအခြေခံနိုင်ငံရေးရဲ့ဖြစ်နိုင်စေသူများကဲ့သို့လုပ်ဆောင်ရတယ်။ ဒီလူမှုဆိုင်ရာ (မြို့ပြဖြစ်စေမှု)၊ မူဘောင်ပြုမှုဆိုင်ရာ (ဗျူရိုကရေစီ)၊ ဒါမှမဟုတ် စီးပွားရေး (ကြွယ်ဝချမ်းသာမှု) တွေဟာ နိုင်ငံရေးပါတီနဲ့နိုင်ငံရေးသမားတွေထည့်သွင်းစဉ်းစားတဲ့ ဆွဲဆောင်မှုရဲ့ရွေးချယ်မှုကို အကျိုးသက်ရောက်တယ်။ မဲဆန္ဒရှင်တွေနဲ့ဆောင်ရွက်မှုတွေရဲ့လုပ်ပုံလုပ်နည်းတွေအပေါ် ဆုံးဖြတ်တဲ့အခါ ဒီလိုအကျိုးသက်ရောက်မှုတွေဖြစ်ပေါ်တယ်။ ဒီအခန်းဟာ ဒီလိုဖြစ်နိုင်ခြေရှိတဲ့အကြောင်းရင်းတွေရဲ့ဆက်နွှယ်မှုအရှိဆုံးသွယ်ဝိုက်ဖော်ပြချက်ကို တင်ပြထားပြီး ဒီဖြစ်နိုင်ခြေရှိမှုဟာ ပါတီရဲ့မူဝါဒဆိုင်ရာကတိတွေကိုလက်ဆင့်ကမ်းဖို့ ပြည်နယ်ရဲ့လိုအပ်တဲ့လုပ်နိုင်စွမ်းကိုပါတီရဲ့ဆုံးဖြတ်မှုဖြစ်တယ်။ ဒါပေမဲ့ ပေါ်လစီနဲ့မူဝါဒဆိုင်ရာမှာကြီးမားတဲ့အရေးပါမှုတွေထားရှိဖို့အတွက် နိုင်ငံရေးပါတီတွေကိုဦးဆောင်နိုင်တဲ့ရိုးရှင်းတဲ့ဖော်မြူလာတော့မရှိနိုင်ပါဘူး။ ဒီလိုပြုလုပ်ခြင်းကို ဖုံးကွယ်ထားတဲ့ထူးခြားတဲ့တည်ဆောက်မှုဆိုင်ရာအခြေအနေလည်း မရှိပါဘူး။ သုတေသနရဲ့ဒုတိယသတင်းစကားကတော့ ပေါ်လစီအခြေခံမှုအပေါ် နိုင်ငံသားလှုပ်ရှားဆောင်ရွက်မှုဟာ နိုင်ငံရေးသမားတွေအတွက် မကျော်လွှန်နိုင်တဲ့ပိတ်ဆို့ဟန့်တားမှုတွေမရှိဘူးဆိုတာပါပဲ။

ပိုမိုလွယ်ကူစေတဲ့အကြောင်းရင်းရဲ့ ဒုတိယအချက်ကတော့ နိုင်ငံရေးပါတီနဲ့ နိုင်ငံသားကြားထဲက မူဝါဒအခြေခံတဲ့ပါဝင်ဆောင်ရွက်မှုအကြောင်းရင်းခံအဖြစ်အပျက်တွေပိုင်ဆိုင်နိုင်မှုဖြစ်တယ်။ ဥပမာအားဖြင့် မျက်နှာသာမပေးတဲ့အခြေအနေတွေ စီးပွားရေးတည်ဆောက်တဲ့ လူမျိုးတူညီမှု၊ ဒါမှမဟုတ် ပြည်နယ်လုပ်ဆောင်နိုင်စွမ်းတွေရဲ့ စီးပွားရေးအကျပ်အတည်းကဲ့သို့မထင်မှတ်တဲ့အဖြစ်အပျက်တွေဟာ မူဝါဒအခြေခံမှုတွေပိုမိုဖြစ်ပေါ်စေဖို့ မောင်းနှင်လာတယ်လို့ သုတေသနတွေက ဖော်ပြတယ်။ ဒီလိုအထူးအခြေအနေတွေဟာ ပါတီအတွင်းမူဝါဒအစီအစဉ်တွေကို အခြေခံတဲ့ပေါ်လစီတွေကို အလားအလာရှိစွာဖြစ်ပေါ်နိုင်တယ်လို့ သုတေသနတွေကပြသ

တယ်။

တတိယကတော့ လော့ကာတွေဟာ လုံခြုံတဲ့မူဝါဒတိုးတက်မှုအတွက် ပါဝင်ကူညီတဲ့စည်းမျဉ်းစည်းကမ်းဆိုင်ရာ ပြဋ္ဌာန်းမှုတွေအတွက် ရည်ညွှန်းတယ်။ အောက်မှာဖော်ပြထားတဲ့ပြဋ္ဌာန်းမှုတွေဟာ ကိုယ်စားလှယ်အမည်စာရင်းတင်သွင်းမှုအပေါ်ဗဟိုချုပ်ကိုင်မှုလျော့ချတဲ့နိုင်ငံရေးပါတီနဲ့ သူတို့ရဲ့ဥပဒေနဲ့ညီတဲ့အဖွဲ့ကြားစည်းကမ်းတွေကိုကူညီတယ်။ ဥပဒေနဲ့ညီတဲ့အဖွဲ့ဟာ ဆက်စပ်မှုရှိတဲ့ အခြေအနေအတွင်းလေးနက်တဲ့မူဝါဒအစီအစဉ်ကို နိုင်ငံရေးသမားတွေအတွက် မက်လုံးပေးဖို့ဖန်တီးပံ့ပေါ်တယ်။

နောက်ဆုံးတစ်ခုကတော့ မူဝါဒအစီအစဉ်ကျတဲ့နိုင်ငံရေးဆီကူးပြောင်းမှုဟာ မောင်နှင့်တဲ့ကိုယ်စားလှယ်တွေရည်ရွယ်ချက်ရှိရှိလုပ်ဆောင်တဲ့ လုပ်ဆောင်မှုတွေမရှိဘဲမဖြစ်နိုင်ဘူး။ ရှုထောင့်ကတော့ နိုင်ငံရေးသမားတွေဟာ မူဝါဒအခြေခံနိုင်ငံရေးအတွက်ပေါ်ထွက်လာတဲ့အခွင့်အလမ်းတွေကို မဖြစ်မနေဆုပ်ကိုင်ရမယ်။ အချို့အကြောင်းအရင်းတွေဟာ အောင်မြင်ဖို့အလားအလာရှိတဲ့ နိုင်ငံရေးကြိုးပမ်းအားထုတ်မှုကိုလွှမ်းမိုးတယ်။ စွမ်းရည်ရှိတဲ့ခေါင်းဆောင်မှုဟာ လျစ်လျူရှုသင့်တဲ့အခွင့်အလမ်းနဲ့ရယူရမယ့်အခွင့်အလမ်းတွေကြားထဲမှာ ခြားနားမှုကိုပြုလုပ်တယ်။ တခြားရှုထောင့်ကတော့ မူဝါဒအစီအစဉ်ကျတဲ့နိုင်ငံရေးသမားတွေရဲ့ တစ်ကိုယ်တည်းဖြစ်မှုဟာ မလုံလောက်ဘူး။ သူတို့တွေဟာ လုံလောက်တဲ့အရည်အချင်းနဲ့ ကောင်းမွန်စွာရွေးချယ်ခံနိုင်မှုတွေရှိရမယ်။ နောက်ဆုံးမှာတော့ Programmatic ကျနတဲ့နိုင်ငံရေးဟာ မူဝါဒအခြေခံတဲ့သတင်းစကားတွေအတွက် အနည်းဆုံး အနေနဲ့လက်ခံနိုင်တဲ့ မဲဆန္ဒရှင်တွေကိုလိုအပ်တယ်။ နောက်တစ်ချက်ကတော့ ဒီအကြောင်းအရင်းလေးခုရဲ့တွေ့ရှိချက်နဲ့ သွယ်ဝိုက်ဖော်ပြချက်တွေကိုလုပ်ဆောင်မှုအတွက် ဆက်စပ်မှုအရှိဆုံးသတင်းစကားတွေကို စီစဉ်ပေးမှုအပေါ်အာရုံစိုက်မှုတွေနဲ့အတူဆွေးနွေးထားတယ်။

## *နိုင်ငံလုပ်ဆောင်နိုင်စွမ်းရဲ့ဖြစ်နိုင်ခြေရှိတဲ့သက်ရောက်မှု*

မတူညီတဲ့အဓိပ္ပါယ်သက်ရောက်မှုရှိသော်လည်း ဒီအခန်းရဲ့ခေါင်းစဉ်တွေအားလုံးဟာ ဖွံ့ဖြိုးတိုးတက်မှုနဲ့မူဝါဒအခြေခံပေါ်ထွက်မှုရဲ့အဆင့်တွေကြားပူးပေါင်းလုပ်ဆောင်မှုအချို့ကို အကြံပြုထားတယ်။ Kitschelt ၊ Luna နဲ့ Cheeseman အသီးသီးတို့ရဲ့ကိုးကားချက်တွေအရ တိုးတက်မှုရဲ့လုပ်ပိုင်ခွင့်အဖြစ်အသုံးပြုတဲ့

ပြည်သူ့ဝန်ဆောင်မှုနဲ့ ဗျူရိုကရက်အဖွဲ့အစည်းရဲ့ အရည်အသွေးအပေါ်အသုံးစရိတ်ဖြစ်တဲ့ နိုင်ငံအဆင့်ဝင်ငွေတွေဟာ မူဝါဒအခြေခံပါတီစနစ်ကို ပိုမိုဖြစ်ပေါ်စေတဲ့ ပြောင်းလဲမှုအခြေ အနေရဲ့ ဖြစ်နိုင်ခြေတွေနဲ့နီးကပ်စွာဆက်စပ်နေတယ်။

ဆင်းရဲမှု၊ ဒါမှမဟုတ် ချမ်းသာမှုမရှိတဲ့အခြေအနေတွေဟာ နိုင်ငံရေးပါတီတွေရဲ့နယ်ပယ်ကို ကန့်သတ်တယ်။ ဒါဟာ မတူညီတဲ့နည်းလမ်းတွေအတွင်း နိုင်ငံအတွင်းပြည်သူ့အကျိုးသက်ရောက်မှုကိုဆောင်ရွက်တဲ့ ပေါ်လစီတွေကို အကောင်အထည်ဖော်မှုနဲ့လိုက်ပါဆောင်ရွက်မှုတွေအတွက် ကန့်သတ်မှုတွေဖြစ်တယ်။ ဒီလိုကန့်သတ်မှုတွေရဲ့ဥပမာတစ်ခုကတော့ ပြည်သူ့အကျိုးသက်ရောက်မှုတွေကိုထောက်ပံ့တဲ့ အစိုးရရဲ့လုပ်ဆောင်နိုင်စွမ်းချုပ်ချယ်မှုဖြစ်တယ်။ နိုင်ငံအနှံ့ရိက္ခာထောက်ပံ့တဲ့ဝန်ဆောင်မှုဟာ ရှုပ်ထွေးတဲ့ဘဏ္ဍာရေးအပေါ်အခြေခံတဲ့ ကြီးမားတဲ့ဘဏ္ဍာရေးအရင်းအမြစ်တွေကို လိုအပ်သလို အစိုးရအဖွဲ့အတွင်း နိုင်ငံရေးသမားတွေဟာ နိုင်ငံထောက်ခံမှုအတွက် အလဲအလှယ်ပြုလုပ်ရာမှာ ဝန်ဆောင်မှုတွေနဲ့အတူ ကျဉ်းမြောင်းတဲ့မဲဆန္ဒနယ်တွေကို ထောက်ပံ့ဖို့အတွက် ဆွဲဆောင်မှုကိုရှာဖွေတယ်။ ဒါပေမဲ့ ပြည်သူ့ဝန်ဆောင်မှုများကို ပုဂ္ဂလိကပိုင်ပြုလုပ်ဖို့ အစိုးရမှာ အမြဲတမ်းဖြစ်နိုင်ခြေရှိတယ်။ ဒီလိုဖြစ်ရပ်တွေမှာ နိုင်ငံဟာ ပြည်သူ့ဝန်ဆောင်မှုရဲ့ထောက်ပံ့မှုကိုစည်းကမ်းသတ်မှတ်ဖို့၊ စိစစ်မှုနဲ့ထိန်းချုပ်မှုအတွက် လုပ်ဆောင်နိုင်စွမ်းကို ဖော်ပြဖို့လိုအပ်တယ်။ ဒါကြောင့် နိုင်ငံရဲ့ဝင်ငွေအဆင့်ဟာ ပြည်သူ့ဝန်ဆောင်မှုထောက်ပံ့မှုကိုစုစည်းရန်နိုင်ငံရဲ့လုပ်ဆောင်မှုအတွက် စုပေါင်းထားတဲ့ဖြစ်နိုင်ခြေရှိမှုဖြစ်တယ်လို့ Kitschelt et al ကဖော်ပြတယ်။

ဒီဖော်ပြမှုရဲ့အနှစ်သာရအကျဉ်းချုပ်ဟာ စည်းမျဉ်းကန့်သတ်မှတ်မှု၊ ကောင်းကျိုးအခြေခံတဲ့ဗျူရိုကရေစီတွေ Cheeseman ရဲ့ဖော်ပြမှုနဲ့တူညီပြီး ဒီလိုဗျူရိုကရေစီဟာ လူ့အဖွဲ့အစည်းရဲ့အတားအဆီးကနေလွတ်မြောက်တယ်။ မျက်မှောက်ခေတ်မှာ ကောင်းမွန်စွာဖွံ့ဖြိုးတိုးတက်တဲ့ ဗျူရိုကရေစီဟာ မဲတွေကိုအနိုင်ရဖို့အတွက် ပြည်သူအကျိုးသက်ရောက်မှု၊ ဒါမှမဟုတ် ထောက်ခံမှုတွေဖြန့်ဝေမှုကနေ အုပ်စုတွေကို ဖယ်ရှားဖို့အတွက် နိုင်ငံရေးသမားတွေရဲ့ဆွဲဆောင်မှုကို မကန့်သတ်ဘူး။

မျက်မှောက်ခေတ်ဗျူရိုကရေစီစနစ်တွေဟာ ကောင်းကျိုးအခြေခံတဲ့လူသစ်ရှာဖွေမှုအဖွဲ့နဲ့ နိုင်ငံသားဝန်ဆောင်မှုအတွက် နိုင်ငံသားအခြေခံချဉ်းကပ်ပိုမိုဖြစ်ထွန်းစေမှုတွေကြောင့် နိုင်ငံအနှံ့ပြည်သူ့အကျိုးသက်ရောက်မှုတွေကို ထမ်းဆောင်ဖို့ပိုမိုကောင်းမွန်တဲ့စွမ်းဆောင်ရည်နဲ့နိုင်ငံကို ထောက်ပံ့တယ်။ နိုင်ငံရေးပါတီတွေရဲ့မူဝါဒ

အခြေခံကတိစကားတွေဟာ ပိုမိုဖြစ်နိုင်ခြေရှိတယ်ဆိုရင် အစိုးရအဖွဲ့တွင်းသူတို့ဟာ သူတို့ရဲ့ပေါ်လစီတွေကို အကောင်အထည်ဖော်ဖို့အတွက် လုပ်ဆောင်နိုင်စွမ်းကိုပိုင်ဆိုင်တယ်။ ရာစုနှစ်အပြောင်းအလဲအတွင်းမှာဖော်ပြထားတဲ့ တောင်ကိုရီးယားအခြေအနေလို ပြည်သူ့အကျိုးသက်ရောက်မှုကို ချဲ့ထွင်လိုတဲ့နိုင်ငံရဲ့လုပ်ဆောင်နိုင်စွမ်းဟာ နိုင်ငံသားတွေရဲ့အမြင်အတွင်း မူဝါဒအခြေခံနိုင်ငံရေးအတွက် ဂုဏ်သိက္ခာကို အကျိုးသက်ရောက်မှုရှိစွာ ထပ်ပေါင်းပါဝင်တယ်။

Cheeseman အကြံပြုထားတဲ့ အကျိုးဆက်ဟာ ဖွံ့ဖြိုးတိုးတက်မှုမလိုတဲ့ မြို့ပြဖြစ်မှုတွေမှာ အတူတွေ့ရှိရတယ်။ ခေတ်မီတဲ့ပြောင်းလဲမှုဖြစ်စဉ်အတွင်းဆောင်ရွက်မှုပုံစံဟာ တစ်ခါတစ်ရံပြည်သူ့အကျိုးသက်ရောက်မှုအတွက် ရပိုင်ခွင့်ချဲ့ထွင်မှုတွေနဲ့ ဆက်စပ်နေတယ်။ မြို့ပြနိုင်ငံရေးသဘောတူညီချက်ဟာ အလွန်ဆင်းရဲမှုကို ဝင်ငွေအလယ်အလတ်နဲ့မြင့်မားတဲ့အုပ်စုတွေလို နေရာပေးတယ်။ သူတို့ရဲ့မြင့်မားတဲ့သိပ်သည်းမှုဟာ ပြည်သူ့ဝန်ဆောင်မှုအထောက်အပံ့အဖွဲ့အစည်းတွေကို လွယ်ကူမှုရှိအောင်နဲ့ ကုန်ကျစရိတ်နည်းပါးအောင်ပြုလုပ်တယ်။ မြို့ပြဇရိယာတွေဟာ ပြည်သူ့ဝန်ဆောင်မှုအထောက်အပံ့တွေရဲ့ ပိုမိုသက်ရောက်မှုတွေရှိတဲ့အခါ မြို့ပြဇရိယာဟာ မူဝါဒဆိုင်ရာဆွဲဆောင်မှုကို ပိုမိုလက်ခံတယ်။ ဒီလိုလက်ခံမှုတွေဟာ ပညာရေးနဲ့ သတင်းအချက်အလက်လမ်းကြောင်းအတွက် ကြီးမားတဲ့ရပိုင်ခွင့်တွေ၊ ဒါမှမဟုတ် အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေနဲ့ ကုန်သွယ်ရေးအဖွဲ့အစည်းတွေရဲ့ လုပ်ဆောင်ချက်တွေနဲ့ဆက်စပ်နေတာကို သုတေသနက အကြံပြုထားတယ်။ ဒီအကြံပြုချက်ဟာ နိုင်ငံရေးသတင်းစကားတွေရောထွေးမှုကို ပိုမိုလွယ်ကူစေတယ်။

မူဝါဒဆိုင်ရာမဲဆန္ဒနယ်တွေကို ပြုလုပ်ခြင်းရဲ့အကောင်းဆုံးဖွင့်ဆိုမှုလို ဒီတွေ့ရှိချက်တွေဟာ အကြောင်းရင်းတွေကို မဖော်ပြဘူး။ ပိုမိုကောင်းမွန်တဲ့နိုင်ငံရဲ့လုပ်ဆောင်နိုင်စွမ်းဟာ မူဝါဒဆိုင်ရာမဲဆန္ဒနယ်တွေကိုပိုမိုဆွဲဆောင်တယ်ဆိုတာကတော့ ရှင်းလင်းတယ်။ ပြီးတော့ဒါဟာ မူဝါဒအခြေခံဗျူဟာတွေ မြို့ပြဇရိယာတွေမှာ ဘာကြောင့်ဆွဲဆောင်တယ်ဆိုတာကို ရှင်းလင်းတယ်။ ဝန်ဆောင်မှုအထောက်အပံ့တွေ ကုန်ကျမှုနည်းပြီး ပိုမိုကျယ်ပြန့်တဲ့ကျေးလက်ဇရိယာတွေမှာ ဖမ်ဘီယာဖြစ်ရပ်တွေလိုဖော်ပြတယ်။

Programmatic ကျနတဲ့ ကြိုးပမ်းမှုနဲ့ဖွံ့ဖြိုးတိုးတက်မှုကြားထဲက ဆက်နွှယ်မှုဟာ Kitschelt ရဲ့မှတ်စုအတိုင်း အဆုံးအဖြတ်ပေးနိုင်မှုကနေ ဝေးကွာ

တယ်။ ဥပမာအားဖြင့် သူ့အဖွဲ့ရဲ့ကောက်ယူထားတဲ့ အချမ်းသာဆုံးခုနစ်နိုင်ငံမှာ အနည်းဆုံးမူဝါဒအခြေခံစနစ်တွေရှိတယ်။ ဘရာဇီး၊ ဒါမှမဟုတ် ဘူဂေးရီးယားလို ချမ်းသာမှုနည်းပါးတဲ့နိုင်ငံတွေအဖို့တော့ နှိုင်းယှဉ်မှုအရ မူဝါဒအစီအစဉ်တကျကြိုးပမ်းမှုတွေရဲ့ ရှင်းလင်းတဲ့သရုပ်ကိုဖော်ပြတယ်။

ဒီဆွေးနွေးမှုထဲကိုပေါင်းထည့်ထားတဲ့ မဖော်ပြထားတဲ့သွယ်ဝိုက်ဖော်ပြချက်တွေဟာ ဆင်းရဲမှုနဲ့စီးပွားရေးချို့တဲ့မှုနှစ်ခုစလုံးရဲ့အချိန်ကန့်သတ်မှုဖြစ်တယ်။ နိုင်ငံလုပ်ဆောင်နိုင်စွမ်းဟာ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းရင်းကို ချက်ချင်းကောင်းမွန်အောင်မပြုလုပ်ဘူး။ သမိုင်း (အစောပိုင်းလေ့လာမှု) ရုပ်ပိုင်းဆိုင်ရာအခြေအနေတွေရဲ့ အချိန်ကြာလာတာနဲ့အမျှတိုင်းပြည်အတွက် ပိုမိုတိုးတက်စေမှု၊ ဒါမှမဟုတ် ဆုတ်ယုတ်မှုကို ဖော်ပြတဲ့ကြွယ်ဝတဲ့ဥပမာတွေဖြစ်တယ်။ ဥပမာအားဖြင့် လွန်ခဲ့တဲ့နှစ် ၂၀ အတွင်း အာဖရိက၊ အာရှနဲ့လက်တင်အမေရိကရဲ့ ဒီမိုကရေစီဖွံ့ဖြိုးလာတဲ့နိုင်ငံတွေဟာ တစ်နှစ်အတွင်းနိုင်ငံရဲ့စုစုပေါင်းထွက်ကုန်နဲ့ဝန်ဆောင်ခတန်ဖိုးရဲ့ရှယ်ယာတွေလို လူမှုဆိုင်ရာအသုံးစရိတ်တွေကို မြှင့်တင်ဖို့စီမံခဲ့တယ်။ ဒီဖော်ပြချက်တွေဟာ မပြောင်းလဲမှုကနေ ဝေးကွာပေမဲ့ ဒီနိုင်ငံတွေဟာ နိုင်ငံလုပ်ဆောင်နိုင်စွမ်းတိုးတက်စေဖို့အတွက် မျက်နှာသာပေးတဲ့အခြေအနေတွေအချိန်ပေါ်မူတည်ပြီး ဖော်ဆောင်နိုင်မှုကိုပြသတယ်။

ဖွံ့ဖြိုးမှုဟာ မူဝါဒအခြေခံဆိုင်ရာယိမ်းယိုင်မှုများအတွက် ဖြစ်နိုင်ခြေရှိတဲ့အကြောင်းရင်းဖြစ်တယ်။ ဒါဟာလုံလောက်တဲ့အခြေအနေမဟုတ်ဘူး။ နိုင်ငံရဲ့လုပ်ဆောင်နိုင်စွမ်းထောက်ပံ့မှု၊ ဒါမှမဟုတ် နိုင်ငံရဲ့လိုငွေကိုကျော်လွှားစေတဲ့ မျက်နှာသာပေးအခြေအနေကို ဆုပ်ကိုင်ဖို့ ဘယ်လိုကြိုးပမ်းမှုပုံစံတွေက ပါတီတွေကိုလှုံ့ဆော်သလဲ။ Programmatic ကျနတဲ့နိုင်ငံရေးဟာ ပေါ်လစီ၊ ပြည်သူ့အကျိုးသက်ရောက်မှုနဲ့ နိုင်ငံအတွက် ပုံမှန်ထက်ပိုမိုကောင်းမွန်တဲ့ လုပ်ဆောင်နိုင်စွမ်းအတွက် အကြောင်းရင်းတွေအပေါ် အာရုံစိုက်တဲ့ အကျိုးကျေးဇူးတွေကို ခံစားရတယ်။ ကောင်းမွန်တဲ့လုပ်ဆောင်မှုမှတ်တမ်းဟာ ပိုမိုယုံကြည်နိုင်တဲ့မူဝါဒဆိုင်ရာကတိတာဝန်တွေကိုပြုလုပ်ရာမှာကူညီတယ်။ စွမ်းရည်ရှိတဲ့ဗျူရိုကရေစီနဲ့ပြည်သူ့အသုံးစရိတ်လိုလုပ်ဆောင်နိုင်မှုစွမ်းအားကောင်းတဲ့နေရာတွေမှာ အသေးစိတ်အစီအစဉ်ချမှတ်မှုကိုပြုလုပ်ရန်လိုအပ်ပြီး ဒီလိုလုပ်ဆောင်နိုင်စွမ်းရဲ့ သီးသန့်နည်းလမ်းတွေကို နားလည်မှုမြှင့်တင်ခြင်းဟာလုပ်ဆောင်မှုမှတ်တမ်းရဲ့ ဗျူရိုကရေစီအတွင်းပိုမိုကြီးမား

တဲ့မြှုပ်နှံမှုတွေကို တိုးတက်စေဖို့လုပ်ဆောင်ချက်တွေကိုသတ်မှတ်နိုင်တယ်။

## *လူ့အဖွဲ့အစည်းဆိုင်ရာအကြောင်းရင်းများ လူမျိုးစုအခြေခံနဲ့ မူဝါဒအခြေခံထပ်တူကျမှု*

စိတ်ဝင်စားဖွယ်ကောင်းတဲ့သုတေသနတွေဟာ လူမျိုးစုဆိုင်ရာအမျိုးမျိုးကွဲပြားမှုနဲ့ လူမျိုးစုတူညီမှုများတဲ့ လူ့အဖွဲ့အစည်းအတွင်းမူဝါဒဆိုင်ရာနိုင်ငံရေးပေါ်ထွက်လာမှုအပေါ် ဝိရောဓိအမြင်တွေကိုပြသတယ်။ Luna ရဲ့ပါလီမန်ဆိုင်ရာဆန်းစစ်မှုဟာ ဒီလိုဖြစ်နိုင်ခြေတွေအတွက် မထောက်ခံမှုကိုပြသတယ်။Cheeseman ရဲ့ဖြစ်ရပ်လေ့လာမှုကတော့ အားကောင်းတဲ့လူမျိုးစုတူညီမှုဟာ Programmatic ကျနတဲ့နိုင်ငံရေးအတွက် ဟန့်တားမှုမဖြစ်နိုင်ဘူးလို့ အကြံပြုတယ်။ လူမျိုးစုဆိုင်ရာဆွဲဆောင်မှုဟာ လူမျိုးစုဆိုင်ရာဝင်ငွေအဆင့်အတွင်းအရေးပါတဲ့ တူညီမှုနဲ့တွက်ချက်တဲ့အခါ ကစ်ချက်ရဲ့ဖော်ပြမှုလို လူမျိုးစုဆိုင်ရာရှုထောင့်တွေဟာ မူဝါဒဆိုင်ရာနိုင်ငံရေးအတွက် စွန့်စားမှုတွေကို လုပ်ဆောင်တယ်။

ဒီလိုမတူညီမှုတွေဟာ မက်လုံးပေးမဲဆွယ်မှုအတွက်စုစည်းမှုတွေကို ပြုလုပ်တယ်။ လူမျိုးစုအုပ်စုရဲ့မဲဆန္ဒရှင်တွေဟာ တခြားသူတွေနဲ့ဆက်စပ်နေတဲ့သူတို့ရဲ့ တစ်ကိုယ်တည်းအောင်မြင်မှုကိုရှင်းပြပြီး ထင်ရှားတဲ့အုပ်စု၊ ဒါမှမဟုတ် ဇရိယာတွေကို ကြီးမားတဲ့အကျိုးသက်ရောက်မှုတွေနဲ့ ပစ်မှတ်ထားဖို့ မက်လုံးတွေကိုဖန်တီးတယ်။ Cheeseman တွေ့ရှိထားသလို အကျိုးခံစားရသူတွေဟာ အကျိုးမဲ့တဲ့အုပ်စုတွေဖြစ်မယ်ဆိုရင် ဒီဖြစ်စဉ်ဟာ နိုင်ငံရေးရဲ့ရှေ့ဆက်တိုးတက်နေတဲ့ မူဝါဒဆိုင်ရာအတွက် စတင်အမှတ်ဖြစ်တယ်။

လူမျိုးစုနဲ့မူဝါဒဆွဲဆောင်မှုတွေထပ်တူကျမှုနဲ့ နိုင်ငံရေးပါတီတွေဟာ လူ့အဖွဲ့အစည်းတွင်း အခြားအဖွဲ့အစည်းတွေရဲ့ဆက်စပ်မှုအတွင်းသူတို့ရဲ့ လူမျိုးစုအနှစ်သာရကို နိုင်ငံရေးမှာ ပိုမိုပါဝင်စေဖို့ ရွေးချယ်လိမ့်မယ်။ လူမျိုးစုဆိုင်ရာအခြေခံပါတီတွေကို အဓိကအုပ်စုတွေထက်ချဲ့ထွင်မှုဟာ အစိုးရအတွင်းပါတီရဲ့လွှမ်းမိုးမှု အားကောင်းတဲ့လူမျိုးစုအုပ်စုတွေအပေါ် ကိုယ်စားပြုမှု၊ ဒါမှမဟုတ် မပြုမှုအပေါ် မှီခိုနေတယ်။ လူမျိုးစုဆိုင်ရာအဖွဲ့အစည်းတွေဟာ ပါတီအပေါ်ဖိအားတွေကို ဆက်လက်သက်ရောက်ရင်လည်း ဒီလိုဖြစ်စဉ်တွေဖြစ်ပေါ်တယ်။ (အိန္ဒိယ BJP ပါတီကဲ့

သို့ ဖြစ်ရပ်တွေအတိုင်း) တခြားရှုထောင့်ကတော့ ပြည်သူ့ဝန်ဆောင်မှုအတွက် ကြီးမားတဲ့ရပိုင်ခွင့်လို ပေါ်လစီတွေလူနည်းစုတွေရဲ့နိုင်ငံသားနဲ့နိုင်ငံရေးလွတ်လပ်မှု ချဲ့ထွင်ခြင်းနဲ့ ယဉ်ကျေးမှုဓလေ့တွေရဲ့သည်းခံနိုင်မှုကို တိုးမြှင့်ခြင်းတွေဟာ နိုင်ငံအဖွဲ့ချဲ့ထွင်မှုအတွက်လိုအပ်ချက်တွေကို လှုံ့ဆော်တယ်။

လူမျိုးစုအခြေခံတွေဟာ ပါတီဖော်ဆောင်မှုနဲ့မူဝါဒဆိုင်ရာကြိုးပမ်းမှုတွေကို မထိခိုက်နိုင်မှုတွေတည်ဆောက်ဖို့ကူညီတဲ့အခါ ဒီတွေ့ရှိချက်တွေရဲ့ အလွယ်တကူနားလည်နိုင်တဲ့ဖော်ပြချက်ဟာ ဥပမာတွေဖြစ်တယ်။

## *မူဝါဒဆိုင်ရာဗျူဟာတွေအောင်မြင်ရန်အတွက် ကျပ်တည်းတဲ့အကြောင်းရင်းခံအခြေအနေရဲ့ အခွင့်အလမ်းများ*

ဒီသုတေသနဟာ အကျပ်အတည်း၊ ဒါမှမဟုတ် ပြောင်းလဲမှုဖြစ်စဉ်အတွင်း ပေါ်ထွက်လာတဲ့ မူဝါဒဆိုင်ရာဗျူဟာတွေကို အလေးအနက်ထားဖို့အခွင့်အလမ်းတွေကို ဖော်ပြတယ်။ Kitschelt ရဲ့သုတေသနမှာဖော်ပြထားတဲ့ ဒီလိုအခွင့်အလမ်းတစ်ခုဟာ တည်ရှိနေတဲ့စီးပွားရေးဖွံ့ဖြိုးမှု၊ ဒါမှမဟုတ် နိုင်ငံရေးဆိုင်ရာစီးပွားရေးပုံစံတွေရဲ့ ပဋိပက္ခအတွင်းကျဆင်းမှုတွေဖြစ်တယ်။ လျင်မြန်တဲ့စီးပွားရေးကျဆင်းမှု၊ ဒါမှမဟုတ် ပဋိပက္ခကာလအတွင်း မူဝါဒအခြေခံတဲ့ပါတီတွေအတွက် အခွင့်အလမ်းတွေဖော်ဆောင်တယ်။ မူဝါဒအခြေခံပါတီတွေဟာ သူတို့ရဲ့ဆက်နွယ်မှုမြှင့်တင်ဖို့နဲ့ နိုင်ငံရေးလှုပ်ရှားမှုအတွင်း အဓိကပြိုင်ဆိုင်သူတွေဖြစ်လာတယ်။

၁၉၉၀ ခုနှစ်တွင် ဘရာဇီး၊ တူရကီနဲ့တောင်ကိုရီးယားမှာ ၂၀၀၀ ခုနှစ်များလို မူဝါဒအခြေခံနိုင်ငံရေးရဲ့ စူးစမ်းမှုအတွင်းပဋိပက္ခအတွက်အဖြေတွေထွက်ပေါ်လာတဲ့အခါ သုတေသနဟာ ဥပမာတွေကို ပေးတယ်။ မဲဆန္ဒရှင်တွေဟာ သူတို့ရဲ့အခက်အခဲတွေအတွက် အရင်ထက်ပိုမိုတုံ့ပြန်မှုရှိတဲ့ မူဝါဒဆိုင်ရာတွေကို မျက်နှာသာပေးတယ်။ ဒီလိုပါတီတွေဟာ ကန့်သတ်ခံထားရတယ်။ ဒါပေမဲ့ နိုင်ငံရေးရှေ့မတိုးနောက်မဆုတ်အခြေအနေတွေကို မေးခွန်းထုတ်ပြီး ဖြေရှင်းချက်တွေကိုပြုလုပ်တယ်။ ခေါင်းဆောင်တွေဟာ ပြန်လည်ပြုပြင်မှုအတွက် ဖိအားတွေကိုရင်ဆိုင်သကဲ့သို့ ဒီလိုအတိုက်အခံပါတီတွေဟာ ခေါင်းဆောင်ပြောင်းလဲမှုထက်ပိုမိုရှင်းလင်းတဲ့ ပြောင်းလဲထားတဲ့ပေါ်လစီတွေကို ထောက်ပံ့ကမ်းလှမ်းရတယ်။ ထောက်ခံမှုတွေကို

စုစည်းခြင်းနဲ့အစိုးရအဖွဲ့အတွင်းနေရာရတဲ့အခါ ဒီလိုခေါင်းဆောင်တွေဟာ ရွေးကောက်ပွဲအောင်မြင်မှုကိုသာမက အစိုးရအတွင်းစွမ်းဆောင်နိုင်မှုကိုပါ သက်သေပြရတယ်။ ယုံကြည်နိုင်တဲ့ စိန်ခေါ်သူတွေအဖြစ် ကျန်ရှိနေဖို့အတွက် အတိုက်အခံအတွင်းပါတီပြိုင်ဆိုင်မှုဟာ စီးပွားရေးအကျပ်အတည်းတွေဖြေရှင်းမှုအပေါ် သူတို့ရဲ့သတင်းစကားကိုအာရုံစိုက်ဖို့ ပြင်းထန်တဲ့ဖိအားတွေကိုရင်ဆိုင်ရတယ်။ ဒီလိုအခြေအနေတွေအားလုံးတိုက်ဆိုင်မှုဟာ နိုင်ငံသားနဲ့နိုင်ငံရေးသမားနှစ်မျိုးစလုံးကို သူတို့ရဲ့နိုင်ငံရေးတာဝန်တွေပြောင်းလဲမှုအတွင်းတန်ဖိုးတွေကို ရှာဖွေအောင်ပြုလုပ်တယ်။ အစိုးရအဖွဲ့အတွင်း စွမ်းဆောင်နိုင်မှုကိုဖော်ပြခြင်းဟာ ရေတိုစဉ်းစားမှုနဲ့အလျင်အမြန်အံ့ဝင်ခွင်ကျမှုရဲ့ဆွဲဆောင်မှုကို ဆန့်ကျင်ခြင်းတွေလိုအပ်ပြီး အလယ်အလတ်နဲ့ရေရှည်အမြင်တွေနဲ့အတူခက်ခဲတဲ့ဆုံးဖြတ်ချက်တွေကို ပြုလုပ်ခြင်းတွေလိုအပ်တယ်။

ဒါပေမဲ့ နိုင်ငံရေးဆိုင်ရာစီးပွားရေးပုံစံချမှုရဲ့ အကျပ်အတည်းတွေဟာ မူဝါဒဆိုင်ရာပြောင်းလဲမှုအတွင်း အမြဲတမ်းရလဒ်မထွက်ပေါ်နိုင်ဘူး။ ကမ္ဘာရဲ့နေရာအများအပြားမှာ ၁၉၈၇ ခုနှစ် ဇင်ဘာဘွေနဲ့ ၁၉၉၀ ခုနှစ် ပီရူးမှာလို တစ်ခါတစ်ရံအာဏာရှင်ဆန်တဲ့ရလဒ်မသေချာတဲ့ မူဝါဒဆွဲဆောင်မှု၊ ဒါမှမဟုတ် ရေတိုမူဝါဒဆွဲဆောင်မှုပြုလုပ်တဲ့ မက်လုံးပေးမဲဆွယ်တဲ့ ခေါင်းဆောင်တွေဟာလည်း အကျိုးဖြစ်ထွန်းတဲ့ရလဒ်တွေကိုပိုင်ဆိုင်ခဲ့တယ်။ အားကောင်းတဲ့အရေးပါမှုတွေကို ပေါ်လစီမှာနေရာပေးတဲ့အခါ နိုင်ငံရေးသမားတွေနဲ့ နိုင်ငံရေးပါတီတွေသတ်မှတ်တဲ့ ရွေးချယ်မှုတွေဟာ ဆွဲဆောင်မှုမရှိစွာ၊ ဒါမှမဟုတ် အရည်အသွေးနိမ့်ပါးစွာ ကျန်ရှိနေလိမ့်မယ်။

မူဝါဒအခြေခံတဲ့ဗျူဟာတွေအပေါ် အရေးပါမှုတိုးမြှင့်ခြင်းရဲ့ဖြစ်ရပ်တွေဟာ ပဋိပက္ခတွေကြောင့်အလျင်အမြန်ဖြစ်ပေါ်တယ်။ ဘရာဇီး (၁၉၈၀ ခုနှစ်များနဲ့ ၁၉၉၀ ခုနှစ်များ) နဲ့ တူရကီ (၂၀၀၀ ခုနှစ်များ) ရဲ့ဖြစ်ရပ်များဟာ မူဝါဒဆိုင်ရာခေါင်းဆောင်မှုအရ တချို့နယ်ပယ်အတွက် အခွင့်အလမ်းအသုံးချမှုရဲ့ဥပမာတွေဖြစ်တယ်။ နိုင်ငံနှစ်ခုစလုံးမှာ ပို့ကုန်အစားထိုးစက်မှုဖွံ့ဖြိုးတိုးတက်မှုပုံစံတွေဟာ ကုန်ဈေးနှုန်းမြင့်တက်မှု၊ ဒါမှမဟုတ် ကုန်ဈေးနှုန်းမပြောင်းလဲမှု (ဘရာဇီးမှာကဲ့သို့)၊ ဒါမှမဟုတ် လေးနက်တဲ့ ဘဏ္ဍာရေးပြဿနာတွေ (တူရကီမှာကဲ့သို့) တွေကိုအသေးစိတ်လေ့လာကြည့်ရှုခဲ့တယ်။ ပါတီအဟောင်းနဲ့ ပါတီအသစ်များ မူဝါဒအစီအစဉ်တကျတွေဟာ မက်လုံးပေးမဲဆွယ်မှု၊ ဒါမှမဟုတ် ကျော်ကြားမှုအသုံးချမဲဆွယ်ခြင်းလို အခြားလှုပ်ရှားမှုဗျူဟာတွေကို လုံးဝလက်လျှော့ခြင်းမရှိဘဲ ပြင်းထန်စွာလိုက်ပါဆောင်ရွက်

တယ်။

တောင်ကိုရီးယားရဲ့ဖြစ်ရပ်ဟာ နိုင်ငံလုပ်ဆောင်နိုင်စွမ်းများဖြစ်နိုင်တဲ့ စာတမ်းအတွက်ထောက်ခံမှုတွေကိုအားဖြည့်တယ်။ ဒါပေမဲ့ မူဝါဒအခြေခံဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှုအကြောင်းရင်းခံအခြေအနေတွေနဲ့ အားဖြည့်ခြင်းမဟုတ်ဘူး။ နိုင်ငံဟာ ၁၉၉၀ ခုနှစ်အတွင်း ချမ်းသာပြီးသားဖြစ်ပြီး နိုင်ငံကိုပြင်းထန်တဲ့ဘဏ္ဍာရေးအကျပ်အတည်းသက်ရောက်မှုအတွင်းကျင်းပတဲ့ ၂၀၀၀ ခုနှစ်ရွေးကောက်ပွဲအပြီး နိုင်ငံရေးသမားတွေရဲ့မူဝါဒဆိုင်ရာ ကြိုးပမ်းမှုတွေကို မြင်တွေ့ခဲ့ရတယ်။ wang တင်ပြထားတဲ့ သူမနိုင်ငံရဲ့အစီရင်ခံစာအတိုင်း ဘဏ္ဍာရေးအကျပ်အတည်းဟာ အောက်ပါရှေ့နောက်အစဉ်တွေကို အစပျိုးခဲ့တယ်။ ရှေ့နောက်အစဉ်တွေကတော့ အောင်မြင်တဲ့စိန်ခေါ်သူ (နောက်ဆုံးမျိုးဆက်ကင်)၊ လေးနက်တဲ့လူမှုရေးသက်သာချောင်ချိမှုပြုပြင်ခြင်း (ဥပမာ နိုင်ငံလုံးဆိုင်ရာလူမှုရေးအာမခံနဲ့ ကျန်းမာရေးအာမခံ) ကြီးမားတဲ့နိုင်ငံရေးပြန်လည်ချိန်ညှိမှုတို့ဖြစ်တယ်။

ဖွံ့ဖြိုးတိုးတက်မှုရှိနေတဲ့ကမ္ဘာအတွင်း ဖွံ့ဖြိုးတိုးတက်မှုဗျူဟာတွေရဲ့ကျဆင်းမှုနဲ့အကျပ်အတည်းကိုဖော်ပြမှုဟာ ပုံမှန်တော့မဟုတ်ဘူး။ အနာဂတ်အခွင့်အလမ်းတွေကို ဖော်ပြခြင်းဟာ အနည်းဆုံးတော့ခက်ခဲပါတယ်။ အကျပ်အတည်းဟာ အခွင့်အလမ်းဆိုရင် အထက်က တိကျတဲ့သွယ်ဝိုက်ဖော်ပြချက်နှစ်ခုဟာ အစဉ်အတိုင်းဖြစ်တယ်။

- အခွင့်အလမ်းဟာ တံခါးလာခေါက်တဲ့အခါ အဆင်သင့်ဖြစ်မှုကိုပြုလုပ်ထားရမယ်။ နိုင်ငံရေးသမားတွေဟာ ဖန်တီးမှုနည်းလမ်းအတွင်း တုံ့ပြန်မှုတွေကိုထောက်ပံ့မှုပေးနိုင်ဖို့အတွက် သူတို့ကိုယ်တိုင်ပြင်ဆင်ထားသင့်တယ်။ အနာဂတ်ဖော်ဆောင်တဲ့အတွေးအခေါ်နဲ့ ဆန်းစစ်မှုဟာ စီးပွားရေးပဋိပက္ခအတွက် အနာဂတ်မှာတုံ့ပြန်နိုင်မှုကိုအားပေးတယ်။ လေ့လာဆန်းစစ်မှုအပေါ်စနစ်ကျစွာမှီခိုတဲ့နည်းစနစ်ဟာ လက်ရှိကာလကို အာရုံစိုက်ခြင်းထက်လက်ရှိကိုကျော်လွန်တွေးတောမှုက ပိုမိုအောင်မြင်စေတယ်ဆိုတာသက်သေပြနိုင်တယ်။ အပြန်အလှန်အားဖြင့် အနာဂတ်ကိုမျှော်ကြည့်တဲ့လေ့လာဆန်းစစ်မှုနဲ့ပြည်သူနဲ့အကောင်းဆုံးအကြံဉာဏ်တွေကို သတိပေးမှုဟာ အနာဂတ်မှာဖြစ်လာမယ့် နိုင်ငံရေးဆိုင်ရာစီးပွားရေးဖြစ်စဉ်ကိုဖော်ပြဖို့ကူညီတယ်။

တုံ့ပြန်လွယ်တဲ့ပေါ်လစီနယ်ပယ်နဲ့အမျိုးမျိုးပြုပြင်ပြောင်းလဲမှုကို ပုံဖော်ခြင်းနဲ့ ဒီလိုပြုပြင်ပြောင်းလဲမှုရဲ့ ပူးပေါင်းမှုနဲ့ပြိုင်ဘက်တွေကိုအသိအမှတ်ပြုခြင်းဖော်ဆောင်ရာမှာလည်းကူညီတယ်။ ဒီလိုသတင်းအချက်အလက်တွေနဲ့ နီးကြားနေတဲ့နိုင်ငံရေးခေါင်းဆောင်တွေဟာ နိုင်ငံဟာပြောင်းလဲမှုအခြေအနေတွေကိုကြုံတွေ့ရတဲ့အခါ မဲဆန္ဒရှင်တွေနဲ့ဆက်သွယ်ဖို့ ခက်ခဲပြီးမှန်ကန်တဲ့ ရွေးချယ်မှုတွေပြုလုပ်ဖို့ အကောင်းဆုံးပြင်ဆင်ထားတယ်။

– စီးပွားရေးအကျပ်အတည်းအတွင်း အကျပ်အတည်းဆန့်ကျင်တဲ့ ပလက်ဖောင်းတွေကို ပိုမိုဖော်ဆောင်နိုင်တဲ့ လျင်မြန်စွာပိုမိုအားကောင်းတဲ့ ကြိုးပမ်းမှုတွေဟာ နောက်ကျခြင်းထက် စောစီးစွာအောင်မြင်နိုင်တဲ့ရေတို–ရေရှည်ဗျူဟာတွေကြား ဟန်ချက်ညီမှုကိုဖြစ်စေတယ်။ ခေါင်းဆောင်အားလုံးနဲ့ အထူးသဖြင့်ခေါင်းဆောင်အသစ်တွေဟာ အစိုးရအတွင်းရော အတိုက်အခံအတွင်းပါ မှန်ကန်တဲ့မက်လုံးတွေကို ပေးထားမယ်ဆိုရင် ပဋိပက္ခတိုက်ခိုက်မှုမှာ မူဝါဒဆိုင်ရာဗျူဟာတွေအတွက် ပိုမိုလွယ်ကူစေတယ်။

## *မူဝါဒဆိုင်ရာကိုယ်စားလှယ်ကဲ့သို့ အရပ်ဘက်အဖွဲ့အစည်းများ*

သုတေသနဟာ နိုင်ငံရေးစနစ်အတွင်း အရပ်ဘက်အဖွဲ့အစည်းနဲ့ အားကောင်းတဲ့မူဝါဒဆိုင်ရာဆွဲဆောင်မှုတွေကြား ဖြစ်နိုင်ခြေရှိတဲ့အပေါင်းလက္ခဏာဆောင်တဲ့အဖွဲ့အစည်းနှစ်ခုကိုခွဲခြားသတ်မှတ်တယ်။ ပထမတစ်ခုကတော့ ကမ္ဘာတစ်ဝန်းနိုင်ငံနဲ့ပါတီတွေရဲ့ ကျယ်ပြန့်တဲ့နှိုင်းယှဉ်မှုအတွင်း Kitschelt ရဲ့ဖော်ပြထားတဲ့ပုံစံဖြစ်တယ်။ လူ့အဖွဲ့အစည်းအတွင်းသိပ်သည်းတဲ့အဖွဲ့အစည်းဆိုင်ရာတွေဟာ မူဝါဒဆိုင်ရာပြန့်ပွားမှုရဲ့ပုံစံအရ အပေါင်းလက္ခဏာဆောင်တဲ့ဖိအားတွေသက်ရောက်စေတယ်။ နိုင်ငံရေးသမားတွေနဲ့ အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေဟာ ထင်ရှားတဲ့ပြဿနာတွေကိုအာရုံစိုက်တဲ့အခါ Programmatic ကျနမှုဟာ နိုင်ငံရေးပါတီတွေရဲ့ မူဝါဒဆိုင်ရာ သရုပ်ကိုအားဖြည့်ပေးတယ်။ ပါတီတွေဟာ ယေဘုယျအားဖြင့်အစိုးရရဲ့ အပြင်ဘက်ကိုချဲ့ထွင်ဖို့လိုအပ်ပြီ။ မဲဆန္ဒနယ်သစ်တွေလှုပ်ရှားမှုအတွက် အဖွဲ့ဝင်သစ်တွေခန့်အပ်ခြင်းမရှိတဲ့အခါ နီးစပ်မှုဖြင့်ပြန့်ပွားခြင်းဟာ ကြောင်းကျိုးဆီလျော်မှုရှိလာတယ်။ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဟာ အပေါင်းလက္ခဏာဆောင်တဲ့ သက်

ရောက်မှုကိုဖြစ်စေနိုင်တယ်။ အသစ်၊ ဒါမှမဟုတ် တည်ရှိနေတဲ့မက်လုံးပေးမဲ့ဆွယ်မှု ကွန်ဂရက်အတွင်းဒီအုပ်စုတွေရဲ့အဖွဲ့ဝင်ခန့်အပ်မှု၊ ဒါမှမဟုတ် လက်အောက်ခံအမှုထမ်းခြင်းဟာ ပါတီနဲ့အရပ်ဘက်အုပ်စုတွေအတွက် ဆွဲဆောင်မှုနည်းပါးအောင်ပြုလုပ်တယ်။

ဖြစ်ရပ်တွေကိုကနဦးက စစ်ဆေးလေ့လာမှုဟာ ပါတီစနစ်အတွက် ယှဉ်ပြိုင်သူအသစ်များကို တိုက်ရိုက်ထောက်ပံ့ခြင်းဖြင့် အရပ်ဘက်အဖွဲ့အစည်းအုပ်စုတွေအတွက် ပြင်းထန်စွာလှုံ့ဆော်တဲ့မူဝါဒအခြေခံ ကြိုးပမ်းမှုတွေကို အခြားနည်းလမ်းနဲ့ပြသတယ်။ ကုန်သွယ်ရေးအဖွဲ့အစည်းရဲ့ပြင်ပလှုပ်ရှားမှုဟာ ၁၉၈၀ ခုနှစ်များအတွင်း ဘရာဇီးရဲ့ PT ပါတီထွက်ပေါ်လာမှုမှာ အရေးပါတယ်။ ဒီလိုလှုပ်ရှားမှုဟာ နိုင်ငံရေးသမားတွေကိုမူဝါဒဆိုင်ရာပိုမိုတုံ့ပြန်မှုရှိရေးနဲ့ ဒီလိုပြင်ပပါဝင်သူတွေရဲ့လွှမ်းမိုးမှုအတွက်ပိုမိုတာဝန်ရှိအောင်ပြုလုပ်တယ်။ ဒီလိုဖြစ်ရပ်အတွင်းအဖွဲ့ဝင်တွေကို အခြေခံ ထားတဲ့ကုန်သွယ်ရေးအဖွဲ့အစည်းဟာ နိုင်ငံရေးပါဝင်မှုရဲ့တိုးတက်မှုဖြစ်စဉ်ကို ဆောင်ရွက်တယ်။ ဒီနိုင်ငံရေးပါဝင်မှုဖြစ်စဉ်ဟာ ကုန်သွယ်ရေးအဖွဲ့တွေနဲ့အပြင်ဘက်ဖန်တီးမှု၊ ဒါမှမဟုတ် လှုပ်ရှားမှုရှိနိုင်ငံရေးပါတီနဲ့ချိတ်ဆက်မှုတည်ဆောက်ခြင်းကို ဦးဆောင်ပြီး နောက်ဆုံးမှာ ပါတီရဲ့မူဝါဒဆိုင်ရာထဲမှာပါဝင်စေတယ်။ ဒီလိုဖြစ်ရပ်ထဲက Cheeseman ရဲ့အလေးပေးမှုကတော့ ကုန်သွယ်ရေးအဖွဲ့ဟာ နိုင်ငံရေးပါဝင်မှုမှာ အဆင်သင့်ဖြစ်နေတဲ့တောင်းဆိုမှုနဲ့အတူ နိုင်ငံရေးပါတီတွေကို ထောက်ပံ့ပေးသလို ဒီလိုအဖွဲ့အစည်းတွေဟာ မူဝါဒဆိုင်ရာကိုယ်စားလှယ်တွေဖြစ်လာဖို့ အလားအလာရှိတယ်။ ဒီဖြစ်ရပ်ထဲမှာ အရေးကြီးဆုံးကိစ္စကတော့ (ပြဿနာတွေကို အာရုံစိုက်မှုထက်) အဖွဲ့အစည်းတွေရဲ့ပါဝင်မှုပဲဖြစ်တယ်။

နီးစပ်မှုအရပြန့်ပွားခြင်းကို ဆန့်ကျင်တဲ့အပြင်ဘက်လှုပ်ရှားမှုဟာ အာဏာနဲ့မလွတ်လပ်မှုကို လုံးဝမလိုအပ်ဘူး။ ဒါ့အပြင်ဖွံ့ဖြိုးမှုရဲ့ဖြစ်နိုင်ခြေရှိတဲ့သက်ရောက်မှုကတော့ ဒီလိုလုပ်ဆောင်မှုတွေကိုမတွေ့ရဘူး။

မူဝါဒဆိုင်ရာ နိုင်ငံရေးအပေါ်သက်ရောက်တဲ့ပြင်ပလှုပ်ရှားမှုဟာ Shefter (ဥရောပအတွက်) နဲ့ LeBas (အာဖရိကအတွက်) ပြုလုပ်တဲ့ဆွဲဆောင်မှုဖော်ပြချက်တွေနဲ့တိုက်ဆိုင်တယ်။

၁ သွယ်ဝိုက်ဖော်ပြချက်တစ်ခုကတော့ ကြီးမားတဲ့စိတ်ဝင်စားမှုအခြေခံတဲ့ အဖွဲ့အစည်းတွေ (ဥပမာ ပရော်ဖက်ရှင်နယ်အဖွဲ့အစည်း၊ ကုန်ထုတ်လုပ်မှု၊ အသေးစားကုန်သွယ်ရေးနဲ့ ကုန်သွယ်ရေးအဖွဲ့) ကြား နီးစပ်တဲ့ပူးပေါင်းလုပ်ဆောင်မှု၊ ဒါမှမဟုတ် ရိုးရှင်းတဲ့အပြန်အလှန်လုပ်ဆောင်မှုတွေအရ ဗျူဟာပေါင်းစည်းမှုဖြစ်ပြီး နိုင်ငံရေးပါတီတွေဟာ မူဝါဒအခြေခံနိုင်ငံရေးအတွက် အပေါင်းလက္ခဏာဆောင်တဲ့မက်လုံးတွေကို ဖန်တီးနိုင်တယ်။ မက်လုံးတွေဟာ မူဝါဒအခြေခံမဲတွေရဲ့ ရှယ်တွေကြီးမားစွာလုံလောက်တဲ့နေရာတွေမှာ အားကောင်းတဲ့လွှမ်းမိုးမှုတွေကို ကြိုးစားအားထုတ်ပြီး နိုင်ငံရဲ့ လူမှုရေးနဲ့စီးပွားရေးဖွဲ့စည်းပုံကို ပိုမိုပြီးမြောက်စေဖို့ ပြုလုပ်တယ်။

၂ အနည်းဆုံးကတော့ နိုင်ငံရေး–လူမှုရေးအပြန်အလှန်ဆွေးနွေးမှုဟာ မူဝါဒဆိုင်ရာအဖွဲ့အစည်းတွေရဲ့ တိုးတက်စေမှုနဲ့ လူမှုဆိုင်ရာလုပ်ငန်းစဉ်အတွက် ကြီးမားတဲ့ ဖော်ထုတ်မှုကို အလားအလာရှိစွာ ပါတီတွေကိုပေးတယ်။ အကောင်းဆုံးကတော့ သူတို့ဟာ ဒီလိုအဖွဲ့အစည်းလုပ်ငန်းစဉ်တစ်ခုလုံးရဲ့ အဓိကကျတဲ့အချက်ကို ရည်ညွှန်းရင် ဒီလိုဖော်ထုတ်မှုဟာ ပါတီရဲ့တုံ့ပြန်နိုင်စွမ်းကို တိုးမြင့်တယ်။

## *ရောထွေးတဲ့ကိုယ်စားလှယ်တွေလိုမျိုး အတိုက်အခံပါတီတွေရဲ့အခန်းကဏ္ဍ*

လက်တင်အမေရိကပါတီစနစ်အတွင်း မူဝါဒဆိုင်ရာတည်ဆောက်ပုံကို အတိုက်အခံပါတီတွေ (ဥပမာ ဘရာဇီးက PSDB နဲ့ BT ၊ မက္ကဆီကိုက PAN နဲ့ PRD ၊ ဥရုဂွေးက Frente Amplio ၊ အယ်လ်ဆာဗေးဒိုးက Farabundo Marti Natindl Liberation) ရဲ့ ရေရှည်စီမံကိန်းလုပ်ဆောင်ချက်တွေက မောင်းနှင်တယ်လို့ Luna ကမှတ်ချက်ပြုတယ်။ သူတို့ဟာ အတိုက်အခံတွေဖြစ်ကတည်းက သူတို့ရဲ့ဖြန့်ဝေမှုပစ်မှတ်ထက် ကြီးမားတဲ့ပြည်သူ့အကျိုးသက်ရောက်မှုရဲ့ထောက်ပံ့မှုနဲ့စပ်လျဉ်းပြီး ဒီပါတီတွေဟာ နိုင်ငံရေးပါဝင်နှစ်သက်မှုနဲ့ ရွေးကောက်ပွဲအဖွဲ့အစည်းကို လှုပ်ရှားဖို့စတင်တယ်။ ဘရာဇီး၊ အိန္ဒိယနဲ့ဇမ်ဘီယာတို့မှာ မူဝါဒဆိုင်ရာဖွံ့ဖြိုးမှုကိုမူဝါဒအခြေခံပါတီတွေဖြစ်လာတဲ့ မူဝါဒအခြေခံမဟုတ်တဲ့ ပါတီတွေကမောင်းနှင်

တယ်ဆိုတဲ့ တွေ့ရှိချက်ကို Cheeseman ကခိုင်မာစေတယ်။ ဒါပေမဲ့ အရင်ကအား နည်းတဲ့အတိုက်အခံပါတီ၊ ဒါမှမဟုတ် အသစ်ထွက်ပေါ်လာတဲ့ပါတီတွေက မျက်နှာ သာပေးတဲ့ နိုင်ငံရေးအခြေအနေရဲ့အကျိုးရှိမှုကိုရယူတယ်။

ကိုယ်စားလှယ်တွေလိုမျိုး အတိုက်အခံပါတီတွေရဲ့အခန်းကဏ္ဍအပေါ်ဒီအချက် ဟာ မူဝါဒဆိုင်ရာနိုင်ငံရေးကနေ လွတ်လပ်ဖို့အတွက် အကျပ်အတည်းရဲ့အလား အလာအပေါ် ဖော်ပြချက်နဲ့ဆက်စပ်ထားမှုကို အလွဲမသွေဖတ်ရမယ်။ ကျယ်ပြန့်တဲ့ နိုင်ငံရေးစနစ်အတွင်းသူတို့ရဲ့မူဝါဒဆိုင်ရာ ဆွဲဆောင်မှုကို ရောထွေးဖို့အတိုက်အခံ ပါတီတွေကို ဘယ်လိုတိကျတဲ့နိုင်ငံရေးပူးပေါင်းလုပ်ဆောင်မှုတွေကိုခွင့်ပြုပါသလဲ။ နိုင်ငံရေးသမားတွေဟာ မဲတွေကိုဆွဲဆောင်ရင် သူတို့ဟာ မူဝါဒအခြေခံဗျူဟာတွေကို လိုက်ပါဆောင်ရွက်လိုပြီး မဲဆန္ဒရှင်တွေဟာ ဒီလို Programmatic ဖြစ်တဲ့ သတင်း စကားတွေကို လွယ်ကူစွာနားခံတယ်။

မဲဆန္ဒရှင်တွေရဲ့ပါတီဟာ ယုံကြည်နိုင်စရာဖြစ်ပြီး ခေါင်းဆောင်ဟာ အစိုးရ အဖွဲ့အတွင်း တစ်ကြိမ်တစ်ခါမှ ဒီလိုပေါ်လစီတွေကို ဖော်ဆောင်ဖို့အလားအလာရှိ တာမျိုး ခေါင်းဆောင်မှုဟာ ရွေးကောက်ခံအနိုင်ရနိုင်ခြေရှိရင် မဲဆန္ဒရှင်တွေဟာ Programmatic အတိုင်းတုံ့ပြန်လိမ့်မယ်။

အလယ်အလတ်နဲ့မြင့်မားစွာ ချမ်းသာတဲ့နိုင်ငံအတွင်း ပြိုင်ဆိုင်မှုတွေဟာ မူဝါဒဆိုင်ရာကြိုးပမ်းမှုအတွက် အားကောင်းတဲ့မက်လုံးတွေဖြစ်လာတယ်ဆိုတာကို သုတေသနတွေက အကြံပြုတယ်။ ပြိုင်ဆိုင်မှုဟာ ကြီးမားတဲ့မူဝါဒဆိုင်ရာကြိုးပမ်း မှုကိုဖန်တီးလား၊ မဖန်တီးလား မရှင်းလင်းဘူးဆိုရင် ဒီလိုအဖွဲ့အစည်းတွေကနေ ယေဘုယျသွယ်ဝိုက်ဖော်ပြချက်နှစ်ခုကိုကောက်ချက်ချနိုင်တယ်။

၁ မူဝါဒဆိုင်ရာ အကျိုးရလဒ်ဖြစ်ပေါ်ဖို့အတွက် ပေါ်လစီကိစ္စရပ်တွေအပေါ် ပါတီရပ်တည်ချက်တွေကြား ကွဲပြားမှုသတ်မှတ်ဖို့အတွက် ယုတ္တိကျတဲ့အ ချက်အလက်သုံးဟာ မလွဲမသွေတိုက်ဆိုင်တယ်။ ခြားနားချက်တွေကတော့ မဲဆန္ဒရှင်ရဲ့အမြင်တွေ ယုံကြည်နိုင်မှုရှိခြင်းနဲ့ဒီလိုမတူညီတဲ့ ပေါ်လစီသတင်း စကားတွေကို ပါတီက အကျိုးသက်ရောက်မှုရှိစွာပေးပို့ခြင်းတို့ဖြစ်တယ်။

၂ ဖွံ့ဖြိုးမှုနဲ့ မဲတွေကိုဆွဲဆောင်ဖို့အတွက် ကောင်းမွန်တဲ့ပြည်သူ့အကျိုးသက် ရောက်မှုရဲ့ ဆောင်ရွက်မှုကို ထောက်ခံဖို့ နိုင်ငံရေးသမားတွေကို ပိုမိုသြ

ဇာသက်ရောက်တယ်။ ပြည်သူ့အကျိုးသက်ရောက်မှုအတွက် ထင်သာမြင်သာရှိတဲ့ ပေါ်လစီတွေဟာ တိကျတဲ့မဲဆန္ဒနယ်ရဲ့တိုက်ရိုက်အကျိုးရလဒ်အတွက် ဆွဲဆောင်ပြီး အောက်ပိုင်းမှာ ဒီပေါ်လစီတွေကို အောင်မြင်အောင်အကောင်အထည်ဖော်မှုကို ထောက်ပံ့တယ်။

ရေတိုလူထုကောင်းကျိုးတွေရဲ့ အောင်မြင်တဲ့ဆောင်ရွက်မှုက Programmatic ကျနတဲ့မဲဆန္ဒနယ်တွေရဲ့အရွယ်အစားထဲက နှစ်တိုးရရှိမှုဆီဦးတည်သွားနိုင်ပြီး အစိုးရတွေက အကျိုးရှိရှိလုပ်ဆောင်လိမ့်မယ်ဆိုတဲ့နိုင်ငံသားမျှော်လင့်ချက်တွေကို မြင့်တက်လာစေနိုင်တယ်။ မဲပေးသူတွေကို ဆွဲဆောင်မှုရှိမယ်ဆိုရင် အဲဒါက Programmatic ကျနတဲ့မဲပေးမှုတွေကို ထိန်းထားနိုင်ခြင်းဆီ ပထမခြေလှမ်းကို ကိုယ်စားပြုတယ်။

## ***Programmatic ကျနတဲ့အကျိုးရလဒ်တွေထဲက အလားအလာရှိတန်ဖိုးနဲ့ကိုက်ညီတဲ့ ကစားပွဲစည်းမျဉ်းစည်းကမ်းများ***

ဒီသုတေသနဟာ Programmatic ကျနတဲ့နိုင်ငံရေးစနစ်တွေအပေါ်က အင်စတီကျူးရှင်းဆိုင်ရာအနုစိတ်လုပ်ဆောင်မှုရဲ့ လွှမ်းမိုးမှုကို ချိတ်ဆက်တဲ့နေရာမှာ မရေမရာဖြစ်နေတဲ့တစ်စုံတစ်ရာဖြစ်တယ်။ အဲဒါက အင်စတီကျူးရှင်းဆိုင်ရာရွေးချယ်မှုနဲ့ အလားအလာရှိတဲ့အကျိုးဆက်တွေရဲ့ ပြည့်ဝတဲ့စီစဉ်ခင်းကျင်းမှုရဲ့ ထပ်မံပြီးရှာဖွေဖော်ထုတ်ရှင်းလင်းဖို့လိုအပ်ချက်ကို လုပ်တွေ့လုပ်ဆောင်ပြတယ်။ အထူးသဖြင့် အင်စတီကျူးရှင်းတွေကို ပုံစံထုတ်ခြင်းမှာ လုပ်ဆောင်နေပြီဖြစ်တဲ့ Programmatic ကျနတဲ့အကျိုးရလဒ်တွေအတွက် အလားအလာရှိတဲ့ တန်ဖိုးနဲ့ကိုက်ညီအောင်ပြုတဲ့သက်ရောက်မှုတစ်ခုရှိနေနိုင်တယ်။ ခုထိတော့ အဲဒါဟာ သူတို့မိတ်ဆက်ခြင်းခံရတဲ့သက်ဆိုင်ရာနိုင်ငံရေးပတ်ဝန်းကျင်မှာ မြင့်မားစွာမရေမရာဖြစ်နေတယ်။

စနစ်အဆင့်မှာ Kitschelt et al နဲ့ Luna et al တို့ရဲ့ကျယ်ပြန့်တဲ့နိုင်ငံတလွှားနှိုင်းယှဉ်မှုတွေက သမ္မတဆိုင်ရာအုပ်ချုပ်မှုပုံစံက မက်လုံးပေးမဲဆွယ်မှုနဲ့ မခိုင်မာစွာဆက်နွယ်နေတယ်ဆိုတာကိုပြသတယ်။ ထို့အတူပဲ ကျယ်ပြန့်တဲ့နိုင်ငံတလွှားလေ့လာသုံးသပ်မှုတွေက ဗဟိုအာဏာချုပ်ကိုင်မှုရှိတဲ့နိုင်ငံရေးစနစ်မှာ နိုင်ငံနဲ့တဝှမ်းပေါ်လစီ

တွေ့ရှေ့နောက်ညီညွတ်မှုကိုရှာဖွေဖို့ အနည်းငယ်ပိုမိုကြီးမားတဲ့ယိမ်းယိုင်မှုနဲ့ ပါတီတွေရှိတယ်ဆိုတာကိုတွေ့ရှိတယ်။ သို့ဖြစ်စေကာမူ ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းက အိန္ဒိယနိုင်ငံကဖြစ်ရပ်က ဒေသတွင်းအဆင့်ရဲ့ စမ်းသပ်ပြုလုပ်မှုဒီဂရီအချို့ကို ခွင့်ပြုတယ်။ Cheeseman et al မှာ ရည်ညွှန်းထားတဲ့အတိုင်းပဲ။ ရွေးကောက်ပွဲဖော်မြူလာတွေရဲ့ ပုဂ္ဂိုလ်ရေးဆန်မှုလျှော့ချခြင်းနဲ့ အချိုးကျကိုယ်စားပြုမှုဟာ မူဝါဒအစီအစဉ်နဲ့ နိုင်ငံတစ်ဝန်းပေါ်လစီတွေအပေါ် အာရုံစိုက်မှုရွှေ့ပြောင်းခြင်းအတွက် အကျိုးဆက် ဖြစ်တယ်ဆိုတာကို စနစ်တကျသက်သေမပြနိုင်ဘူး။ အဲဒီလို ရည်ရွယ်ချက်ရှိတဲ့သက်ရောက်မှုတစ်ခုဟာ ဒေသတစ်ခုအဖွဲ့ဝင်တစ်ယောက်စနစ်ကနေ စာရင်းပိတ်အချိုးကျကိုယ်စားပြုမှုဆီ ( ၂၀၁၁ ခုနှစ်မှာတော့ ဒေသတစ်ခုအဖွဲ့ဝင်တစ်ယောက်စနစ်ကိုသာပြန်လည်မိတ်ဆက်တယ်) ပါလီမန်ရွေးကောက်ပွဲစနစ်ပြောင်းလဲခဲ့တဲ့ ၂၀၀၄ ခုနှစ်နိုင်ငံရေးပြုပြင်ပြောင်းလဲမှုနောက်ပိုင်း ယူကရိန်းမှာ ယာယီအားဖြင့်တနည်းတစ်ဖုံပေါ်ပေါက်ခဲ့တယ်။ အဖွဲ့ဝင်တစ်ယောက်စနစ်နဲ့ အချိုးကျစနစ်ရောနှောထားတဲ့စနစ်ဆီအပြောင်းအရွှေ့ဟာ ထိုင်ဝမ်မှာတော့ တူညီတဲ့ထင်သာမြင်သာရှိတဲ့သက်ရောက်မှုဖြစ်မလာစေခဲ့ဘူး။

ပါတီတွင်းနေရာယူမှုအဆင့်မှာ သုတေသနက ပါတီတွင်းပါဝါဗဟိုချုပ်ကိုင်မှုလျှော့ချဖို့ သက်ဆိုင်ရာယန္တရားတွေကိုရှာဖွေတွေ့ရှိတယ်။ ညီညွတ်မှုနဲ့ပါတီရဲ့ အမှတ်တံဆိပ် (ဥပမာ ပုဂ္ဂိုလ်ရေးဆန်မှုကိုလျှော့ချခြင်း) ကို ထိန်းသိမ်းခြင်းက ပါတီရဲ့မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့အားထုတ်မှုတွေကိုခိုင်မာစေဖို့၊ ဒါမှမဟုတ် အလားအလာရှိတဲ့တန်ဖိုးနဲ့ကိုက်ညီဖို့ ကူညီနိုင်တယ်။ အဲဒီထက်ပိုပြီး ပါတီကိုယ်စားလှယ်လောင်းရွေးချယ်ခြင်းကို ဒီမိုကရေစီဆန်စေခြင်း၊ ပါတီဘဏ္ဍာ ရေးတည်ငြိမ်မှုကို တိုးမြင့်စေခြင်းနဲ့ Programmatic ကျနတဲ့အဆက်အစပ်တိုးတက်ခြင်းနဲ့ တရားဝင်တွေ့ဆုံပွဲရဲ့စည်းမျဉ်းစည်းကမ်းကပါတီခေါင်းဆောင်တွေ၊ ဒါမှမဟုတ် ပါတီဝင်တွေရဲ့ Programmatic ကျနတဲ့အားထုတ်မှုတွေကို ထည့်သွင်းစဉ်းစားခြင်းနဲ့ ပိုမိုသဟဇာတဖြစ်နိုင်တယ်။ ချီလီနိုင်ငံက အဓိကကျတဲ့နိုင်ငံရေးဆိုင်ရာ ရည်မှန်းချက်တူညီတဲ့မဲပေးသူ၊ ဒါမှမဟုတ် နိုင်ငံရေးသမားအုပ်စုနှစ်ခု (ဥရုဂွေးနဲ့အတူတကွ အဲဒီအုပ်စုနှစ်ခုမှာ လက်တင်အမေရိကမှာမူဝါဒ အစီအစဉ်အကျဆုံးပါတီစနစ်ရှိတယ်)က ၂၀၁၃ ခုနှစ်က လက်တလောအကျဆုံးသမ္မတဆိုင်ရာရွေးကောက်ပွဲထဲမှာ တစ်ပြိုင်နက်တည်းဖြစ်ပေါ်တဲ့ အဓိကအချက်တွေကိုထုတ်ဖော်ပြသတယ်။ Osterkatz နဲ့ Epstein တို့ရဲ့ဖြစ်ရပ်လေ့

လာမှုထဲမှာရှင်းလင်းပြထားတဲ့အတိုင်း ဘရားဇီးပြုပြင်ပြောင်းလဲမှုဟာ ၂၀၀၂ ခုနှစ်မှာဖျက်သိမ်းခံလိုက်ရတဲ့ နောက်ထပ်ရွေးကောက်ပွဲမှာ ဝင်ရောက်ယှဉ်ပြိုင်ဖို့ မွေးဖွားခွင့်အခွင့်အရေးလိုမျိုးဝတ္တရားတွေကိုအာမခံတဲ့ candidato nato ထောက်ပံ့ခြင်းကဲ့သို့ Programmatic ကျနတာမဟုတ်တဲ့နိုင်ငံရေးစနစ်တွေကို တခြားတစ်ဖက်က အခွင့်အလမ်းသာစေတဲ့ သက်ရောက်မှုကြီးမားတဲ့လက္ခဏာရပ်တွေကို ချေဖျက်ခဲ့တယ်။ Protsyk ရှင်းပြထားခဲ့တဲ့အတိုင်း ၂၀၀၄ ခုနှစ်တစ်လျှောက်လုံး ပါလီမန်တွင်းနေရာရယူမှုအပေါ် ယူကရိန်းရဲ့ပြုပြင်ပြောင်းလဲမှုက နိမ့်ပါးတဲ့ပါတီတွေကို အတည်ပြုတဲ့အချိန်မှာ (၁၉၉၈–၂၀၀၁အတွင်းမှာ ဖြစ်စဉ် ၅၆၃ ခုရှိပြီး ၂၀၀၆–၀၇ အတွင်းမှာ ဖြစ်စဉ် ၆ ခုရှိတယ်) ပြောင်းလဲခြင်းကို ကူညီပေးနိုင်တယ်။

အဲဒီသုတေသနက အဲဒီအဖွဲ့အစည်းဆိုင်ရာစီစဉ်ဆောင်ရွက်ချက်တွေက Programmatic ကျနသူတွေရဲ့တည်ရှိမှု၊ နိုင်ငံရဲ့ နိုင်ငံရေးဘောဂဗေဒပုံစံ၊ ဒါမှမဟုတ် ပါတီကိုယ်တိုင်ရဲ့အရွယ်အစားတို့လိုမျိုး အဆက်အစပ်ဆိုင်ရာအစိတ်အပိုင်းတွေအပေါ်မှာ အဲဒီအားပေးထောက်ခံမှုအခန်းကဏ္ဍက မရေမရာဖြစ်နေတဲ့အတိုင်း ပါဝင်တယ်ဆိုတာကိုလည်း အကြံပြုတယ်။

Programmatic ကျနတဲ့အကျိုးရလဒ်တွေထဲက အလားအလာရှိတဲ့ တန်ဖိုးနဲ့ကိုက်ညီတဲ့ ပါတီတွင်းစီစဉ်ဆောင်ရွက်မှုတွေက မဟာဗျူဟာကျတဲ့နိုင်ငံရေးအုပ်စုပြန်လည်ဖွဲ့စည်းခြင်းလုပ်ငန်းစဉ်တစ်ခုကိုဖြတ်ပြီး နိုင်ငံရေးသမားတွေသွားခြင်းအတွက် ဆွဲဆောင်မှုရှိနိုင်တယ်။ ဒါမှမဟုတ် ပါတီတွင်းအဖွဲ့အစည်းရဲ့ နည်းလမ်းသစ်ကိုတန်ဖိုးထားတဲ့ အနည်းငယ်ထိတွေ့တဲ့မဲဆန္ဒနယ်တွေကို လိုလိုလားလားလက်ခံနိုင်ဖွယ်ရှိတဲ့ အတိုက်အခံထဲက ပါတီတွေဖြစ်တယ်။

အခြေခံအားဖြင့် အင်စတီကျူးရှင်းဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေက နိုင်ငံရေးပါတီတွေရဲ့တောင်းဆိုမှုတွေအားဖြင့် နည်းလမ်းကျနစွာ စတင်ပြီး မောင်းနှင်တယ်။ အဲဒီအပြင် ပြုပြင်ပြောင်းလဲရေးလုပ်ငန်းစဉ်တွေက သက်ဆိုင်ရာအဆက်အစပ်ဆိုင်ရာနိုင်ငံပြဿနာတွေကို ကိုင်တွယ်မှာဖြစ်ပြီး နိုင်ငံရေးသမားတွေရဲ့ အင်စတီကျူးရှင်းတွေနဲ့ထိတွေ့တဲ့သမိုင်းဝင်အတွေ့အကြုံတွေရဲ့ အမွေအနှစ်အပေါ်အခြေခံပြီး ဆုံးဖြတ်ခံရဖို့ အလားအလာအရှိဆုံးဖြစ်တယ်။ သက်ဆိုင်ရာအင်စတီကျူးရှင်းဆိုင်ရာစီစဉ်ဆောင်ရွက်မှုတွေရဲ့ ထောက်ခံချက်ကိုခွင့်ပြုဖို့အတွက် သုတေသနကခွင့်မပြုပေမဲ့ အောက်ပါအခြေခံစည်းမျဉ်းတွေက အင်စတီကျူးရှင်ဆိုင်ရာပြုပြင်ပြောင်းလဲမှုတွေကို လမ်းညွှန်ဖို့

လုပ်ဆောင်ပေးနိုင်တယ်။

– နိုင်ငံရေးဆိုင်ရာအများစုဖြစ်မှုအတွက် တည်ရှိပြီးသားအာမခံချက်တွေက Programmatic ကျနတဲ့ယှဉ်ပြိုင်မှုကို ဖြစ်မြောက်စေအောင်အထောက်အကူပြုခြင်းထဲက အတိုက်အခံပါတီတွေရဲ့အခန်းကဏ္ဍကို အခွင့်အလမ်းအသာပေးနိုင်တယ်။ အများစုဖြစ်မှုဟာ နိုင်ငံရေးမျက်စိလျှမ်းမှုထဲနဲ့ ဆုံးဖြတ်ချက်ချမှတ်တဲ့အဖွဲ့တွေ (ဥပမာ အားဖြင့် အတိုက်အခံပါတီတွေထဲက ကော်မတီနေရာတွေ) ကို ထည့်သွင်းမြှုပ်နှံခံရပြီဆိုရင် ပေါ်လစီနဲ့ပတ်သက်လို့ယှဉ်ပြိုင်မှုအတွက် ပိုမိုကြီးမားတဲ့အခွင့်အလမ်းတွေက အလားအလာရှိစွာပေါ်ထွက်လာနိုင်တယ်။ တူညီတဲ့အခွင့်အလမ်းအရ နိုင်ငံတစ်ခုထဲက ဒီမိုကရက်တစ်တာဝန်ယူမှု၊ တာဝန်ခံမှုရှိခြင်းကို အင်စတီကျူးရှင်းအသွင်ပြုဖို့ ပုံစံထုတ်ထားတဲ့ပြုပြင်ပြောင်းလဲမှုတွေဟာ ပေါ်လစီအခြေခံပေါ်မှာယှူဆဖို့ရာ အစိုးရကို စစ်ဆေးဖို့နဲ့ ကိုင်တွယ်ဖို့ခံစားခွင့်တွေနဲ့အတူ အတိုက်အခံပါတီတွေကို ထောက်ပံ့ပြီး တစ်ခုလုံးအနေနဲ့ စနစ်ထဲမှာ ကောင်းမွန်မှုစက်ဝန်းတစ်ခုကို ဖန်တီးလိမ့်မယ်။

– Programmatic ကျနတဲ့မဟာဗျူဟာတွေကို အောင်မြင်စွာလိုက်နာတဲ့ပါတီတွေဟာ အခြေခံစည်းမျဉ်းတစ်ခုအနေနဲ့ ပါတီတွင်းနိုင်ငံရေးအာဏာပိုင်အဖွဲ့အစည်းရဲ့ဗဟိုချုပ်ကိုင်မှုလျှော့ချခြင်းကို ပြုပြင်ခြင်းကနေ အကျိုးကျေးဇူးတွေထပ်မံခံစားရနိုင်တယ်။ ပါတီရဲ့ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တစ်ခုကို ဒီဇိုင်းထုတ်တဲ့နေရာမှာ နိုင်ငံရေးသမားတွေဟာ မြင့်မားတဲ့၊ အလယ်အလတ်ဖြစ်တဲ့၊ အခြေခံအဆင့်ဖြစ်တဲ့လွှမ်းမိုးမှု (ဥပမာ သူတို့ပေါ်ပေါက်လာတဲ့အချိန်မှာ ပါတီတွင်းပေါ်လစီဆွေးနွေးငြင်းခုံမှုတွေထဲက ကွဲပြားတဲ့အဆင့်တွေကနေ ခေါင်းဆောင်တွေနဲ့အတူ ထိတွေ့ခြင်းအားဖြင့်) တွေအကြားက မျှခြေတစ်ခုကို ဖန်တီးခြင်းအားဖြင့် ပါတီရဲ့ Programmatic ကျနတဲ့အမှတ်သညာလက္ခဏာတွေကို တိုးမြင့်စေနိုင်တယ်။ အဲဒီလို မျှခြေ တစ်ခုဟာ ပါတီခေါင်းဆောင်ကို ပေါ်လစီအရင်းခံတဲ့ပါတီဝင်တွေအပေါ် ပိုမိုတုံ့ပြန် နိုင်အောင်ပြုလုပ်နိုင်တယ်။

– ပေါ်လစီအောင်နိုင်သူတွေဆီကို ပါဝါလွှဲပေးဖို့ အယုံသွင်းခံရပြီး အဆင့်အတန်းကနေပိုမိုလွှမ်းမိုးတာကိုခွင့်ပြုတဲ့ ပါတီခေါင်းဆောင်တွေနဲ့ အလယ်အလတ်တန်းခေါင်းဆောင်တွေဟာ ပေါ်လစီကိုတိမ်းညွှတ်တဲ့ပူးတွဲဘက်တော်သား အသစ်တွေကို ဆွဲဆောင်ဖို့ ပိုမိုအလားအလာရှိတယ်။ ပိုမိုတုံ့ပြန်မှုရှိတဲ့ပါတီတွေဟာ ပိုမိုကြီးမား

တဲ့ပါတီတွင်းညီညွတ်မှုကို စိတ်ပါဝင်စားမှာဖြစ်ပြီး သူတို့ရဲ့ခေါင်းဆောင်တွေက ပါတီရဲ့ပေါ်လစီအနေအထားတွေအပေါ် ကတိပျက်ဖို့ခက်ခဲခြင်းကို ရှာတွေ့မှာဖြစ်တယ်။ သုတေသနက Programmatic ကျနတဲ့ပါတီတွေက ဘယ်လို အဲဒီလိုညီမျှမှုကို ဖော်မြူလာထုတ်ဖို့နဲ့ အင်စတီကျူးရှင်းအသွင်ပြုဖို့ အားသန်သလဲဆိုတာပြသတယ်။ လမ်းကြောင်းရဲ့ပြဿနာအရ၊ ပိုမိုကြီးမားတဲ့ပါတီအတွင်းပိုင်းဆိုင်ရာ အခြေခံကျတဲ့ ဆုံးဖြတ်ချက်ချမှတ်ခြင်းလုပ်ငန်းစဉ်တွေဟာ ကိုယ်စားလှယ်လောင်း အမည်စာရင်းတင်သွင်းခြင်းလုပ်ငန်းစဉ်၊ ဒါမှမဟုတ် ပေါ်လစီရှင်းချိန်ခြင်းတွေဟာ ပါတီတွင်းအာဏာပိုင်အဖွဲ့ရဲ့ ဗဟိုချုပ်ကိုင်မှုလျော့ချခြင်းထဲက အဲဒီလိုမျှခြေတစ်ခုကို ထုတ်လုပ်ဖို့ပိုမိုအလားအလာရှိတယ်။

– ပါတီနဲ့၎င်းရဲ့ဥပဒေပြုအဖွဲ့ကြားဆက်နွယ်မှုကို အားဖြည့်ခြင်းမှာတန်ဖိုးရှိတယ်။ ဥပဒေပြုအဖွဲ့ဝင်တွေကို စည်းကမ်းသတ်မှတ်ဖို့ပါတီကိုအာဏာအနည်းငယ်ပေးခြင်းဟာ Programmatic ကျနမှုကိုကာကွယ်ကူညီနိုင်တယ်။ တစ်ဦးချင်းစီရဲ့ခြေရာအားလုံးကိုဖျက်ဖို့ မဖြစ်နိုင်သလို မလုပ်သင့်ဘူး။ ရွေးချယ်ထားတဲ့ကိုယ်စားပြုမှုဟာ မဲဆန္ဒရှင်တွေဆီကလက်ခံရရှိတဲ့ လမ်းကြောင်းအတွင်း ညွှန်ကြားချက်ဖြစ်တဲ့ ရွေးချယ်မှုကိုပြုလုပ်ဖို့ နေရာလွတ်တွေလိုအပ်တယ်။ စုပေါင်းထားတဲ့ ဥပဒေပြုသူတွေနဲ့တစ်ဦးတည်းဥပဒေပြုသူတွေကြားသင့်လျော်တဲ့ ဟန်ချက်ညီမှုကို ရှာဖွေဖို့ခက်ခဲတယ်။ ပါတီရဲ့ဖြစ်တည်မှုနဲ့ နီးစပ်တဲ့အတွင်းပိုင်းပေါ်လစီနဲ့ကိစ္စရပ်ကြား အင်စတီကျူးရှင်းကို စည်းကမ်းသတ်မှတ်မှုအပေါ်တန်ဖိုးကြီးစွာနေရာပေးရင် တစ်ဦးတည်းဥပဒေပြုသူတွေဟာ ပါတီနေရာကနေသွေဖည်ဖို့ တန်ဖိုးကြီးစွာပေးဆပ်ရမယ်ဆိုတာကိုတွေ့လိမ့်မယ်။ အရေးပါမှုနည်းပါးတဲ့ကိစ္စတွေမှာ လိုက်လျောမှုအချို့ပြုလုပ်သင့်ပြီး သဘောထားကွဲလွဲမှုဟာ မဲဆန္ဒရှင်တွေနဲ့မကင်းကွာဘဲ ဟန်ချက်ညီမှုကိုရှာဖွေဖို့ လက်တွေ့ကျတဲ့နည်းလမ်းဖြစ်နိုင်တယ်။

– Luna ရဲ့အကြံပေးချက်အတိုင်း ပိုမိုပွင့်လင်းမြင်သာမှုနဲ့အင်စတီကျူးရှင်းပြုထားတဲ့ဘဏ္ဍာရေးဆိုင်ရာစည်းမျဉ်းတွေအောက်မှာ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ပါတီတွေဟာ တောင့်တင်းခိုင်မာဖို့ပိုမိုအလားအလာရှိတယ်။ နိုင်ငံရေးကစားပွဲနယ်ပယ်တွေဟာ အထူးသဖြင့်မဲဆန္ဒရှင်တွေအတွက် မက်လုံးပေးမဲဆွယ်မှုနဲ့ အရှိန်အဝါသုံးမဲဆွယ်မှုကို အနည်းဆုံးတစ်စိတ်တစ်ဒေသအားဖြင့် လျော့ချဖို့သေချာစေတယ်။ ဘဏ္ဍာရေးအရင်းအမြစ်အတွက် ရပိုင်ခွင့်အချို့ပွင့်လင်းမှု၊ ပွင့်လင်းမြင်သာ

မှုတွေကိုမြှင့်တင်တဲ့ စည်းမျဉ်းနဲ့အလေ့အကျင့်တွေဟာ ပါတီရဲ့မူဝါဒဆိုင်ရာကြိုးပမ်းမှုတွေကို ပိုမိုအားပေးအောင်ပြုလုပ်တယ်။

ပြုပြင်မှု (ဥပမာ အတွင်းပိုင်းဒီမိုကရေစီအတွက် အဖွဲ့အစည်း စည်းကမ်းနဲ့ ပွင့်လင်းမြင်သာမှု) အတွက် လစာတိုးမြှင့်တဲ့ချဉ်းကပ်မှုဟာ ပါတီအတွင်းပိုင်းစီမံခန့်ခွဲမှုရဲ့ ငွေကြေးစီမံမှုအခြေအနေကနေဆင်းသက်ပြီး ပြုပြင်မှုကိုပေါ်လစီအခြေခံတဲ့ ခေါင်းဆောင်ကသတ်မှတ်တယ်။ ဒီလိုခေါင်းဆောင်တွေဟာ အကြိုက်ချင်းတူတဲ့ပါတီဝင်တွေကို ပိုမိုအကျိုးသက်ရောက်မှုနဲ့ပိုမိုဆွဲဆောင်နိုင်ဖို့ပြုလုပ်တယ်။

## *Programmatic ကျနတဲ့နယ်များအတွက်  လိုအပ်ချက်*

မက်လုံးအားလုံးနေရာမှာ မူဝါဒဆိုင်ရာအကြိုက်ခြင်းတူတဲ့နိုင်ငံရေးသမားတွေဟာ အစိုးရအဖွဲ့အတွင်းရောက်ရှိဖို့မဲပေးရတယ်။ အထက်မှာဖော်ပြသလို နိုင်ငံရေးသမားတွေဟာ မူဝါဒဆိုင်ရာသတင်းစကားကိုလိုလားတဲ့တောင်းဆိုမှုနဲ့ အနည်းဆုံး လက်ခံမှုရှိရန်အတွက် မဲဆန္ဒရှင်တွေကိုလိုအပ်တယ်။ မြို့ပြဆန်မှုရဲ့ အခန်းကဏ္ဍဟာ နိုင်ငံရဲ့လုပ်ဆောင်နိုင်စွမ်းကို ပုံဖော်သလို လူမှုဆိုင်ရာချိတ်ဆက်မှုရဲ့ အဓိကအခြေခံအချက်ဟာ မဲဆန္ဒရှင်တွေကို မူဝါဒဆိုင်ရာဆွဲဆောင်မှုတွေကိုအနည်းနဲ့အများလက်ခံအောင်ပြုလုပ်ရမယ်။ လူမျိုးစုတူညီမှုကလည်း မူဝါဒဆိုင်ရာဆွဲဆောင်မှုကို မြန်ဆန်၊ ဒါမှမဟုတ် နှေးကွေးစေတယ်။

စီးပွားရေးချမ်းသာမှုနဲ့ မြို့ပြကျယ်ပြန့်မှုအဆင့်ဟာ ပညာရေးနဲ့သတင်းအချက်အလက်အတွက် ရပိုင်ခွင့်နည်းပါးမှုနဲ့ဆက်စပ်နေတယ်။ ပညာရေးနဲ့သတင်းအချက်အလက်ရပိုင်ခွင့်ရဲ့သက်ရောက်မှုရှိတဲ့ လူတွေရဲ့ဘဝဟာ မူဝါဒအစီအစဉ်တကျမဲဆွယ်တဲ့ ဗျူဟာတွေရဲ့ဆွဲဆောင်မှုကို ချုပ်ချယ်ဖို့တွေးတောတယ်။ ဝင်ငွေမြင့်မားမှုဟာ လူတွေကို ရေရှည်စီးပွားရေးပိုမိုထောက်ပံ့တယ်။ ဒီစီးပွားရေးမျှော်မှန်းချက်ဟာ မဲဆန္ဒရှင်တွေကို ရေတိုအကျိုးကျေးဇူးတွေရဲ့အခြေခံနဲ့ပေါ်လစီအပေါ် အားကောင်းတဲ့အရေးပါမှုကို မဲထည့်ဖို့ အလားအလာနည်းပါးအောင်ပြုလုပ်တယ်။

ဒီသုံးသပ်ချက်တွေကို အထောက်အထားအတွက်ပြည့်ဝစွာ မထောက်ခံဘူး။ ဒီလိုတည်ဆောက်မှုဆိုင်ရာအကြောင်းအရင်းတွေဟာ သေချာမှုအလှမ်းဝေး

တယ်။ ဝင်ငွေနဲ့သတင်းအချက်အလက်ရပိုင်ခွင့်တွေကို တိကျစွာဖော်ပြတဲ့နယ်ပယ်တွေဟာ သုတေသနအတွင်းမဲဆန္ဒရှင်တွေရဲ့ မူဝါဒဆိုင်ရာနိုင်ငံရေးမထင်ရှားမှုကိုပုံဖော်တယ်။ Cheeseman ရဲ့ဖော်ပြချက်တစ်ခုကတော့ 'တိုင်းပြည်ရဲ့ဝင်ငွေအဆင့်နဲ့ ပညာရေးရပိုင်ခွင့်ကို ဂရုမစိုက်ဘူးဆိုရင် နိုင်ငံရေးဆွေးနွေးပွဲနဲ့သတင်းအချက်အလက်ရပိုင်ခွင့်ဟာ မူဝါဒဆိုင်ရာယိမ်းယိုင်မှုတွေအတွက် ကူညီနိုင်တယ်' လို့ဆိုတယ်။

- ပါတီတွေနဲ့ နိုင်ငံသားတွေဟာ လွတ်လပ်မှုနဲ့ဘဏ္ဍာရေးအရတွန်းအားပေးနိုင်တဲ့ကြီးမားတဲ့မီဒီယာနဲ့ နိုင်ငံရေးထုတ်ပြန်ချက်၊ ဆွေးနွေးပွဲအတွက် ကျယ်ပြန့်တဲ့ရပိုင်ခွင့်တွေရှိတယ်။ နီးစပ်တဲ့ပြည်သူ့အရေးတွေအပေါ် တင်ပြချက်တွေကို လူတွေဆီယူဆောင်ခြင်းဟာ မူဝါဒနိုင်ငံရေးမရှိတဲ့နေရာတွေအတွက် တောင်းဆိုမှုဖန်တီးဖို့အလားအလာကို ပိုင်ဆိုင်ဖို့ရာဖြစ်တယ်လို့ယူဆတယ်။ ပိုမိုအထူးကောင်းမွန်တဲ့အရည်အသွေးရှိတဲ့ ဂျာနယ်လစ်ဇင်ဟာ ပြည်သူ့အကျိုးသက်ရောက်မှုအတွက် သက်ဆိုင်တဲ့ကိစ္စတွေရဲ့ ထင်ရှားမှု၊ ဒါမှမဟုတ် ကျေးလက်ဒေသတွေနဲ့ဆက်စပ်နေတဲ့ အခြားပေါ်လစီများကို အလားအလာရှိစွာထပ်ဖြည့်နိုင်တယ်။ နိုင်ငံရေးဆွေးနွေးပွဲများအတွင်း စိတ်ဝင်စားမှုကိုအောင်မြင်စွာမြှင့်တင်နိုင်ခြင်းဟာ သူတို့ရဲ့မူဝါဒဆိုင်ရာအမြင်တွေအပေါ် အခြေခံတဲ့ပါတီတွေကို ရွေးချယ်ဖို့အတွက်အုတ်မြစ်ချတယ်။ နိုင်ငံရေးသမားတွေဟာ သူတို့ရဲ့သတင်းစကားတွေကို ဒေသဆိုင်ရာနဲ့နိုင်ငံအဆင့်နှစ်ခုစလုံးမှာကျယ်ပြန့်စွာ ပျံ့နှံ့လိုခြင်းရည်ရွယ်ချက်နဲ့ မီဒီယာတွေအပေါ် သူတို့ကိုယ်တိုင်မှီခိုကြတယ်။ (အထူးသဖြင့် တီဗီ၊ ရေဒီယို အစီအစဉ်ထုတ်လွှင့်တဲ့မီဒီယာ၊ လူမျိုးစုအဖွဲ့အခြေခံရေဒီယိုဌာနအပါအဝင် ဖွံ့ဖြိုးတဲ့နိုင်ငံများအတွင်း သတင်းအချက်အလက်ရဲ့ အဓိကချန်နယ်အဖြစ်ကျန်ရှိနေတဲ့ရေဒီယို) ပေါ်လစီအာရုံစိုက်တဲ့မီဒီယာတွေနဲ့ ကြုံတွေ့ရတဲ့နိုင်ငံရေးသမားတွေအတွက် သူတို့ရဲ့ပြိုင်ဘက်တွေကိုဆန့်ကျင်တဲ့ သူတို့ရဲ့အထွေထွေဖော်ပြချက်အတွက် သူတို့ရဲ့ပေါ်လစီအမြင်တွေကို ထောက်ပံ့ပေးခြင်းဟာ ယေဘုယျအားဖြင့် ကုန်ကျစရိတ်နည်းပါးပြီး မဲဝယ်ဖို့ငွေသုံးခြင်းထက် မဲဆန္ဒရှင်တွေကို အနိုင်ရဖို့ထိန်းထားနိုင်တဲ့နည်းလမ်းဖြစ်တယ်။
- နိုင်ငံရေးသတင်းနဲ့ ဆွေးနွေးပွဲရဲ့အရည်အသွေးဟာ မီဒီယာလွတ်လပ်မှု

အရေးပါသလို တစ်ဦးတည်းရပိုင်ခွင့်မြင့်တာဟာ မလုံလောက်ပါဘူး။ အထက်ကအချက်အလက်အားလုံးဟာ ကျေးလက်နဲ့ ကျေးလက်တစ်ပိုင်းဖြစ်နေတဲ့ ဇရိယာတွေအတွက်ကောင်းမွန်စွာဆက်စပ်မှုရှိရပါမယ်။ နိုင်ငံရေးသမားတွေဟာ သူတို့ရဲ့ခိုင်မာတဲ့ပြည်သူ့လိုအပ်ချက်တွေကို ရည်ညွှန်းရတယ်။ ယေဘုယျနိုင်ငံရေးဆွေးနွေးမှုတွေဟာ ပြည်သူရဲ့နေ့စဉ်ဘဝအတွက် အဓိပ္ပါယ်ပြည့်စွာဆက်စပ်နိုင်ခြေမရှိပါဘူး။ ဒါကြောင့်တစ်နိုင်ငံလုံးအတွက် ဖုံးကွယ်ထားတဲ့ ဖြေရှင်းချက်တွေထက် ကြီးမားတဲ့သတင်းအချက်အလက်ရရှိမှုဟာ ပိုမိုထိရောက်ပါတယ်။ နိုင်ငံရေးမတူညီတဲ့ ဇရိယာတွေနဲ့ပတ်သက်တဲ့ကိစ္စရပ်တွေ အမျိုးမျိုးအတွက် ကိုက်ညီမှုရှိရင်ကျေးလက်နဲ့ ကျေးလက်တစ်စိတ်တစ်ဒေသဇရိယာတွေအတွင်း သက်ရောက်မှုဟာ ပိုမိုစိန်ခေါ်မှုတွေရှိတယ်။ ဒါပေမဲ့ ယနေ့ခေတ်နည်းပညာဆိုင်ရာတိုးတက်မှုဟာ များပြားတဲ့သတင်းအရင်းအမြစ်တွေအတွက် ကုန်ကျစရိတ်နည်းပါးစွာချိတ်ဆက်ဖို့ လူတွေကို ရွေးချယ်မှုရဲ့ အရင်ကမရှိခဲ့တဲ့စနစ်ကျနမှုကို ကမ်းလှမ်းပါတယ်။ မီဒီယာအသစ်ဟာ ဖွံ့ဖြိုးမှုအနည်းဆုံးနိုင်ငံတွေမှာ ထိုးဖောက်ဝင်ရောက်မှုနည်းပါးသေးပေမဲ့ ပြည်သူ့လုပ်ငန်းစဉ်အတွင်းကြီးမားတဲ့ သဘောထားနဲ့ လွှမ်းမိုးမှုကို လူထုဆီပေးဖို့အခွင့်အလမ်းတွေဖော်ဆောင်နေတယ်။ မိုဘိုင်းပစ္စည်းရပိုင်ခွင့်၊ ဒစ်ဂျစ်တယ်ဆက်သွယ်ရေးနဲ့ ဈေးချိုသာပြီး ကျယ်ပြန့်လာတဲ့အင်တာနက်လိုမျိုး လုံခြုံတဲ့ပတ်သက်ဆက်နွှယ်မှုဟာ ပိုမိုကြီးထွားကာ လွယ်ကူလာနေပါတယ်။

အကျဉ်းအားဖြင့် လူထုအတွက်ပစ်မှတ်ထားပတ်သက်ဆက်နွှယ်ပါဝင်မှုနဲ့ ကြီးမားတဲ့သဘောထားတွေကိုပေါင်းစပ်ထားတဲ့မီဒီယာရပိုင်ခွင့်ကိုချဉ်းကပ်မှုဟာ မြို့ပြဇရိယာအပြင်ဘက် Programmatic နိုင်ငံရေးအတွင်းပါဝင်ဖို့ နှောင့်နှေးမှုကို ကျော်လွှားရာမှာ စိတ်ဝင်စားလာဖို့အတွက် နိုင်ငံရေးသမားတွေကိုတွန်းပို့ခြင်းရဲ့ ပိုမိုကောင်းမွန်တဲ့ အခွင့်အလမ်းတွေပိုင်ဆိုင်တယ်။

အထက်ပါဖော်ပြမှုအားလုံးဟာ အခွင့်အလမ်းသာမှုရှိတယ်။ ဒါပေမဲ့ Programmatic နိုင်ငံရေးပါတီတွေပေါ်ထွက်လာမှုအခြေအနေအတွက် မလုံလောက်ဘူး။ သူတို့ ကိုအခွင့်ကောင်းယူဖို့ ပါတီတွေဟာ ရှုထောင့်အပေါ် အချိန်နဲ့အခြေအနေအရ အခွင့် အလမ်းတွေကို ပုံဖော်ခြင်းနဲ့ဆုပ်ကိုင်ခြင်းတို့ကိုစွမ်းဆောင်နိုင်တဲ့ခေါင်းဆောင်တွေ လိုအပ်တယ်။ ဒီခေါင်းဆောင်တွေဟာ Programmatic တွေအပေါ် ပုံစံချမှု၊ ဆွေးနွေးမှု၊ ထိန်းသိမ်းမှုနဲ့ ဆောင်ရွက်မှုတွေအတွက် အရည်အချင်းတွေပိုင်ဆိုင်ရမယ်။

အောင်မြင်တဲ့မူဝါဒအစီအစဉ်ပြောင်းလဲမှုတွေဟာ ရွေးကောက်ခံနိုင်ရဖွယ်ရှိတဲ့ နိုင်ငံရေးအရသိရှိနားလည်မှုနဲ့ စွမ်းဆောင်ရည်ရှိတဲ့နိုင်ငံရေးသမားတွေအပေါ် မှီခိုရတယ်။ ဘရာဇီး၊ အိန္ဒိယနဲ့ဇမ်ဘီယာလိုနိုင်ငံတွေမှာ ခေါင်းဆောင်မှုကဏ္ဍရဲ့ Programmatic နိုင်ငံရေးသို့ချဉ်းနင်းဝင်ရောက်မှုပြုလုပ်ရာမှာ အလွန်အရေးကြီးတယ်ဆိုတဲ့ဥပမာတွေကို Cheeseman နဲ့ Kitschelt က ထောက်ပံ့တယ်။ Programmatic နိုင်ငံရေးအပေါ် အပေါင်းလက္ခဏာဆောင်တဲ့သက်ရောက်မှုရှိဖို့ ပေါ်လစီမောင်းနှင်တဲ့ နိုင်ငံရေးခေါင်းဆောင်တွေကို ထောက်ခံခြင်းဟာ အောက်ပါအချက်တွေကိုဆိုလိုရာရောက်တယ်။

- ပေါ်လစီနဲ့ပေါ်လစီလိုက်ပါဆောင်ရွက်မှုခေါင်းဆောင်ရဲ့ လမ်းကြောင်းအပေါ် သူတို့ရဲ့အလေးအနက်ထားမှုအတွက် ထင်ရှားတဲ့ခေါင်းဆောင်တွေအပေါ် အာရုံစိုက်မှု
- ပုဂ္ဂလိကစွမ်းဆောင်ရည်နဲ့ထင်ရှားတဲ့ ပေါ်လစီကိစ္စရပ်တွေကိုက်ညီမှုဟာ ပေါ်လစီအခြေခံနိုင်ငံရေးသမားတွေအတွက် ဆွဲဆောင်မှုရှိတဲ့ ဗျူဟာတစ်ခုဖြစ်ပုံရတယ်။ လှုပ်ရှားဖို့ပြင်ဆင်မှုဟာလည်း ထင်ရှားတဲ့အခြေအနေအတွက် ပေါ်လစီဆွေးနွေးပွဲကိုဖြစ်စေတဲ့ အလားအလာကိုပိုင်ဆိုင်တယ်။ ဒါဟာ ပေါ်လစီကိစ္စရပ်တွေရဲ့ထင်ရှားမှုကိုလွှမ်းမိုးဖို့ ကိုယ်စားလှယ်တွေကိုလိုအပ်ပြီး ကိစ္စရပ်တွေအပေါ်မဲဆန္ဒရှင်တွေရဲ့ရပ်တည်ချက်က သူတို့ကို အကောင်းဆုံးအရည်အချင်းပြည့်ဝစေတယ်။ ဒီလိုဖြစ်စဉ်တွေဟာ လှုပ်ရှားမှုမရှိတဲ့အရာတွေမှာ မဖြစ်ပွားသလို လှုပ်ရှားရန်ပြင်ဆင်မှုဟာလည်း ပြည်

သူ့စိတ်ဝင်စားမှုရဲ့ အနှစ်သာရဖြစ်တဲ့ ကိစ္စတွေအတွက် တုံ့ပြန်မှုရှိတဲ့ ကိုယ်စားလှယ်တွေလိုအပ်တယ်။

မူဝါဒဆိုင်ရာယိမ်းယိုင်မှုကိုပြသတဲ့ ပါတီသစ်နဲ့ အတိုက်အခံပါတီရဲ့ခေါင်းဆောင်တွေဟာ လှုပ်ရှားမှုပြုလုပ်ရမယ့်ဗျူဟာများကို အလွန်စိတ်ဝင်စားတယ်။ အထူးသဖြင့် ခက်ခဲတဲ့ရွေးကောက်ပွဲဆိုင်ရာလှုပ်ရှားမှုတွေအပေါ် စိတ်ဝင်စားတယ်။ ဒါပေမဲ့ ဒါဟာ ခိုင်မာတဲ့မဲပေးမှုကိုလိုအပ်ပြီး နိုင်ငံရေးသမားတွေရဲ့ နိုင်ငံသားများသိမြင်မှုကို ကာလရှည်လေ့လာဆန်းစစ်မှုပြုလုပ်တာဟာ အကုန်အကျများစေတယ်။ ဒီလိုနည်းလမ်းတွေအတွက် ပိုမိုကျယ်ပြန့်တဲ့အခွင့်အလမ်းတွေဟာ အန္တရာယ်မရှိဘဲ သူတို့ရဲ့ ဗျူဟာတန်ဖိုးတွေဟာ ကိုယ်စားလှယ်နဲ့ပါတီတွေအတွက်ပိုမိုဆွဲဆောင်တဲ့ Programmatic ကျနမှုတွေကို ပြုလုပ်ဖို့အတွက် ပါဝင်ကူညီတယ်။

ဒီစာအုပ်ထဲမှာ ဖော်ပြထားတဲ့သုတေသနနဲ့ ဒီအခန်းရဲ့နိဂုံးချုပ်ဟာ Programmatic ကျနတဲ့နိုင်ငံရေးအတွက် ကူညီတဲ့နိုင်ငံရဲ့ပတ်ဝန်းကျင်ကို ပြုလုပ်တဲ့ အခြေအနေရဲ့ ပမာဏနဲ့ အနီးစပ်ဆုံးဖွင့်ဆိုမှုကိုထောက်ပံ့တယ်။ ဖော်ပြချက်ဟာ နိဂုံးနဲ့ဝေးကွာမှုကိုပြုလုပ်တယ်။ ဒီအခြေအနေတွေဟာ အဆိုးဆုံးဟန့်တားမှုနဲ့ အကောင်းဆုံးအခွင့်အလမ်းတွေကိုဖော်ပြပြီး သူတို့ရဲ့ကိုယ်ပိုင်အပေါ် ပြောင်းလဲမှုတိုင်းကို အာမမခံဘူးလို့ဆိုလိုတယ်။ ဖော်ပြထားတဲ့အခြေအနေတွေရဲ့တစ်ခု၊ ဒါမှမဟုတ် တစ်ခုထက်ပိုပြီးတည်ရှိနေမှုဟာ ရှင်းလင်းတယ်။ ပါတီတစ်ခုဟာ အလိုလိုနေရင်း မူဝါဒအခြေခံပါတီမဖြစ်လာဘူး။ ဒါပေမဲ့ ဒီလိုဖြစ်မှုနဲ့ပတ်သက်ပြီး ပြောဆိုမှုအချို့ရှိပါတယ်။ မျှော်လင့်ချက်ကြီးစွာနဲ့ ဒီစာအုပ်ဟာ Programmatic ကျနတဲ့ နိုင်ငံရေးကို အဆုံးစွန်ရှင်းပြထားတဲ့ အခြေအနေတွေဖြစ်ပြီး ဒီအခြေအနေတွေအပေါ်သက်ရောက်တဲ့ စာဖတ်သူကိုဆွဲဆောင်ရာမှာအောင်မြင်ဖို့ မျှော်လင့်တယ်။

**Bibliography and Further Reading**

LeBas, Adrienne, *From Protest to Parties: Party-Building and Democratization in Africa* (Oxford: Oxford University Press, 2011)

Luna, Juan Pablo, Rosenblatt, Fernando and Toro, Sergio, *Desk Review on Programmatic Parties* (Stockholm: International IDEA, 2011), available at <http://www.idea.int/development/upload/Luna_Desk-Review_Full.pdf>

Protsyk, Oleh, 'Programmatic Parties in Comparative Perspective: Ukraine' in Nic Cheeseman (ed.), *Programmatic Parties* (Stockholm: International IDEA, 2012), pp. 83–104

Shefter, Martin, *Political Parties and the State: The American Historical Experience* (Princeton: Princeton University Press, 1994)

Wang, Yi-ting, 'A Case Study of Parties' Programmatic and Clientelistic Electoral Appeals in Taiwan' in Herbert Kitschelt and Yi-ting Wang (eds.), *Research and Dialogue on Programmatic Parties and Party Systems* (Stockholm: International IDEA, 2012), pp. 161–82

# စာရေးသူများနှင့် စပ်လျဉ်း၍

**Nic Cheeseman** ဟာ အောက်စ်ဖို့ဒ်တက္ကသိုလ်က အာဖရိကလေ့လာရေးစင်တာရဲ့ ဒါရိုက်တာတစ်ဦးဖြစ်တယ်။ သူ့ရဲ့သုတေသနတွေဟာ ရေပန်းစားမှုအယူအဆဟာ အာဖရိကက အကျိုးသက်ရောက်မှုရှိတဲ့နိုင်ငံရေးစည်းရုံးလှုံ့ဆော်မှုတစ်ခုဟုတ်သလား၊ အခွန်ဆောင်ခြင်းက နိုင်ငံသားတွေရဲ့ ဒီမိုကရေစီနဲ့လာဘ်စားမှုဆီသို့ အပြုအမူတွေကို ဘယ်လောက်ပြောင်းလဲသွားစေသလဲနဲ့ အုပ်စိုးနေတဲ့ပါတီတွေပါဝါဆုံးရှုံးမှုအောက်က အခြေအနေတွေကို ကိုင်တွယ်လေ့လာတယ်။ စာအုပ်ထဲကအခန်းတွေနဲ့ ဆောင်းပါးအရေးအတွက်တချို့အပြင် သူဟာပူးတွဲတည်းဖြတ်တဲ့စုစည်းမှုနှစ်ခုကိုလည်း ထုတ်ဝေထားပြီးဖြစ်တယ်။ အဲဒါတွေကတော့ လွတ်လပ်ရေးရရှိတဲ့အချိန်ကနေစလို့ ကင်ညာရဲ့နိုင်ငံရေးကိုဖုံးလွှမ်းထားတဲ့ Our Turn To Eat (2010) နဲ့ The Handbook of African Politics (2013) တို့ပဲဖြစ်တယ်။ ပညာရပ်ဆိုင်ရာစာအုပ်တစ်အုပ်ဖြစ်တဲ့ Democracy in Africa ကို ၂၀၁၄ ခုနှစ်မှာ ကိန်းဘရစ်တက္ကသိုလ်ပုံနှိပ်တိုက်ကနေ ထုတ်ဝေမှာဖြစ်ပြီး ဒုတိယတစ်အုပ်ဖြစ်တဲ့ How to Rig An Election ကတော့ လက်ရှိအချိန်မှာ ယေးလ်တက္ကသိုလ်ပုံနှိပ်တိုက်နဲ့ စာချုပ်ချုပ်ထားပြီးဖြစ်တယ်။ Nic ဟာ သူ့ရဲ့အချိန်အများစုကို UK (ကက်ဘိနက်ရုံး၊ နိုင်ငံခြားရေးရုံး၊ နိုင်ငံတကာဖွံ့ဖြိုးမှုဌာန) နဲ့ ပြည်ပ (ဘရာဇီးအစိုးရရဲ့ Instituto Rio Branco၊ Lagos ပြည်နယ်အစိုးရ၊ ပန်အာဖရိကန်ပါလီမန်၊ ကမ္ဘာ့ဘဏ်) တို့မှာ ပေါ်လစီချမှတ်သူတွေနဲ့ပတ်သက်တဲ့သူ့ရဲ့အလုပ်တွေ (အရေးအသားတွေ) ရဲ့ သွယ်ဝိုက်သက်ရောက်မှုတွေကို ရှင်းလင်းတင်ပြရင်းကုန်ဆုံးတယ်။ သူဟာ African Affairs ရဲ့ပူးတွဲအယ်ဒီတာ၊ အာဖရိကန်တိုးတက် ရေးပင်နယ်ရဲ့ အကြံပေးတစ်ဦးနဲ့ ဆက်သွယ်ရေးသုတေသန (အာဖရိက) မှာ UNICEF သဘာပတိအကြံပေးဘုတ်အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်။

**Herbert Kitschelt** ဟာ Dukeတက္ကသိုလ်က နိုင်ငံရေးသိပ္ပံဌာနမှာ နိုင်ငံတကာဆက်ဆံရေးဘာသာရပ်ရဲ့ George V.Allen Professor ဖြစ်တယ်။ သူဟာ နိုင်ငံရေးပါတီတွေနဲ့ ရွေးကောက်ပွဲတွေရဲ့ နှိုင်းယှဉ်မှုဆိုင်ရာနိုင်ငံရေးဘောဂဗေဒတို့မှာ အထူးပြုလေ့လာတယ်။ သူရဲ့စာအုပ်နဲ့ ဆောင်းပါးတွေထဲမှာ သူဟာ Logics of Party Formation(Cornell University Press,1989), Beyond the European Left (Duke University Press,1990), The Transformation of European Social Democracy (Cambridge University Press, 1994), The Radical Right in Western Europe (University of Michigan Press, 1995, Winner of the American Political Science Association's Woodrow Wilson Foundation Award), Post-Communist Party Systems (Cambridge University Press, 1999), Continuity and Change in Contemporary Capitalism (Cambridge University Press,1999), Patrons, Clients, and Policies (Cambridge University Press,2007) နဲ့ Latin American Party Systems (Cambridge University Press,2010) စာအုပ်တွေရဲ့စာရေးသူ၊ ပူးတွဲစာရေးသူနဲ့ အယ်ဒီတာဖြစ်တယ်။ သူဟာ လတ်တလောမှာ သုတေသနပရောဂျက်နှစ်ခုကို အပြီးသတ်နေတယ်။ တစ်ခုက ကမ္ဘာတလွှားကယှဉ်ပြိုင်မှုဆိုင်ရာဒီမိုကရေစီစနစ်တွေထဲက ဒီမိုကရက်တစ်ဘက်လိုက်တဲ့အချိတ်အဆက်တွေအပေါ်မှာ ပြုလုပ်နေတာဖြစ်ပြီး သူ့ရဲ့ညွှန်ကြားမှုအောက်က ဒီမိုကရက်တစ်တာဝန်ယူမှု၊ တာဝန်ခံမှုနှင့် အချိတ်အဆက်ပရောဂျက်ကကောက်ယူထားတဲ့အချက်အလက်တွေအပေါ် အခြေခံထားတာဖြစ်တယ်။ နောက်ထပ်တစ်ခုကတော့ စက်မှုလွန်ဒီမိုကရေစီစနစ်ထဲက ဘက်လိုက်တဲ့နိုင်ငံရေးပြန်လည်ဖွဲ့စည်းခြင်း (Philipp Rehm နဲ့အတူတကွပြုလုပ်တဲ့) အပေါ် ပြုလုပ်တာဖြစ်တယ်။ သူဟာ အမေရိကန်နိုင်ငံရေးသိပ္ပံအသင်းရဲ့ ၂၀၀၀ ခုနှစ် Franklin L.Burdette ဆုကို ၁၉၉၉ ခုနှစ် APSA နှစ်စဉ်အစည်းအဝေးမှာ အကောင်းဆုံးစာတမ်းတင်သွင်းနိုင်ခဲ့တဲ့အတွက်ရရှိခဲ့ပြီး အမေရိကန်ဝိဇ္ဇာနှင့် သိပ္ပံအကယ်ဒမီရဲ့ အဖွဲ့ဝင်တစ်ယောက်ဖြစ်တယ်။

**Juan Pablo Luna** ဟာ Instituto de Ciencia Politica, Pontificia Universidad Catolica de Chile ကလက်ထောက်ပါမောက္ခဖြစ်တယ်။ သူဟာ နိုင်ငံရေးပါတီတွေနဲ့ ဒီမိုကရက်တစ်ကိုယ်စားပြုမှုနဲ့ မညီမျှမှုနဲ့ နိုင်ငံ့အင်စတီကျူးရှင်းသဘာဝတွေရဲ့ နိုင်ငံရေးသက်ရောက်မှုတွေကိုလေ့လာမှုပြုလုပ်ဖို့ စိတ်ဝင်စားတယ်။ သူဟာ Segmented Representation: Political Party Startegies in Unequal Democracies (Oxford University Press,2014) ရဲ့ စာရေးသူဖြစ်ပြီး The Resilience of the Latin American Right (Johns Hopkins University Press, 2014) ရဲ့ပူးတွဲအယ်ဒီတာလည်းဖြစ်တယ်။ ၂၀၁၀ ခုနှစ်အတွင်းမှာ သူဟာ Latin American Party Systems (Cambridge University Press) စာအုပ်ကို ပူးတွဲရေးသားခဲ့တယ်။ သူရဲ့ဘွဲ့ယူသုတေသနကို ၂၀၀၈ ခုနှစ်မှာ အမေရိကနိုင်ငံရေးသိပ္ပံအသင်းရဲ့ နှိုင်းယှဉ်လေ့လာမှုဆိုင်ရာဒီမိုကရေစီအသွင်ကူးပြောင်းခြင်းကဏ္ဍက Juan Linz အကောင်းဆုံးဘွဲ့ယူ့စာတမ်းဆုပေးအပ်ခဲ့တယ်။ သူ့ရဲ့လက်ရာဟာ Comparative Political Studies, Politicay Gobierno, Revista de Ciencia Politica, Latin American Politics and Society, International Political Science Review, Third World Quarterly, Journal of Latin American Studies, Journal of Democracy, Prefiles Latinoamericanos နဲ့ Democratization တို့မှာ ဖော်ပြခံခဲ့ရတယ်။ သူဟာ ပရင်စတန်တက္ကသိုလ်(၂၀၀၈)၊ ဘရောင်းတက္ကသိုလ်(၂၀၁၁)နဲ့ ဟားဗက်တက္ကသိုလ်(၂၀၁၃)တို့မှာ ဧည့်ပါမောက္ခရာထူးနဲ့ဆောင်ရွက်ခဲ့တယ်။

**Dan Paget** ဟာ အောက်စ်ဖို့ဒ်တက္ကသိုလ်က အာဖရိကဆိုင်ရာနိုင်ငံရေးဘာသာရပ်ရဲ့ Ph.D လောင်းတစ်ဦးဖြစ်တယ်။ သူဟာ ရွေးကောက်ပွဲဆိုင်ရာဒီမိုကရေစီစနစ်များထဲက နိုင်ငံရေးပါတီတွေနဲ့ သူတို့လုပ်ကိုင်တဲ့ get-out-the-vote မဟာဗျူဟာတွေကို လေ့လာတယ်။ သူ့ရဲ့ယခင်အလုပ် (အရေးအသား) ထဲမှာ Dan ဟာ နိုင်ငံရေးပါတီတွေရဲ့ သတင်းစကားတွေနဲ့ လွှမ်းမိုးထားတဲ့ပါတီတွေရဲ့ အုပ်စုဂိုဏ်းဂဏဖွဲ့မှုဝါဒကို ဆန်းစစ်လေ့လာခဲ့တယ်။ တက္ကသိုလ်ပညာရပ်ဆိုင်ရာ အဝန်းအဝိုင်းကို မရောက်ရှိခင်တုန်းက Dan ဟာ ဖွံ့ဖြိုးဆဲနိုင်ငံတွေက လက်မှုပညာရပ်တွေနဲ့ သေးငယ်တဲ့သတ္တုတွင်းတွေအပေါ် အထူးပြုလေ့လာခဲ့တယ်။ သူဟာ OECD, the Department for International Development (UK), နဲ့ IDH တို့လို နိုင်ငံတကာအေဂျင်စီတွေအတွက်

အသေးစားသတ္တုတွင်းလုပ်ငန်းရှင်တွေရဲ့ စီးပွားရေးအခွင့်အလမ်းတွေတိုးတက်လာရေးဆိုင်ရာပရောဂျက်တွေနဲ့ အစိုးရတွေအတွက် နိုင်ငံတကာလမ်းညွှန်နဲ့ NGOs တွေကိုအစပြုဖို့နဲ့ အသေးစားမိုင်းတွင်းလုပ်ဆောင်မှုတွေကို အဆင့်မြှင့်တင်ဖို့တွေလုပ်ကိုင်ခဲ့တယ်။

**Fernando Rosenblatt** ဟာ Escuela de Ciencia Politica, Universidad Diego Portales, Chile မှလက်ထောက်ပါမောက္ခတစ်ဦးဖြစ်တယ်။ သူဟာ ဘာကြောင့် တချို့သောနိုင်ငံရေးပါတီတွေမှာ အချိန်ကျော်လွန်နေတဲ့ တက်ကြွတဲ့နိုင်ငံရေးဆိုင်ရာအဖွဲ့အစည်းတွေ ကျန်ရှိနေသေးပြီး တစ်ချိန်တည်းမှာ တခြားအဖွဲ့အစည်းတွေက ဒီမိုကရက်တစ်ကိုယ်စားပြုခြင်းရဲ့ ကျေနပ်နှစ်သိမ့်စရာယာဉ်တွေအဖြစ် ဆွေးမြေ့၊ ခြောက်ကပ်သွားလဲဆိုတာကိုစိတ်ဝင်စားတယ်။ သူဟာ သဘောသဘာဝဆိုင်ရာစမ်းသပ်မှု သုတေသနဒီဇိုင်းတွေကိုလည်းစိတ်ဝင်စားတယ်။ သူရဲ့ဘွဲ့ယူစာတမ်းသုတေသနကို Pontificia Universidad Catolica de Chile က ၂၀၁၃ ခုနှစ်အတွက် အကောင်းဆုံး ဒေါက်တာဘွဲ့ယူစာတမ်း ၅ ခုအနက်မှ တစ်ခုအဖြစ် အသိအမှတ်ပြုခဲ့တယ်။ သူ့ရဲ့အလုပ်(အရေးအသား)တွေဟာ Democratization နဲ့ Revista de Ciencia Politica တို့မှာဖော်ပြခံရတယ်။

**Kristen Sample** ဟာ နိုင်ငံတကာ IDEA ကမ္ဘာလုံးဆိုင်ရာအစီအစဉ်ရဲ့ ဒါရိုက်တာတစ်ဦးဖြစ်ပြီး ကမ္ဘာလုံးဆိုင်ရာအသိပညာလုပ်ဆောင်ခြင်းရဲ့ ချိုင့်သုံးသပ်မှုနဲ့အတူ Programmatic ကျနတဲ့လုပ်ဖော်ကိုင်ဖက်အဖြစ် တာဝန်ယူဆောင်ရွက်တယ်။ ယခင်ကသူမဟာ နိုင်ငံတကာ IDEAရဲ့ Andean ဒေသအတွက် အစီအစဉ်အကြီးအကဲဖြစ်ပြီး ၎င်းရဲ့ဒီမိုကရေစီ၊ ဖွံ့ဖြိုးတိုးတက်မှုနဲ့ လိင်ကွဲပြားမှုဆိုင်ရာအရေးကိစ္စတွေအတွက် ဒေသဆိုင်ရာကိုယ်စားလှယ်အဖြစ်လည်း ဆောင်ရွက်ခဲ့တယ်။ သူမဟာ များစွာသောစာအုပ်တွေရဲ့ အယ်ဒီတာတစ်ဦးနဲ့ စာရေးသူတစ်ဦးလည်းဖြစ်တယ်။ အဲဒီစာအုပ်တွေထဲမှာ 'Poverty and Politics in Andean Region' ; 'A Democracy Results Approach : The Present Debate and Growing Consensus Surrounding the Inter-American Democratic Charter'; Latin American Policy Journal ထဲက 'The Role of International Electoral Observation

Missions in the Promotion of the Political Rights of Women: The Case of the OAS's'၊ The 2007 -12 Electoral Cycle in the Americas, ထဲမှာ 'Dime a quien escuchas: Think tanks y partidos politicos en America Latina'; ' From Words to Action: Best Practices for Women's Participation in Political Parties';'Riding the Wave: Women's Political Participation in Latin America'; နဲ့ 'Democracia en la Region Andina: los telones de fondo' တို့ပါဝင်တယ်။ သူမဟာ ဟားဗတ်တက္ကသိုလ်ကနေ လူထုပေါ်လစီဘာသာရပ်နဲ့ မဟာဘွဲ့ရရှိခဲ့တယ်။ IDEA နဲ့မပူးပေါင်းခင်တုန်းက Kristen ဟာ ပီရူး၊ ဘိုလီးဗီးယား၊ ဂွါတီမာလာနဲ့ ချီလီတို့မှာ ဒီမိုကရေစီတည်ဆောက်ခြင်းနဲ့ လူမှုအဖွဲ့အစည်းကိုထောက်ပံ့ခြင်းနဲ့ဆက်စပ်တဲ့များစွာသောတာဝန်တွေကို လုပ်ဆောင်ခဲ့တယ်။

**Sergio Toro** ဟာ Instituto de Ciencia Politica, Pontificia Universidad Catolica de Chile က လက်ထောက်ပါမောက္ခတစ်ဦးဖြစ်တယ်။ သူဟာ နိုင်ငံရေးကိုယ်စားပြုခြင်းနဲ့ ချီလီဥပဒေပြုသူတွေရဲ့ သူတို့ရဲ့မဲဆန္ဒနယ်တွေအပေါ် အပြုအမူတွေကို လေ့လာမှုမှာ စိတ်ပါဝင်စားတယ်။ သူရဲ့အလုပ်အကိုင်(အရေးအသား)တွေဟာ Electoral Studies , World Political Science Review, Revista de Ciencia Politica နဲ့ Politica y Gobierno တို့မှာ ဖော်ပြခံရတယ်။

**Jorge Valladares Molleda** ဟာ နိုင်ငံတကာ IDEA ရဲ့ ဒီမိုကရေစီနဲ့ ဖွံ့ဖြိုးမှုပရိုဂရမ်ရဲ့ ပရိုဂရမ်တာဝန်ရှိသူတစ်ဦးဖြစ်ပြီး အဲဒီမှာ သူဟာ ဒီမိုကရက်တစ်တာဝန်ယူမှု၊ တာဝန်ခံမှု၊ နိုင်ငံရေးပါတီတွေနဲ့ လူမှုရေးနဲ့ဘောဂဗေဒဌာနရဲ့အဆက်အစပ်ထဲက အင်စတီကျူးရှင်းဆိုင်ရာဒီဇိုင်းအပေါ်မှာ အာရုံစိုက်တယ်။ သူဟာ ၂၀၀၀ ခုနှစ်ကနေ ၂၀၀၆ ခုနှစ်အတွင်း ပီရူးက TRANSPARENCIA ရဲ့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးနဲ့ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုမှာ ပူးတွဲဆောင်ရွက်သူအဖြစ် နိုင်ငံရေးသမားတွေ၊ လူမှုအဖွဲ့အစည်းဆိုင်ရာခေါင်းဆောင်တွေ၊ ပေါ်လစီချမှတ်သူတွေနဲ့အတူ နိုင်ငံရေးပြုပြင်ပြောင်းလဲမှုအရေးကိစ္စ၊ ပါတီအထောက်အကူပြုနဲ့ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်ရေးအလုပ်တွေကို ပီရူး၊ ဘိုလီးဗီးယား၊ ဒိုမီနီကန်ရီပတ်ဘလစ်၊ အီကွေဒေါနဲ့ ဗင်နီဇွဲလားတို့မှာဆောင်ရွက်ခဲ့တယ်။ သူရဲ့နောက်ဆုံးအကျဆုံး သုတေ

သနကတော့ ဥပဒေပြုရေးဆိုင်ရာနိုင်ငံရေးစနစ်များ၊ ပါတီပြိုင်ပွဲများနဲ့ ပါတီညီညွတ်မှုတွေအပေါ်မှာ အာရုံစိုက်ထားတာဖြစ်ပြီး Unity and Differentiation in Peru's Legislature 2006-2012 (2013); Representation and Competition in Peru (2011) ; Studies on Peru's Congress (editor,2009) တို့မှာပါဝင်ခဲ့တယ်။ သူ့ရဲ့ဘွဲ့လွန်လေ့လာမှုကတော့ ဖွံ့ဖြိုးမှုဆိုင်ရာလေ့လာမှု(ISS, The Hague)နဲ့ အစိုးရက(Essex,UK)တို့ဖြစ်တယ်။

**Sam van der Staak** ဟာ နိုင်ငံတကာ IDEA ရဲ့ နိုင်ငံရေးပါတီများအသင်းကို ဦးဆောင်တယ်။ သူဟာ နိုင်ငံရေးပါတီတွေ၊ ဒီမိုကရေစီအကူအညီပေးရေးအဖွဲ့တွေနဲ့အတူ IDEA နဲ့ Netherlands Institute တို့အတွက် ကင်ညာ၊ မွန်ဂိုလီးယား၊ ဘူရမ်ဒိုင်း၊ ဇင်ဘာဘွေ၊ ဂျော်ဂျီယာနဲ့ အာဖဂန်နစ္စတန်တို့လို နိုင်ငံများဆီက မျိုးစုံသောဒီမိုကရေစီအတွက်အလုပ်လုပ်ခဲ့တယ်။ သူရဲ့ Programmatic ကျနတဲ့ပါတီတွေအပေါ် သူ့ရဲ့အလုပ်တွေအပြင် Sam ဟာ နိုင်ငံရေးပါတီတွေရဲ့ဒိုင်ယာလော့ခ်၊ နိုင်ငံရေးအတွင်းက ငွေကြေးရဲ့အခန်းကဏ္ဍနဲ့ နိုင်ငံသားလှုပ်ရှားမှုရဲ့အကျိုးသက်ရောက်မှုတွေကို သုတေသနပြုခဲ့တယ်။ သူဟာ နိုင်ငံရေးဆိုင်ရာဘဏ္ဍာရေးဥပဒေနဲ့ နိုင်ငံရေးပါတီဥပဒေတို့ရဲ့နယ်ပယ်တွေမှာ အကြံပေးဥပဒေပညာရှင်လုပ်ခဲ့တယ်။ ဒီမိုကရေစီအထောက်အကူပြုမှာ မပါဝင်ခင်တုန်းက Sam ဟာ နယ်သာလန်ကိုယ်စားလှယ်လွှတ်တော်မှာ အလုပ်လုပ်ခဲ့တယ်။ သူဟာ တောင်အာဖရိကနိုင်ငံ၊ ဂျိုဟန်နာစဘတ်က ဝစ်ဝါတားရန့်တက္ကသိုလ်ကနေ နိုင်ငံတကာဆက်ဆံရေးပညာရပ်နဲ့ မဟာဘွဲ့ရရှိထားသလို မော်ဒန်စာပေဘာသာရပ်နဲ့ နယ်သာလန်နိုင်ငံ၊ ယူရက်ချ်တက္ကသိုလ်ကနေ မဟာဘွဲ့ထပ်မံရရှိထားတယ်။

**Yi-ting Wang** ဟာ ဆွီဒင်နိုင်ငံ၊ ဂိုသာမ်ဘာ့ဂ်တက္ကသိုလ်ရဲ့ နိုင်ငံရေးသိပ္ပံဌာနမှာ ဒီမိုကရေစီအမျိုးမျိုးပရောဂျက် (V-Dem) မှာ ဒေါက်တာဘွဲ့ယူပြီးလုပ်ကိုင်နေသူဖြစ်တယ်။ သူ့ရဲ့အလုပ်တွေဟာ ဥပဒေပြုရေးအင်စတီကျူးရှင်းနဲ့ နိုင်ငံရေးသမားတွေရဲ့တာဝန်ယူမှု တာဝန်ခံမှုနည်းဗျူဟာတွေအပေါ် ဒီမိုကရက်တစ်တည်ငြိမ်ရေးအတွက်အခြေအနေတွေအပေါ်မှာ အထူးပြုလေ့လာခြင်းနဲ့အတူ အာရုံစိုက်တယ်။ ကမ္ဘာတစ်ဝန်းက ဒီမိုကရေစီစနစ် ၇၀ ကျော်က ကော်မတီစနစ်ရဲ့အခန်းကဏ္ဍကို အထူးသဖြင့်

လက်တွေ့ကျကျပုံဖော်တဲ့ မူရင်းအချက်အလက်အစုံတစ်ခုအပေါ်အခြေခံပြီး သူမရဲ့ ဘွဲ့ယူစာတမ်းက ဘယ်လိုနဲ့ဘာကြောင့် ဥပဒေပြုရေးကော်မတီတွေဟာ သူတို့ရဲ့လုပ်ကိုင်နိုင်စွမ်းတွေမှာ ဒီမိုကရေစီစနစ်တွေကိုဖြတ်သန်းပြီး ပေါ်လစီလွှမ်းမိုးမှုတွေပြုလုပ်ဖို့ ကွဲပြားနေသလဲဆိုတာကို ကိုင်တွယ်လေ့လာတယ်။ သူမရဲ့လက်ရှိပရောဂျက်က ဥပဒေပြုရေးနဲ့ ဒီမိုကရေစီအရည်အသွေးကိုဆန်းစစ်ဖို့တွေမှာ ပူးပေါင်းပါဝင်ဖို့ မတူညီတဲ့ဥပဒေပြုရေးစွမ်းဆောင်နိုင်ရည်တွေရဲ့ အကျိုးဆက်တွေကိုရှာဖွေတာဖြစ်တယ်။

# IDEA နှင့်ပတ်သက်၍

## International IDEA ဆိုတာ ဘာလဲ။

International Institute for Democracy and Electoral Assistance (International IDEA) ဟာ ကမ္ဘာ့အနှံ့ဒီမိုကရေစီရေရှည်တည်တံ့ရေးကို ထောက်ပံ့ဖို့ တာဝန်နဲ့ အစိုးရတစ်ပိုင်းအဖွဲ့အစည်းတစ်ခုဖြစ်တယ်။

အဖွဲ့ရဲ့ဦးတည်ချက်တွေကတော့ အားကောင်းတဲ့ဒီမိုကရက်တစ်အင်စတီကျူးရှင်းတွေနဲ့လုပ်ငန်းစဉ်တွေကိုအားပေးဖို့၊ ပိုမိုရေရှည်တည်တံ့၊ အကျိုးပြုပြီး တရားဥပဒေစိုးမိုးတဲ့ဒီမိုကရေစီကို ထောက်ပံ့ဖို့ပဲဖြစ်တယ်။

## International IDEA ဘာတွေလုပ်သလဲ။

အဖွဲ့ရဲ့ အလုပ်တွေကို ကမ္ဘာလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနဲ့ နိုင်ငံဆိုင်ရာအဆင့်တွေအဖြစ်ဖွဲ့စည်းထားပြီး အပြောင်းအလဲကို မောင်းနှင်သူတွေအဖြစ် နိုင်ငံသားတွေကို အာရုံစိုက်တယ်။

International IDEA က နှိုင်းယှဉ်အသိပညာတွေကို ထုတ်လုပ်ပြီး အဲဒီအထဲမှာ ကျွမ်းကျင်မှုရဲ့ အဓိကကျတဲ့နယ်ပယ်တွေပါဝင်တယ်။ အဲဒါတွေကတော့ ရွေး ကောက်ပွဲလုပ်ငန်းစဉ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေတည်ဆောက်ရေး၊ နိုင်ငံရေးဆိုင်ရာပါဝင်ပတ်သက်ခြင်းနဲ့ ကိုယ်စားပြုခြင်း၊ ဒီမိုကရေစီနဲ့ဖွံ့ဖြိုးတိုးတက်မှုတို့အပြင် ဒီမိုကရေစီနဲ့ဆက်နွယ်နေတဲ့ လိင်ကွဲပြားမှု၊ မျိုးကွဲစုံလင်မှုနဲ့ လုံခြုံရေးတို့လည်းပါဝင်တယ်။

IDEA ဟာ အဲဒီအသိပညာတွေကို ဒီမိုကရက်တစ်ပြုပြင်ပြောင်းလဲရေးနဲ့

ဒီမိုကရေစီအပြောင်းအလဲကိုထောက်ခံဖို့အတွက် ဒိုင်ယာလော့ခ်တွေကိုလုပ်ဆောင်တဲ့ နိုင်ငံအဆင့်နဲ့ ဒေသတွင်းအဆင့်လုပ်ဆောင်သူတွေဆီကို သယ်ဆောင်လာတယ်။

အဖွဲ့ရဲ့အလုပ်ထဲမှာ IDEA ဟာ အောက်ပါအချက်တွေကို ရည်ရွယ်တယ်။

–လုပ်နိုင်စွမ်းတိုးတက်ခြင်း၊ တရားဥပဒေစိုးမိုးခြင်းနဲ့ ဒီမိုကရေစီရဲ့ကိုးစားနိုင်ခြင်း
–ပိုမိုပါဝင်နိုင်တဲ့ပူးပေါင်းလုပ်ဆောင်ခြင်းနဲ့ တာဝန်ယူမှုရှိတဲ့ကိုယ်စားပြုခြင်း
–ပိုမိုအကျိုးသက်ရောက်ပြီး တရားဥပဒေစိုးမိုးတဲ့ ဒီမိုကရေစီပူးပေါင်းဆောင်ရွက်ခြင်း
တို့ဖြစ်တယ်။

## IDEA က ဘယ်နေရာမှာ လုပ်ကိုင်နေတာလဲ။

International IDEA ဟာ ကမ္ဘာအနှံ့မှာ လုပ်ဆောင်နေတယ်။ စတော့ဟုမ်း၊ ဆွီဒင်မှာ အခြေစိုက်ပြီး အာဖရိက၊ အာရှနဲ့ ပစိဖိတ်ဒေသ၊ လက်တင်အမေရိကနဲ့ မြေထဲပင်လယ်ဒေသ၊ အနောက်အာရှနဲ့ မြောက်အာဖရိကဒေသတွေမှာ အဖွဲ့ရဲ့ရုံးခန်းတွေရှိတယ်။